www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၇၅၇၁၂၀၉
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၄၉၇၀၅၁၀

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း
ပထမအကြိမ် ။ ၂၀၁၀၊ စက်တင်ဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၀၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၂၀၀ ကျပ်

၈၉၅ ● ၈၃
သိန်းဝင်း၊ ထောင်မှူးကြီး
လက်စားချေခြင်းသည် မှားချည်လို့ချိုမြိန်သည်ဆိုသော်လည်း / ထောင်မှူးကြီးသိန်းဝင်း ။ – ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၀။
၁၈၅–စာ ၊ ၁၂ စင်တီ x ၁၈ စင်တီ။
(၁) လက်စားချေခြင်းသည် မှားချည်လို့ချိုမြိန်သည်ဆိုသော်လည်း

BURMESE CLASSIC

## အခန်း [ ၁ ]

❑

အကျဉ်းထောင်သို့ ပို့ဆောင်၍ အချုပ်ခံရသည်။ အကျဉ်းကျခံရသည်ဆိုလျှင်ပင် နိုင်ငံတော်က ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေတစ်ခုခုအား ဖောက်ဖျက်ကျူးလွန် ငြိစွန်းသောကြောင့်သာ ဖြစ်ပေသည်။ 'ဥပဒေဘောင်အတွင်း နေထိုင်ခြင်း၊ ဘေးကင်းရန်ကွာလွန်ချမ်းသာ' ဟူသော စကားနှင့်အညီ ပြည်သူပြည်သားတိုင်း နိုင်ငံတော်၏ ပြဋ္ဌာန်းထားသော တရားဥပဒေကို လေးစားလိုက်နာကြပြီး ငါးပါးသီလပါမြဲအောင် နေထိုင်နိုင်ကြပါက ကျည်းပါရစေဆိုသော ရဲကြီးလည်းမလို၊ လူမှုရေးလွတ်လပ်ခွင့်များကို ချုပ်ချယ်ကန့်သတ်ထားသည့် 'အကျဉ်းထောင်' ဆိုတာကြီးလည်း လိုအပ်တော့မည်မဟုတ်တော့ပေ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းချခြင်းကို အနောက်တိုင်းက စတင်အသုံးပြုခဲ့သည်ဟု လေ့လာသိရှိဖူးသည်။ လူဆိုး၊ သူခိုးများအား ဝက်သစ်ချပင်အခေါင်းများထဲ၌ ပိတ်လှောင်၍ ချုပ်ထားလေ့ရှိကြောင်း ဖတ်ရှုဖူးသည်။ မြန်မာပြည်၌ ပဒေသရာဇ်ခေတ်က အကျဉ်းထောင်အား ကြေးတိုက်ဟုခေါ်သည်။

မြန်မာ့ကျေးရွာများတွင် သူကြီးအိမ်တိုင်း၌ ဆိုးသွမ်းသူများအား ယာယီချုပ်နှောင်သည့် 'ထိတ်တုံး'ကြီးများရှိသည်။ နှစ်ပေါက်မှ ရှစ်ပေါက်အထိ လူတစ်ယောက်မှလေးယောက်အထိ ခြေထောက်နှစ်ဖက်အားသွင်း၍ သော့ခတ်ထားခြင်းကို ခေါ်သည်။

အဘယ်ကြောင့် ရပ်ကွက်လူကြီးများ၊ ရဲစခန်းများ၊ အကျဉ်းထောင်များ ထားရှိရပါသနည်း။ လိုအပ်သောကြောင့် ဖြစ်သည်။ လူ့ယဉ်ကျေးမှု တိုးတက်မြင့်မားလာသည်နှင့်အမျှ ဦးနှောက်ဉာဏ်ရည် တိုးတက်လာကြပြီး လောဘ၊ ဒေါသ၊ မောဟတရားများ ပိုမိုပွားစည်းလာကြသည်။ လိုချင်ရမ္မက် တပ်မက်မှုများ များလာကြသည်။

ခေတ်နှင့်အတူ နေထိုင်နိုင်ရေးအတွက် ကြိုးစားရုန်းကန်ရင်း မတော်လောဘများတက်၍ ဗြဟ္မစိုရ်တရားများ ခေါင်းပါးလာကြသည်။ နောက်ဆုံးတွင် မိမိကိုယ်နှင့်မိမိ မိသားစုကောင်းစားရေးကိုသာ ရှေ့တန်းတင်တက်လာသော တစ်ဖို့တည်းသမားများ ဖြစ်လာကြတော့သည်။

မစည်ကားအပ်သော နေရာဌာနများဖြစ်ကြသည့် ဆေးရုံ၊ သင်္ချိုင်း၊ ထောင်၊ ရဲစခန်းတို့၌ နေ့စဉ်ပင် လူပေါင်းများစွာတို့ ရောက်ရှိလှုပ်ရှားနေကြသည်။ အကျဉ်းထောင်သို့ရောက်သည့် အချုပ်သား၊ အကျဉ်းသားတို့ကလည်း အမှုမှန်ဖြစ်ပါလျက် ရှေ့နေငှား၍လည်းကောင်း၊ အယူခံဝင်၍လည်းကောင်း၊ အမှုအခင်းနိုင်စေရန် ပေါ့လျော့





စေရန် ငွေကုန်ကြေးကျခံ၍ ဆောင်ရွက်ကြပြန်သည်။

ထိုထိုဤဤ အမှုများထဲတွင် အမှုမှန်ဖြစ်၍ ထောင်သို့ အချုပ်ခံပြီးနောက် ငွေကြေးတတ်နိုင်ပါလျက် ရှေ့နေမငှားဘဲ တရားသူကြီးထံ ကိုယ်တိုင်ဖြောင့်ချက်ပေးဝန်ခံသည့် အချုပ်တရားခံလူငယ်တစ်ဦးကို ကျွန်ုပ် အကျဉ်းထောင်လုပ်သက် အနှစ်(၂၀)အတွင်း တစ်ကြိမ်သာတွေ့ခဲ့ဖူးသည်။

သူက သူ၏အမှုဖြစ်စဉ်အား ကျွန်ုပ်ကို ဖွင့်ဟတိုင်ပင်ပြီးနောက် တရားသူကြီးထံ၌ ဝန်ခံခြင်းဖြစ်သည်။ သို့သော် သူက အမှုအခင်းဖြစ်ပွားရာတွင် စနစ်တကျအကွက်ချ၍ ရဲများအား အမျိုးမျိုးလှည့်ပတ်ဒုက္ခပေးခဲ့သူတစ်ဦးလည်း ဖြစ်ပေသည်။

ဥပဒေဘာသာ အဓိကယူသည့် ဥပဒေနောက်ဆုံးနှစ် ကျောင်းသားတစ်ဦးဖြစ်သည်နှင့်အညီ တရားဥပဒေကို နားလည်သဘောပေါက်သူဖြစ်၍ တရားဥပဒေ၏ အားနည်းချက်၊ အားသာချက်တို့ကို စနစ်တကျလေ့လာပြီး မျှော့ကြိုးလို လိုသလို ဆန့်နိုင်ကျုံ့နိုင်လုပ်၍ ရမရစမ်းသပ်ခဲ့ပါသည်ဟု ကျွန်ုပ်ထံတွင် ထုတ်ဖော်ဝန်ခံလာပါသည်။

ကစားနည်းရှား၍ တရားဥပဒေနှင့်မှ ယှဉ်ပြိုင်ကစားလိုသူ ဉာဏ်ကြီးရှင်မှာ နောက်ဆုံးတွင် ထောင်ဒဏ်(၁၀)နှစ် အပြစ်ပေးခံရတော့သည်။ ဤသည်မှာလည်း တရားဥပဒေက ဉာဏ်တော်ထောက်ထားသောကြောင့် ဖြစ်သည်။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဟူသော စကားပုံအတိုင်း ဆိတ်ကွယ်ရာ၌ ဖြစ်ပွားကျူးလွန်ခဲ့သော လူသတ်မှုအား ဥပဒေမျက်လုံးက သက်သေခံမြင်ခဲ့၍ အမှုမှန်အား ဖော်ထုတ်နိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

❑

"အချုပ်မှတ်ပုံတင် လူသစ်ကြည့်မယ်။ မေးမှ ပြော၊ ခေါ်မှ ထူး။ အပိုစကားမပြောနဲ့။ နားလည်ကြသလား"

"နားလည်ပါတယ်"

အချုပ်လူသစ်ခန်း(ပုံစံခန်း) အခန်းလူကြီး မြင့်ဦးက သတိပေးစကားပြောပြီးနောက် အခန်းစာရေးမြင့်ဆွေက စ၍ လူခေါ်သည်။

"အချုပ်နံပါတ် – ၃၂၄၅"

"ရှိ"

လူငယ်တစ်ယောက် ဟန်းစီး၍ ပုံစံထိုင်နေရာမှထလာပြီး ကျွန်ုပ်၏ရှေ့ သက်မှတ်ထားသော လူသစ်ရပ်နေရာ (စက်ဝိုင်းပုံပြထားသည်) တွင် မတ်တတ်ရပ် ရှေ့လက်နှစ်ဖက်ယှက်၍ ချိတ်ကာ မျက်နှာမော့၍ သတိအနေအထား ရပ်လာသည်။

အခန်းစာရေး မြင့်ဆွေ ...

"နာမည်ပြော"

"စောအောင်"

"အဘအမည်"

"ဦးအောင်မြင့်"





"ဘာမှုဖြစ်သလဲ"

"လူသတ်မှု"

"တရားရုံး"

"လှိုင်မြို့နယ်တရားရုံး"

"ရုံးချိန်း"

"၁၂–၁၀–၉၀"

"နေရပ်လိပ်စာ"

"အမှတ်(၀၁)၊ ရန်ကုန်–အင်းစိန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်"

"အမှတ်အသားရှာမယ်"

"ယာလည်တိုင်ရင်း မှဲ့နက်(၁)"

"ဝဲရင်အုံ မှဲ့နက်(၁)၊ ယာလက်မောင်းရင်း မှဲ့နက်(၁)"

"ထောင်ဘူးဝမှာ အပ်နှံထားတဲ့ပစ္စည်း ရှိသလား"

"ရှိ"

"ပြော"

"(၁) မီဒိုနာရီတစ်လုံး၊ (၂) တစ်ကျပ်သားရွှေဆွဲကြိုးတစ်ကုံး၊ (၃) ငွေနှစ်သောင်းကျပ်၊ (၄) မြလက်စွပ်တစ်ကွင်း"

ကျွန်ုပ်တို့အချုပ်ရုံးအဖွဲ့ အင်းစိန်ထောင်အတွင်းရှိ အမှတ်(၂) အိပ်ဆောင်၊ လူသစ်ခန်းတွင် အချုပ်လူသစ် မှတ်ပုံတင်နေကြခြင်း ဖြစ်သည်။ စောအောင်မှာ အသက်(၂၂)နှစ်ခန့်သာရှိသေးပြီး အသားဖြူဖြူ၊ အရပ်မြင့်မြင့် ယောကျ်ားပီသသူတစ်ယောက် ဖြစ်သည်။

တက္ကသိုလ်ကျောင်းသားတစ်ယောက်ဖြစ်ပုံရပြီး ချမ်းသာသော အသိုင်းအဝိုင်းမှလည်း ဖြစ်ဟန်တူသည်။ ဤသို့လူငယ်တစ်ယောက် လူသတ်မှုဖြင့် ထောင်သို့ရောက်ခြင်းကတော့ အရုပ်ဆိုး အကျည်းတန်

www.burmeseclassic.com



လာသည်။ လူငယ်ဘဝ အညွန့်ကျိုးခြင်းဖြစ်၍ ကျွန်ုပ် သူ့ဓါဘဝအား လွန်စွာ နှမြောလှသည်။

ယခုအချိန်မှာ တက်လူငယ်အတွက် ဘဝရှေ့ရေး၊ တိုးတက်ရာတိုးတက်ကြောင်း ကြိုးစားဆောင်ရွက်ရမည့်အချိန်တွင် အုတ်ရိုးလေးဖက် ကာရံထားသည့် အကျဉ်းထောင်အတွင်း၌ တန်ဖိုးရှိသောအချိန်များကို အလဟဿ ဖြုန်းတီးပစ်ရခြင်းမှာ သူ့ဘဝရှေ့ရေးအတွက် တင်သာမက တိုင်းပြည်အတွက်လည်း များစွာဆုံးရှုံးနစ်နာမှု ဖြစ်စေပါသည်။

လူငယ်အတွက် တိုးတက်လမ်းများ ပိတ်သွားသည့်အပြင် တိုင်းပြည်ကလည်း သူထောင်ကျ၊ အချုပ်ကျခံရသည့်အချိန်တွင် နေရေး၊ စားရေး၊ ကျန်းမာရေးကအစ တာဝန်ယူထားရသဖြင့် ဘဏ္ဍာငွေကြေး ဆုံးရှုံးရသည်။

အင်းစိန်ထောင်ဆိုသည်မှာ ဗဟိုထောင်ကြီးဖြစ်သည်နှင့်အညီ အချုပ်သား၊ အကျဉ်းသား၊ ထောင်ပေါင်းများစွာတို့အား နေ့စဉ် ကျွေးမွေးရသည့်စရိတ်က မနည်းပါ။ နိုင်ငံတစ်ဝန်းလုံး အတိုင်းအတာနှင့်ကြည့်လျှင် အကျဉ်းသား၊ အချုပ်သားပေါင်း သိန်းဂဏန်းနီးနီးရှိပါသည်။

ကျွန်ုပ်တို့ အချုပ်လူသစ်(၁၅၀)ခန့် စစ်ဆေးကြည့်ရှုပြီးနောက် အချုပ်ရုံးခန်းပြန်၍ အနားယူအပန်းဖြေနေစဉ် အချုပ်ရုံးခန်းမှ စာရေး ဝင်းမြင့်က ...

"ဆရာ ... အချုပ်လူသစ်တစ်ယောက် ဆရာ့ကို တွေ့ခွင့် တောင်းနေပါတယ်"

"ဝင်းမြင့် ... ဘယ်သူလဲကွဲ၊ ဘာကိစ္စလဲ"

"စောအောင်ပါ ဆရာ။ လူသတ်မှုနဲ့ အချုပ်ကျလာတဲ့သူပါ။





သူ့အမှုအတွက် ဆရာ့ကိုတိုင်ပင်ချင်လို့ပါတဲ့"

"ငါက အမှုလိုက်ရှေ့နေမှ မဟုတ်တာ။ ဘယ်လိုတိုင်ပင်ချင်တာလဲ။ လွှတ်လိုက်ကွာ။ သူ့အမှုအကြောင်း သိရတာပေါ့။ စောစောက တွေ့တုန်းကလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ လူသတ်မှုဆိုလို့ ငါလည်း မေးမြန်းချင်နေတာနဲ့ အတော်ပါပဲ"

"ဟုတ်ကဲ့ပါ ဆရာ"

အချုပ်သားစောအောင် ခေါင်းငုံ၍ ယို့ယို့လေးဝင်လာပါသည်။ ကျွန်ုပ် စားပွဲရှေ့တွင် ပုံစံရပ်နေသဖြင့် ...

"ထိုင် ... စောအောင်။ ဘာကိစ္စ တိုင်ပင်ချင်တာလဲ"

စောအောင်က ကျွန်ုပ်ရှေ့ထိုင်ခုံတွင် မရဲတရဲဝင်ထိုင်ပြီး ...

"ဆရာ ... ကျွန်တော်က ဥပဒေဘာသာ နောက်ဆုံးနှစ် ကျောင်းသားပါ။ ထောင်ထဲကနေများ အဝေးသင်တက်လို့ရမလားလို့ ဆရာ့ကို လာမေးတာပါ"

"ဪ ... မောင်စောအောင်ရဲ့၊ ဥပဒေနဲ့ငြိစွန်းလို့ ထောင်ထဲရောက်ပြီဖြစ်တဲ့အတွက် အမှုမှန်ပေါ်လာအောင် စစ်ဆေးနေစဉ်က (အချုပ်သားဘဝ) ဖြစ်စေ၊ ပြစ်မှုမြောက်လို့ထောင်ကျ (အကျဉ်းသား) သည်ဖြစ်စေ၊ တရားဥပဒေအရ အရေးယူထားခြင်းဖြစ်လို့ ပြင်ပမှာနေစဉ်က ခံစားခွင့်ရှိတဲ့ လွတ်လပ်သူပြည်သူပြည်သားဘဝကို ဆုံးရှုံးရတယ်။ အဲဒါကို ဥပဒေအရ အရေးယူတာလို့ခေါ်တယ်။

အဲသည်လိုမဖြစ်စေချင်ရင် မင်းဘာဖြစ်လို့ တရားဥပဒေကို ဖောက်ဖျက်ပြီး လူသတ်မှုကျူးလွန်ခဲ့တာလဲ။ မင်းဘဝကို စောစောလေးကတင် ငါစဉ်းစားနေမိတာ။ မင်းအသက်က အခုမှ(၂၀)ကျော်ကြီးမှာ။ လူသတ်မှုဆိုတော့ သေဒဏ်လား၊ အနှစ်(၂၀)လား ခံခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ အခု မင်းအမှုအခြေအနေ ဘယ်လိုရှိသလဲ''

''ဆရာ . . . ကျွန်တော် ရဲစခန်းမှာတော့ ဝန်မခံဘဲ ငြင်းဆိုထားပါတယ်။ ဒါပေမဲ့ ရဲတွေက ကျွန်တော့်အမှုဖြစ်မှုန်ကို ရိပ်မိနေတယ်ဆရာ။ အဲဒါကြောင့် ကျွန်တော် ဘာလုပ်ရရင်ကောင်းမလဲလို့ ဆရာ့ကိုအားကိုးလို့ အကြံဉာဏ်တောင်းရအောင် လာတာပါ။ အခန်းလူကြီးကိုမြင့်ဦးက ဆရာ့ဆီသွားတိုင်ပင်ဖို့ လွှတ်လိုက်တာပါဆရာ''

''အဲဒါဆိုရင်တော့ မောင်စောအောင်ရေ မင်းအမှုဖြစ်စဉ်ကို မဖုံးမကွယ် အမှန်အတိုင်း ငါ့ကိုပြောပြပေတော့။ ဒါဖေမဲ့ မင်းမှတ်ထားရမှာကတော့ ငါကမင်းကို အပြစ်ပေးနိုင်တဲ့ တရားသူကြီးလည်း မဟုတ်ဘူး။ မင်းကိုဖမ်းတဲ့ ရဲလည်း မဟုတ်ဘူး။ ငါက ဥပဒေအာက်တော်သာပါ။ အကျိုးဆောင်ရှေ့နေနဲ့တိုင်ပင်သလို မင်းကို နည်းမှန်လမ်းမှန် အကြံဉာဏ်တော့ ပေးနိုင်ပါတယ်။ မင်းငါ့ကို ယုံကြည်အားကိုးတယ်ဆိုရင်တော့ ပွင့်ပွင့်လင်းလင်း ပြောပြပေတော့''

''ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် မခြွင်းမချန် အကုန်ပြောပြမှာပါ။ ဆရာ့ကို အားလည်းကိုးတယ်၊ ယုံလည်း ယုံကြည်တယ်။ အခန်းလူကြီးကိုမြင့်ဦးက ဆရာ့အကြောင်းကို ညကတည်းက ကျွန်တော့်ကို ပြောပြထားပါတယ်။ ဒါကြောင့်လည်း အားကိုးတကြီး လာတိုင်ပင်တာပါ။ ကျွန်တော့်မိဘတွေက ငွေကြေးချမ်းသာပါတယ် ဆရာ။

ဒါပေမဲ့ ကျွန်တော်အကျိုးဆောင်ရှေ့နေ မငှားချင်ဘူး။ ရဲကိုသာ အမှန်ဝန်မခံခဲ့ပေမဲ့ တရားရုံးမှာတော့ အမှန်ဝန်ခံမှာပါဆရာ။ ကျွန်တော်နဲ့ ပြစ်မှုကျူးလွန်ရာမှာ အမှုတွဲရှိတယ်ဆရာ။ ဒါပေမဲ့ ကျွန်တော်က သူ့ကိုဖျောက်ပြီး ကျွန်တော်တစ်ယောက်တည်းပဲ အပြစ်ကို ခံချင်တယ်ဆရာ''





''အဲဒီလိုတော့ ဖြစ်မယ်မထင်ဘူး မောင်စောအောင်ရေ။ ပြစ်မှုတစ်ခုဖြစ်ရင် သဲလွန်စဆိုတာ ကျန်စမြဲပဲ။ ပြစ်မှုဖော်ထုတ်တဲ့ (CID) ဌာန စုံထောက်တွေက ခေတ်မီကိရိယာတွေသုံးပြီး ဖော်မှာပဲ။ အဲဒီလူက မင်းနဲ့ ကျေးဇူးရှိလို့လား မောင်စောအောင်''

''မဟုတ်ပါဘူး ဆရာ။ ကျွန်တော့်အစ်ကိုဝမ်းကွဲပါ။ လူတစ်ယောက်သတ်မိတာ တစ်ယောက်ခံရရင် တော်ရောပေါ့ဆရာရယ်။ ဘာလို့ နှစ်ယောက်ခံစရာလိုသလဲ''

''စောစောက ငါလူသစ်ကြည့်တုန်းကတော့ မင်းမှာအမှုတွဲ မပါပါဘူး။ အင်း . . . ငါသဘောပေါက်ပြီ။ မင်းအစ်ကိုက အပြင်မှာ လွတ်နေတုန်းမဟုတ်လား''

''ဟုတ်ပါတယ် ဆရာ။ အစ်ကို့ကိုဖမ်းမိရင်လည်း အစ်ကိုက သူတစ်ယောက်တည်း ကျူးလွန်တာပါဆိုပြီး ရင်စည်းခံမယ့်သူပါ ဆရာ။ အဲဒါကြောင့် သူ့ကိုမဖမ်းမိခင် ကျွန်တော်တရားရုံးမှာ ဝန်ခံပြီး အမှုပြတ်ချင်လို့ပါ ဆရာရယ်''

''မင်းအစ်ကိုက အခုဘယ်မှာလဲ''

''နယ်မှာပါ ဆရာ။ ဖျာပုံမြို့မှာပါ''

''ဒါဆို မင်းက ရန်ကုန်မှာအဖမ်းခံရပြီး အမှုဖြစ်တာက ဖျာပုံမြို့မှာပေါ့ ဟုတ်သလား။ မင်းကအမှုဖြစ်တာနဲ့ ရန်ကုန်ကိုပြေးလာတာလား''

''မဟုတ်ပါဘူး ဆရာ။ ရန်ကုန်မှာ ကျွန်တော့်အဖေဆုံးလို့ ရဲစခန်းမှာခွင့်တိုင်ပြီး ရန်ကုန်ကို တက်လာတာပါ''

''မင်းကို ဖျာပုံမှာကတည်းက ဖမ်းထားတာမဟုတ်ဘူးပေါ့''

''မဟုတ်ပါဘူး ဆရာ။ ဖျာပုံမှာ ကျွန်တော့်ကိုခေါ်စစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



ပေမဲ့ သက်သေမခိုင်လို့လို့ အပြင်မှာ လွှတ်ထားပါတယ်။ ကြိုးရည်ရှ
နဲ့ လုန်ထားတဲ့သဘောပါ။ သက်သေခံမိတော့မှ ကျွန်တော့်ကို လှိုင်မြို့နယ
ရဲစခန်းက လာဖမ်းတာပါ''

''ကဲ ...မင်းအမှုအကြောင်း အစအဆုံးပြောတော့ကွာ''

''ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော်က ဖျာပုံမြို့က ရေလုပ်င
ပိုင်ရှင် ဦးအောင်မြင့်၊ ဒေါ်သီတာတို့ရဲ့ တစ်ဦးတည်းသောသားပါ။ အော
သီတာ ရေထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းဆိုရင် ဖျာပုံတစ်မြို့လ
သိပါတယ်။ ကမ်းနားပိုင်းမှာ ရေလုပ်ငန်းအလုပ်ရုံနဲ့ ခြံဝင်းကျယ်ကြ
အပြင် ခေတ်မီနှစ်ထပ်တိုက်တစ်လုံးလည်း ရှိပါတယ်။ ခေတ်မီငါးဖ
မော်တော်(၃)စီးလည်း ရှိပါတယ်။ လုပ်ငန်းက အတော်အောင်မြင်တေ
အလုပ်သမားတွေလည်း အများကြီးရှိပါတယ်။

''ကျွန်တော်အရွယ်ရောက်လာတော့ မိဘတွေက ဘာသာရေ
သမားပီပီ၊ အကုသိုလ်အလုပ်ကို ရွံ့ကြောက်ပြီး စိတ်ကုန်လာပါန်
ပါတယ်။ အသက်အရွယ်ကလည်း ကြီးလာကြပြီကိုး။ နောက်ပြီး ကျွ
တော့်ရဲ့ ဘဝတက်လမ်း။ ပညာရေးပိုင်းကလည်းရှိသေးတော့ ဖျာပုံမြ
က ရေလုပ်ငန်းကိစ္စအဝဝတွေကို မျက်နှာလွှဲ (မန်နေဂျာ) ဦးတင်သိ
နဲ့ထားခဲ့ပြီး ရန်ကုန် တက်လာကြတာပါ။ လှိုင်မြို့နယ်၊ အင်းစိန်လမ်း
ကြီးဘေးမှာ ခြံကျယ်ကြီးတစ်ခုကိုဝယ်ပြီး စိတ်တိုင်းကျ တိုက်ဆော
နေတာပါ ဆရာ။

ကျွန်တော်ကတော့ ဖျာပုံမြို့က ဆယ်တန်းအောင်ခဲ့ပြီး ရန်ကု
တက္ကသိုလ်မှာ ဥပဒေနောက်ဆုံးနှစ်ကျောင်းသားပါ။ မိဘတွေက ကျွ
တော့်ကို ဥပဒေဘာသာတတ်ကျွမ်းတဲ့ ဘွဲ့ရပညာတတ်တစ်ယောက်
ဖြစ်စေချင်ကြတာပါ။ မိဘတွေယေဝဉ်က ဥပဒေအကြောင်းအရာ





နားမလည်ကြတော့ အလိမ်အကောက်ခံခဲ့ရတာတွေ ရှိခဲ့ပါတယ်။ ကျွန်
တော်ကြီးလာရင် သူတို့ငယ်စဉ်ကလို မဖြစ်ရအောင်ပေါ့ ဆရာရယ်။

ကျွန်တော် ရန်ကုန်ရောက်တော့ အလွန်ပျော်ပါတယ်။ ရန်ကုန်
မြို့က အလွန်ကြီးမားတာ ဆရာရဲ့။ ဖျာပုံမြို့ဆိုတာက ရန်ကုန်မြို့ ရပ်
ကွက်တစ်ခုစာလောက်ပဲ ရှိတာပါ။ စီးပွားရေးတလည်း ရေလုပ်ငန်း၊
ဆန်စပါးနဲ့ ပဲအမျိုးမျိုး လုပ်ငန်းလောက်ပဲရှိတာပါ။

ဖျာပုံမြို့ကို တစ်ပတ်ပတ်ရင် တစ်နာရီလောက်နဲ့ လုံလောက်
ပါတယ်။ ရန်ကုန်မြို့ဆိုတာက မြို့သစ်တွေနဲ့ အရမ်းစည်ကား ကျယ်ပြန့်
ပါတယ်။ သွားစရာ၊ လေ့လာစရာတွေကလည်း အစုံ၊ ပျော်ပါးစရာနေရာ
ကလည်း အစုံ။ စားသောက်ဆိုင်တွေ၊ ကော်ဖီဆိုင်တွေ၊ ကုန်တိုက်ကြီး
တွေကလည်း စုံနေတာပဲ။

ကျွန်တော်တို့နေတဲ့ လှိုင်မြို့နယ်ကနေ မြို့ထဲဘတ်စ်ကားစီး
ရင်တောင် တစ်နာရီလောက်ကြာတော့ ဖျာပုံမြို့နဲ့တော့ မတရားကွာ
ခြားပါတယ်။ တက္ကသိုလ်၊ ကောလိပ်တွေဆိုတာကလည်း စုံနေတာပါပဲ။
ဒါပေမဲ့ ကျွန်တော် ပရမ်းပတာ မပျော်ခဲ့ပါဘူး။ အရက်သမား၊ ဆေး
သမား၊ လောင်းကစားသမား မလုပ်ခဲ့တဲ့အပြင် အပေါင်းအသင်းတောင်
မလုပ်ခဲ့ပါဘူး ဆရာရယ်။ ကျွန်တော်က စာပေနဲ့ပဲပျော်ခဲ့တာပါ။ စာ
အစုံတော့ ဖတ်တယ်ဆရာ။

လစဉ်ထွက် မြန်မာမဂ္ဂဇင်းတွေအပြင် နိုင်ငံခြားကဝင်လာတဲ့
Time မဂ္ဂဇင်းနဲ့ News Week မဂ္ဂဇင်းအပြင် Reader's Digest စာစောင်
တွေကိုလည်း ဖတ်တယ်။ ကျွန်တော်အကြိုက်ဆုံးက နိုင်ငံခြားစုံထောက်
ဇာတ်လမ်းတွေနဲ့ သူခိုးဇာတ်လမ်းတွေပါပဲ။ အမြဲတမ်းလည်း ကြည့်
တယ်။ ဝေဖန်ပိုင်းခြားတယ်။ တရားခံနဲ့ စုံထောက်တွေရဲ့ အ



www.burmeseclassic.com

www.burmeseclassic.com



အားသာချက်တွေကိုလည်း စိစစ်ဝေဖန်တယ်။ ကောင်းတာတွေကို အတုယူတယ်။ ဆိုးတာတွေကိုတော့ နမူနာယူတယ်။

ကျွန်တော့်လိုပဲ ဝါသနာတူ သူငယ်ချင်းတွေနဲ့တွေ့ရင်တော့ ဇာတ်လမ်းတစ်ခုရဲ့ အကြောင်းအရာကို မထတမ်း ငြင်းခုံကြတာ။ ထမင်းမစား၊ ဟင်းမစား၊ စာသင်တန်းတောင် ပျက်တဲ့အထိပါပဲ။

ဒါကိုပဲ ကျွန်တော်နဲ့ အပေါင်းအသင်းတွေက ဖွဲ့ ဝါသနာ၊ ခေတ်မီတိုးတက်တဲ့ အယူအဆ၊ ဆင်ခြင်သုံးသပ်တတ်တဲ့ပညာလို့ ခံယူထားတယ်ဆရာ။ ဥပဒေဘာသာ အဓိကယူသူ ကျောင်းသားတွေအတွက်တော့ လေ့လာသင့် ဝေဖန်ပိုင်းခြား သုံးသပ်သင့်တဲ့အလုပ်လို့ဆိုတာ ဆရာလည်း လက်ခံလိမ့်မယ်ထင်ပါတယ်"

ကျွန်ုပ် ။ "ဟုတ်ပါတယ်။ ဇာတ်လမ်းတစ်ခု၊ ဒါမှမဟုတ် အဖြစ်အပျက်အကြောင်းအရာတစ်ခုရဲ့ ကောင်းကျိုးဆိုးပြစ်ကို ဝေဖန်ပိုင်းခြား သုံးသပ်တာဟာ လုပ်သင့်ပြီး ခေတ်မီတဲ့အယူအဆိုတာ အားလုံးက လက်ခံကြပါတယ်။ လူငယ်၊ လူကြီးတိုင်းလည်း လုပ်သင့်ပါတယ်။ မကောင်းတာကို နည်းယူမမှားဖို့လည်း အရေးကြီးပါတယ်။ တချို့လူငယ်တွေကတော့ အစွန်းရောက်ပြီး မကောင်းတဲ့အတုတွေကိုယူပြီး လမ်းမှားမလိုက်ဖို့ပဲ အရေးကြီးပါတယ်"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်တို့သူငယ်ချင်းအုပ်စုကတော့ ဆိုးသွမ်းလူငယ်အုပ်စု မဟုတ်ပါဘူး။ အပြုသဘောဆောင်ပြီး အကောင်းဘက်ကမြင်တဲ့ အုပ်စုပါ။

တစ်နေ့တော့ ဆရာရယ်၊ စမ်းချောင်းရပ်ကွက်ထဲက သူငယ်ချင်းတစ်ယောက်အိမ်မှာ စုံထောက်ဇာတ်ကားတစ်ကားကို ကြည့်ကြတယ်ဆရာ။ အထက်တန်းကျောင်းသား လူငယ်ကလေးတစ်ယောက်





က သူတို့ဘဝကို စီးပွားပျက်အောင်လုပ်ခဲ့တဲ့ သစ်သီးခြံမန်နေဂျာကို သတ်တဲ့ ဇာတ်ကားဆရာ။ ကျောင်းသားကလေးက သစ်သီးခြံမန်နေဂျာ အရက်မူးနေတဲ့အချိန် တစ်ယောက်တည်းရှိမှန်းသိလို့ အိပ်ရာပေါ်မှာ ဓားနဲ့ထိုးသတ်ခဲ့တာ။

ဒါပေမဲ့ မန်နေဂျာက မိန်းမရှုပ်တော့ အစော်ကားခံရတဲ့ မိန်းကလေးရဲ့အစ်ကိုက မန်နေဂျာအရက်သောက်နေတဲ့အချိန် နောက်ကျောကို ဓားနဲ့ထိုးသတ်ခဲ့တာက အရင်ပါ။ ပြီးမှ အိပ်ခန်းထဲကိုရွှေ့ပြီး ပက်လက်အနေအထားနဲ့ စောင်ခြုံပေးထားတုန်း နာရီဝက်အတွင်းမှာပဲ ကျောင်းသားကလေးရောက်လာပြီး ရင်ဝကို ဓားနဲ့ထိုးသတ်ခဲ့တာပါ။

အသတ်ခံရပြီး သူ့ကိုရန်ငြိုးကြောင့် ထပ်သတ်တဲ့ဇာတ်လမ်းပေါ့ ဆရာရယ်။ ကြည့်ရတဲ့ပရိသတ်ကတော့ အမှုအကြောင်းကို သိနေသို့ ရှေ့ဆက် ဘာဖြစ်လာဦးမလဲရယ်လို့ စောင့်စားပြီး ရင်မကြည့်ရှုရတဲ့အခန်းဟာ အလွန်သည်းထိတ်ရင်ဖိုရာ ပြကွက်ပါပဲ။

ဖမ်းမိတော့ ကျောင်းသားလေးကို ဖမ်းမိတယ်။ ရန်ငြိုးရှိမှန်းသိလို့ ရဲကဖမ်းတာပါ။ တရားရုံးက အပြစ်ပေးတော့လည်း ကျောင်းသားကလေးပဲ ထောင်ချအပြစ်ပေးတာကို ခံရရှာတယ်။ တကယ့် လူသတ်တရားခံကို ဖျောက်ဖျက်၊ အမှောင်ချလိုက်တဲ့ သဘောပဲ။

ဒါရိုက်တာကတော့ ရဲနဲ့ တရားသူကြီး မှုခင်းဆရာဝန်ကို သရော်တာ ဖြစ်နိုင်ပါတယ်။ ဇာတ်လမ်းခေါင်းစဉ်ကိုက Revenge is sweet like the honey လို့ ပေးထားတယ်။ လက်စားချေခြင်းဟာ ပျားရည်လို ချိုမြိန်တယ်ဆိုတဲ့ အဓိပ္ပာယ်ထင်ပါရဲ့။ အဲဒီဇာတ်လမ်း ဇာတ်သိမ်းပိုင်းကို ကျွန်တော်တို့ လက်မခံနိုင်ဘူးဆရာ။ တရားမျှတမှု မရှိဘူးလို့ ယူဆတယ်။



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်နဲ့ ရဲတွေရဲ့ ပေါ့ဆမှု၊ ဆရာဝန်ရဲ့ပေါ့ဆမှု၊ ဥပဒေ
ဝန်ထမ်းနဲ့ တရားသူကြီးရဲ့ ပျော့ကွက်၊ ဟာကွက်၊ အားနည်းချက်ပ
ကျောင်းသားကလေးကတော့ သူ့မားနဲ့တိုးတာမှန်တော့ သူ့ကြောင့် သေ
တာလို့ပဲ ထင်မှတ်ပြီး အပြစ်ဝန်ခံလို့ ထောင်ကျခံရရှာတယ်။

အဲဒီဇာတ်လမ်းကို ကျွန်တော်တို့သူငယ်ချင်းတစ်စု ကြည့်
ခံစားပြီး ဝေဖန်သုံးသပ်ကြတာ နိုင်ငံခြားဇာတ်လမ်းမို့ တော်သေးတ
ပေါ့ ဆရာရယ်။ မြန်မာဇာတ်လမ်းသာဆိုရင်တော့ ဒါရိုက်တာကို ကျွ
တော်တို့ သွားချဲကြမှာ။

ဥပဒေကျောင်းသားဆိုပေမဲ့ အဲဒီအချိန် ကျွန်တော်တို့ ခံစား
ကိုယ်ချင်းစာရတာ လူသတ်သမားကျောင်းသား ကလေးဘက်ကပါ
ကျွန်တော်တို့အချင်းချင်း ငါဆို ဘယ်လိုနည်းလမ်းကိုရွေးပြီး 'အလီဘိုင်
ခေါ် သက်သေလုပ်ပြီးသတ်မယ်။ သူဆိုသက် သေခံပျောက်ပြီးသတ်မယ
စသဖြင့်ပေါ့ ဆရာရယ်။ ငြင်းခုံကြရတာ အမောပါပဲ။

အဲဒီဇာတ်လမ်းကလေးကို ကြည့်ပြီးတဲ့နောက်မှာ ကျွန်တော
ရဲ့ မသိစိတ်မှာ အစွဲအလမ်း ဖြစ်သွားခဲ့တယ်ဆရာ။ အားချိန်ရတိုင်
ဒီဇာတ်လမ်းကလေးကိုပဲ အာရုံထဲမှာ စဉ်းစားအကောင်အထည် ဖော်
မိတယ်ပေါ့ ဆရာရယ်။

တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုပါပဲ ဆရာရယ်။ ဖျာပုံကငွေမ
တာ နှစ်လသုံးလကြာလာပြီဖြစ်ကြောင်း အဖေကပြောလာတယ်။ ဘာ
ကြောင့်လဲဆိုတာကိုတော့ အဖေကမပြောဘူး။ မကြာပါဘူး။ ဖျာပုံက
ကျွန်တော့်ငယ်ပေါင်း သူငယ်ချင်းစံသိန်း ရန်ကုန်ကိုရောက်လာတယ်
စံသိန်း ။ "စောအောင်ရေ ...မင်းက ငါတို့ငယ်ပေါင်းတွေ
သေခန်းဖြတ်ထားတာလား။ ရန်ကုန်သားဖြစ်သွားလို့ တောသားတွေ





ကို မေ့ပစ်လိုက်တာလား"

"မဟုတ်ပါဘူးကွာ။ ဒီမှာ ကျောင်းတက်နေရတော့ မအား ဘူးကွ။ နောက်ဆုံးနှစ်ဆိုတော့ စာတွေကလည်း အရေးကြီးလာပြီ။ စာမေးပွဲဖြေပြီးတာနဲ့ ငါလာဖို့ အစီအစဉ်ရှိပါတယ်။ ဒါနဲ့ ငါ့သူငယ်ချင်း တွေ မင်းမောင်၊ ကုလားကြီး၊ လှရွှေ၊ အောင်ပန်းတို့ရော နေကောင်း ကြရဲ့လား။ စီးပွားရေးရော အဆင်ပြေကြရဲ့လား"

"အေး ...သူတို့အားလုံး နေကောင်းကြပါတယ်။ စီးပွားရေး ကတော့ အရင်အတိုင်းပါပဲ။ ဒီကောင်တွေ လိုက်ခဲ့ကြဖို့ပဲ။ လူများလို့ ငါခေါ်မလာတာ။ မင်းအိမ်ကိုလည်း အားနာတယ်လေကွာ"

"ဟ ...ဘာများ အားနာစရာရှိသလဲ။ တို့ငယ်ပေါင်းတွေပဲ ဥစ္စာ။ မနေ့ညကတောင် ညစာစားရင်း အဖေနဲ့အမေက မင်းတို့ အကြောင်းကို ငါ့မေးနေသေးတယ်"

"အေးကွာ ...ငါတို့ကို သတိရတယ်ဆိုလို ဝမ်းသာပါတယ်။ ဝမ်းမသာနိုင်တာက မင်းတို့ကိစ္စကွ။ ခု ငါသက်သက်လာခဲ့တာ။ ငါ့မှာ ဘာကိစ္စမှမရှိဘူး"

"ပြောပါဦး စံသိန်းရယ်။ ငါတို့ကိစ္စဆိုတာက ဘာလဲ။ အဲ.. နေဦး။ မင်းက ခရီးရောက်မဆိုက်ကြီး။ ရေချိုးပြီး ထမင်းစားရင်း ပြော ကြတာပေါ့နော်"

"ဟကောင်ရ ...အရေးကြီးတယ်ဟ။ မင်း အမြန် ဖျာပုံကို လိုက်ခဲ့မှဖြစ်မယ့်ကိစ္စ။ ခု ငါ့အိမ်မှာလည်း မိဘနဲ့ညီမတွေက ရန်ကုန် ကအဆင်း အညာဘက်ကို ဘုရားဖူးသွားနေကြတော့ အိမ်မှာ ငါတစ် ယောက်ထဲည်း အချိန်လည်း မရဘူး။ နေ့လယ်စာစားပြီးတာနဲ့ ငါ ဖျာပုံ ပြန်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း လောလိုက်တာ စံသိန်းရာ။ တစ်ညတလေ အိပ်ပါဦး။ ကဲ ... ဘာများ အရေးကြီးနေတာလဲ။ ပြောပါဦး"

"ဖျာပုံက မင်းတို့လုပ်ငန်းမျက်နှာလွှဲ ဦးတင်သိန်းက လုပ်ငန်းကငွေတွေကို လေးကောင်ကျင် ရှုံးပစ်လိုက်ရုံတင်မကဘူး မင်းတို့ မော်တော်(၃)စီးကိုလည်း ရောင်းလိုက်ပြီ။ အခု ရေလုပ်ငန်းတော့ တခြားသူဌေးဆီမှာ ပေါင်ထားတယ်လို့ သတင်းကြားရတယ်"

"ဟ ... ဟုတ်ရဲ့လား စံသိန်းရ။ ဒီလူကြီး ဒီလောက်တောင် မိုက်ရိုင်းရသလား။ ခု ဘာတွေဖြစ်ကုန်ပြီလဲ"

"ရေလုပ်ငန်းက ပေါင်ထားပေမဲ့ ဟန်မပျက်ဆက်လုပ်နေတယ်။ အဲ ... သူကလည်း လေးကောင်ကျင် ဆက်ကစားတုန်းပဲ။ အဲ နောက်ပြီး ..."

"နောက်ပြီး ဘာဖြစ်သေးလဲ စံသိန်းရ။ မြန်မြန်ပြောစမ်းပါ"

"အဲ ... အဲ ... နောက်ပြီး ... မင်းအစ်မဝမ်းကွဲ မချိုနွယ်ကိုလည်း ကျောရရုံကြံပြီး ကန်ထုတ်လိုက်ပြီ"

"ဟာကွာ ... ဒီလူကြီး တယ်မိုက်ရိုင်းပါလား။ အဖေက သူ့ကိုလူယုံဆိုပြီး မွေးစားသားလို သဘောထားတာ။ မော်တော်လိုင်စင်တွေအားလုံး သူ့ပေးထားပေမဲ့ လုပ်ငန်းလိုင်စင်မူရင်းကတော့ ငါတို့ဆီမှာ ပါလာပါတယ်။ မိတ္တူကိုပဲ သူ့ပေးထားခဲ့တာ။ ဒါတောင် အဖေက သူ့ကိုပေးထားနိုင်းတာ။

လိုင်စင်သက်တမ်းတိုးဖို့နီးလို့ ငါဟိုတစ်ခေါက် ပြန်လာတုန်းက ပြန်ယူခဲ့လို့ တော်သေးတာပေါ့။ အဖေက မချိုနဲ့သူ့ကို မင်္ဂလာဆောင်ပြီးတာနဲ့ မော်တော်တစ်စင်းလက်ဖွဲ့ဖို့တောင် စီစဉ်ထားတာ။ ဒါနဲ့ မော်တော်တွေကို ဘယ်သူ့ကို ဘယ်လောက်နဲ့ရောင်းပြီး ရေလုပ်ငန်း





ကို ဘယ်သူ့ဆီမှာပေါင်ထားတာလဲ စံသိန်း ... ဟင်"

"လှဝင်းကြည်နဲ့ ဒေါ်ငြိမ်းယာဉ်ပျံ မော်တော်နှစ်စီးကတော့ ဒေးဒရဲက ရေလုပ်ငန်းသူဌေး ဦးငွေသိန်းကိုရောင်းတာ။ လှဝင်းကြည်က သိန်း (၁၀၀)၊ ဒေါ်ငြိမ်းယာဉ်ပျံက သိန်း (၂၀၀)လို့ သိရတယ်"

"ဟ ... အဲဒါ ပေါက်ဈေးထက် တစ်ဝက်ပဲရတာပါလား။ အရင်းတောင်မရှိဘူး။ လုပ်ရက်ပါပေ့ ... ဦးတင်သိန်းရယ်။ ဒါနဲ့ တက်တိုးကို ဘယ်လောက်နဲ့ ရောင်းတာတဲ့လဲ"

"တက်တိုးက ခေတ်မီပြီး ကြီးလည်းကြီး၊ ကောင်းလည်းကောင်းတော့ သိန်း(၅၀၀)နဲ့။ မင်းအဖေနဲ့ ရေလုပ်ငန်းအပြိုင် သူဌေးဦးတင်ယုကို ရောင်းလိုက်တာ"

"ဟာကွာ ... တက်တိုးက သိန်း(၁၀၀၀)လောက် တန်တာကွ။ ဒါလည်း တစ်ဝက်ဈေးပဲ။ ငါ့အဖေ အလွန်တန်ဖိုးထားပြီးချစ်တဲ့ မော်တော်ကြီးကွ။ လှဝင်းကြည်နဲ့ဒေါ်ငြိမ်းယာဉ်ပျံကို ငါမနမြောပါဘူး။ တက်တိုးက အပျံစားပြင်ပြီး သ,ထားတာ။ J.C Turbo အင်ဂျင်နဲ့ အလွန်မြေးတဲ့ မော်တော်ကြီး။

ဖျာပုံမြို့မှာ တက်တိုးထက်ကောင်းတဲ့ မော်တော်တစ်စီးမျှ မရှိသေးဘူး။ တက်တိုးဆိုတဲ့အတိုင်း ဝင်ငွေကလည်း အလွန်ကောင်းတော့ ငါ့အဖေအသည်းစွဲပေါ့။ အဖေသိရင်တော့ အလွန်နှမြောရှာမှာပဲ။ ကဲ အဲဒါဆို ဒီလိုလုပ်ကွာ။ မင်းနဲ့ငါ မနက်ဖြန်မနက်စောစော ဖျာပုံဆင်းကြတာပေါ့။ အခုညတော့ ဒီမှာအိပ်ကွာ။

အဖေနဲ့အမေကို အေးအေးဆေးဆေးရှင်းပြပြီးမှ ခရီးထွက်ဖို့ စီစဉ်ရလိမ့်မယ်။ နောက်ပြီး ဦးတင်သိန်းကို တရားဥပဒေအရ အရေးယူဖို့ စာရွက်စာတမ်းတွေ ငါစုစည်းပြီး ဒီည အပြတ်လုပ်ရမှာ။ မင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ညတော့ အိပ်ပါကွာနော်”

“အေးပါကွာ ...။ မင်းလိုက်မယ်ဆိုရင်တော့ ငါ-ညအိပ်ရတော့မှာပေါ့လေ။ ငါတို့အိမ်ကလည်း လုံပါတယ်။ လိုရမည်ရ ငါကုလားကြီးတို့အုပ်စုကို မှာထားခဲ့ပါသေးတယ်”

ထိုညက ညနေစာထမင်းဝိုင်းတွင် ဖျာပုံကိစ္စကို ကျွန်တော်နှင့် စံသိန်းက တစ်ယောက်တစ်လဲစီ တင်ပြရတော့သည်။

အဖေ ။ “ကံ,ကံငါ့အကျိုးပေါ့ ငါ့သားရယ်။ ပြုသူအသစ် ဖြစ်သူ အပေါင်းဆို မဟုတ်လား။ အဖေတို့ အရင်ဘဝကကြွေးရှိခဲ့လို့ မောင်တင်သိန်းကို ပေးဆပ်ရတာပဲ မှတ်ပါ။ သံသရာမရှည်ချင်ပါနဲ့တော့ ငါ့သားရယ်။ အဖေတို့လည်း ဒီအကုသိုလ်လုပ်ငန်းကြီးကို စွန့်ချိန်တန်လို့ စွန့်ခဲ့ပြီပဲမဟုတ်လား။ တရားသဘောနဲ့ဖြေပါ ငါ့သားရယ်။ ငါ့သားလည်း ခေတ်ပညာတတ်ပဲ။ အဖေတို့စုဆောင်းထားတဲ့ငွေက ငါ့သားတစ်သက်စာ အလုပ်မလုပ်ဘဲထိုင်စားတောင် မကုန်နိုင်ပါဘူးကွယ်”

“အဖေရယ် အဖေအလွန်မြတ်နိုးတဲ့ တက်တိုးကြီးကိုလည်း တစ်ဝက်ဈေးနဲ့ ရောင်းစားလိုက်ပြီဗျ။ နောက်ပြီး ရေလုပ်ငန်းကိုလည်း ပေါင်ထားသေးတယ်။ သားက ရန်ဖြစ်ဖို့သွားမှာ မဟုတ်ပါဘူး။ သားက ဥပဒေကျောင်းသား။ အဖေပဲပြောခဲ့တာပဲ အဖေတို့ငယ်စဉ်က ဥပဒေအကြောင်းနားမလည်လို့ အလိမ်အညာခံခဲ့ရတာဆို။

အခုသားက ဥပဒေဘွဲ့ရတော့မှာ။ နောက်ဆုံးနှစ်ဖြစ်နေပြီ။ ဖျာပုံကိုမသွားလို့တော့ မဖြစ်တော့ဘူး အဖေ။ ဥပဒေအကြောင်းအရ အမှုဖွင့်တိုင်ကြားခွင့်တော့ သားကိုခွင့်ပြုပါ။ ဒီလိုမှမဟုတ်ရင် သား သင်ထားတဲ့ ဥပဒေဘွဲ့ကြီးက ဘာလုပ်တော့မှာလဲ အဖေရ”

စံသိန်း ။ “ဟုတ်ပါတယ် အဘရယ်။ ဒီကိစ္စက ဥပဒေအကြောင်းအရ





ချင်းလင်းရင် ဘယ်တော့မှ ပြီးမှာမဟုတ်ပါဘူး။ အချိန်ပေးတုန်း အမြန်ဖြင့်ရှင်းရမှာပါ။ နောက်ပြီး အစ်မချိုနွယ်ကိစ္စကလည်း ရှိသေးတယ်”

အမေ ။ “ဟုတ်ပါရဲ့တော်၊ ကိုအောင်မြင့်ကလည်း အရာရာကို ရားသဘောနဲ့ချည်း ကြည့်လို့ မဖြစ်ဘူးရှင်။ မော်တော်နဲ့ လုပ်ငန်း ပြင် အိမ်တွေခြံတွေရှိသေးတယ်။ ကိုယ်စိတ်ချယုံကြည်ပြီး မွေးစား းလို မြေတောင်မြှောက်ခဲ့ရတဲ့သူက ဒီလို ဥပဒေမဲ့လုပ်တာတော့ ယ်ကောင်းပါ့မလဲ။ သွားပြီးမဖြေရှင်းရင်လည်း တဖြည်းဖြည်း ပိုဆိုး လိမ့်မယ်။ သားက ဥပဒေသမားပါ။ ဥပဒေအရ ဖြေရှင်းပါစေ။ ားမရှိတဲ့နိုင်ငံမှ မဟုတ်တာရှင့်။ မှန်တဲ့အတိုင်း ဖြစ်ပါစေ။

ဒါ့အပြင် သမီးချိုနွယ့်ကိစ္စက ရှိသေးတယ်။ ရှင်ပဲ မောင်တင် န်းနဲ့သဘောတူလို့ ဟိုက ခေါင်းညိတ်ရရှာတာ။ အခုတော့ ဘယ် ာက် ဒုက္ခရောက်လိုက်ရှာမလဲနော်။ သူ့အစ်ကိုမောင်လွင်ကလည်း သကြီးတယ်။ အမှန်က ရှင်သွားပြီး ဖြေရှင်းသင့်တယ်။ ငယ်မွေး ါက်တွေဆိုတော့ ရှင့်စကားကိုဆိုရင် နားထောင်ကြမှာပါ”

ဖေ ။ “မယ်နု ... မင်းအသာနေ။ ငါလည်း အသက်အရွယ် ကြီးလာပြီ။ ဒီကိစ္စတွေက တစ်ရက်နှစ်ရက်တည်း ဖြေရှင်းလို့ရမယ့်ကိစ္စ ဟုတ်ဘူး။ မင်းတို့ဆန္ဒရှိရင်တော့ သား သွားပါစေ။ အမြန်ဆုံး ဥပဒေ ရ ဖြေရှင်းပါ။ စကားများတာတောင် အဖေမကြားချင်ဘူး။ ပစ္စည်း ွ ဆုံးချင်ဆုံးပါစေ၊ ရှိပါစေတော့။

သားအပြန်မှာတော့ မင်းအစ်မချိုနွယ်ကို အပါခေါ်ခဲ့ပါ။ ဒီ မှာ တစ်သက်လုံးနေပါစေ။ မောင်စံသိန်းတို့ကလည်း သားကို စောင့် ာက်ကူညီကြပါ။ တုတ်တစ်ပြက်၊ ဓားတစ်ပြက် မဖြစ်စေနဲ့။ မောင်တင် န်းနဲ့တွေ့ရင်လည်း အဖေစာရေးပေးလိုက်တာ ို ပေးပါ။ ပြီးတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြီးပါစေ''

နောက်တစ်ရက်မှာတော့ ကျွန်တော်နှင့်စံသိန်းတို့ ဖျာပုံမြို့ကို ပြန်ခဲ့ပါတယ်။ ရန်ကုန်က ဒလဘက်ကမ်းကို သင်္ဘောနဲ့ကူးပြီး ဒလ ကမှ အမြန်ယာဉ် (ကက / Super Roof Van) ကို စီးပါတယ်။ Mini Bus တွေက လူပြည့်အောင်စောင့်ရတာ အလွန်ကြာပါတယ်။

ကော့မှူး၊ ကွမ်းခြံကုန်းကို ဖြတ်ပြီး ဒေးဒရဲမြို့ရောက်တော့ ကားလေးက ဂိတ်ဆုံးတယ်။ ကျွန်တော်တို့ ဒေးဒရဲမြို့ကားဂိတ်မှာ နေ့လယ်စာစားပြီး ကားပြောင်းစီးရပြန်တယ်။ ညနေစောင်းမှာ ဖျာပုံ ကိုရောက်တယ်။ ကျွန်တော်စံသိန်းတို့အိမ်မှာ ခေတ္တနားနေတုန်း မြို့ခံ ငယ်ပေါင်း သူငယ်ချင်းတွေဖြစ်တဲ့ မင်းမောင်၊ ကုလားကြီး၊ လှရွှေ၊ အောင်ပန်းတို့ ရောက်လာကြတယ်။ ငယ်ပေါင်းတွေ တွေ့တော့လည်း ဝမ်းပန်းတသာနှုတ်ဆက်ကြရင်း ဦးတင်သိန်းကိစ္စကိုတောင် မေ့သွား ကြတယ်။

သိကြတဲ့အတိုင်း လူငယ်တွေပီပီ အဆိုးတွေကိုမေ့ပြီး ညစ ဝိုင်းလုပ်ဖို့ စီစဉ်ကြတယ်။ စံသိန်းတို့အိမ်ကလည်း လူကြီးတွေတ ယောက်မှ မရှိဘူးလေ။ ရန်ကုန်ကတစ်ဆင့် ဘုရားဖူးသွားကြသတဲ့ လေ။

ကုလားကြီး ။ ''ငါ့လက်ရာနဲ့ မင်း ကင်းကွာနေတာကြာပြီ စောအောင် ရေ။ ဒီညနေ ငါတို့စုပေါင်းပြီး မင်းကို ကြိုဆိုပွဲလေး လုပ်ပေးမယ် အားလုံး လက်ခံကြသလားဟေ့''

မင်းမောင်၊ ကုလားကြီး၊ လှရွှေ အောင်ပန်း . . .

''အားလုံးသဘောတူတယ်ဟေ့။ ပွဲမဖြစ်တာလည်း ကြာပြီ စံသိန်းအိမ်မှာ လူကြီးတွေမရှိတော့ ဒါ အခွင့်ကောင်းပဲ။ အိမ်ရှေ့





ဘုးစင်ကြီးကလည်း ဟည်းနေတာပဲ။ နောက်ဖေးမှာလည်း ကြက်တွေ ရော၊ ဘဲတွေရောစုံလို့။ ပုလင်းကိစ္စ ငါတို့စုပေါင်းစိုက်မယ်။ အရက်ရော ဘီယာပါ စုံရစေ့မယ်''

စံသိန်း ။ ''ငါကလည်း သဘောတူပါတယ်။ တစ်ခါတလေ ပြန် လာတဲ့ ငါ့သူငယ်ချင်းကို စားချင်တာ အကုန်ကျွေးမယ်။ အိမ်ရှေ့က ဘုးစင်နဲ့ နောက်ဘက်က ကြက်တွေ၊ ဘဲတွေ ကုန်ချင်ကုန်သွားပါစေ။ ဒါပေမဲ့ တစ်ခုတော့ပြောချင်တယ် စောအောင်ရေ မင်းဒီည ငါတို့အိမ် မှာ ညအိပ်ရမယ်။ နောက်တစ်နေ့မှ မင်းကိစ္စကို ဆက်လုပ်ပါ''

ကျွန်တော် ။ ''အေးပါ . . . သူငယ်ချင်းတို့ရယ်။ ငါဒီည စံသိန်း အိမ်မှာ အိပ်ပါ့မယ်။ ဒါပေမဲ့ ကမ်းနားကအိမ်ကိုတော့ ငါ ခဏပြန် ချင်တယ်။ အိမ်အခြေအနေကိုလည်း ကြည့်ရင်း ရေလုပ်ငန်းအခြေအနေ ကိုလည်း လေ့လာရင်းပေါ့ကွာ''

စံသိန်း ။ '' အေး . . . စောအောင်၊ မင်းပြန်ချင် ပြန်လို့ရတယ်၊ ဒါပေမဲ့ မင်းတစ်ယောက်တည်းတော့ ပြန်လို့မရဘူး။ အဘဦးအောင်မြင့် က ငါ့ကို အသေအချာမှာလိုက်တာ။ မင်းကိုငါတို့က စောင့်ရှောက်ရ မယ်တဲ့''

ကုလားကြီး ။ ''ဟုတ်တယ်ဟေ့ . . . ငါတို့အကုန်လိုက်မယ်။ ခေါ်စရာ ရှိရင်လည်း စောအောင်အသာနေ၊ ငါတို့ ခေါ်မယ်။ ဘယ့်နှယ်ကွာ အတော်မိုက်ရိုင်းတဲ့သူပဲ။ မျက်နှာလွှဲဆိုတဲ့အတိုင်း သူ့ငွေးမျက်နှာလွှဲ တာနဲ့ အားကိုးရမလား မှတ်ပါတယ်၊ ပစ္စည်းတွေ အလွဲသုံးစားလုပ် ရောင်းစားပြီး မျက်နှာပြောင်တိုက်နေတာ။ အခု အဘဦးအောင်မြင့်က ဘာအမိန့်ချမှတ်လိုက်သလဲ ပြောကြစမ်းပါဦး''

စံသိန်း ။ ''နေပေလေ့စေတဲ့။ ဖြစ်ချိန်တန်လို့ဖြစ်တာ၊ မျက်ချိန်



www.burmeseclassic.com

www.burmeseclassic.com



တန်လို့ပျက်တာ ရန်မလုပ်နဲ့တဲ့။ တရားဥပဒေအတိုင်းတော့ တိုင်ချင် တိုင်တဲ့။ အဘကတော့ တကယ့်တရားသမားကြီးပဲဟေ့''

မင်းမောင် ။ ''ဟ . . . ဒီအတိုင်းနေလို့ ဖြစ်မလားဟ။ မော်တော် တွေရောင်းစားပြီး ရေလုပ်ငန်းတောင် ပေါင်ထားပြီးပြီ။ နောက်ဆုံး အိမ် နဲ့ခြံဝင်းကို မရောင်းဘူးလို့ ပြောနိုင်မလား။ ရေလုပ်ငန်းပြိုင်ဘက်တွေ ကလည်း အချောင်လိုချင်နေကြတာ။ ငါနဲ့ပြောတာတော့ 'တက်တိုး' ဆိုတဲ့ မော်တော်ကြီးပဲ။ ဖျာပုံမြို့မှာ အကောင်းဆုံးနဲ့ ခေတ်အမီဆုံး မော်တော်ကြီးကွ''

လှရွှေ ။ ''ဟုတ်ပါရဲ့ကွာ၊ လုပ်ရက်လိုက်တာ။ ငါသိုရင်တော့ စိန် ခေါ်ပြီး တစ်ယောက်ချင်းဖိုက်ပစ်မှာ''

အောင်ပန်း ။ ''ဟ . . . လှရွှေရ။ ဦးတင်သိန်းက လူမိုက်တွေမွေး ထားတာ တစ်လှောကြီးပဲ။ မင်းတစ်ယောက်တည်း သွားဖိုက်လို့ကတော့ မင်းပျောက်သွားမှာပေါ့။ ငါတို့ အုပ်စုလိုက်သွားဖိုက်မှ နိုင်မှာပေါ့ဟ''

ကျွန်တော် ။ ''တော်ကြပါတော့ကွာ။ ငါက ဥပဒေကျောင်းသားပါ။ အဖေကလည်း မှာလိုက်ပါတယ်၊ ဥပဒေအရပဲ အရေးယူတိုင်ကြားဖို့ ခွင့်ပြုတာပါ။ ကျန်တာတွေ မပါပါဘူး။ မင်းတို့ အေးအေးနေကြပါ''

စံသိန်း ။ ''ဒါပေမဲ့ ကေအောင်ရယ်။ မင်းအစ်မဝမ်းကွဲ မချိုကို အတည်ယူမလိုလို့ ကျောရရုံကြံပြီး မင်းအဖေမျက်နှာကိုတောင် မထောက်ဘဲ ကန်ထုတ်လိုက်တာတော့ အလွန်ရိုင်းတယ်ကွာ။ အဲဒီကိစ္စ က ကာယကံရှင်ကမတိုင်သရွေ့ အရေးယူလို့ရတဲ့ အမှုမဟုတ်ဘူးကွ။ ဘယ်လောက်ရင်နာပြီး ကြေကွဲစရာကောင်းသလဲ''

ကုလားကြီး ။ ''အဲဒါတော့ ဟုတ်တယ် ကေအောင်ရ ဒါမျိုးကိုတော့ သည်းခံနေလို့မဖြစ်ဘူး။ နောင်ကြဉ်သွားအောင် ဆုံးမမှုဖြစ်မှာမဟုတ်





သား။ မင်းအခု ဘာလုပ်မယ်စိတ်ကူးသလဲ ကေအောင်''

ကျွန်တော် ။ ''ငါ ဦးတင်သိန်းနဲ့ပတ်သက်တဲ့ အမှုတွေကို သက်သေ သက်ကန်နဲ့ စုစည်းမယ်။ ပြီးတော့ ဥပဒေပြဋ္ဌာန်းချက်တွေနဲ့ ညှိနှိုင်းပြီး ရုံးခန်းမှာအမှုဖွင့်မယ် တရားစွဲမယ်''

လှရွှေ ။ ''မင်းဟာ ပေရှည်ပါတယ် ကေအောင်ရယ်။ အဲဒီအမှု တွေနဲ့ ထောင်ကျသွားတော့ရော ဘယ်နှစ်နှစ်ထောင်ကျမှာလဲ။ အလွန် ဆုံး (၄/၅) နှစ်ပေါ့။ ထောင်ကလွတ်တော့လည်း မင်းတို့ကိုရန်ရှာဦး မှာ။ အပြတ်ရှင်းလိုက်တာ ကောင်းပါတယ်။ ကိုယ်တိုင်မလုပ်ဘဲ လူငှား လုပ်ရင် ကိစ္စပြတ်ရော မဟုတ်လား''

ဥပဒေကျောင်းသား ကျွန်တော် တွေဝေသွားမိပါသည်။ သူတို့ ပြောလည်း စဉ်းစားစရာပင်။ လူမိုက်ကို မိုက်ပြမှ တန်ကာကျပေမည်။ သို့သော် သူနှင့်ကျွန်တော် ဘဝချင်းလဲရအောင် မတန်ပါ။ တခြားနည်း စဉ်းစားရင်ကော။ ရန်ကုန်က ကျွန်တော့်အပေါင်းအသင်းတစ်စု စမ်း ချောင်း၌ ကြည့်ခဲ့သော Video ကားထဲမှ ကျောင်းသားကလေးကို ကျွန် တော် သတိရမိပြန်သည်။

ဥပဒေတွင် ပေါက်ကွက်၊ ဟာကွက်များ ရှိနိုင်သည်။ အမှုအခင်း ဖြစ်လျှင် သက်သေခံက အရေးကြီးသည်။ သက်သေခံမကျန်ရစ်အောင် သက်စလက်န ဖျောက်နိုင်လျှင် ကိစ္စပြတ်ပြီဖြစ်သည်။ ကိုယ့်ဘက်က တော့ သက်သေခံနိုင်လုံဖို့ လိုသည်။ ကျောင်းသားကလေး၏ ဇာတ်ကား Revenge is Sweet Like The Honey ကို ကျွန်တော် နမူနာယူရပေ တော့မည်။

''ကဲ . . . ငါခဏအိမ်ပြန်ပြီး အိမ်ကိုလည်း ကြည့်မယ်။ ရေ လုပ်ငန်းကိုလည်း လေ့လာလိုက်ဦးမယ်။ မင်းတို့ အကုန်တော့ပိုက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြနဲ့။ တစ်ယောက်ယောက်ပဲ လိုက်ခဲ့ပါ။ ဒီမှာလည်း ချက်ရပြုတ်ရ ဦးမှာ"

စံသိန်း ။ "အေး ... အေး ... အဲဒါဆို ငါက ကြက်ဖမ်းလို့ မယ်။ ကုလားကြီးက ချက်ရပြုတ်ရဦးမယ်။ လှရွှေနဲ့မင်းမောင်က ပုလင်း ပယ်။ အောင်ပန်းက ဗလတော်င့်တော့ စောအောင်ရဲ့ ဆော်ဒီဂဲတ်အဖြစ် လိုက်သွား။ မိုးလည်းမချုပ်စေနဲ့၊ အမြန်ဆုံးပြန်လာခဲ့ကြ။ ဟုတ်ပြီလား"

အောင်ပန်း ။ "ဟုတ်ကဲ့ပါ ဆရာစံသိန်း။ ကျွန်တော်တို့ ဆရာ့အမိန့် ကို တစ်သဝေမတိမ်း နာခံပါတယ်။ ကဲ ... ရဲဘော်တို့ ဆက်လုပ်"

ကျွန်တော်နှင့်အောင်ပန်း ကမ်းနားရှိ ကျွန်တော်တို့အိမ်ခြံဘက် သို့ လျှောက်ခဲ့ကြပါသည်။ လမ်းတွင်တွေ့ရသည့် အသိမိတ်တွေကလည်း ကျွန်တော့်အား နှုတ်ဆက်ကြပြီး စိတ်မကောင်းကြောင်း ပြောကြပါ သည်။ ကျွန်တော်တို့အိမ်ကြီးက ဈာပနကမ်းနားပိုင်းမှာ ရေထွက်ပစ္စည်း ရောင်းဝယ်တဲ့ အလုပ်ရုံနဲ့ မျက်နှာချင်းဆိုင်နေသော နှစ်ထပ်အိမ်ကလေး လည်း ခြံတစ်ဝင်းထဲမှာပဲ ရှိပါသည်။ ကျွန်တော်အိမ်ထဲ သော့ဖွင့်ဝင် တော့ အလုပ်သမားများ ကျွန်တော့်ကိုမြင်၍ ပြေးလာကြပါသည်။

အလုပ်သမားခေါင်း ။ "အစ်ကိုလေး ... ပြန်ရောက်ပြီလား။ ဒီမှာ ညအိပ်မှာလား။ ပုစွန်တွေရော၊ ငါးတွေရော ဒီည အတော်ဝင်တယ်။ လတ်လတ်ဆတ်ဆတ်တွေ ရေခဲမရိုက်ရသေးဘူး။ ချက်ပြုတ်ပေးမယ် လေ"

"ရတယ် ကိုမြင့်၊ ကျွန်တော် ခဏလာတာ။ ဒီညတော့ စံသိန်း တို့အိမ်မှာပဲအိပ်မယ်။ ပုစွန်နဲ့ငါး နည်းနည်းစီပေးလိုက်။ ဒါနဲ့ လုပ်ငန်း ကိုင်ငန်း အဆင်ပြေကြရဲ့လား။ ဦးတင်သိန်းရော ရှိလား"

"ဦးတင်သိန်းမရှိလို့ လာရဲကြတာပါ အစ်ကိုလေးရယ်။ ဒီလူ





အစ်ကိုလေးတို့ရှိတုန်းကနဲ့ မတူဘူး။ အခု အင်မတန်ဆိုးတယ်။ အစ်ကိုလေးလည်း မြို့ခံတွေပြောလို့ ကြားပြီးမှာပါ။ ကျွန်တော်တို့လည်း လုပ်ငန်းကလွှဲပြီး မလုပ်တတ်လို့ ဒီမှာ ခိုကပ်နေကြရတာပါ။ ဘယ် တော့အလုပ်ပြုတ်မယ်မှန်းတောင် မသိပါဘူး။

အပြောကလည်း ဆိုးတယ်။ ဆဲဆိုပြီးမှ ခိုင်းတာ။ သူစိတ် ဆိုင်းမကျလို့ ဖြုတ်ပစ်လိုက်တဲ့ အလုပ်သမားတောင် မနည်းတော့ဘူး။ နောက်ပြီး ကျွန်တော်တို့ကို လစာလည်း မှန်မှန်မရှင်းတာ သုံးလလောက် ရှိပြီ။ နေ့စားသမားတွေကိုလည်း သုံးလေးရက်မှ တစ်ခါရှင်းတာ။ စိတ် ညစ်လို့ အလွန်ကောင်းတယ်ဗျာ"

ကျွန်တော် အလုပ်သမားများတိုင်ကြားခြင်းကို နားထောင်ရင်း မျက်နှာလွှဲဦး၊ တင်သိန်းအပေါ် ပိုမိုနာကြည်းမိပါသည်။ ကျွန်တော်တို့ ရုံတွင် နေထိုင်စဉ်က အလွန်အားကိုးရသော ဦးတင်သိန်းမှာ ယခု တော့ အချိုးပြောင်းနေချေပြီ။ မည်သို့ စတင်ကိုင်တွယ်ရမည်မှန်းပင် ကျွန်တော်မသိတော့ပါ။

ကျွန်တော် ။ "ကဲ ... ကဲ ... ကိုမြင့်တို့ အလုပ်ခွင်ပြန်ဝင်ကြ။ ကျွန်တော်ရောက်လာပြီပဲ ခင်ဗျားတို့အခက်အခဲကို ကျွန်တော်မပြန်ခင် ရှင်းပေးပါ့မယ်။ စိတ်အေးအေးထားနေကြပါ"

ထိုစဉ် အမျိုးသမီးအလုပ်သမားခေါင်း ဒေါ်စိန်ငွေရောက်လာ ပြီ ...

"အစ်ကိုလေး ... ဒီမှာ ငါးရံ့နဲ့ပုစွန်တုပ် တစ်ပိဿာစီ ယူ လာခဲ့တယ်။ ကျွန်မ ချက်ပေးရမှာလား။ အစ်ကိုလေးက အရိုးကြောက် တတ်လို့ တခြားငါးတွေ မယူခဲ့တာ။ ငါးသလောက်ကြီးတွေများ လတ်မှ လတ်၊ ကြီးမှကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီဗျာ၊ ဒီလောက်ဆို ရပါပြီ။ ကျွန်တော်က ဒီနာ စံသိန်းတို့အိမ်မှာ စားမှာပါ။ နောက်နေ့တွေမှ ဒေါ်စိန်ငွေချက်ပေးပေ နော်"

"ဟုတ်ကဲ့ အစ်ကိုလေး"

ကျွန်တော်နှင့်အောင်ပန်း အိမ်ထဲဝင်ကြည့်ပြီး အိမ်ဝန်းကျင် ကို ပတ်ကြည့်သည်။ ပင့်ကူမျှင်များ၊ ဖုန်များစွဲနေပြီး အိမ်ကြီးကတော့ အနေအထားမပျက်ပါ။ တစ်ခါ ရေလုပ်ငန်းဘက်သို့ သွားကြည့်သည် ကမ်းနားတွင် မော်တော်(၃)စီး မမြင်ရတော့သော်လည်း အရောင်းအဝယ် ကတော့ ပုံမှန်အတိုင်း လည်ပတ်နေသည်။

သို့သော် အလုပ်သမားများက ကျွန်တော့်ကို မြင်သည်နှ မျက်နှာများမကောင်းကြ။ တီးတိုးတီးတိုးသဖန်းပိုး လုပ်နေကြသည် ဦးတင်သိန်းနေသော မျက်နှာလွှဲအိမ်ကလေးကတော့ တံခါးပိတ်ထာ သည်။ ဦးတင်သိန်း၏ တပည့်များကိုလည်း မမြင်ခဲ့ရပါ။

ကျွန်တော်တို့၏ငယ်ဘဝကို မြစ်ပြင်အား ငေးမောရင်း ကျွ တော် တွေးတောနေမိသည်။ ကျွန်တော်တို့ကလေးဘဝက အလွန်ပျေ ဖို့ကောင်းသည်။ ကျောင်းကပြန်လာသည်နှင့် လွယ်အိတ်ကိုထာ နေ့လယ်စာ အနည်းငယ်စီသာစား၍ လုပ်ငန်းခွင်အတွင်းမှ ပုစွန်တုပ် ကထာန်းကြီးပေ့၊ ကောင်းပေ့ဆိုတာကြီးတွေကို လိုက်နှိုက်သည်။ ပြီ နောက် ကုလားကြီးလက်အပ်သည်။

ကျွန်တော်နှင့် ကုလားကြီး၊ မင်းမောင်၊ စံသိန်း၊ အောင်ပန် တို့မှာ ငယ်ပေါင်းသူငယ်ချင်းများ ဖြစ်ကြသည်။ ကုလားကြီးမှာ ထိုစဉ် ကတည်းက ကျွန်တော်တို့၏အနွံအတာခံပြီး ဒိုင်ခံဖုတ်၊ ကင်ပေ တတ်သည်။





ပုစွန်နှင့် ကထာန်းရိုးတော့ ကုလားကြီးက တစ်မျိုးထွင်ပြန် သည်။ ငါးရံ့ကြီးများအား ရွှံ့နှင့်မံ၍ မီးဖုတ်ပေးခြင်းဖြစ်သည်။ နေရာက ကျွန်တော်တို့၏ အိမ်ကြီးအနောက်ဘက် သရက်တောကြီးအတွင်းမှာ ဖြစ်သည်။

ကမ်းနားဖြစ်ပြီး သရက်တောကြီးအရိပ်အောက်ဖြစ်၍ အလွန် အေးချမ်းသည်။ အဖေက ထိုစဉ်ကတည်းက ကလေးများရေမနစ်စေ ရန် ခြံဝိုင်းအား ပတ်ပတ်လည် သံဆူးကြိုးစိပ်စိပ်ကလေး ကာထား သည်။ သရက်သီး သီးချိန်၌လည်း လူမခိုးစေရန် ဖြစ်သည်။

သရက်သီးများကလည်း မျိုးကောင်းများ ဖြစ်သည်။ မချစ်စု၊ မနော်နှယ် (စိုင်သရက်)၊ ဘင်္ဂလားထိပ်ပေါက်၊ သုံးလုံးတစ်တောင်၊ စိန် တစ်လုံး၊ မြကျောက်၊ မန္တလေးရှင်ကွဲ အစုံရှိသည်။ စိုင်ပင်ကြီးများမှာ အသက်ရင့်နေပြီဖြစ်သော်လည်း သီးအားကောင်းသည်။ ကျန်သရက် ပင်များက အဖေ့လက်ထက်မှ စိုက်ပျိုးထားခြင်းဖြစ်၍ ပင်ပျိုများဖြစ် ကြသည်။

ကျွန်တော်တို့အုပ်စုက ကျန်မျိုးကောင်း သရက်သီးများကို မှည့် မှစားသည်။ စိုင်သရက်ကတော့ ကြွပ်ရှပြီး အချဉ်စူးသဖြင့် တစ်နေ့တစ် ယောက်ကို (၁၀)လုံးခန့် စားနိုင်ကြသည်။ ကုလားကြီးက ငံပြာရည်နှင့် သုပ်၍လည်းကောင်း၊ ငရုတ်သီးမှုန့်၊ ဆားတို့ဖြင့် နယ်၍လည်းကောင်း အမျိုးမျိုး လုပ်ကျွေးသည်။ ကျွန်တော်၊ မင်းမောင်၊ စံသိန်း၊ လှရွှေ အောင်ပန်းတို့က သစ်ပင်တက်အခူးသမားများ အစားသမားများ ဖြစ် ကြသည်။

ကျွန်တော်တို့အုပ်စုကလည်း ဖွဲ့ကောင်းသည်။ ကျောင်းက ဆင်း၍ နေ့လယ်စာစားပြီးသည်နှင့် သရက်တောကြီးအတွင်း၌ နေကုန်



www.burmeseclassic.com

www.burmeseclassic.com



အောင်နေသည်။ မိဘများကလည်း ခြံအနောက်ဘက် လုံခြုံရာ အေးချမ်းရာ နေရာဖြစ်၍ စိတ်ချကြသည်။ သို့သော် ကျွန်တော်တို့ ကမ်းစပ်တွင် ရေခိုးကူးကြသည်ကို မိဘများမသိပါ။

ခြံကြီး၏ အနောက်ဘက်အစွန်တွင် ညောင်ပင်ကြီးတစ်ပင် ရှိသည်။ ညောင်ပင်ကြီးပေါ်တက်၍ ကိုင်းတက်မှကမ်းစပ်သို့ မျောက်တွေလို တွဲခိုရှိ၍ဆင်းကြခြင်း ဖြစ်သည်။ ကျွန်တော်တို့ ဆင်းလွှန်း၊ တက်လွှန်း၍ အားလုံး ရေကူးလည်း တတ်ကြပါပြီ။ ညောင်ကိုင်းကြီးလည်း ခြံစည်းရိုးကျော်ပြီး ကမ်းခြေသို့ ကိုင်းကျနေပြီ ဖြစ်သည်။

ညောင်ပင်ကြီးမှာ စည်ကားလှသည်။ ညောင်သီးလာစားကြသော ဆက်ရက်၊ ငှက်နှင့် ငှက်စိမ်းလေးများလည်း၊ ပေါများလှသည်။ ဤနေရာမှာတော့ လှရွှေက ဆရာကြီးဖြစ်သည်။ သူဆင်ပေးသော ဘတ်ခွ (လောက်လေးခွ)များဖြင့် ကျွန်တော်တို့ ငှက်ပစ်ကြသည်။ လှရွှေမှာ အလွန်လက်တည့်သည်။ သူပစ်လျှင် တစ်ချက်တစ်ကောင်ပင်။

ဆက်ရက်ငှက်မှာ အကောင်သေးသော်လည်း ငှက်များက အကောင်ကြီးသည်။ စား၍လည်း ကောင်းသည်။ ကုလားကြီးက ကျွန်တော်ကို့ အမွေးနှုတ်ပေးသော ငှက်သေများကို ရင်ခွဲ၊ ဆား၊ နနွင်း နယ်၍ ကင်ပေးသောငှက်ကင်များက အလွန်စားကောင်းသည်။

ကုလားကြီးက တစ်ခါတစ်ရံတော့ အလွန်ညစ်ပတ်သည်။ ငှက်သေများအား ရေပင်မဆေး၊ ရင်ခွဲပြီး ဆား၊ နနွင်းနယ်၍ ကင်ပေးတတ်သည်။ လတ်ဆက်သော ငှက်သားဖြစ်၍ ပိုပြီးချိုသည်။ ထိုသို့ ကင်သည်ကို ကုလားကြီးက မီးဖြင့်ဆေးသည်ဟု ပြောတတ်သည်။ ဘာပဲ ဖြစ်ဖြစ် ကုလားကြီးလုပ်ကျွေးလျှင် ကျွန်တော်တို့အုပ်စုက ရေယက်၍ စားကြသည်ချည်း ဖြစ်သည်။ ထိုစဉ်ကတည်းက ကုလားကြီးက ကျွန်တော်





တို့၏ ချီးကုတ် (Chief Cook) ဖြစ်သည်။

ဆောင်းဦးကာလ သရက်ပင်များဖူးချိန်တွင် ဗျိုင်းငှက်များ သာတတ်သည်။ ထိုအချိန်တွင် လှရွှေက သရက်ပင်ပေါ်တက်၍ ပစ်ပေးတတ်သည်။ လက်တည့်သော လှရွှေကြောင့် ဗျိုင်း နှစ်ကောင်၊ သုံးကောင် ရတတ်သည်။ ဖျာပုံမှဗျိုင်းငှက်များမှာ သာယာဝတီဗျိုင်းကဲ့သို့ ကြီးမား ပြီး လည်တံရှည်သည်။ တစ်ကောင်လျှင် တစ်ပိဿာခန့် ရှိတတ်သည်။ ထိုနေ့များတွင်တော့ ကျွန်တော်တို့အုပ်စု ငှက်သားအဝစားပြီး ညနေစာ ထမင်းစားချိန်တွင် အင်တင်တင် ဖြစ်တတ်သည်။

စာကလေး၊ သပိတ်လွယ်နှင့် နှုတ်ပြည်စုတ်ငှက်ကလေးများကို တော့ ကျွန်တော်တို့ မပစ်ပါ။ လူကြီးများက ၎င်းငှက်ကလေးများ၏ အသားသည် ခါးသည်ဟု ဆိုထားသောကြောင့် ဖြစ်သည်။

တစ်ခါတွင် မချစ်စုသရက်ပင်ကြီးပေါ်တွင် ပျားအုံကြီးတစ် အုံကို တွေ့ရသည်။ အစိတ်ဝင် စဉ့်အိုးကလေးခန့် ဖြစ်သည်။ အပင် အောက်ရောက်သည်နှင့် ကင်းစောင့်ပျားများက လိုက်တုပ်တတ်သည်။ ကျွန်တော်တို့အုပ်စုမှာ ပျားများနှင့်လည်း ကစားတတ်သည်။ ပျားအုံ ကြီးမှ ပျားရည်ချိုများလည်း တစ်ပေါက်ပေါက် စိမ့်ကျနေတတ်သည်။

တစ်နေ့တွင် သစ်ပင်တက်ကျွမ်းသော လှရွှေကဦးဆောင်ပြီး ပျားရည်ဖွပ်ရန် လုပ်ကြသည်။ မီးတုတ်၊ မီးတိုင်နှင့် သံပုန်းကြီးများ လည်း ပါသည်။ လှရွှေနှင့်အောင်ပန်းက သစ်ပင်ပေါ်တက်ကြမည်ဖြစ် ပြီး ကျွန်တော်၊ ကုလားကြီး၊ မင်းမောင်တို့က အောက်မှ သစ်ရွက် ခြောက်များစုပြီး မီးရှို့ပေးရမည် ဖြစ်သည်။

ပထမဆုံး ကျွန်တော်တို့ သစ်ပင်အောက်အဖွဲ့ အမှိုက်များစု၍ မီးဖိုလိုက်သည်နှင့် မီးခိုးမှိုင်းတက်လာပြီး ပျားများ တဝီဝီပြေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှ လှရွှေဦးဆောင်ပြီး အောင်ပန်းတို့ သစ်ပင်ပေါ်တက်ကြသည်။ နှစ်ဦးစလုံး လုံချည်ခြုံ၍ ခေါင်းဆောင်းပြီး မျက်လုံးကလေးများကိုသာ ဖော်ထားသည်။ သစ်ပင်ပေါ်ရောက်တော့ ပျားအုံကြီးအား တုတ်နှင့် ကလော်၍ ထိုးချသည်။

ထိုစဉ် ကျွန်တော်တို့ သစ်ပင်အောက်အဖွဲ့ စိတ်ဝင်တစား မော့ကြည့်နေကြရာ မီးခိုးနည်းသွားသည်ကို သတိမထားမိ။ မကြာမီ ပျားအုပ်ကြီး အသံတစီစီကြားရပြီး ပျားအုံကြီးလည်း ဗုန်းခနဲ ပြုတ်ကျလာသလို သစ်ပင်ပေါ်မှ ဆင်းပြေးလာကြသော လှရွှေနှင့်အောင်ပန်းတို့လည်း တဗုန်းဗုန်း ပြုတ်ကျလာကြသည်။

အောက်တွင် နေရာမှမထနိုင်ခင် ပျားအုပ်ကြီး အတုပ်ခံရသည်။ ကျွန်တော်တို့ကတော့ ပြေးသဖြင့် လွတ်မြောက်သွားသည်။ ထိုနေ့က ပျားရည်သုံးပိသာခန့် ရသော်လည်း လှရွှေနှင့်အောင်ပန်းမှာ ပျားတုပ်ခံရ၍ ဖျားပြီး ဆေးရုံသို့ပင် တင်ရသေးသည်။ ကျွန်တော်တို့လည်း လူကြီးများ၏ ဆဲဆိုကြိမ်းမောင်းခြင်းကို ခံရသည်။

"ဟင် ...ဟီ ...ဟီ ...ဟီး"

ကျွန်တော်က ငယ်စဉ်ကလေးဘဝက အကြောင်းတွေးမိ၍ သဘောကျပြီးရယ်မိစဉ် အနီးတွင်ရှိနေသော အောင်ပန်းက ...

"ဟေ့ကောင် ...စောအောင်၊ ဘာဖြစ်တာလဲ။ ငိုတာလား ရယ်တာလား"

"ဟဲ ...ဟဲ ...ငါတို့ အိမ်အနောက်ခြံထဲက သရက်တော ထဲမှာ ပျားဖွပ်တုန်းကအကြောင်း တွေးမိလို့ ရယ်မိတာပါ။ မင်းတို့ နှစ်ကောင် သရက်ပင်ပေါ်ကပြုတ်ကျတာ ဖင်ပြောင်ကြီးတွေနဲ့။ ပျား တွေကလည်း စိတ်ဆိုးပြီး ပေါ်နေတဲ့နေရာမှန်သမျှ ဝိုင်းတုပ်ကြတာ

မုသီးတွေဆို နီရဲနေတာပဲ။

ကုလားကြီး မီးတုတ်ရှို့ပြီး အတင်းပြေးဝင်လို့ မင်းတို့နှစ် ယောက် သက်သာတာ။ ကုလားကြီးမကယ်ရင်တော့ မင်းတို့ ဆေးရုံ ရောက်တာနဲ့ သေနိုင်တယ်။ ပျားတွေကလည်း ပျားမတွေ့ထင်ပါရဲ့။ မင်းတို့ရွှေပန်းတောင် ချမ်းသာမပေးကြဘူး။ ရက်ရက်စက်စက်ကွာ။ မင်းတို့ ကံကောင်းလို့နော်။ ဟဲ ...ဟဲ ...ဟီး ...ဟီး"

"တော်စမ်းပါကွာ၊ အဲဒီအကြောင်း မပြောစမ်းပါနဲ့။ ပျားဆူး တွေကို ဆရာမတွေက နှုတ်ပေးတာ။ ငါဖြင့် ပျားတုပ်တာနဲ့မသေဘဲ ရှက်လွန်းလို့ သေမတတ်ပဲ။ ခွေးကောင် ...လှရွှေ အရစ်ရှည်တာ။ ပျားဖွပ်သမား ပိုက်ဆံပေးပြီးခေါ်ဖွပ်ရင် ရရဲ့သားနဲ့။ အခုတော့ကွာ တစ်မြို့လုံး ကြေညာပြီးသား ဖြစ်သွားတာပဲ။ ဟူး ...ရှက်ဖို့ အလွန် ကောင်းကွာ။ ငါတို့ကို ကောင်မလေးတွေက ပင့်ကူရှားပျားမင်းသား ညီနောင်တဲ့လေ။ ဟား ...ဟား ...ဟား"

"ဟေ့ကောင် ...အောင်ပန်း။ ရှက်တယ်ဆို ဘာလို့ရယ်နေ ရတာလဲ"

"အဲဒီတုန်းက ရှက်တာကွ။ အခု အဲဒီအကြောင်းတွေ တွေးမိ တာနဲ့ အရမ်းရယ်ချင်တာပဲ။ ဟဲ ...ဟဲ ...ဟဲ"

"အေးကွနော် ...မင်းတို့နှစ်ယောက်ကို ဖျင်စောင်ခြုံပြီး စောင်ပုခက်တွေနဲ့ ဆိပ်ကမ်းအလုပ်သမားတွေက ထမ်းပို့တာ။ အခု အထိ မြင်ယောင်နေသေးတယ်။ တစ်မြို့လုံးကလည်း ဝိုင်းကြည့်ကြ လို့လေ"

"ဟား ...ဟား ...ဟား"

"အေးကွာ ...အဲဒီတုန်းက လူပျိုပေါက်စချင်တော့ တော်






www.burmeseclassic.com

www.burmeseclassic.com



တော် ရှက်စရာကောင်းတာပဲ။ ငါတို့မှာ ဆေးရုံတစ်ပတ်လောက်နေရတာ ဆရာမတွေလာရင် မျက်နှာ ဘယ်ထားရမှန်းတောင် မသိဘူး။ ဟိ . . . ဟိ . . . ဟီး''

ပျော်စရာရွှင်စရာ ငယ်ဘဝကို စဉ်းစားမိတော့လည်း၊ ကျွန်တော်မောင်းတင်လာသော ခံစားချက်ဝေဒနာမှာလည်း ဘယ်ဆီရောက်သွားသည်မသိပါ။ ထို့ကြောင့်လည်း လူကြီးများပြောကြခြင်း ဖြစ်ပေမည်။ ငယ်ပေါင်းနှင့်တွေ့ပြီး ငယ်မူပြန်ပါက အသက်တစ်နှစ်ပိုရှည်သတဲ့လေ။

ကျွန်တော်တို့ ပုစွန်တုပ်နှင့် ငါးခွဲပြီး ကြည်နူးသောမျက်နှာထားနှင့် စံသိမ်းအိမ်သို့ ပြန်ခဲ့ကြသည်။ မကောင်းသော အမှုန်တွေကြွေးကို ကောင်းသောအပြုံးတရားဖြင့် တဒင်္ဂ ချေဖျက်လိုက်ခြင်း ဖြစ်ပေသည်။

## အခန်း [ ၂ ]

ကျွန်တော်တို့ စံသိန်းတို့အိမ် ပြန်ရောက်တော့ ဘူးသီးနှင့်ကြက်သားဟင်းမှာ မွှေးကြိုင်သောအနံ့များပင် ထွက်နေပြီဖြစ်သည်။

ကုလားကြီး ။ ''မင်းတို့ကွာ . . . ကြာလိုက်တာ။ ဒီမှာ ဟင်းတောင်ကျက်နေပြီ။ ရန်များဖြစ်နေသလားလို့ စိတ်ပူလိုက်ရတာ''

စံသိန်း ။ ''ဟုတ်ပဲ့ကွာ။ ဒီမှာ ပုလင်းတွေလည်း ရောက်နေပြီ။ စကြတော့မလား''

ထင်းမောင်၊လှရွှေ ။ ''ငါတို့ကတော့ အဆင်သင့်ပဲဟေ့''

ကျွန်တော် ။ ''ခဏနေကြပါဦးကွာ။ ဒီမှာ ပုစွန်တုပ်နဲ့ ငါးရှဉ့်တွေ ယူလာတယ်။ မကြော်ရသေး၊ မချက်ရသေး။ ကုလားကြီးက ငယ်ငယ်ကလိုပဲ မီး

www.burmeseclassic.com



ဖုတ်ပေးပါကွာ။ ဟိုမှာ ဘာပြဿနာမှ မရှိပါဘူး။ ဦးတင်သိန်းလည်း မရှိဘူး၊ အပြင်သွားနေတယ်။ ငါနဲ့အောင်ပန်း ငယ်စဉ်ဘဝကိုပြောပြီး အချိန်ကြာသွားတာ''

ကုလားကြီး ။ ''မင်းတို့ကလည်း သောက်ရင်းစားရင်း ပြောကြတော့ ပိုအရသာရှိတော့မပေါ့။ ပြောစရာကုန်သွားရင် ပျင်းစရာကြီး ဖြစ်နေမှာ''

အောင်ပန်း ။ ''မပူနဲ့ ကုလားကြီးရေ့ ငါတို့ငယ်ငယ်က သရက်ပင်ပေါ် ပျားတက်ဖွပ်ရင်း ဖင်ပြောင်ကြီးတွေနဲ့ သေးရုံတက်ရတဲ့အကြောင်းတွေပြောပြီး ရယ်နေကြရတာ''

လှရွှေ ။ ''တော်ပါတော့ကွာ၊ ငါတော့ အဲဒီအကြောင်းတွေ တွေးမိရင် ခုထက်ထိ ရှက်တုန်းပဲ။ တစ်မြို့လုံးလည်း ကျော်သွားတာပဲ။ ဒါပေမဲ့ ငါလည်း တစ်ခါတစ်ခါတော့ စောအောင်ပိုတို့အိမ်အနောက်က သရက်တော်ကြီးကိုတော့ လွမ်းမိသကွာ။ စောအောင်မပြန်ခင် တစ်ရက်လောက် အဲဒီသွားပြီး အရက်သောက်ကြရအောင်''

ကျွန်တော် ။ ''တော်စမ်းပါ လှရွှေရယ်၊ ပြဿနာကြီးတန်းလန်းနဲ့။ တော်ကြာ ... ဦးတင်သိန်းက သူ့ကိုအုပ်စုဖွဲ့ပြီး လာရန်စတယ် ထင်နေပါဦးမယ်။ မင်းတို့သောက်ချင်ရင် ဆိုင်ကောင်းကောင်းမှာ ငါပြန်ခါနီး တဝတိုက်ပါ့မယ်။ စိတ်ချပါ ... မောင်တို့ရာ။ ကဲ ... ငါတို့ ရေချိုးပြီး အဝတ်အစားလဲလိုက်ဦးမယ်။ ကုလားကြီး ပုစွန်တုပ်ကင်ကျက်တာနဲ့ အတော်ပဲနေမှာပါ''

''အေး ... အေး ... မြန်မြန်လုပ်ကြကွာ။ ဒီမှာ ငါတို့က မောင်းတင်ပြီး စောင့်နေကြရတာကြာပေါ့''

ကျွန်တော်နှင့်အောင်ပန်း ရေအမြန်ချိုးကြသည်။ အဝတ်





အစားလဲနေစဉ် ကုလားကြီးတို့ထံမှ ပုစွန်တုပ်နှင့် ငါးကင်အနံ့ ထွက်လာသည်။ ထိုညက မတွေ့ရတာကြာသော ကျွန်တော်တို့ငယ်ပေါင်းတစ်စု သောက်စားပျော်ပါး စကားဆိုကြရင်း ညည့်(၁၂)နာရီထိုးမှ ဝိုင်းသိမ်းနိုင်ကြသည်။ အိပ်ရာဝင်တော့ ည (၁း၀၀) နာရီပင် ထိုးတော့မည်။

နောက်တစ်နေ့ မနက်(၉)နာရီထိုးမှ ကျွန်တော် အရင်နိုးသည်။

''ဟေ့ကောင်တွေ ... ထကြတော့။ မနက်(၉)နာရီတောင် ထိုးပြီလား။ နင်းတွေ အိပ်ပုပ်ကလည်း ကြီးလိုက်တာ''

ကုလားကြီး မျက်စိကိုလက်နှင့်ပွတ်ရင်း ...

''စောအောင် ... တကယ် (၉)နာရီ ထိုးတာလား။ အိပ်လို့ကောင်းလိုက်တာကွာ။ အခုမှပဲ တစ်ရေးနိုးတော့တယ်။ ဒါနဲ့ မင်းဘယ်တုန်းက နိုးတာလဲ''

''အခုပဲ နိုးတာ။ မျက်နှာတောင် မသစ်ရသေးဘူး''

''ခွေးကောင် ... ငါက အဟုတ်မှတ်လို့၊ အတူတူနိုးတဲ့ဟာကို အမှတ်က ယူချင်သေးတယ်''

ကျွန်တော် ။ ''ကဲ ... အားလုံးပဲ မျက်နှာသစ်ပြီးရင် ရွှေပုံကြီး လက်ဖက်ရည်ဆိုင်ကို သွားကြမယ်''

သိန်း ။ ''အေး ... အေး ... ကောင်းတယ်ဟေ့။ အဲဒီဆိုင် လက်ဖက်ရည်လည်းကောင်းပြီး နန်းကြီးသုပ်လည်း ကောင်းတယ်''

ကျွန်တော်တို့အုပ်စု ရွှေပုံကြီးဆိုင်တွင် မုန့်စား၊ လက်ဖက်ရည်သောက်နေစဉ် ဦးတင်သိန်းနှင့် တပည့်အုပ်စုကြီး ဆိုင်ရှေ့မှလမ်းလျှောက်ရင်း ဖြတ်သွားသည်။

လှရွှေ ။ ''စောအောင် ... ဟိုမှာ မင်းအချစ်တော်ကြီး၊ တပည့်တပန်းတွေနဲ့ ဘယ်ကပြန်လာတာလဲမသိဘူး။ ဂိုက်ဆိုက်ကတော့ အော



www.burmeseclassic.com

www.burmeseclassic.com



သူ့ဖြေးလား မှတ်ရတယ်နော်''

ကုလားကြီး ။ ''တစ်ညလုံး ဂျင်ဗိုင်းမှာထိုင်ပြီး အခုမှပြန်လာတာနဲ့ တူပါရဲ့။ မျက်နှာပေါက်ကတော့ ရွှဲလာတဲ့ပုံပဲဟေ့''

ကျွန်တော် ။ ''ထားစမ်းပါကွာ။ သူ့အကုသိုလ်နဲ့သူ သွားပါလိမ့်မယ်''

ထိုစဉ်က ကျွန်တော် လွှတ်ခနဲပြောလိုက်သည်ကို သူတို့သဘောပေါက်နားလည်ကြမည် မထင်ပါ။ ကျွန်တော်ကလည်း ကြိုတင်ကြံရွယ်ချက်ဖြင့် မဟုတ်ပါ။ ရုတ်တရက် ပြောလိုက်မိခြင်းသာ ဖြစ်သည်။

စံသိန်း ။ ''စောအောင်တို့မိဘတွေ သဘောကောင်းချက်ကတော့ ကမ်းကုန်ပဲဟေ့။ ဒီလိုလူမျိုးကိုတောင် ခွင့်လွှတ်နိုင်သတဲ့။ ငါသာဆိုရင်တော့ အလုပ်ကဖြုတ်ပစ်လိုက်တာ ကြာပြီ။ ဥပဒေအရလည်း တရားစွဲထောင်ချဦးမှာ။ ဒါနဲ့စောအောင် မင်းတရားစွဲမှာဖြင့်လည်း မြန်မြန်စွဲ မင်းအဖေစာထဲမှာလည်း ဘာတွေရေးထားသလဲမသိဘူး။ မင်းဖတ်မကြည့်ဘူးလား။ ဖတ်ကြည့်မှ ကြိုတင်သိနိုင်ပြီး ပြင်ဆင်နိုင်တော့မပေါ့''

''အေးပါ ... ငါလုပ်နေပါတယ်။ ဒီညတော့ ငါကမ်းနားလမ်းအိမ် ပြန်အိပ်မယ်၊ ငါရေးစရာ ချွတ်စရာတွေ ရှိတယ်''

''ဟာ ... မင်းတစ်ယောက်တည်း ဘယ်ဖြစ်မလဲ။ ငါတို့လာအိပ်ပေးမှာပေါ့ဟ။ တော်ကြာ ... ရန်တွေဘာတွေဖြစ်ရင် ဘယ်လိုလုပ်မလဲ''

''နေပါစေကွာ။ ငါတစ်ယောက်တည်းပဲ အိပ်ပါရစေ။ ငါစာရေးရမယ်၊ စာဖတ်ရမယ်။ မင်းတို့ပါလာရင် အနှောင့်အယှက်ဖြစ်မယ်။ ငါ့အိမ်က လုံပါတယ်။ တံခါးတွေပိတ်ထားရင် အပြင်ကအသံတော





ကြားရတာ မဟုတ်ဘူး''

ကုလားကြီး ။ ''အဲဒါဆို မင်းစားဖို့သောက်ဖို့ရော ဘယ်လိုစီစဉ်မလဲ''

''အလုပ်သမားခေါင်း ဒေါ်စိန်ငွေရှိပါတယ်။ မပူပါနဲ့၊ သူချက်ပြုတ်ပေးမယ်လို့ ပြောထားတယ်''

စံသိန်း ။ ''စောအောင်ရေ ... ကြည့်ကျက်တော့ စားနော်။ ဦးတင်သိန်းကစည်းရုံးပြီး အစာထဲမှာအဆိပ်ခတ်ရင် မင်း ဟုတ်ပေ့ဖြစ်နေမယ်''

မင်းမောင် ။ ''အေး ... အဲဒါလည်း ဟုတ်သကွ။ မင်း သတိထားရမယ့်အချက်ပဲ။ ပေါ့ဆလို့တော့ မရဘူးနော်''

''အေးပါကွာ ... ငါသတိထားပါ့မယ်။ ဒီနေ့ နေ့လယ်စာရယ်၊ ညစာရယ်ပဲ စားမှာပါ။ နောက်နေ့ကျတော့ စံသိန်းအိမ်မှာပဲ လာအိပ်ပြီး လာစားမှာပါ။ စိတ်ချစမ်းပါ။ ဒေါ်စိန်ငွေဆိုတာလည်း အရင်က အဖေ့လူယုံပါ။ သူပဲ ချက်ပြုတ်ကျွေးနေတာပါ''

စံသိန်း ။ ''ဟ ... စောအောင်ရဲ့ အရင်ကတော့ ဟုတ်တာပေါ့ကွ။ အခု မင်းတို့နဲ့ ဝေးနေပြီ။ ဦးတင်သိန်းတပည့်ဖြစ်နေတာ စိတ်ချရမလား။ ဒီကအကြောင်းတွေကိုတောင် သူက မင်းတို့ကို အသိပေးမလိုလား။ ငါလာပြောမှ သိရတာကိုများ မင်းက ယုံနေတယ်''

''အေးပါကွာ ... ငါသတိထားပါ့မယ်။ မင်းတို့ငါ့ကို စိတ်ချပါ''

ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်မှ ပြန်လာကြပြီး စံသိန်းအိမ်တွင်ထားခဲ့သော လက်ဆွဲအိတ်ကိုဆွဲပြီး ကမ်းနားအိမ်သို့ တစ်ဦးတည်း လမ်းလျှောက်ပြန်ခဲ့သည်။ (၁၀)မိနစ်ခန့်နှင့် ကမ်းနားအိမ်သို့ရောက်သည်။ ကျွန်တော် ခြံတံခါးဖွင့်နေသည်ကို မြင်သည်နှင့် ဒေါ်စိန်ငွေ



www.burmeseclassic.com

www.burmeseclassic.com



ပြေးလာပြီး ...

" အစ်ကိုလေး ... ဒီမှာပြန်နေမှာ မဟုတ်လား။ ကျွန်မ မနက်စား ညစာ စီစဉ်လိုက်မယ်နော်။ အစ်ကိုလေး အရိုးကြောက်ရင် ငါးသလောက်ကို ပေါင်းပေးမယ်။ ငါးသလောက်ကြီးတွေ စိမ်းပြီး အရမ်း လတ်တာပဲ။ အစ်ကိုလေးကြိုက်တဲ့ ပုစွန်တုပ်ဆီပြန်နဲ့ ငါးရံ့ဟင်းလည်း ချက်ပေးမယ်။ ငါးစည်ဖောင်းဟင်းချိုလည်း ချက်ပေးမယ်"

"ဒေါ်စိန်ငွေ ဒုက္ခမရှာပါနဲ့။ တော်ရုံတန်ရုံဆိုရင် ရပါပြီ။ လွယ်တာပဲလုပ်ပါ"

"ဩော် ... အစ်ကိုလေး တစ်ခါတလေလာတာ ကျွန်မတို့က အကောင်းဆုံးချက်ကျွေးရမှာ ကျွန်မတို့တာဝန်ပါရှင်။ ဒုက္ခမဟုတ်ပါဘူး"

"ဒါနဲ့ ဒေါ်စိန်ငွေ၊ ဦးတင်သိန်း ပြန်ရောက်နေပြီမဟုတ်လား"

"ဦးတင်သိန်း ညက အိမ်ပြန်မအိပ်ဘူး ဆရာလေး။ စောစောကပဲ ပြန်ရောက်တယ်။ အခု ပြန်ထွက်သွားပြန်ပြီ။ ပြန်လာမှာပါ အစ်ကိုလေး။ အလုပ်ကိစ္စတွေ၊ ငွေတွေ ရှင်းစရာရှိပါတယ်"

"အေးဗျာ ... ခင်ဗျားတို့လည်း အဆင်ပြေကြရဲ့လား မသိဘူး"

"ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ နီးရာဓား ကြောက်ရတာပေါ့ အစ်ကိုလေးရယ်။ ဒီအလုပ်ပဲ လုပ်တတ်တာ။ သူ့အလုပ်ဖြုတ်ပစ်လိုက်ရင် ကျွန်မတို့ ဒုက္ခရောက်ကြရမှာပါ"

စံသိန်းပြောစကားကို ကျွန်တော် ပြန်ကြားယောင်နေမိသည်။ နီးရာဓား ကြောက်ရသောသူများအတွက် အဆိပ်ခတ်နိုင်းလျှင် ခတ် မည့်သဘောပင်။ သို့သော် ကျွန်တော်မနက်စာကတော့ ဦးတင်သိန်း





ငှင့်ကျွန်တော် မတွေ့ရသေးသဖြင့် ပြဿနာတော့ ရှိမည်မထင်သေးပါ။

"အစ်ကိုလေး ... အိမ်သန့်ရှင်းရေးလုပ်ဖို့ ကျွန်မ မိန်းကလေး နှစ်ယောက်လောက် လွှတ်လိုက်မယ်နော်"

"နေပါစေဗျာ ကျွန်တော့်ဘာသာ လုပ်ပါ့မယ်"

"ဘယ်ဖြစ်မလဲ အစ်ကိုလေးရယ်။ အစ်ကိုလေးတို့က ငယ်စဉ် ကတည်းက နုနုရွရွလေးနေလာခဲ့တာ ဖုန်တွေ၊ သဲတွေနဲ့။ ကျွန်မတို့ ရှင်းပေးပါ့မယ်။ ခဏလေးနော်"

မကြာမီ အလုပ်သမား မိန်းကလေးနှစ်ယောက်နှင့် ယောကျ်ား လေးတစ်ယောက်ရောက်လာပြီး ပင့်ကူအိမ်နှင့်ဖုန်များရှင်းပြီး ကြမ်း တိုက်ပေးကြသည်။ ဤမျှလုံခြုံသော အိမ်ထဲတွင် ဘယ်က ဖုန်နှင့် ပင့်ကူမှိုက်များ ရောက်လာသည်ကို ကျွန်တော်စဉ်းစားမရပါ။ တစ်နာရီခန့် ကြာမှ ပြီးစီးသွား၍ ကျွန်တော် အိပ်ရာခုတင်အား ပြင်ဆင်နေစဉ် ဦးတင်သိန်း၏ အသံပြာပြာကြီးအား ကြားရတော့သည်။ အလုပ်သမား များအား ငေါက်ငမ်းဆဲဆိုနေခြင်း ဖြစ်သည်။

အဖေတို့ ဤခြံအတွင်း နေထိုင်စဉ်တုန်းကတော့ ဝင်းခြံထဲ၌ ဘားတောင် ကျယ်ကျယ်မပြောရဲသူက ယခုမှ မဟုတ်တာလည်း လုပ် ဘားသေး။ ဟောင်ဖွာဟောင်ဖွာ လုပ်နေသူအား ကျွန်တော် မည်သို့ ဆုံးမရမည်ကို စဉ်းစားနေမိသည်။

အဖေက သူ့တပည့်အားယုံစား၍ မော်တော်(၃)စီး၏ လိုင်စင် များအား အပ်နှံထားခဲ့သော်လည်း ရေလုပ်ငန်းလိုင်စင်လဲထားသော ဘသစ်က ကျွန်တော့်တွင် ရှိသေးသည်။ ထို့အပြင် ဤအိမ်ကြီးနှင့် အလုပ်ရုံ၊ ခြံမြေဂရန်လည်း ရှိသေးသည်။ ထို့ကြောင့် ဥပဒေကြောင်း အရ တရားစွဲဆိုလျှင် ကျွန်တော်တို့ နိုင်ခြေရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဖေချစ်သော မော်တော်များကတော့ ပြန်ရနိုင်
စရာအကြောင်း မရှိတော့ပါ။ အစ်မကိုလည်း စော်ကားသေးသည်။
အစ်မကလည်း ကျွန်တော်ရောက်နေသည်ကို သိလောက်လျက်နှင့် လာ
မတွေ့။ မျက်နှာပူ၍ ထင်ပါသည်။

နေ့လယ် (၁၁) နာရီခန့်တွင် ဒေါ်စိန်ငွေနှင့် အမျိုးသမီးအလုပ်
သမားနှစ်ဦး ထမင်းနှင့် ဟင်းချိုင့်များဆွဲ၍ ရောက်လာသည်။

"အစ်ကိုလေး ...နေ့လယ်စာ စားတော့မလား။ ပြင်လိုက်
တော့မယ်"

"ဒေါ်စိန်ငွေ ထားခဲ့ပါဗျာ။ ကျွန်တော် မဆာသေးလို့ပါ"

"အစ်ကိုလေး ...ညနေဘာစားချင်သလဲ ကြိုပြောထားဦး"

"ရပါပြီ ဒေါ်စိန်ငွေ။ ထမင်းတွေရော ဟင်းတွေပါ အများ
ကြီးပဲဥစ္စာ။ ညနေ လာမပို့နဲ့တော့"

"မဟုတ်သေးပါဘူး အစ်ကိုလေးရာ၊ ညနေကျရင်တော့ သစ်
သပ်ချက်လာမယ်။ ထမင်းဟင်းဆိုတာ ပူပူနွေးနွေးမှ ကောင်းတာပေါ့။
ညနေစာလည်း ကျွန်မ အကောင်းဆုံးစီစဉ်ပါ့မယ်"

သူတို့ပြန်သွားမှ ကျွန်တော် ထမင်းနှင့်ဟင်းကို အနည်းငယ်
မြည်းကြည့်ပြီး ရေချိုးသည်။ အဝတ်အစားလဲပြီး နာရီဝက်ခန့်အကြာ
ဘာမျှမဖြစ်မှ နေ့လယ်စာကိုစားသည်။ ထမင်းစားပြီး နေ့လယ် (၁၂)
နာရီတိတိ အချိန်တွင် ခြံတံခါး၊ အိမ်တံခါးများအား လုံခြုံစွာသော့
ခတ်ပြီး ကမ်းနားအလုပ်ရုံဘက်သို့ ကူးလာခဲ့သည်။

အလုပ်သမားများက ကျွန်တော့်အား လှိုက်လှဲပျူငှာစွာ ကြို
ဆို၍ နှုတ်ဆက်ကြသည်။ ကျွန်တော် ပြန်လည်နှုတ်ဆက်ပြီး ဦးတင်သိန်း
ရှိမရှိမေး၍ ရှိကြောင်းသိရသည်နှင့် ကျွန်တော် ဦးတင်သိန်းနေထိုင်





သည့် မျက်နှာလွှဲအိမ်ကလေးဘက်သို့ လမ်းလျှောက်ခဲ့သည်။

ကျွန်တော် အိမ်ထဲရောက်သွားတော့ ဦးတင်သိန်းက အရက်
သောက်နေပြီး သူတပည့်နှစ်ဦးက နေ့လယ်စာစားရန် ပြင်ဆင်ပေးနေ
သည်။ ရင်မဆိုင်၍မဖြစ်သော မျက်နှာလွှဲဦးတင်သိန်းနှင့် ကျွန်တော်
ရင်ဆိုင်ရပါတော့သည်။

"ဪ ...မောင်စောအောင်တောင် ရောက်လာပြီကိုး။ လာ
ထိုင်။ နေ့လယ်စာ ထမင်းစားပြီးပြီလား။ အတူစားရအောင်။ ညက
တည်းက မောင်စောအောင်ရောက်တာသိပေမဲ့ ကိုမြိုင်တို့ဆီ ပိုက်ကိုစွ
သွားနေတာနဲ့ မောင်စောအောင်ဆီ မလာဖြစ်တော့ဘူး"

တွေ့တော့လည်း ဦးတင်သိန်းက စကားကို ရွှန်းရွှန်းဝေအောင်
ပြောတော့သည်။ အရက်အဆီပြန်နေသော မျက်နှာကြီးနှင့် အသား
ညိုမည်း၊ ဗိုက်ရွဲရွဲ ဦးတင်သိန်းမှာ စကားကတော့ အပြောကောင်း
သည်။ ငယ်စဉ်ကပင် သံယောဇဉ်ကြောင့် ကျွန်တော်၏ မောင်းတင်
ထားသော အမုန်းတရားများ အနည်းငယ် ပြေလျော့သွားသလိုပင်။
ကျွန်တော် ဆက်တီထိုင်ခုံတွင် ဝင်ထိုင်ပြီး မပြောမပြီး မတီးမမြည်
သာစကားများကို လေအေးအေးနှင့် ပြောရတော့သည်။

"ဦးလေးဦးတင်သိန်း ...လုပ်ငန်းအခြေအနေ ဘယ်လိုရှိ
သလဲ"

"ကောင်းပါတယ် ပုံမှန်ပါပဲ။ ငါး ပုစွန် အဝင်အထွက်လည်း
ကောင်းပါတယ်။ ပိုက်လှေသမားတွေပညာပြလို့ အနည်းအပါးတော့
အာအထစ်ကလေးတွေရှိတာပေါ့ ငါတွေ့ရယ်"

"အဲဒါလောက်နဲ့ ကျွန်တော်တို့ဆီ ငွေမပို့တာ (၂)လလောက်
ကောင်ရှိပြီ။ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါကတော့ ပြီးခဲ့တဲ့လက ပိုက်လှေသမားတွေ ပိုက်ဝယ်ဖို့အတွက် ကြိုတင်ငွေတောင်းလို့ ပေးရတာများလို့ပါ။ ဒီလကုန်ရင် (၃)လစာ ပေါင်းပေးမှာပါ။ ငါ့တူအပြန် ယူချင်လည်း ယူသွားလို့ရတယ်''

''ဦးတင်သိန်း ... ကျွန်တော်တို့က လခစားတွေ မဟုတ်ဘူး။ ရေလုပ်ငန်းပိုင်ရှင်။ အရှုံးအမြတ်ဆိုတာ လစဉ် လကုန်တာနဲ့ ပေးရမှာ ခင်ဗျားတာဝန်ပါ။ ခင်ဗျားက မျက်နှာလွှဲပဲ။ လုပ်ငန်းပိုင်ရှင် မဟုတ်ဘူး။ ဒီလုပ်ငန်းကလည်း ဘယ်တုန်းကမှ အရှုံးဆိုတာရှိခဲ့တာ မဟုတ်ဘူး။ အထိုင်ချပြီးလုပ်တဲ့ လုပ်ငန်းကြီး။ ခင်ဗျား ဘာတွေလုပ်နေတယ်ဆိုတာ ကျွုပ်တို့ အကုန်သိတယ်။ ဆင်သေကို ဆိတ်သားရေနဲ့ဖုံးဖို့ မကြိုးစားနဲ့။

အခု မော်တော်(၃)စီး ဘယ်ရောက်သွားသလဲ။ ရေလုပ်ငန်းလိုင်စင်တောင် လေးကောင်ဂျင်ရှုံးလို့ ပေါင်ထားရတယ်ဆို။ ခင်ဗျားလို့ လုပ်ရက်တယ်ဗျာ။ ယုံကြည်လို့ မျက်နှာလွှဲထားခဲ့တာ။ ပိုင်ရှင်တွေနဲ့ အလှမ်းဝေးသွားတာနဲ့ လုပ်ချင်ရာလုပ်တော့တာပဲ။ ကျွုပ်က ဥပဒေကျောင်းသား။ ခင်ဗျားကို ဥပဒေအရ တရားစွဲအရေးယူမယ်။ ရဲစခန်းမှာအချုပ်ခံပြီး ထောင်ထဲသွားနေဖို့ ပြင်ဆင်ထားပေရော့''

''လုပ်ချင်တာလုပ်ပါ မောင်ရယ်။ ငါလည်း မင်းအဖေရဲ့ ရေစားသားလို ယုံကြည်လို့ မျက်နှာလွှဲအဖြစ် တစ်သက်လုံး လုပ်ကိုင်ကျွေးမွေးလာခဲ့တာပါ။ အခုမှ ငါ့အခက်အခဲ အကျပ်အတည်းကြောင့် လုပ်ရတာပါ။ မင်းကြိုက်သလိုလုပ်ပါ။ ငါ့ဘက်က ဖြေရှင်းဖို့အသင့်ပါ''

''ဩော် ... ခင်ဗျားက အဲဒီလိုလား။ ခင်ဗျားကို လစာအပြင် ထိုက်ထိုက်တန်တန် ပေးထားတာပဲ။ ဒီလို အလွဲသုံးစားလုပ်တာတွေ





ဘယ်ကောင်းမလဲ။ ကျွုပ် ရန်ကုန်မပြန်ခင် ပစ္စည်းတွေ ပြန်ရချင်ရ မရရင်တော့ ခင်ဗျား ထောင်ထဲသွားနေပေရော့''

''ဟား ... ဟား ... ဟား ... တင်သိန်းတို့ကလည်း ဒါမျိုးမှကြိုက်တာ။ မလောက်လေး မလောက်စားနဲ့ ငါ့တူရယ်။ အပြောလေးလျှော့ပါဦး။ မင်းက တက္ကသိုလ်ကျောင်းသားဆိုပြီး ဘဝင်မမြင့်ပါနဲ့။ တင်သိန်းတို့က ဒီလုပ်ငန်းကို လုပ်စားလာတာ အဲကိုနေပြီ။

ငါသာလုပ်မကျွေးရင် မင်းတို့ဒီလိုတောင် ကြီးပွားတိုးတက်လာမှာ မဟုတ်ဘူး။ ကြိုက်တဲ့ဘက်ကစမ်းပါ ကိုယ့်လူရယ်။ တင်သိန်းတို့က ရင်ဆိုင်ဖို့အသင့်ပဲ။ ငါက အပေါင်းအသင်းနဲ့ အသိုင်းအဝိုင်းနဲ့ပါ။ ဟား ... ဟား ... ဟား''

''ဟုတ်ပြီလေ ... ခင်ဗျားစကား ခင်ဗျားမှတ်ထားပါ။ နောက်တော့မှသာ ကျွုပ်ကိုအဆိုးမဆိုနဲ့''

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်တော်လည်း ခြေလွှန့်လက်လွန့်ဖြစ်မည်က တစ်ကြောင်း။ အလုပ်သမားများရှေ့တွင် အော်ကြီးဟစ်ကျယ် စကားများ ရန်မဖြစ်လိုသောကြောင့်တစ်ကြောင်း စကားစကိုဖြတ်ပြီး အလုပ်သမားများအား နှုတ်ဆက်၍ အပေါင်းအသင်းများရှိရာ စံသိန်းတို့အိမ်ဘက်သို့ ထွက်ခဲ့တော့သည်။ စံသိန်းတို့အိမ်ရောက်တော့လည်း မရှိကြ။

လက်ဖက်ရည်ဆိုင်သွားဟန်တူ၍ ရွှေပုံကြီးလက်ဖက်ရည်ဆိုင်သို့ လိုက်ခဲ့တော့သည်။ လက်ဖက်ရည်ဆိုင်တွင် စံသိန်းတို့အုပ်စုအား လူစုံတက်စုံ တွေ့ရသည်။ ကျွန်တော့်ကို ဆိုင်အတွင်းမှ လှမ်းမြင်ကြသည်နှင့် ...

စံသိန်း ။ "လာဟေ့ ... စောအောင်၊ ငါတို့ အခု လက်ဖက်ရည်သောက်ပြီး မင်းဆီကိုလိုက်ခဲ့ကြဖို့ တိုင်ပင်နေတာ။ မင်းကို စိတ်မချလို့"

"အေးကွ ... ငါလည်း နေ့လယ်စာစားပြီးတာနဲ့ ဦးတင်သိန်းနဲ့စကားများပြီး ထွက်လာခဲ့တာ။ သူ့ဘက်ကတော့ မှာမှာပဲဟေ့။ ငါက တရားဥပဒေအရ အရေးယူမယ်ဆိုတော့ လုပ်ချင်တာလုပ်တဲ့။ သူ့ဘက်က အသင့်ပဲတဲ့။ သူ့ဘက်ကလည်း အသိုင်းအဝိုင်းနဲ့ဆိုပဲ"





မင်းမောင် ။ "အေး ... အဲဒါ မင်းကို စိန်ခေါ်လိုက်တာ။ ကျောင်းမှန်းကန်မှန်းသိအောင် ဆုံးမဖို့ကောင်းတယ်။ မင်းလည်း သတိထားနေပေရော့ စောအောင်ရေ။ ဒီည မင်းတို့အိမ်မှာ ငါလိုက်အိပ်မယ်"

တုလားကြီး ။ "ဥပဒေအရတရားစွဲဖို့ ရဲစခန်းတိုင်ရင်လည်း မြန်မြန်တိုင်ကွာ။ ကိုယ့်ဘက်က Safe Side ဖြစ်တာပေါ့"

စံသိန်း ။ "ငါတို့အားလုံး ဒီည မင်းအိမ်မှာ လိုက်အိပ်ကြမယ်။ ဒါမှမဟုတ် မင်း ငါတို့အိမ်မှာ ပြန်လာအိပ်"

"မဖြစ်သေးပါဘူးကွာ။ ငါ့မှာ ဥပဒေရေးရာ အချက်အလက်တွေကို အခိုင်အမာစုပြီး တိုင်စာရေးနေတာ။ မင်းတို့အားလုံးလာအိပ်ရင် တစ်ယောက်တစ်ပေါက်နဲ့ အလုပ်ပျက်တယ်။ ငါ့ဘာသာ တစ်ဦးတည်း စဉ်းစားရင်း စာရေးချင်တယ်။ အိမ်ကလည်း လုံခြုံပြီး စိတ်ချရပါတယ်"

လှရွှေ ။ "ဒီမှာ ... စောအောင်၊ သူက နယ်ခံ။ လူမိုက်အပေါင်းအသင်းကလည်း များတယ်။ သူက ညဏ်နီဉာဏ်နက်သုံးပြီး မင်းကို အစဖျောက်ပစ်လိုက်လို့ ရတယ်။ သူတို့အဖမ်းခံရမှာက နောက်၊ သေမှာက မင်းအရင်။ ငါတို့ရှိနေသရွေ့ မင်းဘာမှမဖြစ်စေရဘူး"

စံသိန်း ။ "ဟုတ်တယ် ... စောအောင်။ မင်းအဖေနဲ့ မင်းအမေက မင်းကိုကာကွယ်စောင့်ရှောက်ဖို့ ငါ့ကို အတန်တန်မှာလိုက်တာ မင်းလည်းအသိ။ လူများလို့ ငါတို့အကုန်လုံးကို မင်းအိမ်မှာ မအိပ်စေချင်လည်း ဗလကြီးအောင်ပန်းကို အဖော်ခေါ်အိပ်။ ဒါမှ ငါတို့စိတ်ချယ်"

ကျွန်တော်က ဥပဒေကျောင်းသားဖြစ်၍ ဥပဒေပြင်ပတာသော့လုပ်လိုပါ။ ဥပဒေဘောင်အတွင်းမှပဲ ရင်ဆိုင်ချင်သည်။ အတော်သည်း



www.burmeseclassic.com

www.burmeseclassic.com



မှာလိုက်သည်။ အဖေမှာသည်ဆိုမှ အဖေဦးတင်သိန်းအတွက် ရေးပေး လိုက်သောစာကို သတိရမိသည်။ ကျွန်တော် ဖတ်မကြည့်ရသေး။ ဦးတင် သိန်းအားလည်း မပေးရသေးပါ။

အပေါင်းအသင်းများ အကြံပေးကြသည်မှာလည်း ဟုတ်ပါ သည်။ ဤအချိန်အတွင်း ဦးတင်သိန်းက နယ်ခံလူမိုက်။ အပေါင်း အသင်းကလည်း များလှသည်။ ကျွန်တော့်အား လက်ဦးမှုယူ၍ အ ဖျောက်နိုင်သော အခြေအနေလည်း ရှိသည်။ သို့သော် ကျွန်တော်တို့ အိမ်သည် လုံခြုံစိတ်ချရသဖြင့် ဤည ကျွန်တော်တစ်ယောက်တည်း သာ အိမ်မှာအိပ်ပြီး အဖေရေးပေးလိုက်သောစာအား ဖတ်၍ တိုင်စာ များရေးသားရန် ဆုံးဖြတ်လိုက်မိသည်။

"ဒီလိုလုပ်မယ် . . . စံသိန်းရာ၊ ဒီနေ့ညတော့ ငါအရေးတကြီး စဉ်းစားစရာတွေရှိလို့ အိမ်မှာတစ်ယောက်တည်းပဲ နေချင်တယ်။ မနက် ဖြန်ညကျမှ စံသိန်းအိမ်မှာအိပ်ကြတာပေါ့။ တစ်ဝိုင်း ငါစီစဉ်ပေးမယ် ဟုတ်ပြီလား"

စံသိန်း ။ "အေး . . . အဲဒါဆိုရင်လည်း ဒီညတော့ မင်းတစ်ယောက် တည်းအိပ်။ ဒါပေမဲ့ ငါတို့လိုက်ပို့ပေးမယ်။ မိုးချုပ်မှ ငါတို့ပြန်မယ် ဒါနဲ့ ညစာရော ဘယ်လိုစီစဉ်ထားသလဲ။ မင်းဆီကို အလုပ်သမားတွေ ပို့တာတော့ မစားရင် ကောင်းမယ်ထင်တယ်။ အလုပ်သမားတွေက မင်းတို့နဲ့ အနေဝေးတော့ သူ့လူတွေ ဖြစ်နေလောက်ပြီ။ နီးရာက ကြောက်ရတာ မင်းလည်းအသိပဲ"

"အေးပါကွာ . . . အေးပါ။ ကဲ . . . ဒါဆိုရင် ငါပြန်မယ် ညနေတောင်စောင်းပြီ။ မင်းတို့ ငါ့အပေါ်ဂရုစိုက်ကြတာ ကျေးဇူးတင် တယ်ကွာ။ ကဲ . . . သွားကြစို့ဟေ့"





ကျွန်တော်တို့အုပ်စု လမ်းလျှောက်ရင်း ကမ်းနားအိမ်သို့ ပြန် ခဲ့ကြသည်။ ခြံဝရောက်သည်နှင့် ဒေါ်စိန်ငွေနှင့် မိန်းကလေးနှစ်ဦး ထမင်း ချိုင့်ကြီးဆွဲ၍ ရောက်လာကြသည်။

ဒေါ်စိန်ငွေ ။ "အစ်ကိုလေးတို့ကို မျှော်နေတာ။ အပေါင်းအသင်းတွေ ပါ ပါလာမယ်ထင်လို့ ဒီနေ့ ပိုပိုသာသာချက်လာတယ်။ ပုစွန်တုပ်ကြော်၊ ငါးခူကြော်၊ ငါးရံ့ပေါင်း၊ ကထန်းကင်နဲ့ ဝက်သားလုံးကြော်၊ ငပိရည် တို့စရာ စုံနေတာပဲ။ အရည်သောက်ဟင်းကတော့ ဆရာလေးအကြိုက် ချဉ်ပေါင်ရွက်နဲ့ ငါးရံ့ခေါင်းဟင်း။ ထမင်းလိုရင်လည်း လာပို့ပေးမယ်"

ကျွန်တော် ။ "ရပါပြီ ဒေါ်စိန်ငွေ၊ ထားခဲ့ပါ။ မနက်က ထမင်းနဲ့ ဟင်းတွေတောင် ကျန်သေးတယ်။ ချိုင့်တွေ ပြန်ယူသွားပါလား"

"ဟုတ်ကဲ့ . . . အစ်ကိုလေး၊ မနက်ကချိုင့်ကို ပြန်ယူသွား မယ်။ ဒါမှ မနက်ဖြန် ထမင်းပို့ဖို့ အဆင်ပြေမှာ"

ကျွန်တော်တို့ အိမ်ထဲဝင်ခဲ့ကြသည်။ ဒေါ်စိန်ငွေတို့အဖွဲ့က မနက်ကပို့ထားသော ထမင်းချိုင့်ကို လှမ်းပြီး ပြန်ယူသွားကြသည်။

"အစ်ကိုလေး . . . လိုတာရှိရင် လှမ်းအော်လိုက်နော်။ ကျွန်မ တို့အဆင်ပြေအောင် လုပ်ပေးမယ်"

ကျွန်တော်တို့ တစ်ယောက်မျက်နှာတစ်ယောက် အဓိပ္ပာယ် ပါပါကြည့်ကြရင်း အိမ်တွင်း ဝင်ခဲ့ကြတော့သည်။ ကုလားကြီးမှာ အိမ် ထဲရောက်သည်နှင့် ဒေါ်စိန်ငွေတို့လာပို့သော ထမင်းချိုင့်အား ဖွင့်ကြည့် ရင်း . . .

"ဟ . . . ဟင်းတွေက အပုံစားတွေပါလား။ ဆီပြန်တွေချည်း ပဲ။ မုန်းစမ်း . . . ။ အလို . . . ငါ့လက်ရာထက်တောင် ကောင်းပါလား စောအောင်။ မင်းတစ်ယောက်တည်း ကုန်မှာမဟုတ်ဘူး။ ငါတို့ပါဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



စားပေးမယ်။ ဘုန်းကြီးပွဲထက်တောင် သာပါလားနော်။ စောအောင်တို့များ ဘုန်းကံက ကြီးလိုက်တာ''

ကုလားကြီးမှာ ပြောပြောဆိုဆို ထမင်းချိုင့်ဖွင့်၍ ဟင်းများကို လိုက်မြည်းနေသဖြင့် . . .

စံသိန်း ။ ''ဟောကောင် . . . ကုလားကြီး၊ ကြည့်လည်း စားဦး။ တော်ကြာ ရှောနေဦးမယ်''

''ဒါမျိုးသာ နေ့တိုင်းစားရလို့ကတော့ သေပစေဟေ့။ ပျော်ပျော်ကြီး အသေခံမယ်ဟေ့''

အောင်ပန်း ။ ''ရှေးတုန်းကဘုရင်တွေက ပွဲတော်တည်ခါနီး အဆိပ်ခတ်မခတ်သိရအောင် နန်းတော်ထဲက ခွေးကလေး၊ ကြောင်ကလေးတွေကို အရင်ချကျွေးပြီးမှ ပွဲတော်တည်သတဲ့။ အခုလည်း . . .''

ကုလားကြီး ။ ''ဘာလဲ အောင်ပန်း၊ ငါ့ကို ခွေးကလေး၊ ကြောင်ကလေးလို့ စောင်းပြောတာပေါ့လေ။ ရပါတယ်ကွာ . . .။ ငါက မင်းတို့အတွက် အသက်စွန့်ပြီး အရင်စားပေးတာပါ။ ဟင်းတွေကများတော့ စောအောင်တစ်ယောက်တည်း ဘယ်ကုန်မလဲ။ လာကြ . . . ငါ့မှာ ပုလင်းပြားလေးလည်း ပါလာတယ်။ အတော်ပဲပေါ့။ စားရုံတဲ့သူ လာကြဟေ့။ ဝိုင်းစမယ်''

ကုလားကြီးမှာ ဘယ်အချိန်ကတည်းက ဆောင်လာမှန်းမသိသော အရက်ပုလင်းပြားလေးအား ဆောင်လာသဖြင့် သူငယ်ချင်းများ ဝိုင်းလိုက်ကြသည်။

စံသိန်း ။ ''ကဲ . . . လာကြဟေ့။ ကုလားကြီးစားပြီးတာ (၅)မိနစ်လောက်ရှိပြီ ဘာမှမဖြစ်ဘူး။ စားလို့ရတယ်ဟေ့''

''စောအောင်ရော လာလေကွာ။ ဘာလုပ်နေတာလဲ''





''မင်းတို့ပဲ စားကြပါကွာ။ ငါ ည စာတွေရေးရဦးမှာ သောက်လို့မဖြစ်ဘူး။ မနက်ကဟင်းတွေလည်း အများကြီးပဲ။ ကုန်အောင်စားလိုက်ကြဦး။ မင်းတို့မစားရင် ခွေးကျွေးပစ်ရတော့မှာ''

ကုလားကြီး ။ ''အေးကွာ . . . ငါတို့ကို ခွေးနဲ့နှိုင်းလိုက်၊ ကြောင်နဲ့နှိုင်းလိုက်နဲ့ ပြောချင်ရာပြောကြကွာ။ ကောင်းကောင်းစားရရင် ပြီးတာပဲဟေ့။ စားကြစားကြ၊ စောအောင်အတွက်တော့ ညစာချန်ထားကြဦးနော်။ တော်ကြာ . . . ဒီကောင် ညစာအတွက် ငတ်နေဦးမယ်''

သူငယ်ချင်းများ တပျော်တပါးစားကြသည်ကို ကြည့်ပြီး ကျွန်တော် အားရဝမ်းသာ ဖြစ်နေမိသည်။ ကျွန်တော်တို့မိသားစု ဖျာပုံတွင်နေစဉ်ကလည်း အပေါင်းအသင်းများ တစ်လအနည်းဆုံး တစ်ကြိမ်ခန့်တော့ ကျွန်တော်တို့အိမ်တွင် အားပါးတရ လာစားကြသည်ချည်း ဖြစ်သည်။

ထိုစဉ်က ဦးတင်သိန်းမှာ အလွန်တော်ပါသည်။ အရက်မသောက်၊ ဖဲမရိုက်၊ မိန်းမ မလိုက်စား။ အလွန်ပင် ရိုးသားကြိုးစားသူဖြစ်သည်။ ရေလုပ်ငန်းနှင့်ပတ်သက်၍ အဖေမျက်နှာလွှဲပြီး အားကိုးရသူ ဖြစ်သည်။ လူပျိုကြီးလည်းဖြစ်၍ အဖေက ကျွန်တော်တို့၏ နှမဝမ်းကွဲ ဆုံးသွားရှာပြီဖြစ်သော အဖေ့ညီ ဦးအောင်တင့်၊ ဒေါ်သန်းမြင့်တို့၏သမီး မချိုနွယ်နှင့် သဘောတူခဲ့သည်။ မချိုတွင် အစ်ကို ကိုမောင်လွင် ရှိသေးသည်။ ကိုမောင်လွင်က ကိုင်းထွက်ပစ္စည်း အရောင်းအဝယ်သမား။ မိတဆိုးလေး ညီမဖြစ်သူ မချိုကို လုပ်ကျွေးနေသည့် လူပျိုကြီးလည်းဖြစ်သည်။

ည(၇)နာရီခန့်မှ စံသိန်းတို့အုပ်စု ပြန်သွားသည်။ ကျွန်တော် ထမင်းချိုင့်များအား အလုံအခြုံပိတ်လိုက်သည်။ ပြီးနောက် ဦးတင်သိန်း

www.burmeseclassic.com



ထံ အခဖေရေးပေးလိုက်သောစာအား ဖွင့်ဖတ်ကြည့်သည်။ မော်တော် (၃)စီး ရောင်းစားခြင်းကိစ္စကို ခွင့်လွှတ်သော်လည်း မချိုနွယ်နှင့်ကိစ္စအား ဘဝင်မကျကြောင်း၊ ရေလုပ်ငန်းကိစ္စအား ကျွန်တော်နှင့် တိုင်ပင်ညှိနှိုင်းလုပ်ရန်၊ လောင်းကစားနှင့်အရက်ကို ဆင်ခြင်ရန် သတိပေးထားခြင်းမျှသာ ဖြစ်သည်။ တော်ပါသေးသည်။ ဤစာအား ကျွန်တော် ဖွင့်မဖတ်ဘဲ ဦးတင်သိန်းလက်ထဲသို့သာ ထည့်လိုက်လျှင် မြင်းချိုတပ်သလို ထင်ရာစိုင်းတော့မည်မှာ အသေအချာပင် ဖြစ်တော့သည်။ ကျွန်တော် အဖေ့စာကိုဆုတ်ဖြဲ၍ မီးရှို့ပစ်လိုက်သည်။

ပြီးနောက် ညစာကိုစားသည်။ ကုလားကြီးတို့ စားပြီးသွားသဖြင့် စိတ်ချလက်ချပင် စားပါသည်။ စားပြီးနောက် ရဲစခန်းနှင့် တရားရုံးသို့တင်မည့် အမှုတွဲများအား ပြန်လည်စစ်ဆေးပြီး အပြီးသတ်ရေးနေစဉ် တံခါးခေါက်သံကြားရသည်။

တံခါးမှာ ထုထည်ကြီးပြီး အိမ်မှာ လုံလွန်းလှသည်။ တိုးတိုးသာကြားရရာ ပထမ အိမ်မြှောင် အမြီးရိုက်သံထင်၍ ထမကြည့်ဖြစ်။ ဆက်တိုက်ခေါက်နေမှ အိမ်ရှေ့တံခါးဆီမှဖြစ်ကြောင်း သိရတော့သည်။ ကျွန်တော် ကျွန်တော့်အိပ်ရာဘေးမှ ငှက်ကြီးတောင်ဓားရှည်နှင့် သော့ကိုယူကာ အိမ်ရှေ့သို့ ထွက်ခဲ့သည်။

သော့ကိုမဖွင့်သေးမီ တံခါးချောင်းကြည့်ပေါက်မှ ကြည့်ရာ မချိုအစ်ကို ကိုမောင်လွင်ဖြစ်နေကြောင်း သိရသည်။ သစ်သားတံခါးကြီးကိုဖွင့်၊ ဘီလပ်သံဘာဂျာတံခါးအား ဖွင့်ပေးတော့မှ ကိုမောင်လွင် အိမ်ထဲသို့ဝင်လာသည်။ အချိန်မှာ ည(၉)နာရီခန့်ရှိပေပြီ။

"ကိုလွင် . . . ခြံထဲကို ဘယ်လိုဝင်လာတာလဲ"

"ဟ . . . ညီလေးရေ မင်းခြံတံခါးက သော့မှခတ်မထားတာ





အသာတွန်းပြီး ဝင်လာရတာ။ မင်းကွာ . . . တစ်ယောက်တည်းနေပြီး သေ့ဆလုချည်လား။ သတိထား ညီလေးရေ ဒီအချိန်က အရေးကြီးတယ်"

"ဟုတ်ပါရဲ့ ကိုလွင်ရယ်။ ဝံသိန်းတို့အုပ်စုလာပြီးအပြန် ကျွန်တော် ခြံတံခါး ဆင်းပြီးသော့ခတ်ဖို့ မေ့သွားတာ။ ဒါပေမဲ့ အိမ်ကြီးက လုံပါတယ်။ အပြင်ကအသံတောင် မကြားရပါဘူး။ အဖေဒီအိမ်မှာနေတုန်းက ပုတီးစိပ်၊ တရားထိုင်ရင် ပြင်ပကအသံတွေ မကြားရအောင် လုပ်သွားတာပါ"

"လာ . . . ကိုလွင် ထိုင်။ ညစာရော စားပြီးပြီလား"

"ပြီးပြီ။ မင်းရော စားပြီးပြီလား"

"စားပြီးပြီ ကိုလွင်။ ဒေါ်စိန်ငွေတို့ ချက်ပြီးလာပို့တာ"

"အေး . . . ဒေါ်စိန်ငွေကတော့ အစ်ကို့လူပါ။ ဒါပေမဲ့ သတိတော့ ထားစားပါ။ မင်းနဲ့ဦးတင်သိန်း စကားများတာကိုလည်း အစ်ကို ကြားပြီးပါပြီ။ မင်းရောက်နေတာ ငါမသိဘူးကွ။ ညက ညီမလေးပြောမှ သိရတာ။ ငါကလည်း နယ်ဆင်းပြီး ပဲဝယ်နေတော့ မနေ့ကညကမှ ပြန်ရောက်တာ။ ဒီကအကြောင်းတွေကိုတော့ မင်းအကုန်ကြားရမှာပေါ့။ မင်းလည်း သတိထားနေနော်။ မင်းတစ်ယောက်တည်းမှာ ငါစိတ်မချဘူး။ ဟိုလူ (ဦးတင်သိန်း)က လူမိုက်တွေနဲ့ပေါင်းပြီး ဆောင်းကျန်းနေတာ"

"ကျွန်တော် သတိထားပါတယ်အစ်ကို။ ဒီတစ်ညပဲ စာရေးစရာရှိလို့ ဒီအိမ်မှာအိပ်တာပါ။ နောက်နေ့တွေမှာ သူငယ်ချင်းတွေနဲ့ ဝံသိန်းတို့အိမ်မှာ အိပ်မှာပါ။ ဒါနဲ့ မချိုက ကျွန်တော်ရောက်နေတာ ဘယ်သူ့ဆီကသိလို့ ရဲသားနဲ့ ဘာကြောင့် လာမတွေ့တာလဲ။ ကျွန်တော် မချိုကိုတွေ့ချင်



www.burmeseclassic.com

www.burmeseclassic.com



နေတာ။ အဖေက ကျွန်တော်ရန်ကုန်ပြန်ရင် မချိုကိုခေါ်ခဲ့ဖို့ မှာလိုက် သေးတယ်။ ရန်ကုန်အိမ်မှာပဲ မချိုကိုထားမယ်လို့ ပြောတယ်"

"ဟကောင်ရ …ညီလေးရဲ့ သူနဲ့ဟိုလူ ပြဿနာဖြစ်ထား တော့ မင်းတို့မြို့ထဲကို သူဘယ်လာရဲပါ့မလဲ။ မိန်းကလေးပဲ မျက်နှာပူ ပြီး ရှက်မှာပေါ့။ မင်းကိုတော့တွေ့ချင်လို့ ငါ့ကိုလွှတ်လိုက်တာ။ မင်း အပြန် မချိုကို ရန်ကုန်ခေါ်သွားရင်တော့ အကောင်းဆုံးပေါ့ကွာ။ သူ ခမျာ ဒီမှာနေရတာ မပျော်ရှာဘူး။ ငါကလည်း မင်းသိတဲ့အတိုင်း အိမ် ကပ်နေရတာ မဟုတ်ဘူး။ နယ်တကာဆင်းပြီး ပဲဝယ်နေရတာ"

"ဒါနဲ့ကိုလွင် မချိုတို့ကိစ္စက အမှန်ပဲလား။ အမှုရော ဖွင့်ထား သေးလား"

"အမှုကတော့ အမှန်ပဲပေါ့။ ပထမတော့ ညီမလေးကလည်း သူ့ကိုအတည်ယူမယ်အထင်နဲ့ အလိုတူအလိုပါပေါ့ကွာ။ နောက်မှ ကန် ထုတ်တော့ ဘာလုပ်ရမှန်းမသိလို့ ဒီအတိုင်းနေရတာ။ ဘယ်ကျေမလဲ ငါကလည်း အကွက်ကောင်းချောင်းနေတာ။ အခွင့်ကောင်းရတာနဲ့ အဲဒီ လူကို အပြတ်ရှင်းမှာပါ"

"ကိုလွင်ရယ် …ကိုယ်တိုင်တော့ မလုပ်ပါနဲ့။ တရားဥပဒေ ရှိပါတယ်။ ဥပဒေနဲ့အညီ ရဲစခန်းမှာအမှုဖွင့်ပြီး တိုင်ပေါ့ဗျာ"

"ဟ …ညီလေးရဲ့ အလိုတူအလိုပါပါလို့ ပြောပြီးပြီပဲ။ ဘာ အမှုနဲ့ တိုင်လို့ရမှာလဲ။ မုဒိမ်းမှုနဲ့တိုင်လို့လည်း မဖြစ်ဘူး။ အရှက်တော် ကွဲဦးမယ်။ မင်းတို့ဘက်ကရော ဘာလုပ်မယ် စိတ်ကူးထားသလဲ"

"ကျွန်တော်တို့ဘက်ကတော့ ဥပဒေကြောင်းနဲ့အညီ တိုင်ကြား မှာပါ။ ပုဒ်မ(၄၀၆)ဆိုတာ ယုံကြည်အပ်နှံပစ္စည်း အလွဲသုံးစားမှုပဲ။ နောက် ပြီး သူပိုင်ဆိုင်တာမဟုတ်ဘဲ လိမ်လည်ပေါင်နှံထားတဲ့ ပစ္စည်းတွေ





အတွက်လည်း ပုဒ်မ(၄၂၀)လိမ်လည်မှုနဲ့ တိုင်ကြားမှာပါ"

"မင်းတို့ဟာက ထိရောက်မှုမရှိပါဘူး ညီလေးရာ။ အချိန် ကုန်၊ ငွေကုန်ပါတယ်။ အဲဒီလူကိစ္စ ငါ့တာဝန်ထားလိုက်။ ငါ့နည်းငါ့ဟန် ငါအပြတ်ရှင်းမယ်။ မင်းတို့ပစ္စည်းတွေအတွက်သာ ပေါင်နှံရောင်းချ ထားသူတွေဆီက ပြန်ရအောင်လုပ်ပါ။

အဲဒီအကြောင်းကို မင်းကိုငါ လာအသိပေးတာ၊ ကိုယ့်တာဝန် ကိုယ်လုပ်ပါ။ နှုတ်လုံပါစေ။ ငါ့ဘက်ကတော့ ကတိပေးတယ်။ မင်းပြန် ရင်တော့ မချိုကိုခေါ်သွားပြီး မင်းတို့အိမ်မှာ စောင့်ရှောက်ပေးပါ။ ဒါဆို စိတ်ချပြီ။ မချိုက ဒီမြို့မှာ နေလို့မကောင်းတော့ဘူးလေကွာ။ အရှက် ဆိုတာ အသက်နဲ့လဲရတဲ့ဟာမျိုးပဲ။ မင်းလည်း သိပါတယ်"

"ကိုလွင် …ကျွန်တော် ဥပဒေအရ ဆုံးမပါ့မယ်။ ဒီလူ သချာပေါက် ထောင်ကျမှာပါ။ ကိုလွင် စိတ်လက်မာန်ပါ မလုပ်ပါနဲ့"

"ဒီလူထောင်ကျလည်း (၁၀)နှစ်ပေါ့ကွာ။ ပြန်လွှတ်လာတော့ လည်း အငြိုးထားပြီး ကလဲ့စားပြန်ချေဦးမှာ။ သံသရာကဆုံးတော့မှာ မဟုတ်ဘူး။ အပြတ်ရှင်းတာ အကောင်းဆုံးပဲ။ ငါ့တာဝန်ပဲထားလိုက် ။ ကဲ …ငါပြန်မယ်။ ငါမှာတာတွေကို မမေ့နဲ့။ နှုတ်လုံပါစေ။ မင်း လည်း အနေအထိုင် အသွားအလာ ဆင်ခြင်ပါ။ ညဘက်တော့ အပြင် ထွက်တာ အကောင်းဆုံးပဲပေါ့။ ကဲ …ငါသွားပြီ"

ကျွန်တော် ကိုလွင့်အား အောက်ဆင်းလိုက်ပို့ပြီး အစောပိုင်း ၁ မခတ်ရသေးသော ခြံတံခါးပေါက်ပါ သော့ခတ်လိုက်သည်။ ကျွန် တော်၏အိမ်ရှေ့တွင် မျက်နှာစာမီး လင်းနေသော်လည်း ရေလုပ်ငန်း လုပ်ရုံဘက်တွင် မှောင်မည်းနေသည်။ လမိုက်ညလား မသိပါ။ ပတ် န်းကျင်မှာ မှောင်မည်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်ပြန်တက်ပြီး သံဘာဂျာတံခါးအား သော့ခတ်သည် ပြီးနောက် ထူထဲလှသော အတွင်းကျွန်းတံခါးကြီးအား သော့ခတ်သည် အချိန်မှာ ည(၁၀)နာရီခန့်ရှိပြီ။ ကျွန်တော် စာရွက်စာတမ်းများအား သိမ်းပြီး မျက်နှာသစ်၊ ခြေလက်ဆေး၍ ဘုရားဝတ်ပြု၊ ပုတီးစိပ်၊ မေတ္တာ ပို့သည်။ ည (၁၁)နာရီခန့်မှ ကျွန်တော် အိပ်ရာဝင်သည်။

သို့သော် အတွေးစများ ဖြန့်ကြက်မိသဖြင့် အတော်နှင့်အိပ် မပျော်ပါ။ ည(၁၂)နာရီခန့်မှ အိပ်ပျော်ခြင်းသို့ရောက်သည်။ အိပ်ပျော် တော့လည်း အိပ်မက်မက်ပြန်သည်။ အိပ်မက်ထဲတွင် အဖေက အမြန် ပြန်လာရန် ပြောနေသည်။ အမေက မျက်ရည်လည်ရွှဲဖြင့်။

ကျွန်တော် အိပ်ရာကနိုးတော့ မနက်(၅)နာရီခန့်ရှိပြီ။ အိပ်ရေး ပျက်သော်လည်း ဆက်မအိပ်တော့ဘဲ မျက်နှာသစ်ပြီး ဘုရားဝတ်ပြု ပုတီးစိပ်သည်။ ပြီးနောက် မိခင်နှင့်ဖခင်ကျေးဇူးရှင်တို့အား ရည်ရွယ် ၍ မေတ္တာပို့နေမိတော့သည်။

ဘုရားဝတ်ပြုပြီးနောက် အသင့်ဝယ်ထားသော ခေါက်ဆွဲထုပ် ကို ပြုတ်သည်။ ကော်ဖီဖျော်ရန် သကြားနှင့်နို့ဆီမရှိသဖြင့် ကော်ဖီထုပ် အား ရေနွေးနှင့် ပလိန်းဖျော်သောက်လိုက်သည်။ ပြီးနောက် အမှုတွဲ အရေးယူပေးရန် တိုင်စာများအား နောက်ဆုံးအကြိမ် အပြီးသတ် စစ်ဆေးရန် လတ်မှတ်ထိုးလိုက်တော့သည်။

ပြီးနောက် အိပ်မက်အကြောင်း စဉ်းစားမိပြန်သည်။ ရန်ကုန် နှင့်ဖျာပုံမှာ ဝေးသည်မဟုတ်။ ရန်ကုန်အိမ်တွင် တစ်ခုခုဖြစ်လျှင် ဖျာ လုပ်ငန်းဒိုင်တွင် တယ်လီဖုန်းရှိသည်။ ဆက်သွယ်လာမည်သာဖြစ်သည်။ ကျွန်တော် ဦးတင်သိန်းအတွက် ရေးပေးသောစာအား ဖတ်ကြည့်ပြီး မီးရှို့ပစ်လိုက်ခြင်းအတွက် စိတ်စွဲ၍ အိပ်မက်ခြင်း ဖြစ်ပေလိမ့်မည်





အနီးက ရေလုပ်ငန်းဒိုင်တွင် ဖုန်းသွားမဆက်တော့ဘဲ မြို့ထဲတွင် လက် ဖက်ရည်သောက်ရင်း ဖုန်းဆက်ရန် စဉ်းစားထားမိသည်။

တစ်ခါ ကိုလွင်နှင့် မချိုတို့အကြောင်း စဉ်းစားမိတော့လည်း စိတ်မောမိပြန်သည်။ ကိုလွင်မှာ ပေါ့ပေါ့ဒိုင်ဒိုင်း ပွင့်ပွင့်လင်းလင်း နေတတ်သူ ဖြစ်သည်။ တုံးပေကတ်သတ် လုပ်ပြီပေါ့ဆိုလျှင် နောက် လှည့်မကြည့်စတမ်း လုပ်တတ်သူဖြစ်သည်။ ယခုလည်း သူညီမကိစ္စ ကျွန်တော်တို့ တာဝန်ယူမည်ဖြစ်သဖြင့် စိတ်ချသွားသောကြောင့် ထင်ရာ စိုင်းပေရော့မည်။

ထိုစဉ်တွင် ရုတ်တရက် ကျွန်တော်တို့ ရန်ကုန်မှသူငယ်ချင်း တစ်စု စမ်းချောင်းတိုက်ခန်း သူငယ်ချင်းအိမ်တွင် ကြည့်ခဲ့ရသော ကျောင်းသားကလေး၏ လူသတ်ဇာတ်ကားကို ပြန်လည်မြင်ယောင်နေ မိပြန်သည်။ ဆက်လက်၍ တရားဥပဒေ၏ အားနည်းချက် အားသာ ချက်များကို ပြန်လည်စဉ်းစားနေမိပြန်သည်။ ကျွန်တော်၏စိတ်များ ကယောင်ချောက်ချား ဖြစ်နေသည်။

နံနက်(၇)နာရီကျော်မှ စိတ်တည်ငြိမ်မှုရပြီး စံသိန်းတို့အိမ် ဘက်သို့ တစ်ဦးတည်း လမ်းလျှောက်ထွက်ခဲ့သည်။ ဆောင်းကာလဖြစ်၍ နှင်းမှုန်များ ကျနေသည်။ သို့သော် ပင်လယ်နှင့်နီးသဖြင့် ရာသီဥတု ပူတာသည်။ သင့်ရုံသာ အေးသည်။

စံသိန်းတို့အိမ်ရောက်တော့ ကိုယ်တော်မြတ်များ မနိုးသေး၍ ချသည်။ ညက စံသိန်းနှင့်မင်းမောင်သာ အိပ်ကြသည်။ ကုလားကြီး နှင့်အောင်ပန်းတို့ သူတို့အိမ်တွင် ပြန်အိပ်ကြကြောင်း သိရသည်။ သူတို့ မျက်နှာသစ်သည်ကို စောင့်ပြီးနောက် ကျွန်တော်တို့(၃)ဦး ထုံးစံအတိုင်း ရွှေပုံကြီး'လက်ဖက်ရည်ဆိုင်သို့ ချီတက်ခဲ့ကြသည်။ လက်ဖက်ရည်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



တွင် ထိုင်၍စားသောက်ကြရင်း ...

စံသိန်း ။ "စောအောင် ... ညက ဘာထူးသေးသလဲ။ မင်းအဖေ စာရော ဖတ်ပြီးပြီလား။ ဘာတွေရေးထားသလဲ"

ကျွန်တော် ညက ကိုလွင်လာသည့်အကြောင်းကို လျှို့ဝှက်ထားပြီး ...

"ညက ဘာမှမထူးပါဘူးကွာ၊ အေးအေးချမ်းချမ်းပါပဲ။ အိပ်မက်တော့ မကောင်းဘူးဟေ့။ အဖေက အမြန်ပြန်လာခိုင်းပြီး အမေက ငိုနေတယ်။ ညက အဖေ့စာကို ငါဖောက်ဖတ်ပြီး စိတ်ချွဲသွားတာ ထင်ပါရဲ့။ အဖေ့စာထဲမှာတော့ မော်တော်(၃)စီးရောင်းတာ ခွင့်လွှတ်တယ်။ ရေလုပ်ငန်းကို ငါနဲ့ညှိနှိုင်းပြီး လုပ်ပါ။ မချိုကိစ္စကိုတော့ ဘဝင်မကျဘူးလို့ပဲ ရေးထားတယ်။ အဲ ... အရက်နဲ့လောင်းကစား ဆင်ခြင်ဖို့လည်း ရေးထားသေးတယ်"

စံသိန်း ။ "အင်း ... အဘကတော့ သူတော်ကောင်းတရား တကယ်ကို လက်ကိုင်ထားသူပဲ။ သူလို တော်ရုံတန်ရုံလူ ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး။ လုပ်ရကိုင်ရမယ့်သူတွေကတော့ အခက်အခဲတွေ့ရတာပေါ့။ ဒါနဲ့ အဲဒီစာကို မင်းက ဦးတင်သိန်းကို ပေးမှာလား။ မပေးနဲ့။ ဆင်ကို အတောင်တပ်ပေးသလို ဖြစ်လိမ့်မယ်"

"မပေးပါဘူးကွာ။ ငါဖတ်ပြီးတာနဲ့ မီးရှို့ပစ်လိုက်ပြီ။ မင်းတို့လည်း နှုတ်လုံပါစေ။ တခြားလူသိသွားလို့ ဦးတင်သိန်း တစ်ဆင့်ပြန်ကြားသွားရင် မကောင်းဘူး။ ရောင့်တက်လာလိမ့်မယ်"

စံသိန်း ။ "အေးပါ ... စိတ်ချစမ်းပါ"

ကျွန်တော်တို့ စကားကောင်းနေစဉ် မင်းမောင်နှင့်ကုလားကြီးတို့ ရောက်လာကြသည်။





"မင်းတို့ကွာ ငါတို့ကိုတောင် မစောင့်ဘူး။ ငါတို့က စောစောပြီ အထင်နဲ့ စောအောင်အိမ် အရင်သွားကြတာ။ ဟိုရောက်လို့မတွေ့မှ စံသိန်းအိမ်ဝင်တာ။ အဲဒါကြောင့် မင်းတို့ ရွှေပုံကြီးသွားကြဆိုပြီး လိုက်လာကြတာ။ မိုက်ကိုဆာရောပဲ"

ကျွန်တော် ။ "ကဲ ... ကဲ ... မှာကြစားကြကွာ"

ကုလားကြီး ။ "ညနေ အစီအစဉ်ရှိတယ်ဆို။ ဘာချက်ကြမှာလဲ"

စံသိန်း ။ "ငါတို့ခြံထဲက ဘဲငန်းကြီးတစ်ကောင် ချက်မယ်ကွာ။ ဆိုရင်လည်း ကြက်တစ်ကောင် ထပ်ချက်ပေါ့။ ထပ်လိုသေးရင် ဘဲတစ်ကောင်ကင်လိုက်ဦး"

အောင်ပန်း ။ "စံသိန်း ... သဘောကောင်းလှချည့်လားကွ။ စောအောင်ရောက်မှ ပိုသကောင်းလာသလိုပဲ။ ငါတို့ချည်းရှိတုန်းကတော့ တစ်ခါမှ ဒီလို ရက်ရက်ရောရော မကျွေးဖူးဘူး။ ဆိုင်မှာပဲ စားကြသောက်ကြရတာ။ အကြောင်းတော့ ရှိမယ်ထင်တယ်ဟေ့"

စံသိန်း ။ "ဟ ... ကောင်တွေ၊ စောအောင်စိတ်ချမ်းသာဖို့ လုပ်ပေးရတာ မှန်ပါတယ်။ အိမ်မှာလည်း မိဘတွေမရှိတုန်းမို့ပါကွာ။ မင်းတို့ တလွဲမထင်ကြပါနဲ့"

မင်းမောင် ။ "အေး ... အဲဒါဆိုရင်လည်း ငါတို့ကလည်း ရက်ရက်ရောရောပေါ့။ B.E နဲ့ မြန်မာဘီယာ စပ်သောက်မယ်။ အရသာလည်း ရှိတယ်၊ မူးလည်း မူးတယ်။ ငါနဲ့အောင်ပန်းက အရက်ဖိုးစိုက်မယ်"

ကျွန်တော် ။ ငါ့အတွက် လုပ်တဲ့ပွဲပဲ ငါမိုက်ဆံပေးမယ်ကွာ။ မင်းတို့ စိုက်ကြပါနဲ့။ ဘီယာဖိုးက နည်းမှာမဟုတ်ဘူး။ ညနေမှပေးမယ်ကွာ။ ငွေသည်းတွေက ကမ်းနားအိမ်မှာ ပြန်သယ်ရဦးမှာ"

ကုလားကြီး ။ "ဟ ... အဲဒါဆို ရေထွက်ပစ္စည်းလေးတွေလည်း လုပ်



www.burmeseclassic.com

www.burmeseclassic.com



ဦးကွာ။ ပုစွန်တုပ်စားရတာ မဝသေးဘူး။ ဒီတစ်ခါ ပုစွန်ကို ရှောက်ရည်ညှစ်ပြီး အစိမ်းသုပ်ပေးမယ်။ ဂျပန်လို 'ဆာရှားမီး'ပေါ့''

အောင်ပန်း ။ ''အေး . . . အေး . . . ကောင်းတယ် လုပ်လိုက်။ ငါးရံ့မီးဖုတ်လည်း ကုလားကြီးလက်ရာ ကောင်းတယ်ကွ''

ကျွန်တော် ။ ''အေးပါ . . . ပုစွန်ရော ငါးရံ့ပါ တောင်းပေးမယ်။ ကဏန်းရော စားကြဦးမှာလား''

မင်းမောင် ။ ''ကဏန်းကတော့ အီးပါတယ်ကွာ။ မစားတော့ဘူး''

ကျွန်တော် ။ ''အေး . . . အဲဒါဆိုရင် စားသောက်ပြီးတာနဲ့ ပြန်ကြမယ်။ ကမ်းနားအိမ်သွားပြီး ပစ္စည်းတွေသယ်ရင်း တောင်းပေးမယ်။ အားလုံးလိုက်ခဲ့ကြပေါ့''

ကျွန်တော် ကမ်းနားအိမ်သို့ပြန်ခဲ့ပြီး ပစ္စည်းများယူသည်။ ထမင်းချိုင့်အားပြန်ပေးရင်း ဒေါ်စိန်ငွေထံမှ ပုစွန်နှင့်ငါးရံ့များ တောင်းရသည်။

''အစ်ကိုလေး . . . ဒီည မအိပ်တော့ဘူလား။ ထမင်းလည်း မချက်ရတော့ဘူးလား''

''ဟုတ်တယ် ဒေါ်စိန်ငွေ၊ ဒီမှာတစ်ယောက်တည်း ညအိပ်တာကို သူငယ်ချင်းတွေက စိတ်မချကြဘူး။ ဒါကြောင့် ဒီညကစပြီး စံသိန်းတို့အိမ်မှာဘဲ သွားအိပ်ပြီး သွားစားမယ်။ ပုစွန်တုပ်နဲ့ငါးရံ့ ပေးလိုက်ပါဦး''

''ဟုတ်ကဲ့ . . . အစ်ကိုလေး။ ခဏစောင့်နော်''

ဒေါ်ငွေစိန် ပုစွန်တုပ်တစ်ပိဿာခန့်နှင့် ငါးရံ့နှစ်ပိဿာခန့် အကောင်ကြီးများကို ပေးလိုက်သည်။ ဒေါ်စိန်ငွေမှတစ်ဆင့် မချိုအား ကျွန်တော့်ကိုလာတွေ့ရန် တိုးတိုးမှာကြားလိုက်သည်။ ဒေါ်စိန်ငွေမှာ





ကိုလွင်၏လူယုံဟု သိရသောကြောင့် ဖြစ်သည်။ ဒေါ်စိန်ငွေမှာ အဖေ့လက်ထက်ကတည်းက လုပ်လာခဲ့သည်။ သစ္စာရှိသော လူဟောင်းကြီးလည်း ဖြစ်သည်။

ကုလားကြီး ။ ''လတ်လတ်ဆတ်ဆတ် ရှယ်ပဲပေါ့။ ပုစွန်တုပ်ကြီးတွေဆိုရင် စိမ်းနေတာဘဲ။ ငါးရံ့ကြီးနှစ်ကောင်က တစ်ပိဿာစီလောက်ရှိမယ်။ ပုစွန်တုပ် အစိမ်းသုပ်မယ်၊ ဆီပြန်တစ်ခွက်လည်း ချက်မယ်။ ငါးရံ့အူဟင်းနှင့် ငါးရံ့ခေါင်းကို အမြည်းအနေနဲ့ ဆီပြန်ချက်မယ်။ ကိုယ်ကြီးကိုတော့ အမွှေးနံ့သာထည့်ပြီး ရွှံ့မံပြီး မီးဖုတ်မယ်။

ထမင်းနဲ့ဟင်း ဖောဖောသီသီစားဖို့တော့ စံသိန်းက ဘဲငန်းကြီး တစ်ကောင်ပေးမယ် ဆိုတယ်။ အဲဒါကြီးကို ဆီပြန်ချက်မယ်။ ခေါင်း၊ ခြေထောက်၊ တောင်ပံ၊ အူ၊ ကလီစာတွေနဲ့ အရည်သောက်ကာလ ဟင်း ဘူးသီးနဲ့ ချက်ပေးမယ်။ ကြိုက်ကြရဲ့လားဟေ့''

အားလုံး ။ ''ကြိုက်ပါတယ် Chief Cook ကြီး''

''အေး . . . အဲဒါဆို စံသိန်းအိမ်ကို ပြန်ကြမယ်။ စံသိန်းအိမ်မှာ ပစ္စည်းတွေထားပြီး ငါက ချက်ဖို့ပြုတ်ဖို့ စီစဉ်မယ်။ မင်းမောင်နဲ့ အောင်ပန်းက လိုအပ်တာတွေဝယ်ဖို့ ဈေးသွားပေး။ စံသိန်းနဲ့စောအောင် ငါ့ကို ဝိုင်းကူလုပ်ပေး။ မင်းတို့က ညစာတင်မက နေ့လယ်စာပါ စားကြမှာမဟုတ်လား''

စံသိန်း ။ ''အေး . . . ဟုတ်တယ်ကွ၊ စောအောင်ရှိနေတော့ အားလုံး ဒီအိမ်မှာစုနေကြမှာ။ နေ့လယ်စာပါ အတူစားရတော့မှာပဲ။ အဲဒီ တော့ ကုလားကြီးက ဒိုင်ခံချက်ရမှာ။ ငါက အိမ်ရှင်ဆိုတော့ လိုအပ်တာတွေပံ့ပိုးဖို့ ဒီအိမ်မှာ ငါရှိနေမှဖြစ်မှာ။

အဲဒီတော့ စောအောင်နဲ့အောင်ပန်းက ဈေးသွား။ မင်းမောင်



www.burmeseclassic.com

www.burmeseclassic.com



ကို လက်တို့လက်တောင်းခိုင်းရအောင် အိမ်မှာထားခဲ့။ ဟုတ်ပြီလား"

မင်းမောင် ။ "အေး ... ကောင်းတော့ကောင်းတယ်။ ဒါပေမဲ့ နား ဝင်မချိုဘူး။ ငါ့ကိုများ လက်တို့လက်တောင်းခိုင်းဖို့တဲ့။ စံသိန်း ... မင်းစကားပြော ဆင်ခြင်။ ငါဒေါသထွက်လာရင် မလွယ်ဘူးနော်"

စံသိန်း ။ "နေပါဦး မင်းမောင်ရဲ့ မင်းဒေါသထွက်လာရင် ဘာ လုပ်မှာလဲ"

"အေး ... ငါဒေါသထွက်လာရင် ထင်းခွဲမယ်၊ ရေခပ်မယ်၊ အရက်ဝယ်မယ်။ ငါ့ဒေါသတွေကို အလုပ်ထဲပုံပြီး ထည့်လိုက်မှာပေါ့ စံသိန်းရာ။ ဟဲ ... ဟဲ ... ဟဲ"

"ဟဲ ... ဟဲ ... ဟဲ"

အားလုံး ဝိုင်းရယ်ကြသည်။ အပေါင်းအသင်းများဖြင့် ရယ ဝေးဝေး နေရတော့လည်း အားလုံးကိုမေ့ထားပြီး စိတ်မှာ ပျော်ရွှင်နေ မိသည်။

ကုလားကြီး ။ "ကဲ ... ဈေးသွားမယ့်အဖွဲ့ ဒီကိုလာ၊ ပဲဆီတစ်ပိဿာ နဲ့ နံနံပင်၊ ဟင်းခတ်အမွှေးကြိုင်(မဆလာ)၊ ဆား၊ နနွင်း၊ ကြက်သွန် ဖြူနီ၊ အချိုမှုန့် အကုန်ဝယ်ရမယ်။ အကင်စားချင်ရင် မီးသွေးမီးဖိုနဲ့ ကောင်းတာ။ မီးသွေးနှစ်ပိဿာလောက်လည်း ဝယ်ခဲ့ပါ။

မြန်မာငံပြာရည် တရုတ်ငံပြာရည်၊ ငရုတ်ဆီ၊ ငရုတ်သီးခြောက် နဲ့ ငရုတ်သီးစိမ်း၊ ချင်း (ဂျင်း) နည်းနည်းစီပါ ဝယ်ခဲ့ပါ။ ဒီမှာ ဈေး စာရင်းစာရွက်။ ငါရေးပေးလိုက်မယ်။ မမေ့စေနဲ့နော်။ ငါရေးပေးတာ တွေ ပြည့်စုံအောင်မဝယ်နိုင်ရင် ဈေးကို ထပ်သွားနေရဦးမယ်။ အဲ ဈေးသွားရင်လည်း စောအောင်တို့ သတိထားနော်။ ဟိုအဖွဲ့က မင်းကို ကြည်တာမဟုတ်ဘူး။ ဝိုင်းပြီး ရန်ရှာနေဦးမယ်"





ကျွန်တော် ။ "အေးပါကွာ ... မင်းသတိပေးတာ ကျေးဇူးပါပဲ။ တရားဥပဒေမရှိတဲ့ တိုင်းပြည်မှမဟုတ်ပဲ။ နေ့ခင်းကြောင်တောင်တော့ လုပ်ရဲမှာမဟုတ်ပါဘူး။ ဒါပေမဲ့ ငါတို့ သတိထားပါမယ်"

ကျွန်တော်နှင့်အောင်ပန်း ဈေးသို့ ထွက်လာခဲ့သည်။ ဈေး ဘက်ရောက်တော့ ဈေးထဲမဝင်သေးမီ တောင်ဘက်သို့ လှမ်းကြည့်မိ သည်။ ဖျာပုံထောင်ရှေ့တွင် လူအတော်များများ လှုပ်ရှားသွားလာနေ ကြသည်။ မစည်ကားအပ်သော နေရာများ စည်ကားနေခြင်း ဖြစ်သည်။ နယ်မြို့ထောင်ကလေးရှေ့တွင် ဤမျှ စည်ကားနေပါက မြို့ကြီးပြကြီး ဗဟိုထောင်ကြီးများတွင် မည်မျှလူစည်ကားနေမည်ကို ကျွန်တော်မှန်းဆ တွေးတောနေမိသည်။

အောင်ပန်း ။ "ဟော့ကောင် ... စောအောင် ဈေးရောက်ပြီလေကွာ။ ဘာငိုင်နေတာလဲ၊ ဘာစဝယ်မှာလဲ"

"ဩော် ... အေး ... အေး ... ကုန်ခြောက်တန်းဘက် သွားကြမယ်။ အဲဒီမှာ ဟင်းခတ်အမွှေးအကြိုင် စဝယ်မယ်။ ပြီးမှ ကုန်စိမ်း တန်းဘက်သွားမယ်"

မကြာပါ။ နာရီဝက်ခန့်နှင့် ကျွန်တော်တို့ ဝယ်ခြမ်းပြီးသည်။ ကုန်စိမ်းတန်းဘက်တွင် ကျွန်တော်စားလိုသော ငရုတ်သီးအချိုတောင့် ကြီးများနှင့် မှို၊ ကန်စွန်းရွက်များပင် အပိုဝယ်ခဲ့သေးသည်။ ကျွန်တော် တို့ စံသိန်းအိမ်ပြန်ရောက်တော့ ကုလားကြီးတို့ ဘဲငန်းသားပင် ချက် နေပြီ ဖြစ်သည်။ ကုလားကြီးက ဟိုတယ်မှ Chief Cook ကြီးအတိုင်း ပင်။ အစီအစဉ်တကျ ချက်ပြုတ်ရန် ဟင်းချက်စရာများအား တန်းစီ ချထားသည်။

ကုလားကြီး ။ "ငါ့ကို Order ပေးတုန်းက ကန်စွန်းရွက်နှင့် မှို၊



www.burmeseclassic.com

www.burmeseclassic.com



ငရုတ်သီးပွကြော် မပါဘူး။ မင်းတို့စားချင်ရင် မင်းတို့ဘာသာလှီးပြီး စီစဉ်ပေး။ ကြော်တာတော့ ငါကြော်ပေးမယ်"

ကျွန်တော် ။ "မင်းတို့ပဲ စားသောက်ဆိုင်ရောက်ရင် ကန်စွန်းပလိန်း။ ကန်စွန်းပလိန်း လုပ်နေတတ်လို့ ငါကစေတနာနဲ့ မှိုရော၊ ငရုတ်သီးပွပါ ဝယ်လာတာ။ စားချင်တဲ့ကောင်တွေ ဝိုင်းလုပ်ကြ"

နောက်ဆုံးတော့လည်း အကုန်ဝိုင်းလုပ်ကြပါသည်။ နေ့လယ် (၁၂)နာရီခန့်မှ ဟင်းများအားလုံး ကျက်သည်။ ကုလားကြီးက စည်းကမ်းစနစ်ကျလှသည်။ ချက်ပြီးသားဟင်းများထဲမှ သုံးပုံတစ်ပုံသာ ထမင်းစားရန် ထည့်ပေးသည်။

ကုလားကြီး ။ "ကဲ ... အားရပါးရ စည်းကမ်းနဲ့စားကြ။ ကျန်တာတွေက ညနေကျ အရက်နှင့်မြည်းဖို့နဲ့ ညစာထမင်းစားဖို့ ချန်ထားတယ်။ ငါးရံ့မီးဖုတ်နဲ့ ဘဲကင်ကို ညဝိုင်းလုပ်ခါနီးမှ အမြိလုပ်ပေးမယ်။ အဲဒါတွေက ပူပူနွေးနွေး စားမှကောင်းတာ"

ကျွန်တော်တို့ အားပါးတရစားနေကြစဉ် မမျှော်လင့်ဘဲ ကိုလွင်နှင့်မချိုတို့ မောင်နှမ ရောက်လာကြသည်။

ကိုလွင် ။ "ဟာ ... ညီလေးတို့၊ ထမင်းဝိုင်းက တယ်စည်ကားပါလား။ ဟင်းတွေလည်း စုံနေတာပဲ။ ကုလားကြီးလက်ရာ ထင်တယ်"

ကျွန်တော် ။ "ဟာ ... လာပါ ကိုလွင်။ မချိုလည်း လာပါ။ မင်းမောင် ... ထမင်းနှစ်ပွဲလောက် ထည့်းကွာ"

"မလုပ်ပါနဲ့ ညီလေး။ ငါတို့ စားပြီးပါပြီ။ မင်းနဲ့တွေ့ချင်လို့လာတာပါ"

"ကိုလွင် စားပြီးမှ စကားပြောကြမယ်။ အခုတော့ ကိုလွင်ကော မချိုပါ ထမင်းဝင်စားပါ။ စားပြီးလည်း ထပ်စားပါ။ ကုလားကြီး





လက်ရာက စားရခဲပါတယ်"

"အေး ... အေး ... ညီလေးရေ"

ကုလားကြီးက အလိုက်တသိ ဟင်းများ ထပ်ထည့်ပေးသည်။ ညီသည်များမှာ စားပြီးပြီဆိုသော်လည်း အတော်စားနိုင်ကြသည်။ ကျွန်တော်တို့ လက်ဆုံမစားဖြစ်ကြသည်မှာလည်း အတော်ကြာပေပြီ။

စားပြီး၍ ရေနွေးကြမ်းဝိုင်းထိုင်ကြရာ စံသိန်းတို့အုပ်စုက ကွမ်းရာဝယ်သလိုလို၊ ဆေးလိပ်ဝယ်သလိုလိုဖြင့် ရှောင်ပေးကြသည်။ ကုလားကြီးနှင့်အောင်ပန်းသာ စားသောက်ပြီးပန်းကန်များ ဆေးကြောခြင်း နားစွင့်နေသည်။

ကျွန်တော် ။ "မချို ... နေကောင်းရဲ့လား"

"နေကောင်းပါတယ်ကွယ်။ စိတ်သာ မကောင်းတာပါ"

"ကိုလွင်နဲ့ ကျွန်တော် တိုင်ပင်ပြီးပြီ။ ကျွန်တော် (၂ ရက် ၃ ရက်) ကြာရင် ရန်ကုန်ပြန်မယ်။ မချိုလိုက်ခဲ့ပါ။ အဖေကလည်း ချိုကိုအပါခေါ်ခဲ့ဖို့ ကျွန်တော့်ကို မှာလိုက်တယ်။ ကိုလွင်ပြောပြထားလို့ သိပြီးထင်ပါတယ်"

"အေးကွယ် ... သိပြီးပါပြီ။ အဲဒါကြောင့် လာခဲ့တာပါ။ နှစ်ရက်၊ သုံးရက်ကြာဆိုတော့ ဖိန်းနွဲ့ခါလောက်ဖြစ်မှာပေါ့။ ဒီနေ့ တနလာဆိုတော့ မနက်ဖြန် အင်္ဂါ၊ သန်ဘက်ခါ ဗုဒ္ဓဟူး ဖိန်းနွဲ့ခါ ကြာသပတေးနေ့ပေါ့နော်။ ပြဿဒါးမှ လွတ်ရဲ့လားမသိဘူး"

"မချိုကလည်းဗျာ ... မင်းတို့ထွက် ရက်ရာဇာ' ဆိုတဲ့စကားတောင် ရှိသေး။ ခရီးသွားတာပဲ ရက်ရွေးနေရသေးတယ်။ လူတွေအားလုံးကိုစွရှိရင် ခရီးသွားရတာပဲ မဟုတ်လား။ အစွဲအလမ်း မထားပါနဲ့ဗျာ။ 'သွားပါများ ခရီးရောက်' ဆိုတဲ့စကားတောင် ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်စောအောင်ရယ် . . . ဒီနှစ်ထဲမှာ အစ်မတို့က ကံမှိုင်နေတာကွယ်။ အစ်မရဲ့ပြဿနာတော့ မင်းသိပြီးသား မပြောတော့ဘူး။ ကိုလွင်ဆိုရင် ပဲတွေနှမ်းတွေရှုံးလို့ ဒီနှစ် အတော်ထိသွားတယ်"

"ကဲ . . . ထားပါတော့။ မချို ရန်ကုန်လိုက်မှာ မဟုတ်လား။ လိုက်မယ်ဆိုရင်တော့ ကြာသပတေးနေ့ မနက်(၇)နာရီလောက် ဒီ စံသိန်းအိမ်ကို အရောက်လာခဲ့ပါ။ အဝတ်အစားလောက်ပဲ ယူလာခဲ့။ ကျန်တာဘာမှမယူလာခဲ့နဲ့။ အဝတ်အစားတောင် နည်းနည်းပဲယူခဲ့ပါ။ ဟိုကျမှ မချိုစိတ်တိုင်းကျ ဝယ်ပေးမယ်"

"အေးပါ . . . မောင်လေးရယ်၊ အေးပါ။ ဒါဆို အစ်မတို့ပြန်တော့မယ်။ ကြာသပတေးနေ့မှ စောစောလာခဲ့မယ်"

ကျွန်တော်တို့ စကားပြောနေစဉ် ကိုလွင်က စကားတစ်လုံးမှ ဝင်မပြောပါ။ မချိုက ကျွန်တော့်ထက် နှစ်နှစ်ခန့်သာပိုကြီးသဖြင့် ကျွန်တော်က အစ်မဟုမခေါ်၊ မချိုဟုသာ ခေါ်သည်။ မချိုကတော့ ကျွန်တော့်အား မောင်လေးဟုခေါ်သည်။ နည်းလှသော မိသားစုအတွင်း မချို ဝင်ရောက်လာမည်ဖြစ်၍ ကျွန်တော် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိသည်။ ပြန်ခါနီးမှ ကိုလွင်ကနှုတ်ဆက်ရင်း စကားပြောတော့သည်။

"ညီလေး . . . အစ်ကိုတို့ပြန်မယ်။ ဖိန်းနွဲ့ခါမနက် ညီမလေးကို အစ်ကိုလာပို့ပေးမယ်။ ကိုယ့်တာဝန်ကိုယ်ထမ်းပါ ညီလေး။ မနိုင်တာဝန်ကို မထမ်းနဲ့။ သူ့စည်းကိုယ့်စည်း လုံပါစေ"

ကျွန်တော်တို့နှစ်ဦးသာ နားလည်သော မြန်မာစကားဖြစ်သည်။ ဘေးလူကြားလျှင် သဘောပေါက်နားလည်မည် မဟုတ်ပါ။ မချိုကတော့ နားမလည်ရှာဘဲ လက်ပြနှုတ်ဆက်၍သာ ပြန်သွားရှာပါသည်။

မချိုတို့နှုတ်ဆက်ပြီး ပြန်သွားကြမှ ငယ်ပေါင်းများ အလျှို

---

စိတ်ကူးသစ်စာပေ



အလျှို ပြန်ရောက်လာကြသည်။

မင်းမောင် ။ "ယောက်ဖရယ် . . . မချိုက အတော်လှသေးတာပဲ။ ဒီမိန်းမကောင်ကြီး ဘာအကြံနဲ့ ကန်ထုတ်လိုက်တာလဲ မသိဘူး။ ကိုမောင်လွင်ကတော့ အခုကျေးမှာ ဟုတ်ဘူးနော်။ သူကလည်း လူပျိုကြီးတစ်ယောက်ယ်တည်း။ ညီမသံယောဇဉ်ပဲရှိတာ"

ကျွန်တော် ။ "မင်းမောင် . . . တော်တော့၊ ဒါ သူတို့ကိစ္စ။ မင်းတားမများနဲ့တော့။ အပေါက်ကို ပိတ်ထား"

မင်းမောင် ။ "စောအောင်ကလဲကွာ၊ ဒါလေးပြောတာနဲ့ စိတ်ဆိုးရသလား။ ငါက သဘာဝကျကျတွေးခေါ်ပြီး ပြောတာပါကွာ"

သိန်း ။ "ကဲ . . . တော်ကြပါတော့။ မင်းမောင်ကလည်း မင်းမောင်ပဲ သူတို့ပြဿနာဖြစ်နေကြတာကို သွားဆွမပေးပါနဲ့။ ဒီကိစ္စနဲ့ဆက်သက်ပြီး နောက်ကို မနောက်ပြောင်ကြနဲ့တော့။ ငယ်ပေါင်းတွေဝမ်းကွဲကုန်လိမ့်မယ်။ ကဲ . . . မင်းတို့တွေ သွားစရာရှိရင်လည်း သွားကြ၊ အိပ်ချင်ရင်လည်း အိပ်ကြ။ ငါကတော့ ငြီးငွေ့သည်ဝန်းပြပြီး မင်းတွေကို ပိုင်းသမကြလို့ ဟင်းတစ်ဝက်ပဲရှိတော့တယ်။ ညနေ လောက်မှမဟုတ်ဘူး။ အမြည်းအတွက်ပဲ တစ်ကောင်လောက် ထပ်ပြီးကင်ဖို့လုပ်ဦးမယ်။ ညကျတော့ ဒီမှာစား၊ ဒီမှာအားလုံး အိပ်ကြကွာ"

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

□

ကိုလွင်နှင့် မချိုတို့အကြောင်း စဉ်းစားမိရင်း ကျွန်တော့်စိတ်များ လွင့်ပျံ့နေမိသည်။ မင်းမောင်နှင့်အောင်ပန်းက အရက်ဝယ်ရန် ထွက်သွားကြသည်။ ကုလားကြီးနှင့်စံသိန်းက ဘဲတစ်ကောင်ဖမ်း၍ ဆေးနွေးပြော၊ အမွေးနုတ်နေကြသည်။ ကျွန်တော် စံသိန်းတို့အိမ်အောက်ထပ် ခုတင်ကြီးပေါ်၌ ခြေတွဲလွဲရင်း နဖူးပေါ်လက်တင်၍ စဉ်းစားခန်းဝင်နေမိသည်။

မျက်နှာလွှဲ ဦးတင်သိန်းအား ကျွန်တော် မသတ်လျှင်လည်း ကိုလွင်ကသတ်မှာ ကေန်အမှန် ဖြစ်သည်။ ကျွန်တော့်လက်ဖြင့် သတ်စရာပင် မလိုပေ။ သို့သော် ကျွန်တော်တို့၏အကျိုးစီးပွားကို ဖျက်ဆီးသူအား ကျွန်တော်ကိုယ်တိုင်လည်း ဆုံးမချင်ပါသေးသည်။





ထို့ကြောင့်ပင် တရားဥပဒေ၏ ပျော့ကွက်၊ ဟာကွက်များကို စဉ်းစားရင်း ငေးမောတွေးတောနေမိသည်။ ထိုစဉ် ကျောင်းသားလေး၏ သစ်သီးခြံမန်နေဂျာအား သတ်သည့် Revenge is sweet like the honey ဇာတ်ကားကို ကျွန်တော်၏ အတွေးကမ္ဘာထဲတွင် ပုံရိပ်ထင်၍ တရေးရေး ပြန်လည်မြင်ယောင်နေမိတော့သည်။

လူသတ်ရာတွင် လက်သည်မပေါ်အောင် ပိရိသေသပ်ရမည်။ သက်သေခံပစ္စည်း မကျန်ခဲ့စေရ။ 'အလီဘိုင်'ခေါ် အထောက်အထား သက်သေ ကိုယ့်ဘက်က ခိုင်လုံဖို့အရေးကြီးသည်။ စဉ်းစားရင်းစဉ်းစားရင်း ဆုံးဖြတ်ချက်တစ်ခုကိုချပြီး ကျွန်တော် ရုတ်တရက် အိပ်ပျော်သွားပါသည်။

အိပ်ပျော်ခြင်းသည် တဒင်္ဂမေ့လျော့ခြင်း၊ ခန္ဓာကိုယ်အား အနားပေးခြင်းဖြစ်သော်လည်း ကျွန်တော်၏အတွေးများမှာ အိပ်မက်ထဲအထိ ပါလာသည်။ မျက်နှာလွှဲဦးတင်သိန်းအား ကျွန်တော် သွားရောက်သတ်သောအချိန်တွင် ကျွန်တော့်ထက်ဦးသူက သတ်နှင့်ပြီးဖြစ်နေသည်။ သတ်သူအား မတွေ့ရ။ ကိုလွင်ပင် ဖြစ်မည်ထင်သည်။ ကျွန်တော် ကျေနပ်။ ကျွန်တော်၏လက်ဖြင့် လက်စားမချေရ၍ ဖြစ်သည်။

ကျွန်တော့်တွင်ပါလာသော အသွား(၆")လက်မခန့်ရှိသည့် ဓားမြှောင်ဖြင့် သေဆုံးနေသူ ဦးတင်သိန်း၏နှလုံးသားရှိရာ လက်ဝဲရင်အုံသို့ ကျွန်တော် စိတ်လိုက်မာန်ပါ အချက်ပေါင်းများစွာ ထိုးစိုက်နေမိသည်။ သွေးများမှာ ပန်းမထွက်သော်လည်း ကျွန်တော့်လက်တစ်ခုလုံး ရွှဲရွဲစိုနေသည်။ ကျွန်တော် အားရကျေနပ်စွာ ဓားမြှောင်တွင်ပေကျံနေသော သွေးများကို ဦးတင်သိန်း၏အင်္ကျီတွင် သုတ်လိမ်းနေစဉ် ... စံသိန်း ။ "စောအောင် ... ထ ... ထ၊ ညနေစောင်းနေပြီ၊ ဒီမှာ



www.burmeseclassic.com

လည်း လူစုံနေပြီ''

''ဟင်''

ကျွန်တော် ရုတ်တရက် အိပ်မက်ကမ္ဘာမှ ပစ္စုပ္ပန်လောကကြီး ထဲသို့ ပြန်လည်ဝင်ရောက်လာသည်။

''အေးကွာ . . . ငါညက အိပ်ရာဝင်နောက်ကျလို့လား မသိဘူး၊ အိပ်ပျော်သွားပြီး အိပ်မက်ဆိုးတွေတောင် မက်နေတာ''

စံသိန်း ။ ''ဘာအိပ်မက်ဆိုးတွေ မက်နေတာလဲ သူငယ်ချင်း။ ဦးတင်သိန်းနဲ့ ပတ်သက်နေတာပဲ မဟုတ်လား''

''အေး . . . ဟုတ်တယ်၊ ထားပါတော့ကွာ။ အိပ်မက်ဆိုတာ တကယ့်အဖြစ်အပျက်မှ မဟုတ်တာ။ စိတ်စွဲရာ မက်တာနေမှာပါ''

''ကဲ . . . မျက်နှာသစ်၊ ရေချိုးတော့ သူငယ်ချင်း။ မိုးချုပ်တော့မယ်''

ကျွန်တော် အိပ်ရာကထ၍ ရေချိုးသည်။ မျက်နှာသစ်သည်။ ပြီးနောက် အဝတ်အစားလဲပြီး ထွက်လာတော့ ကုလားကြီးတို့ဝိုင်းက အဆင်သင့် ဖြစ်နေသည်။

*စံသိန်း ။ ''လာဟေ့ . . . စောအောင်၊ ဒီမှာ အားလုံးစောင့်နေကြတာ။ ကုလားကြီးလက်ရာတွေကလည်း အပျံစား ဟိုတယ်လက်ရာ အတိုင်းပဲ။ ဒီညတစ်ညလုံး မိုးလင်းအောင်သောက်ကြမှာ။ လာဟေ့''*

''အေး . . . အေး . . . လာပြီ''

ကုလားကြီးလက်ရာ အမြည်းများကလည်း ကောင်းလှသည်။ ငါးရံ့မီးဖုတ်၊ ပုစွန်တုပ်ကင်နှင့် ဘဲကင်ဖြစ်သည်။ အိမ်မွေးဘဲဖြစ်၍ လည်းကောင်း၊ ဆောင်းကာလဖြစ်၍လည်းကောင်း ဘဲကြီးမှာ ဆီတစ်ရွှဲရွှဲ နှင့် တစ်ပိဿာကျော်ပေမည်။ အရသာကလည်း ကောင်းလှသည်။





ဘီယာနှင့် ဘီအီးရောထားသော ယမကာကလည်း အဝင် ကောင်းသည်။ ဆက်ရက်မင်းစည်းစိမ်ခံရင်း ကျွန်တော်တို့ သောက်ကြ သည်။ နောက်ပိုင်းတွင် ကုလားကြီးက ညစာစားရန်ချက်ထားသော နက်က ဟင်းများကိုလည်း တစ်ပွဲပြီးတစ်ပွဲ ချပေးသည်။ ညစာထမင်း စားနိုင်ကြတော့မှန်း သူသိ၍ ဖြစ်သည်။

ည(၉)နာရီခန့်တွင် လုရွှေမူးပြီး မှောက်သွားသည်။ ကျွန်တော် တို့တွဲ၍ အိပ်ရာပေါ်သို့ တင်ပေးရသည်။ ထိုအချိန်တွင် ကျွန်တော်လည်း နေရာယောင်မူးချင်ဟန်ဆောင်ပြီး စံသိန်းတို့အိမ်အောက်ထပ် ခုတင်ပေါ် တွင် စောင်ခြုံ၍ အိပ်လိုက်ကြသည်။ ကုလားကြီး၊ စံသိန်း၊ မင်းမောင် နှင့် အောင်ပန်းတို့ကတော့ တစ်ညလုံးသောက်မည့်ပုံဖော်။ ဆက်သောက် ရင်း စကားပြောနေကြသည်။

ယနေ့ည လကွယ်ည ဖြစ်သည်။ အကြံအစည်ရှိသူများ ည အမှောင်ကို အကာအကွယ်ယူ၍ လှုပ်ရှားရန် အခွင့်ကောင်းအချိန်အခါ ဖြစ်သည်။ ကျွန်တော်၏စိတ်ထဲ ညကအိပ်မက် ဖျတ်ခနဲရောက်ရှိလာ ပြီး စိတ်ကူးတစ်မျိုး ပေါက်လာသည်။

*ဤလိုညမျိုးတွင် ကျွန်တော်လှုပ်ရှားပါက ကျွန်တော့်ဘက်က ဆက်သေ(အလီဘိုင်) စံသိန်းတို့တစ်အုပ်စုလုံး ရှိသည်။ အခြေအနေ* ကောင်းပါက နာရီဝက်အတွင်း ပိရိသေသပ်စွာ အလုပ်ပြီးနိုင်သည်။ စံသိန်းတို့အိမ်နှင့် ကျွန်တော်တို့ ကမ်းနားအိမ်ကို (၁၀)မိနစ်ဖြင့် ရောက် နိုင်သည်။ အလုပ်လုပ်ချိန် (၁၀) မိနစ်၊ အပြန်(၁၀)မိနစ်၊ မိနစ်(၃၀) ဖြင့် ကိစ္စပြတ်နိုင်ပေသည်။

ကျွန်တော် အတွေးပွားနေစဉ် ကျောင်းသားလေး၏ လူသတ် ဓာတ်ကားက ကျွန်တော့်အတွေးအာရုံထဲ ပြေးဝင်လာပြန်သည်။ အစိမ်းဖန်

www.burmeseclassic.com



အစ်မ မချို၏သိမ်ငယ် မူနွေးဝမ်းနည်းနေသော မျက်နှာ၊ ကိုလှ တင်းမာနေသော မျက်နှာ၊ ကျွန်တော် တတိယအာရုံရှုနေပြီး ဆုံးဖြ ချက်တစ်ခုကို ရုတ်ခြည်း ချလိုက်မိတော့သည်။ ယနေ့ည လကွယ်ည ကျွန်တော် ဦးတင်သိန်းအား လုပ်ကြံမည်။

ကျွန်တော့်တွင် အသင့်ဆောင်ထားသော အသားကပ် လ အိတ်တစ်စုံ၊ (၆")လက်မအရှည် နှစ်ဖက်သွား ဓားမြှောင်တစ်ချော အနက်ရောင်အပါးစား မိုးကာဂျာကင်တစ်ခု၊ ခေါင်းစွပ်လည်း ပါသ ဖိနပ်ကတော့ ကင်းဘတ်အနက်ရောင် ဖိနပ်ပျော့တစ်ရန်နှင့် လက် ဓာတ်မီး အသေးစားလေးတစ်ခုအား အပြင်ထုတ်ထားလိုက်သည်။

ည(၁၀)နာရီခန့်အချိန်တွင် ကျွန်တော် အိမ်အနောက်ဘ တံခါးအားဖွင့်ထားပြီး ကျွန်တော်အိပ်သည့်နေရာအားလည်း ခေါင်း နှင့် စောင်များခု၍ လူအိပ်နေသည့်ပုံစံလုပ်ကာ စောင်ခြုံထားလို သည်။ စံသိန်းနှင့် ကုလားကြီးတို့အဖွဲ့မှာတော့ ဆက်ရက်မင်းစည်း ခံ၍ ဖိမ်ယူနေကြတုန်းပင် ဖြစ်သည်။

အခြေအနေအေးဆေးသည်နှင့် ကျွန်တော် ဂျာကင်အနက် အပေါ်မှထပ်ဝတ်၍ ကင်းဘတ်အနက်ရောင်ကို ပြောင်းစီးသည်။ လ အိတ်အပါးစားကိုတော့ ဂျာကင်အင်္ကျီအိတ်ထဲ ထည့်ထားလိုက်သည် ဓားမြှောင်ကိုခါးထိုးပြီး လက်နှိပ်ဓာတ်မီးကလေးကိုကိုင်ကာ ဖွင့်ထ သည့် တံခါးမှထွက်၍ တံခါးအားပြန်စေ့ပြီး အိမ်အနောက် အိမ် အနီးမှကပ်၍ ထွက်ခဲ့သည်။

စံသိန်းတို့ အိမ်ခြံစည်းရိုးမှာ သံဆူးကြိုးမဟုတ်ဘဲ ကြခတ် များအား စည်းရိုးအဖြစ် စိုက်ထားခြင်းဖြစ်ရာ ခွေးတိုးပေါက်မှ ငုံ့ထ ခြံအပြင်သို့ ထွက်ခဲ့တော့သည်။ ထို့နောက် နောက်ဖေးလမ်းကြားမှ အ





ထွက်ကာ လမ်းမကြီးပေါ်သို့ ပြန်တက်ခဲ့သည်။ ည (၁၀) နာရီကျော်ပြီ ဖြစ်၍ တောမြို့ထုံးစံအတိုင်း လူအသွားအလာ ကျဲသွားသည်။ တစ်ခါ တစ်ရံ အပြင်းမောင်းသွားသော ဆိုင်ကယ်များ တစ်စီးစ၊ နှစ်စီးစသာ တွေ့မြင်ရသည်။

လမ်းမီးရောင်ကလည်း ကျိုးတိုးကျဲတဲ၊ မှောင်မှောင်ဖြစ်၍ အမှောင်ကြိုက်သော ကျွန်တော့်အလုပ်အတွက် အဆင်ပြေလှပေသည်။ ကျွန်တော်၏ တွက်ကိန်းအတိုင်း(၁၀)မိနစ်ဖြင့် ကျွန်တော်တို့ ကမ်းနား ရှိထဲသို့ ရောက်သည်။ ကျွန်တော်တို့ခြံကြီးက မှောင်မည်းနေသည်။ ကျွန်တော်တို့အိမ်ကြီးကလည်း ချောက်ချားစရာမှောင် မည်းနေသည်။ မျက်နှာလွှဲ ဦးတင်သိန်းအိမ်လည်း မှောင်နေသည်။

ရေလုပ်ငန်း အလုပ်ရုံဘက်တွင်တော့ မီးတစ်ပွင့်ထွန်းထား သည်။ သို့သော် ခပ်မှိန်မှိန်ပင်။ လူရိပ်လူယောင်ကိုပင် မမြင်ရ။ စကား ပြောသံလည်း မကြားရ။ မျက်နှာလွှဲဦးတင်သိန်း၏ တပည့်များ ဘယ် ရောက်နေသည် မသိ။ ဦးတင်သိန်းရော ရှိပါ့မလား။ ကျွန်တော် စိုးရိမ် သွားမိသည်။

ကျွန်တော် ဦးတင်သိန်း၏အိမ်အနောက်သို့ ပြေးကပ်လိုက် သည်။ နှစ်ပေါင်းများစွာ လက်တွဲလုပ်လာသဖြင့် ဦးတင်သိန်း၏အလေ့ အကျင့်နှင့် အိမ်အနေအထားကို ကျွန်တော် ကောင်းစွာသိသည်။ အခန်း ဖွဲ့စည်းပုံကိုလည်း ကျွမ်းဝင်သည်။

မျက်နှာလွှဲ ဦးတင်သိန်းအိမ်အတွင်း ကျွန်တော် မျက်စိမှိတ်၍ ပင် သွားတတ်သည်။ ဦးတင်သိန်း နယ်မထွက်လျှင် သူ့အိမ်ကိုတော့ ဘယ်လောက်မူးမူး ပြန်အိပ်တတ်သည်။ သူ့တပည့်များက သူ့အိမ်ရှေ့ တင်းရုံနှင့် အိမ်အောက်ထပ်ခုတင်တွင် အိပ်တတ်သည်။ ကင်းရုံတွင်

www.burmeseclassic.com



အရိပ်အယောင် မတွေ့ရ။ အိမ်အောက်ထပ်တွင် စုပေါင်းအိပ်ဟန်တူသည်။ သို့မဟုတ် ကိုယ်ယောင်ဖျောက်ပြီး ကျွန်တော့်အား အကွက်ဆင်ထားသည့် ထောင်ချောက်များလားမသိ။

တကယ်ဆိုလျှင် ကျွန်တော့်လက်စားချေလိုခြင်းအတွက် ကိုလွင်နှင့် ပူးပေါင်းသင့်သည်။ သို့သော် ကိုလွင်ကလည်း ကျွန်တော်ပါဝင်သည်ကို လက်ခံမည်မဟုတ်။ မထူးတော့ပါ။ ယောက်ျားဖြစ်လျက် ဆုံးဖြတ်ပြီးသား အလုပ်တစ်ခုကို တုံးတိုက်တိုက် ကျားကိုက်ကိုက် ပြီးဆုံးအောင် လုပ်ရပေတော့မည်။

ကျွန်တော် နောက်ဖေးတံခါးကို အသာတွန်းကြည့်သည်။ လက်ထဲ၌လည်း လက်ဦးမှုရစေရန် ဓားမြှောင်ကို အသင့်အနေအထား ဆုပ်ကိုင်ထားသည်။ ဓာတ်မီးကို မသုံးပါ။ လက်အိတ်အပါးစားကလေးကိုတော့ စွပ်ထားပြီး မိုးကာခေါင်းစွပ်ကိုလည်း ဆောင်းထားလိုက်သည်။ ညဘက် ရုတ်တရက် တစ်စုံတစ်ယောက်မြင်လျှင် မမှတ်မိစေရန်ဖြစ်သည်။

တံခါးက အတွင်းက ချက်ထိုးမထား။ အလွယ်ပွင့်သွားသည်။ ထောင်ချောက်ဆင်ထားခြင်း ဖြစ်နိုင်၍ လက်နှိပ်ဓာတ်မီးကလေးဖြင့် အသာထိုးကြည့်သည်။ အခြေအနေကောင်း၍ တံခါးအတွင်း အမြန်ဝင်လိုက်ပြီး တံခါးအားကျောကပ်၍ အသာစောင့်နေလိုက်သည်။ ဘာသံမှ မကြားရ။

အိမ်ရှေ့ဧည့်ခန်းဘက်သို့ တစ်လှမ်းချင်း လျှောက်ခဲ့သည်။ အိမ်အောက်ဧည့်ခန်း ခုတင်ပေါ်တွင် လူတစ်ယောက်မျှမရှိပါ။ အခြေအနေက ထူးခြားနေသည်။ ထိုအချိန်တွင် အိမ်အပေါ်ထပ်မှ ဦးတင်သိန်း၏ ဟောက်သံကြီးကို တခေါ်ခေါ် ကြားရတော့သည်။





"ခေါ . . . ခေါ . . . ခေါ . . . ခေါ"

ကျွန်တော် သတိဝီရိယ အသီးပြီး အပေါ်ထပ်တက်သည့် လှေကားအား တထစ်ချင်းနင်း၍ တဖြည်းဖြည်း တက်လာခဲ့သည်။ ဦးတင်သိန်း၏ ကျယ်လောင်စွာဟောက်နေသည့် အသံကြီးမှလွဲ၍ အခြားအသံ ဘာသံမျှ မကြားရပါ။ ကျွန်တော် အပေါ်ထပ်ဧည့်ခန်းရောက်တော့ ဧည့်ခန်း စက်တီစားပွဲပေါ်တွင် စားကြွင်းစားကျန်များနှင့် အရက်ပုလင်းဖန်ခွက်၊ ရေပုလင်းဖြင့် ပြည့်နေသည်။

ခန်းဆီးကန့်လန့်ကာ ကာထားသော အိပ်ခန်းအတွင်းမှ ဦးတင်သိန်း၏ဟောက်သံကြီးက အဆက်မပြတ် မြည်ဟိန်းနေသည်။ အိမ်အပေါ်ထပ်၌လည်း ဦးတင်သိန်းမှလွဲ၍ တပည့်လက်ပါးစေများ တစ်ယောက်မျှ ရှိဟန်မတူ။ အလွန်ကောင်းမွန်သည့် မဟာအခွင့်အရေးကြီး ဖြစ်ပေသည်။

ကျွန်တော်သေချာစေရန် လက်နှိပ်ဓာတ်မီးလေးကို အုပ်ထိုး၍ အိပ်ခန်းတွင်း ဝင်ရန်အလုပ်တွင် ခန်းဆီးကန့်လန့်ကာ ဘေးစကလေး လှပ်သွားသည်။ ကျွန်တော် အနံ့ရာယ်အနံ့ ကို ရလိုက်သည်။ ရင်ထဲမှလည်း အချက်ပေးခေါင်းလောင်းတီးသလို တဒိန်းဒိန်း ဆူညံသွားသည်။

ထို့ကြောင့်လည်း ဧည့်ခန်းထောင့်အား ကပ်၍ ဓားမြှောင်အား အဆင့်ပြင်ထားမိစဉ် လက်နှိပ်မီးရောင်တစ်ချက် ကျွန်တော့်မျက်နှာပေါ်သို့ ဝင်းခနဲ ကျရောက်လာသဖြင့် ကျွန်တော် မျက်နှာအား လက်ဝါးဖြင့် ကာလိုက်မိသည်။

"ညီလေး စောအောင် . . . မိုက်လိုက်တာကွာ။ အစ်ကိုလုပ်ပါ့မယ်ဆိုတာကို နားမထောင်ဘူး။ ကံကောင်းလို့ကွာ။ မင်း ကန့်လန့်ကာကို ဖယ်ဝင်လာရင်တော့ ငါက တခြားသူမှတ်ပြီး ဓားနဲ့ထိုးလောက်မှာ။



www.burmeseclassic.com

www.burmeseclassic.com



ပြန်တော့ . . . ပြန်တော့ ညီလေး၊ အစ်ကို ဆက်လုပ်လိုက်မယ်''

တော်ပါသေးသည်။ ကျွန်တော်၏အစ်ကိုဝမ်းကွဲ ကိုလွင်၏အသံ ဖြစ်သည်။ တခြားသူသာဆိုလျှင်တော့ ကျွန်တော် ပြေးပေါက်မရှိ။ ငါးယံ မှောက်ပေတော့မည်။ ကျွန်တော် အားတက်သွားသဖြင့် . . .

''အစ်ကိုလွင်ပဲ ပြန်ပါ။ ကျွန်တော်ပဲ ဆက်လုပ်လိုက်မယ် ကိစ္စအားလုံးကို ကျွန်တော် ပိပိရိရိ စီစဉ်ထားပြီးပြီ''

''မဟုတ်တာ ညီလေးရာ၊ အစ်ကိုက တင်သိန်းတပည့်တွေ ဒေါ်စိန်ငွေနဲ့ပေါင်းပြီး ညစာဟင်းထဲမှာ အိပ်ဆေးခတ်ထားလို့ အစောင့် တဲထဲမှာ အားလုံးမှောက်နေကြပြီ။ မင်း မမြင်ခဲ့ဘူးထင်တယ်။ ဒီအခွင့် အရေးကို အစ်ကိုကြံနေခဲ့တာ ကြာပြီ။ ဒီနေ့ညမှ အဆင်ပြေတော့ တာ။ ညီလေး . . . မင်း အေးအေးဆေးဆေးပြန်တော့။ အစ်ကိုလွင် ရှင်းလိုက်တော့မယ်''

''လာပြီးမှ မထူးတော့ဘူး အစ်ကိုလွင်။ ကျွန်တော်လည်း လက်စားချေရမှ ဖြစ်မယ်။ ဒီလူယုတ်မာကြီးကို ကျွန်တော်လက်နဲ့ လက်စားချေချင်တာပါ''

''မမိုက်ချင်စမ်းနဲ့ ညီလေး။ မင်းကို အစ်ကိုပြောခဲ့သားပဲ မင်းက ငယ်ပါသေးတယ်။ ဥပဒေကြောင်းအရပဲလုပ်ပါလို့ ပြောခဲ့တာ ကို နားထောင်ပါ ညီလေးရာ''

ထိုစဉ်တွင် ကျွန်တော်တို့၏ စကားသံကြောင့်ပဲ ထင်ပါသည်။ ဦးတင်သိန်း၏ဟောက်သံကြီး ရပ်သွားသည်။ အစ်ကိုလွင် အိပ်ခန်းထဲ ပြေးဝင်သွားသလို ကျွန်တော်လည်း အိပ်ခန်းထဲ ပြေးဝင်လိုက်သည်။ ခုတင်ပေါ်တွင် အိပ်ပျော်နေသော ဦးတင်သိန်းအား ကိုလွင်က ဓားနှင့် ထိုးသလို ကျွန်တော်ကလည်း ဦးတင်သိန်း၏ လက်ဝဲဘက်ရင်အုံအား





နှင်းဆ၍ ဓားဖြင့်အဆုံးတစ်ချက်တည်း ထိုးထည့်လိုက်သည်။

''အူး . . . အား . . . အား . . . အင်း . . . ဟင်း''

''ကဲ . . . ညီလေး ပြေးတော့။ အစ်ကိုလည်း လစ်တော့မယ်။ ဟန်မပျက်သာ နေပေရော့။ မင်းက လူငယ်၊ တက္ကသိုလ်ကျောင်းသား၊ ခံစရာရှိရင် အစ်ကိုပဲခံမယ်''

''ကိုလွင်လည်း ရှောင်နေနော်။ သက်သေတွေဘာတွေလည်း လုပ်ထားဦး။ ကိုယ်ဘက်ကရပ်မယ့်သက်သေ ရှာထား။ ဦးတင်သိန်းက လူမုန်းများတော့ ရဲတွေ ရှုတ်တရက်တော့ တရားခံဖော်လို့ရမှာမဟုတ် ဘူး။ ကျွန်တော့်ကတော့ အလီဘိုင်ထွက်ဆိုမယ့်သက်သေတွေ အများ ကြီးပဲ။ ကျွန်တော်နိုင်အောင် လုပ်ထားတယ်။ ကျွန်တော်နဲ့ လူသိရှင် ကြား စကားများထားတော့ မနက်ဖြန်ရဲတွေ ကျွန်တော့်ဆီလာမှာတော့ အသေအချာပဲ။ ကိုလွင် ရဲစခန်းမှာတော့ သွားဝင်မခံနဲ့ဖနော်''

''အေးပါ . . . ညီလေးရာ။ အစ်ကို့မှာ ပဲဝယ်၊ နမ်းဝယ်ရင်း အပြင်ထွက်နေရတာ။ နေ့လယ်ပိုင်းကတည်းက သင်္ဘောဆိပ်ဆင်း၊ အထွက်ပြပြီး ပြန်ဝင်ခိုလာတာ။ အစ်ကို့ဘက်ကလည်း သက်သေတွေ အနိုင်အမာ လုပ်ထားပါတယ်။ မင်းကိုသာ အစ်ကိုစိုးရိမ်တာ။ မင်းက ဥပဒေအကြောင်း နားလည်သူပဲ။ အရှောင်အတိမ်းတော့ တတ်မှာပါ။

ကဲ . . . အစ်ကိုလစ်ပြီ။ ညီလေးလည်း ဟန်မပျက်ပြန်လေ တော့။ လမ်းမှာ တစ်ဦးတစ်ယောက်နဲ့မှ မတွေ့ရင် အကောင်းဆုံးပဲ။ အစ်ကိုက ညီလေးတို့ခြံအနောက်ဘက် ညောင်ပင်ကြီးအောက်မှာ လှေ တလေး ထားခဲ့တယ်။ မှောင်ရိပ်ခိုပြီး အိမ်ပြန်၊ မနက်အစောကြီး ကြုံရာ သင်္ဘောနဲ့ မအူပင်ဘက်သွားမယ်။ အခြေအနေအေးမှ ပြန်လာမယ်။ မင်းရန်ကုန်ပြန်ရင်တော့ မင်းအစ်မ မချိုကို ရန်ကုန်ခေါ်သွားပေတော့။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှ အစ်ကိုလည်း နောက်ဆံမတင်းတော့ဘဲ သွားချင်တာ သွားလို့ရမယ်။ လိုအပ်ရင် အစ်ကိုရန်ကုန်က မင်းတို့အိမ်ကိုဖြစ်စေ၊ မောင်စံသိန်းတို့အိမ်ကိုဖြစ်စေ ဆက်သွယ်မယ်။ အစ်ကိုကိုတော့ မရှာနဲ့တော့။ အစ်ကိုက တစ်နေရာတည်းနေမှာ မဟုတ်ဘူး။ နယ်တကာ အနှံ့သွားနေမှာ''

''ဟုတ်ကဲ့ ... ကိုလွင်။ ကျွန်တော်နားလည်ပါတယ်''

ကျွန်တော် မောင်ရိပ်ခိုပြီး စံသိန်းတို့အိမ်သို့ ပြန်ခဲ့သည်။ ည (၁၁)နာရီကျော်ခန့် ရှိပြီဖြစ်၍ လမ်းမကြီးပေါ်တွင် လူရှင်းနေသည်။ ဆိုင်ကယ်အသွားအလာကိုပင် မမြင်ရ။ ကျွန်တော် ကံကောင်းပါသည်။ လမ်းမကြီးမှခွာပြီး အနောက်လမ်းမှတစ်ဆင့် စံသိန်းတို့ခြံအနောက်ဘက် လမ်းကြားသို့ ချိုးဝင်ခဲ့သည်။

မြွေကင်းကြောက်သော ကျွန်တော် ယနေ့ညတော့ ဘာကောင်ကိုမျှ ဂရုမစိုက်တော့။ သို့သော် စံသိန်းတို့ခြံ အနောက်ဘက်ရောက်တော့ အမှတ်တမဲ့ ညကြည့်နာရီအား ငုံ့ကြည့်မိသည်။ ည(၁၁း၁၀)နာရီရှိပြီ။ ကျွန်တော်မှန်းဆထားသလို မိနစ်(၃၀) ဖြင့် ကိစ္စကမပြတ်။ ယခုတော့ (၁)နာရီ (၁၀) မိနစ်တိတိ အချိန်ကြာမြင့်သွားသည်။

ကျွန်တော် ကြခတ်ဝါးရုံမလွယ်ပေါက်မှ ခြံထဲသို့ ပြန်ဝင်ခဲ့သည်။ ခြံထဲရောက်သည်နှင့် စိတ်မှာ လုံခြုံသွားသည်။ အနောက်ဘက် အိမ်သာအား ပတ်ကျော်ရန်လုပ်စဉ် ခေါင်းထဲသို့ အတွေးတစ်ခုဝင်လာသည်နှင့် အိမ်သာကျင်းအဖုံးအား စမ်း၍ ဖယ်ရွှေ့ပြီး သက်သေခံ အား၊ လက်အိတ်နှင့် ကင်းဘတ်ဖိနပ်အမည်းတို့အား အိမ်သာကျင်းထဲ ပစ်ထည့်ပြီး လက်စဖျောက်လိုက်သည်။ ပြီးနောက် အိမ်သာကျင်းအဖုံး အား လက်ရာမပျက် ပြန်ရွှေ့ဖုံးထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုမှ စိတ်ရောလူပါ ပေါ့သွားသည်။ အိမ်သာမှ ပြန်လာသည့်သဘောဖြင့် လေကလေးတိုးတိုးချွန်ကာ အိမ်အနောက်ပေါက်တံခါးမှ အိမ်အောက်ထပ်သို့ အသာဝင်ခဲ့သည်။ အိပ်ရာခုတင်ပေါ်တွင် လုရွှေက တခူးခူးဟောက်ရင်း အိပ်ပျော်နေသည်။ ကျွန်တော်လုပ်ခဲ့သော လူ့အိပ်နေဟန်စောင်ခြုံမှာ အနေအထားမပျက်။ စံသိန်းတို့ဝိုင်းကလည်း မပြီးသေးပါ။ တကယ်မိုးလင်းအောင် သောက်ကြမည့်ပုံဖြစ်သည်။

ကျွန်တော် ခေါင်းအုံးများ၊ စောင်များကိုဖယ်၍ အိပ်ရာပေါ် တက်အိပ်လိုက်သည်။ သို့သော် လုပ်ခဲ့ပြီးသော လုပ်ငန်းစဉ်ကို ပြန်လည်စဉ်းစားရင်း အိပ်၍မပျော်ပြန်ပါ။ မျက်စိက ကြောင်နေပြန်သည်။ နောက်ဆုံး အိပ်မရတော့သဖြင့် အိပ်ရာကထပြီး တစ်ရေးနိုးဟန်ဖြင့် စံသိန်းတို့ဝိုင်းသို့ ပြန်ဝင်ခဲ့သည်။

ကုလားကြီး ။ "ဟော . . . စောအောင်၊ တစ်ရေးနိုးလာပြီ ထင်တယ်။ ဒီမှာ ဘဲတစ်ကောင်ကင်ထားတယ်ကွ၊ ကျက်တော့မယ်။ တစ်ကျော လောက် ဆွဲလိုက်ဦး။ ငါတို့ကတော့ မိုးမလင်းမချင်း သောက်မှာဟေ့ အေ့"

စံသိန်း ။ "လာ . . . စောအောင် ချကွာ။ ဘီယာရော၊ အရက်ပါ ကျန်သေးတယ်။ အမြည်းကတော့ ကုန်လို့ 'ဘဲ' တစ်ကောင် ထပ်ကင်ထားတာ လိုသေးရင် ကြက်တစ်ကောင် ထပ်ဆော်မယ်ကွာ"

အောင်ပန်း ။ "ဒါမှ ငါ့ယောက်ဖ စံသိန်းကွ။ နှမြောတွန့်တိုခြင်း လုံးဝမရှိဘူး။ စောအောင် . . . ဆော်ကွာ"

ကျွန်တော် ။ "အောင်ပန်းက အရင်စောစောစီးစီး မှောက်နေကျ ဒီတစ်ခါ ဘယ်လိုဖြစ်တာလဲ။ လုရွှေက စောစောစီးစီး မှောက်သွား





တယ်"

ခင်မောင် ။ "အောင်ပန်းက လူလည်စောအောင်ရေ့။ ကုလားကြီးလက်ရာ အမြည်းတွေကလည်းကောင်း၊ စံသိန်းကလည်း တစ်ခုပြီး တစ်ခုလုပ်နေတော့ မစားလိုက်ရမှာစိုးလို့ အမှောက်မချဘဲ တစိမ့်စိမ့် သောက်နေတာ။ အမြည်းများများစားပြီး တစိမ့်စိမ့်သောက်တော့ ဘယ်မှူးမလဲကွာ။ ဟုတ်တယ်မဟုတ်လား အောင်ပန်း"

အောင်ပန်း ။ "အေးပါ . . . ဟုတ်ပါတယ်၊ မငြင်းပါဘူး။ ကုလားကြီး လက်ရာက စားရခဲတယ်။ စံသိန်းအိမ်မှာလည်း လူကြီးတွေမရှိတော့ အခုလို လွတ်လွတ်လပ်လပ် အဝဆွဲဖို့ တစ်နှစ်တစ်ခါတောင် မလွယ်ဘူး။ အခုလည်း စောအောင် မင်းပြန်လာလို့ ငါတို့ကောင်းကောင်း စားရတာ။ နို့မဟုတ်ရင် ငါတို့ ဆိုင်မှာပဲ ကန်စွန်းပလိန်းနဲ့ နှစ်ပါးသွား နေရတာ ကြာပေါ့မောင်ရာ"

ကျွန်တော် ။ "အေးကွာ . . . မင်းတို့နဲ့ အခုလို ပျော်ပျော်ရွှင်ရွှင်နေရတော့ ငါငယ်ဘဝကိုအောက်မေ့ပြီး အလွန်ပျော်ရွှင်မိတယ်။ ငါ့အိမ်ကိုလည်း မေ့နေတယ်။ ရန်ကုန်က အပေါင်းအသင်းတွေကိုလည်း မေ့နေတယ်။ နောက်ဆုံး အဖုအထစ်ကြီးဖြစ်နေတဲ့ ဦးတင်သိန်းကိစ္စတောင် မေ့သွားမိတယ်။ အိမ်ကိုမေ့တယ်ဆိုလို့ ပြောရဦးမယ်။

ဒီမှာသုံးလေးရက်ကြာနေပြီး အိမ်ကို အကျိုးအကြောင်း ဖုန်းဆက်ပြောဖို့တောင် မေ့နေတာ။ အဲဒါ မနက်ကျရင် အိမ်ကိုဖုန်းဆက်ဖို့ ငါ့ကို သတိပေးကြဦး။ ရန်ကုန်က အပေါင်းအသင်းတွေကလည်း ဖျာပုံကို လိုက်လည်ချင်ကြတာကွ။ ဒါပေမဲ့ ဒီကောင်တွေက မင်းတို့ရဲ့ ဒီဘဝလို မလွတ်လပ်ကြပါဘူးကွာ။ သင်တန်းတွေတက်၊ စာမေးပွဲတွေဖြေ၊ အမျိုးမျိုး အလုပ်ရှုပ်နေကြတာ။ ရန်ကုန်က ငါ့အပေါင်းအသင်းတွေထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ သောက်တတ်တဲ့သူလည်း နည်းတယ်ကွ။ ဆေးလိပ်လည်း မသောက်ဘူး၊ ကွမ်းလည်း မစားကြဘူး''

စံသိန်း ။ ''အေးကွာ . . . ရန်ကုန်က မင်းအပေါင်းအသင်းတွေက ငါတို့နဲ့ ဘယ်တူမှာလဲ၊ တက္ကသိုလ်ကျောင်းသားတွေကိုးကွ။ ငါတို့က ကျောင်းတက်စရာမှ မလိုတော့တာ။ ဘာတက်လမ်းမျှလည်း မရှိတော့ဘူး။ မိဘလက်ငုတ် လက်ရင်းအလုပ်ကိုပဲ ဆက်လုပ်နေကြရတာလေ။ ကံကောင်းရင်တော့ သူဌေးဖြစ်နိုင်တာပဲရှိတယ်။ ဆေးလိပ်သောက်၊ ကွမ်းစား၊ အရက်သောက်တယ်ဆိုတာကတော့ အရွယ်ရောက်တာနဲ့ သင်စရာမလိုဘဲ တတ်ကြတာ။

ဒါပေမဲ့ ငါတို့ကတော့ ငါတို့ဘဝကိုပဲ သဘောကျတယ်ကွာ။ လွတ်လပ်တယ်၊ အချုပ်အနှောင်မရှိဘူး။ မိဘတွေကလည်း ငါတို့အရွယ်ရောက်တာနဲ့ အပြောအဆို သိပ်မလုပ်ကြတော့ဘူး။ ကိုယ်ပိုင်လွတ်လပ်ခွင့်ပေးကြတာ။ ရန်ကုန်က မင်းအပေါင်းအသင်းတွေ ပါလာရင်လည်း သူတို့ဘဝကို တဒင်္ဂမေ့ပြီး ပျော်ကြမှာပါ။ အခုတောင် မင်းပဲ မိဘဆီ ဖုန်းဆက်ဖို့တောင် မေ့နေတယ်မဟုတ်လား စောအောင်ရာ။ ဝန်ခံစမ်းပါ''

ကျွန်တော် ။ ''အေးပါကွာ . . . အေးပါ၊ မင်းပြောသလိုပဲ ဝန်ခံပါတယ်။ ငါလည်း ဖျာပုံသားပါ။ ဘဝမမေ့ပါဘူး''

''ဖြောင်း . . . ဖြောင်း . . . ဖြောင်း''

အားလုံး လက်ခုပ်ဩဘာပေးကြသည်။ ဖျာပုံသားဘဝကိုတော့ မမေ့ဖူးဆို၍ သူတို့သဘောကျကြသည်။ ကျွန်တော်၏မိဘများ ချမ်းသာကြွယ်ဝကြသည်မှာ ဖျာပုံမြို့တွင် နေထိုင်လုပ်ကိုင်ခဲ့၍ ဖြစ်သည်။ ယခု ရန်ကုန်ကို ဘာသာရေးနှင့် ကျွန်တော်၏ ပညာရေးအတွက် ပြောင်း





တော့ ရန်ကုန်တွင် အလုပ်အကိုင်မရှိ။ ယခင်စုဆောင်းထားသော အရင်းအနှီးများအား ထုတ်၍ စားသုံးကြရခြင်း ဖြစ်သည်။ ထို့ကြောင့် ဖျာပုံမြို့မှာ ကျွန်တော်၏ မွေးဇာတိဖြစ်သလို မမေ့အပ်ကျေးဇူးရှိသောမြို့လည်း ဖြစ်သည်။

ကျွန်တော် ။ ''မနက်ဖြန်မနက် လက်ဖက်ရည်သောက်၊ မုန့်စားပြီးကြရင် ရဲစခန်းကို သွားကြရအောင်ကွာ။ ငါအချက်အလက်တွေ စုဆောင်းတာ စုံပြီဖြစ်တော့ ဦးထွန်းသိန်းကို အမှုဖွင့်တော့မယ်။ သက်သေတွေ ဘာတွေလိုရင်လည်း မင်းတို့ငါ့ဘက်က လုပ်ပေးကြဦး''

စံသိန်း ။ ''စိတ်ချ . . . စောအောင်။ မင်းဘက်က မခံချင်လို့ မင်းကို ရန်ကုန်အထိ တက်ခေါ်တာ။ လိုတာကိုသာပြော။ ငါတို့အားလုံး မင်းဘက်ကရှိတယ်။ မတရားတာကိုတော့ ငါတို့ လုံးဝလက်မခံဘူး''

ကုလားကြီး ။ ''စံသိန်းပြောတာ ဟုတ်တယ်ကွ။ မင်းမိဘတွေမို့လို့ပဲ။ ဒီမိဘတွေသာဆိုရင် ကိစ္စပြတ်တာ ကြာပြီ။ ငါတို့ကိုယ်၌ကလည်း ဒီလိုသာကျော့လို့ကတော့ မောသွားမယ်။ ကျေးဇူးကန်းတဲ့သူကို ထိုက်ထိုက်တန်တန် ဆုံးမပေးရမှာ ငါတို့တာဝန်ပဲ။ မင်းတို့ဘက်က တကယ်ဖျော့တယ်။ လူချင်းသာ လဲလိုက်ချင်တယ်ကွာ။ တကယ်ပြောတာ''

မင်းမောင် ။ ''ငါအစောကြီးကတည်းက ပြောသားပဲ။ ငါ့ကိုတာဝန်ပေးပါလို့။ အခုတော့ အချိန်တွေကြာ၊ ငွေတွေဆုံး၊ မင်းတို့ဘက်က ပြတ်ပြတ်သားသား လုပ်စမ်းပါကွ။ တရားစွဲမယ်ဆိုရင်လည်း ထိပ်တိုက်ရင်ဆိုင်ပြီး စွဲပစ်လိုက်။ ငါတို့အလုပ်တွေကိုနားပြီး မင်းကိုကူမယ်''

စကားစအပြတ်တွင် ကုလားကြီး ဘဲကင်ထားရာသို့ သွားကြည့်ပြီးနောက် . . .

''ဘဲက ရပြီဟေ့။ ခဏနေကြဦး။ ငါခုတ်ထစ်ပြီး ရုတ်သီး



www.burmeseclassic.com

www.burmeseclassic.com



ချည်ဆော့ လုပ်လိုက်ဦးမယ်။ အောင်ပန်း ပန်းကန်တွေယူလာခဲ့။ နှစ်ပွဲ နှစ်ပြား။ မြန်မြန်လုပ်''

ကုလားကြီး ဘဲကင်သည်က တစ်မျိုး။ ဘဲအား ကလီစာနုတ်၍ ရေပြောင်စင်စွာဆေးပြီး ဆား၊ နနွင်း၊ မဆလာ၊ အမွှေးအကြိုင်ထည့်သည်။ ပြီးနောက် ဝါးငုတ်တံစို့တွင် အသေအချာထိုးချည်ပြီးနောက် လေးထောင့်သံပုံးအုပ်သည်။ သံပုံးပတ်လည်တွင် မီးသွေး၊ မီးကျီးခဲများ ပတ်လည်ဝိုင်းပြီး သံပုံးဖင်ပေါ်၌လည်း မီးကျီးခဲများ တင်သည်။ (၁)နာရီခန့်တော့ ကြာသည်။

ကျက်သည်နှင့် အရွယ်တော်တုံးတစ်ပြီး ပဲငါးပိရည် အချိုဆမ်းသည်။ ငရုတ်ဆီ အချဉ်ကြိုက်သူများအတွက်လည်း ငရုတ်သီးထောင်းလုပ်ပေးသည်။ အလွန်စားကောင်းပြီး နူးနပ်၍ မွှေးကြိုင်နေသည် ကျွန်တော်တို့ စားကြ၊ သောက်ကြပြန်သည်။

ကျွန်တော် ။ ''ကုလားကြီး . . . မင်းဒီလောက်လုပ်တတ်တာ အပြန် ရန်ကုန်လိုက်ခဲ့ကွာ။ ငါဟိုတယ်တစ်ခုခုမှာ Chief Cook နဲ့သွင်းပေးမယ်''

ကုလားကြီး ။ ''နေပါ မောင်ရယ်။ ဖျာပုံမှာပဲ အေးအေးနေပါရစေ အလှူအတန်းတွေမှာ ကုသိုလ်ဖြစ်လုပ်အားပေးပြီး ချက်ပေးတယ် အပေါင်းအသင်းတွေအတွက်လည်း လုပ်ပေးတယ်။ မိသားစုအတွက်လည်း တစ်ခါတစ်ခါ လုပ်ပေးတယ်။ ငါက ဝါသနာပါလို့လုပ်တာ ငါ့ဆရာက ဖျာပုံဈေးကြီးနားက တရုတ်ကြီးအကီး။ သူက ငါ့ကိုသင်ပေးတာ။ ဘာလက်မှတ်မှ မရှိဘူး။ အခုတော့ ငါ့ဆရာလည်း ဆုံးသွားပြီကွာ''

ကျွန်တော် ။ ''လက်မှတ်မရှိရင်လည်း စားသောက်ဆိုင်အငယ်လေး





မှာ လုပ်လို့ရပါတယ်ကွာ။ ဟိုတယ်ကြီးလောက်တော့ လစာမကောင်းဘူးပေါ့။ ဒါပေမဲ့ မင်းဖျာပုံမှာနေတာထက် သာရစေမယ်ကွာ''

''အေးအေးနေပါ စောအောင်ရာ။ ငါ ပညာကို ရောင်းမစားဘူး၊ လုပ်မစားဘူး၊ စေတနာနဲ့ပဲ ကူညီမယ်။ အခုငါက ရွှေပုံကြီးဆိုင်နားက ဦးကျော်ကြီဒန်ပေါက်ဆိုင်ကလည်း ဒန်ပေါက်ချက်နည်းအပြင် ကုလားစာချက်နည်းပါရထားပြီ။ မင်းရန်ကုန်မပြန်ခင် ငါချက်ကျွေးဦးမယ်။ အချက်အပြုတ်ပညာဟာ တစ်မျိုးနဲ့တစ်မျိုး ဆက်စပ်နေတယ်ကွ။

အတိုင်းအဆနဲ့ လိုချင်တာကိုပုံဖော်ဖို့ စဉ်းစားဉာဏ်စိတ်ကူးလေးတော့ ရှိရတယ်။ တိုင်မင်မကိုက်ရင်တော့ ပျက်ကရော။ ပျက်တာနဲ့ ဟင်းချက်ဆရာလည်း လက်ရာကျပြီး နာမည်ပျက်ကရော။ လွယ်တဲ့အလုပ်တော့ မဟုတ်ဘူးဟေ့။ ကောင်းကောင်းစားကြပါစေဆိုတဲ့ စေတနာနဲ့ ဝါသနာ၊ အနစ်နာ အတော်ခံရတယ်။ မီးအပူဒဏ်ကိုလည်း ခံနိုင်ရမယ်။ အနံ့ အရသာရှိအောင် ဘယ်လိုစီမံရမယ်ဆိုတာကတော့ ပညာဝိုင်းပေါ့''

ကျွန်တော် ။ ''မင်းအလုပ်ကြီးကလည်း အချို့ မိန်းမတွေတောင် ဝါသနာမပါတာ ယောကျ်ားကြီးတွေလုပ်ရတာဆိုတော့ အတော်ခက်တာပဲ''

ကုလားကြီး ။ ''ဟ . . . စောအောင်ရ။ ကမ္ဘာပေါ်မှာ နာမည်ကြီး Chief Cook ကြီးတွေက ယောကျ်ားတွေဟ မိန်းမတွေမဟုတ်ဘူး။ မိန်းမတွေက အိမ်မှုကိစ္စတွေလောက်ပဲ လုပ်တတ်ကြတာပါကွာ''

စံသိန်း ။ ''ကုလားကြီး မိန်းမရရင်တော့ မြင်ယောင်သေးကွာ။ မိဖုချောင်ထဲကကို ထွက်ရမှာမဟုတ်ဘူး။ သနားစရာကွာ''

ကုလားကြီး ။ ''ဟေ့ကောင် . . . စံသိန်း၊ မင်းစောင့်ကြည့်နေ၊ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ရရင် ငါမီးဖိုချောင်မဝင်ဘူး။ တောသူသန့်သန့်ကလေးကိုပဲယူမှာ"

မင်းမောင် ။ "ကုလားကြီး ငါသိပြီ။ မြို့အနောက်ဘက် ဘုန်းကြီးကျောင်းနားက ကြုံကူရွာကမဟုတ်လား။ သူကြီးသမီးလေး။ ဟဲ ... ဟဲ ... ဟဲ"

ကုလားကြီး ။ "အေး ... မင်းပြောတာ ဟုတ်သလိုလိုနဲ့မဟုတ်ဘူး"

မင်းမောင် ။ "ဘာလဲကွ မင်းစကားက။ ဟုတ်သလိုလိုနဲ့ မဟုတ်ဘူးဆိုတာ"

"ကြုံကူရွာက ဟုတ်တယ်။ သူကြီးသမီး မဟုတ်ဘူး။ သူကြီးတူမကွ ... လဒရဲ့"

မင်းမောင် ။ "ဘာထူးလို့လဲကွာ မင်းဟာက။ သူကြီးတူမဆိုတော့လည်း သူကြီးသမီးနဲ့ ဘာထူးလို့လဲ"

"ထူးတာပေါ့ မင်းမောင်ရဲ့။ သူကြီးသမီးက ချမ်းသာတယ်။ ကြုံကူရွာအလယ်တန်းကျောင်းက ဆရာမ။ သူကြီးတူမ 'နှင်းအိ'က ရွာလယ်ကုန်စုံဆိုင်ပိုင်ရှင်သမီးကွ"

မင်းမောင် ။ "ချောတယ် မဟုတ်လား။ ပညာတတ်တယ် မဟုတ်လား"

"မင်း မမှတ်မိဘူးထင်တယ် မင်းမောင်။ မင်းရှမ်းပြည်မှာနေ တာ ငါသိတယ်။ သူက ငါတို့ ဖျာပုံအထက(၁)ကပဲ။ ညီရှောလေး ကွ။ ငါတို့ထက် နှစ်တန်းလောက်ငယ်တယ်။ ငါတို့က(၁၀)တန်းကို ဖုန်ဖုန်းကျလို့ ကျောင်းထွက်လိုက်ရပေမဲ့ သူက(၁၀)တန်းအောင်တယ်။ တက္ကသိုလ်ဆက်မတက်ဘဲ မိဘကုန်စုံဆိုင်ကို ပြန်ကြီးကြပ်ပြီး ရောင်းနေတာ။ စာအောင်မပြန်ခင် တစ်နေ့လောက် သွားလည်ကြတာပေါ့။ ငါပိုင်ပါတယ်ကွ"





[illegible]နိုင် ။ "အေးပါ ... ကုလားကြီးရယ်။ မင်းကလည်း မည်း[illegible] ဟိုကလည်း ညိုညိုဆိုတော့ လိုက်ဖက်ပါတယ်။ ဒါပေမဲ့ မင်း[illegible]ည်အချင်းကိုတော့ စောင့်ကြည့်ရဦးမှာပေါ့ကွာ။ ကုလားကြီး ဘယ်[illegible]အက်ပိုင်သလဲဆိုတာ ငါတို့တစ်ဖွဲ့လုံးလိုက်ကြည့်ပြီး အကဲခတ်ရမှာ[illegible]လေ မဟုတ်ဘူးလား၊ သူငယ်ချင်းတို့ရေ"

[illegible]တော် ။ "ဟုတ်ပေါ့ဗျာ၊ တောစာလေးလည်း စားရင်း၊ တောသူ[illegible]ချာအလှတွေကိုလည်း ငေးရင်းပေါ့။ ဟဲ ... ဟဲ ... ဟဲ"

[illegible]နိုင် ။ "အေးကွ ... ကုလားကြီးရေ မင်းနဲ့စောအောင် ခွေမျိုး[illegible]သွားရအောင် စောအောင်ကိုလည်း သူကြီးသမီးနဲ့စပ်ပေးလိုက်[illegible] မကောင်းဘူးလား"

[illegible]လားကြီး ။ "အေး ... ဟုတ်တယ်ကွ၊ အဲဒီအစီအစဉ် ကောင်း[illegible]ယ်။ ဒါပေမဲ့ စောအောင်က ရန်ကုန်က တက္ကသိုလ်ကျောင်းသား[illegible]တော့ တောသူကိုကြိုက်ပါ့မလား။ ဒါပေမဲ့ သူကြီးသမီးက ရွာကွမ်း[illegible]င်ကိုင် အချောအလှ မောင်ရေ။ အသားလည်း ဖြူတယ်။ နောက်[illegible] အလယ်တန်းပြဆရာမကွ။ အဖေကလည်း သူကြီး။ ပေါ့သေးသေး[illegible]တ်ဘူး။ ချမ်းလည်း ချမ်းသာတယ်"

[illegible]မောင် ။ "ဟ ... အဲဒီလောက်ပြည့်စုံနေမှ ရည်းစားမရှိဘဲ နေပါ့[illegible]းကွ။ အခုလောက်ဆိုရင် Booking တွေချိတ်ထားတာ ပြည့်နေ[illegible]ပေါ့ ကုလားကြီးရယ်"

"အေး ... ငါသိတာတော့ အပျိုလို့ပဲ သိထားတယ်။ ကျန်[illegible] ငါမသိဘူး"

[illegible]တော် ။ "အေးအေးနေစမ်းပါ မင်းမောင်နဲ့ ကုလားကြီးရယ်၊ [illegible]ဝိ အဲဒီကိစ္စတွေကို စိတ်မဝင်စားဘူး။ တက္ကသိုလ်မှာ အချောအလှ



www.burmeseclassic.com

www.burmeseclassic.com



တွေပေါပေမဲ့ ငါ့မှာရည်းစားလည်း မရှိဘူး။ အပေါင်းအသင်းတွေနဲ့ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေတာပဲကောင်းပါတယ်ကွာ။ စောစောက ငါပြောခဲ့တာလည်း အပျော်သဘောမျိုးပါ။ ကုလားကြီး ဖနီးလောင်းကို လိုက်လေ့လာချင်တဲ့သဘောလောက်ပါပဲ။ နောက်ပြီး ငါက ဗျာပုံသားဖြစ်ပေမဲ့ ကြုံကူရွာကို တစ်ခေါက်မှမရောက်ဘူးလို့ ပြောမိတာပါ''

စံသိန်း ။ ''အေးပါ ...စောအောင်ရယ်၊ မင်းစိတ်ဓာတ် ငါ သိပါတယ်။ ဒါပေမဲ့ 'သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်' ဆိုတဲ့စကား ရှိ တယ်ကွ။ အချိန်တန်လို့ မသီးမပွင့်ရင် အခြောက်ဖြစ်သွားမယ်''

ကျွန်တော် ။ ''အံမယ် ...မင်းကများ ပြောရသေး။ မင်းလည်း ငါ တို့နဲ့အတူတူပဲဟာ။ လူပျိုတွေပဲ။ မင်းမှာ ဘာအစွမ်းအစများရှိလို့လဲ''

တစ်ချိန်လုံးငြိမ်နေသော အောင်ပန်းက ...

''စောအောင် ...မင်းက တို့မြို့နဲ့ဝေးနေတော့ ဘယ်သိမ လဲကွာ။ ဟိုဘက်လမ်းက ထားထားဆိုတဲ့ ကောင်မလေးနဲ့ စံသိန်း ယူတော့မှာကွ။ လူကြီးချင်း သဘောတူထားတယ်''

ကျွန်တော် ။ ''အဲဒါ လူကြီးတွေစပ်ပေးတာ မဟုတ်လား။ စံသိန်း ရဲ့အစွမ်းအစကို ငါသိပါတယ်ကွာ''

ကုလားကြီး ။ ''စောအောင် မင်းကလည်း တစ်မျိုး။ လူကြီးတွေ စ စပ် ဘာဖြစ်ဖြစ်ကွာ နှစ်ဦးသဘောတူလက်ခံကြရင် ပြီးတာပဲမဟုတ် လား''

စံသိန်း ။ ''စောအောင်က ငါ့ကို တယ်အထင်သေးတာကိုး။ ဒါမျိုးကိစ္စဆိုတာ သူ့အချိန်နဲ့သူဖြစ်လာတာ။ အချိန်တန်ရင် တား တောင်မရဘူး။ မင်းသာစာတွေထဲနစ်နေလို့ စိတ်မဝင်စားတာ။ ပွ





ဆက်အနွယ် ဖူးစာရှင်တွေ့ရင်တော့ သူ့အလိုလိုဖြစ်သွားတတ်တာမျိုး ဆောင်ရဲ့။ မင်းရဲ့အစွမ်းအစကိုလည်း စောင့်ကြည့်ရဦးမှာပေါ့ စောအောင် ရယ်။ ဟား ...ဟား ...ဟား''

ကျွန်တော် ။ ''ငါကတော့ ငါ့ရည်မှန်းချက် မပြည့်စုံမချင်း ဒီကိစ္စ တွေကို မစဉ်းစားဘူးကွာ။ မယုံရင် မင်းတို့စောင့်ကြည့်နေကြပါ''

ကုလားကြီး ။ ''အဲသလိုဆိုရင် မနက်ဖြန်ကြုံကူရွာကို နေ့လယ်စာ သွားစားကြမယ်။ သုံးမိုင်ကျော်လောက်ပဲဝေးတော့ စက်ဘီးနဲ့ပဲ သွားကြ တာပေါ့ မဟုတ်လား''

''အေး ...အဲဒီအစီအစဉ် ကောင်းတယ်''

ကျွန်တော်လည်း ကုလားကြီးလက်ရာ ဘဲကင်ကိုမြည်းရင်း ယာနှင့်အရက်အားစပ်၍ အတော်များများ သောက်ဖြစ်သည်။ ဤ တစ်ချိန်တွင်တော့ တကယ်မူးပြီဖြစ်၍ အပေါင်းအသင်းများအား နှုတ် ဆောင်းပြီး အိပ်ရာဝင်ခဲ့သည်။ ကျွန်တော် အိပ်ရာပြန်ဝင်တော့ မနက်(၃) အချိန်ရှိပြီ။ စံသိန်းတို့အုပ်စုကတော့ မိုးလင်းအထိဆွဲကြမည့်ပုံပင်။ ကျွန်တော်ပင်ပန်းသည်ကတစ်ကြောင်း၊ အရက်သောက်တာများ၍လည်း မူးမည်၊ ခေါင်းချသည်နှင့် အိပ်ပျော်သွားတော့သည်။

အိပ်မှုန်မက်ရာ စိတ်စွဲလမ်း၍ ထင်ပါသည်။ ကျွန်တော်တို့ ခဲ့ ကြုံကူရွာသို့အသွား၊ တံတားကြီးတစ်ခုကို ဖြတ်ကျော်ကြစဉ် တံတား ၌ ကျွန်တော်တို့သတ်ခဲ့သော မျက်နှာလွှဲဦးတင်သိန်းအား သွေတောင်း အသွင်ဖြင့် တောင်းရမ်းနေသည်ကို တွေ့ရသည်။

ကျွန်တော် အံ့ဩလွန်း၍ စက်ဘီးကို သူ့အနီး၌ရပ်လိုက်စဉ် ဦးတင်သိန်းက ခွက်ထိုးခံရင်း တောင်းရမ်းနေပြန်သည်။ သူမော့အကြည့် ၌ ကျွန်တော်က ပိုက်ဆံ (၂၀ပိ/)တန်တစ်ရွက်ကိုထည့်ရင်း သူ့အား

www.burmeseclassic.com



ကြည့်မိရာ မျက်လုံးဟောက်ပက်နှင့် မျက်စိစုံလုံးကန်းနေသူ ဖြစ်ေ
သည်။ ကျွန်တော်က ...

"ဦးတင်သိန်း မဟုတ်လား"

ဟုမေးရာ ဦးတင်သိန်း ...

"ဟုတ်ပါတယ် ငါ့တူရယ်။ အရင်ဘဝက ကျေးဇူးရှင်တွေ
ပြစ်မှားစော်ကားမိခဲ့လို့ အခုဘဝမှာ မျက်မမြင်ဒုက္ခိတ ဖြစ်ရတာ
ဝဋ်ကြွေးမှာလို့ ပြောရမှာပေါ့။ သာဓုပါဗျာ၊ သာဓုပါ။ ငါ့တူကြီးတို့ အခု
လျှာဒါန်းရတဲ့အကျိုးကြောင့် ကျွန်းမာ ချမ်းသာကြပါစေ။ ဦးလို ဒု
ဆင်းရဲမျိုး မခံစားရပါစေနဲ့။ ကျေးဇူးရှင်ကို မပြစ်မှားမိကြပါစေ
သတ္တဝါအပေါင်း ဘေးကင်းကြပါစေ"

ဦးတင်သိန်း ကျွန်တော့်ကို မှတ်မိပုံမရပါ။ သူ့အနေအထ
မှာလည်း စိတ်စက်ပြတ်ပြတ်နှင့် အလွန်အကျည်းတန် အရုပ်ဆိုး
သည်။

ကျွန်တော်တို့အုပ်စု ချောင်းကူးသစ်သားတံတားအိုကြီးအ
ဖြတ်ကျော်ပြီး ကျောက်ခင်းလမ်းအတိုင်း စက်ဘီးများအား ဆက်
နင်းလာကြသည်။ လမ်းဘေးတစ်ချက်တွင် ကုက္ကိုပင်ကြီးများနှ
လယ်ကွင်းများက တစ်မျှော်တစ်ခေါ်ပင်။

(၃)မိုင်ခန့်အတွင်းဝင်လာမှ ကျောင်းကြီးတစ်ကျောင်းအား ြ
ရသည်။ ကြုံကူရွာ အလယ်တန်းကျောင်း ဖြစ်သည်။ ကျောင်းပိ
ထားသဖြင့် သူအရိပ်အယောင် မတွေ့ရ။ ကုက္ကိုပင်များဝိုင်းနေသေ
အေးချမ်းလှသည့် ကျောင်းကြီးဖြစ်သည်။ ပတ်ဝန်းကျင်တွင် ဝင်း
နေသော စပါးခင်းများနှင့် ရိတ်သိမ်းပြီးစ လယ်ကွင်းများကို တစ်မျ
တစ်ခေါ် တွေ့မြင်နေရသည်။





ကျောင်းအဝင်လမ်းထဲသို့ ကုလားကြီးစက်ဘီးက ချိုးဝင်သဖြင့် ကျွန်တော်တို့လည်း အုပ်စုအလိုက် နောက်ကလိုက်ခဲ့ကြသည်။ အုတ်ခဲကျိုးများခင်းထားသော မြေလမ်းဖြစ်သည်။ ကြုံကူရွာ အဝင်လမ်းမှာလည်း ဤလမ်းသာဖြစ်ကြောင်း ကုလားကြီးက ပြောသည်။

ကျောင်းစောင့်အိမ်ကလေးများအား ကျော်သည်နှင့် ရွာထဲသို့ ရောက်သည်။ ရွာလယ်လမ်းအနီးလမ်းဆုံတွင် အကြော်ဆိုင်ကစ်ဆိုင်နှင့်ကပ်လျက် ကုန်မျိုးစုံဆိုင်ကြီးတစ်ဆိုင်အား တွေ့ရသည်။ ကုလားကြီးက အကြော်ဆိုင်ရှေ့တွင် စက်ဘီးများအား ရပ်စေပြီး ...

"မနီရေ ...အကြော်စုံ ချပေးပါဟေ့။ ဒီမှာဧည့်သည်တွေပါတယ်"

BURMESE CLASSIC

ကျွန်တော်တို့အုပ်စု ထိုင်ခုံပုကလေးများတွင် ထိုင်ကြပြီး အကြော်စောင့်ရင်း ရေနွေးကြမ်းသောက်ကြသည်။ ထိုစဉ် ကုလားကြီးအသံကြားသည်နှင့် ကုန်စုံဆိုင်ဘက်မှ အသားညိုညိုချောချော မိန်းကလေးတစ်ဦးထွက်လာပြီး ...

"အစ်ကိုတို့ ရောက်နေတာကိုး။ ဩော် ...ဧည့်သည်တွေပါလာတာကိုး။ အိမ်ပေါ်ကို ခေါ်လာတာမဟုတ်ဘူး အစ်ကိုရယ်"

"နှင်းအိရေ ...စက်ဘီးစီးလာရတာ မောလွန်းလို့ကွာ။ ဗိုက်လည်းဆာ၊ ရေလည်းဆာလို့ အကြော်ဆိုင်အရင်ဝင်တာ။ ပြီးမှ အိမ်ပေါ်ကိုလာခဲ့မယ်"

"အတော်ပဲ အစ်ကိုရေ။ နှင်းမြူတို့လည်း ရောက်နေကြတယ်။ အစ်ကိုတို့နဲ့ မိတ်ဆက်ပေးမယ်"

ကျွန်တော်တို့ အကြော်စားပြီးတော့ အကြော်ဖိုးကို မနှင်းအိက လာရှင်းပေးသွားသည်။ ကုလားကြီးက 'မပိုင်လား'ဟုခေါ်သော သဘော



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မေးငေါ့ပြသည်။ ကျွန်တော်တို့အုပ်စု စက်ဘီးများတွန်း၍ ကုန်းဆိုင်ရှေ့တွင်ရပ်ပြီး အိမ်ပေါ်တက်လာတော့ ဖြူဖြူသွယ်သွယ် မိန်းကလေးနှစ်ဦးကို မြင်ရသည်။ နှစ်ဦးစလုံး ရုပ်ဆင်တူသည်။

ထူးဆန်းသည်က မနှင်းအိနှင့် ရုပ်ဆင်နေခြင်း ဖြစ်သည်။ သုံးမြွှာပူးတော့ မဟုတ်နိုင်ပါ။ မနှင်းအိက အသားညိုသည်။ မနှင်းဖြူတို့ညီအစ်မက အသားဖြူဖွေးနေသည်။ လူကြီးများကို မမြင်တွေ့။ အိမ်အပေါ်ထပ်တွင် ရှိဟန်တူသည်။ ရှေးဟောင်းသစ်အိမ်ကြီးဖြစ်၍ ကျယ်ပြန့်ကြီးမားသည်။

မနှင်းအိ ။ "အစ်ကို . . . ဒါ သူကြီးဦးဘထွန်းသမီး မနှင်းဖြူနဲ့ မနှင်းနွယ် အမြွှာပူးညီအစ်မ။ နှင်းအိနဲ့ ဝမ်းကွဲညီအစ်မတွေ။ တစ်နေ့တည်း မွေးကြတာ။ နာရီပိုင်းပဲ ကွာတယ်။ ညီမတို့(၃)ယောက်စလုံးက မျက်နှာချင်းဆင်ကြတယ်။ ရွာမှာတော့ 'နှင်းပွင့်' ညီအစ်မလို့ ခေါ်ကြတယ်အစ်ကို"

ကုလားကြီး ။ "တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော့်ကိုတော့ မနှင်းအိပြောထားလို့ သိကြမှာပါ။ ဒါက ငယ်ပေါင်းသူငယ်ချင်းတွေဖြစ်တဲ့ လှရွှေ၊ စံသိန်း၊ မင်းမောင်၊ အောင်ပန်းနဲ့ သူကတော့ ရန်ကုန်က လာတဲ့ ငယ်ပေါင်းသူငယ်ချင်း ဥပဒေကျောင်းသား စောအောင်ပါ"

မနှင်းဖြူ ။ "တွေ့ရတာ ဝမ်းသာပါတယ်ရှင်။ နှင်းဖြူက အစ်ကိုတို့ဖြတ်လာခဲ့တဲ့ ကြံကူအလယ်တန်းကျောင်းက ဆရာမပါရှင့်"

ထိုစဉ် ကျွန်တော်နှင့်မနှင်းဖြူ မျက်လုံးချင်းဆုံမိကြသည်။ ရှေးရေစက်ကြောင့် ထင်ပါသည်။ ကျွန်တော်တို့ချင်း မြင်လျှင်မြင်ချင်း ခင်မင်မိကြသည်။ အပြုံးကိုယ်စီဖြင့် လိုက်လှဲစွာပြုံး၍ နှုတ်ဆက်မိကြသည်။





ထိုစဉ်တွင် စံသိန်းအသံဖြင့် . . .

"စောအောင် . . . ထ ထ။ အိမ်ရှေ့မှာ ညည်သည်တွေရောက်နေတယ်"

ကျွန်တော်စံသိန်း၏ ငှက်ဆိုးထိုးနှိုးသံကြောင့် မျက်လုံးဖွင့်ကြည့်မိမှ အိပ်မက်မှန်းသိရတော့သည်။ အရေးကောင်း၊ ဒိန်းခေါင်းဖျက်သောစံသိန်းအား ကျွန်တော် ဒေါကန်မိသည်။ စိတ်စွဲလမ်း၍မက်မေသာ အိပ်မက်ဆိုလျှင်လည်း ဤမျှထင်ရှား ပီပြင်မည်မဟုတ်ပါ။

ကျွန်တော် အိပ်မက်အတွေးကိုဖျောက်၍ မျက်နှာသစ်ပြီး အိမ်ရှေ့သို့ ပြွက်လာခဲ့သည်။ ကျွန်တော်တို့ ညကသောက်သောဝိုင်ခုံများတွင် ဧည့်သည်များ ထိုင်နေကြသည်။ ရဲအရာရှိများ ဖြစ်ဟန်တူသည်။ အရပ်ဝတ်သာ ဝတ်ထားကြသည်။

"ကျွန်တော်တို့ ဖျာပုံကမ်းနားရဲစခန်းကပါ။ ညက ကမ်းနားပွဲရုံက မျက်နှာလွှဲဦးတင်သိန်း အသတ်ခံရတာနဲ့ပတ်သက်ပြီး မေးမြန်းစရာလေးတွေရှိလို့ မောင်စောအောင် စခန်းကိုခဏလိုက်ခဲ့ပါ။ ပြီးတာနဲ့ ချက်ချင်းပြန်လွှတ်ပါ့မယ်"

စံသိန်း ။ "နေပါဦး ဆရာတို့၊ မျက်နှာလွှဲဦးစံသိန်း အသတ်ခံရတာနဲ့ပတ်သက်လို့ စောအောင်နဲ့ ဘာဆိုင်သလဲ။ ဒီကောင်က ဥပဒေသမား။ ကျွန်တော်တို့က အပေါင်းအသင်းချင်းမို့ မခံချင်တာတောင် ဒီကောင်က လူအေး။ ဥပဒေနဲ့သာ အရေးယူတိုင်မယ်လို့ချည်း ပြောနေတာ။ ဦးတင်သိန်းက လူရှုပ်ပါ။ သူ့ကိုမုန်းတဲ့သူတွေ အများကြီးပဲ"

စခန်းမှူး ။ "ဟုတ်ပါတယ် ညီလေး၊ အစ်ကိုတို့ကလည်း ဦးတင်သိန်းသတ်မှုနဲ့ မောင်စောအောင်ကို လာဖမ်းတာမဟုတ်ပါဘူး။ မောင်စောအောင်နဲ့ ဆက်နွှယ်နေလို့ အကြောင်းစုံသိရအောင် မေးမြန်းဖို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



မင်းမောင် ။ "အဲဒါဆိုရင်လည်း ဒီမှာတင်မေးဗျာ။ ကျွန်တော်တို့အားလုံး သက်သေခံမယ်။ ကျွန်တော်တို့တစ်ဖွဲ့လုံး ဒီအိမ်မှာ ဘယ်မှမသွားဘူး။ တစ်ညလုံး စားသောက်နေကြတာပါ။ အိပ်တောင် မအိပ်ကြရသေးပါဘူး"

ကုလားကြီး ။ "ဟုတ်ပါတယ် ဆရာတို့၊ စောအောင် ညကဘယ်မှ မသွားပါဘူး။ ဟိုနေ့ညက ကမ်းနားအိမ်မှာ သူတစ်ယောက်တည်းသွားအိပ်နေလို့ ဦးတင်သိန်းတပည့်လူမိုက်တွေ ရန်ရှာမှာစိုးတာနဲ့ ဒီအိမ်မှာခေါ်သိပ်ရတာပါ"

စခန်းမှူး ။ "ဟုတ်ကဲ့ . . . ကျွန်တော်တို့ သိပါတယ်။ ဒါထက် မောင်စောအောင်ဘက်က ဦးတင်သိန်းအပေါ် ဘာများလုပ်ဖို့ စီစဉ်ထားသလဲ"

"ဟုတ်ကဲ့ . . . ဆရာ၊ ကျွန်တော်က ဥပဒေနောက်ဆုံးနှစ်ကျောင်းသားပါ။ မျက်နှာလွှဲ ဦးတင်သိန်းက ကျွန်တော်တို့စီးပွားပျက်အောင် မော်တော်(၃)စီးကို တစ်ဝက်ဈေးနဲ့ ရောင်းစားတာရယ်၊ ရေလုပ်ငန်းကို တခြားလုပ်ငန်းရှင်ဆီမှာ ပေါင်ထားပြီး လုပ်ငန်းသုံးငွေတွေကို လေးကောင်ဂျင်ရှုံးပစ်တာ ဆရာတို့လည်း ကြားမှာပါ။

ကျွန်တော်ကတော့ ဥပဒေသမားပီပီ မော်တော်တွေ ရောင်းစားခဲ့တဲ့အတွက် ဦးတင်သိန်းကို ယုံကြည်အပ်နှံပစ္စည်း အလွဲသုံးစားပြုမှု ပုဒ်မ(၄၀၆)နဲ့၊ လုပ်ငန်းကို လိမ်လည်ပေါင်နှံမှုအတွက် ပုဒ်မ (၄၂၀) နဲ့ တရားစွဲဖို့ ပြင်ဆင်ပြီးပါပြီ။ ဒါတွေက မြာပုံတစ်မြို့လုံးသိတဲ့ ကိစ္စတွေပါ။ ဆရာတို့လည်း ကြားမှာပါ။ ကျွန်တော်ကတော့ ဥပဒေအပြင်ဘက်က ဘာမှမလုပ်ပါဘူး။

နောက်ပြီး ဦးတင်သိန်းက လူမိုက်တွေမွေးထားတော့ ကျွန်





တော့်လို လူမျိုးက တစ်ယောက်တည်း တစ်ဦးတည်း လုပ်ကြံလို့ မဖြစ်နိုင်ပါဘူး။ ကျွန်တော့်အဖေကိုယ်တိုင်ကလည်း ဥပဒေနဲ့တိုင်ကြားဖို့ လွှတ်လိုက်တာပါ"

"ယုံပါတယ် ညီလေး။ အစ်ကိုတို့ကလည်း အပြစ်ရှိတရားခံ (၁၀)ယောက် လွတ်သွားပါစေ၊ အပြစ်မဲ့သူတစ်ယောက်ကို အပြစ်မရှိဘဲ ဖမ်းဆီးချုပ်နှောင်ခြင်း မလုပ်ပါဘူး။ အခုလည်း စခန်းမှာ စစ်ချက်ကလေးယူပြီး ပြန်လွှတ်မှာပါ။ မကြာပါဘူး။ ညီလေး မောင်စောအောင်ဘက်က အမှုဖွင့်စရာရှိရင်လည်း အစ်ကိုတို့ ဆက်လက်ဆောင်ရွက်ပေးပါမယ်"

ကုလားကြီး ။ "ဟိုတစ်ယောက်က သေသွားပြီဆိုဗျ။ ဘယ်လိုလုပ်မှာလဲ"

စခန်းမှူး ။ "သူသေသွားပြီဆိုပေမဲ့ သူလုပ်ဆောင်ခဲ့တဲ့ ပြစ်မှုတွေတာ မသေပါဘူး ညီလေး။ မှတ်တမ်းထားတဲ့ သဘောပါ။ ညီလေး မောင်စောအောင်တို့ရဲ့ ပစ္စည်းတွေပြန်ရအောင် ဥပဒေနဲ့အညီ လုပ်ရဦးမယ် မဟုတ်လား။ စစ်ချက်၊ သက်သေခံချက်တွေ လိုတယ်လေ။ ဒါတွေတာ ရဲစခန်းမှာ တရားဝင်လုပ်လို့ရတာပါ။ အစ်ကိုတို့ကို နားလည်ပေးပါ။ အစ်ကိုတို့တာဝန်အရ ဆောင်ရွက်ရတာပါ"

ကျွန်တော် ။ "ဟုတ်ကဲ့ . . . ကျွန်တော်တို့ လိုက်ခဲ့ပါ့မယ်။ အမှုဖွင့်မယ့် စာရွက်စာတမ်းလေးတွေ ကျွန်တော်ရေးထားတာ ယူလိုက်ဦးမယ်နော်"

စခန်းမှူး ။ "ရပါတယ် ညီလေး။ အေးအေးဆေးဆေး လုပ်ပါ။ အစ်ကိုတို့ စောင့်ပါမယ်။ အချိန်ရပါတယ်"

အောင်ပန်း၊ စံသိန်း၊ ကုလားကြီး၊ မင်းမောင် ။ "ကျွန်တော်တို့ လည်း



www.burmeseclassic.com

www.burmeseclassic.com



စခန်းကိုလိုက်ခဲ့မယ်''

စခန်းမှူး ။ ''အားလုံးလိုက်ခဲ့ပါ။ မောင်စောအောင်အတွက် (အင်ဘိုင်) သက်သေခံရတာပေါ့''

ထိုအချိန်တွင် အိပ်ရာမှနိုးလာဟန်တူသော လှရွှေက ပုဆိုးကို ဘိုသီပတ်သီဝတ်ရင်း နားစွန်နားဖျားကြားဟန်ဖြင့် . . .

''လိုက်မယ် . . . ကျွန်တော်လည်း လိုက်မယ်။ ဦးတင်သိန်းကို ဖမ်းဖို့မဟုတ်လား။ အဲဒီလူယုတ်မာကြီးကိုဖမ်းပြီး ထောင်အနှစ် (၂၀)လောက် ချပစ်လိုက်။ နှစ်နည်းရင် ထောင်ကထွက်လာတာနဲ့ ရန်မူဦးမှာ''

ကျွန်တော်တို့ အိမ်တံခါး ခြံတံခါးပိတ်မည်အလုပ် စခန်းမှူးက လှရွှေအား အိမ်စောင့်ထားခဲ့ရန် အကြံပေးသဖြင့် လှရွှေအားထားခဲ့ရသည်။ လှရွှေက မကျေနပ်သော်လည်း ကျွန်တော်တို့စကားကိုထောက်နားထောင်ပါသည်။

စံသိန်း ။ ''လှရွှေ . . . အိုးတွေခွက်တွေ ပန်းကန်တွေ မဆေးထားနဲ့ ငါတို့ပြန်လာမှ ချက်မယ်။ မနက်စာတော့ မင်းဟာမင်း ကြံဖန်စားတော့။ ငါတို့ ကြာချင်ကြာမယ်''

''အေးပါ . . . အေးပါ''

ကျွန်တော်တို့အား ရဲစခန်းရောက်တော့ စခန်းမှူးအစီအစဉ်ဖြင့် မြန်စေရန် လူခွဲ၍ အမှုစစ်၊ ဒုရဲအုပ် လှသိုးထိန်း(ဆားပုလင်း)တို့က စစ်ချက်ယူသည်။ ကျွန်တော့်ကိုတော့ စခန်းမှူးကိုယ်တိုင် စစ်ချက်ယူသည်။ ကျွန်တော်တို့စစ်ချက်များမှာ ကျွန်တော်၏ လျှို့ဝှက်လုပ်ဆောင်ချက်မှအပ အားလုံးတူညီနေသည်။

စခန်းမှူးက ကျွန်တော်နှင့် ပတ်သတ်သည့် Biography အား





ယူပြီးနောက် ယမန်နေ့က ကျွန်တော်ရှိနေသည့် အနေအထားနှင့် လုပ်ဆောင်ချက်များအား မေးသည်။ မျက်နှာလွှဲ ဦးတင်သိန်း အသတ်ခံရပုံနှင့် သက်သေခံအချက်အလက်များ ကျွန်ုပ်ရှိခဲ့ပုံ။ သတ်သူမှာ နှစ်ယောက်တူယှဉ်ဆပုံ။ ဓားမြှောင်များသုံး၍သတ်ပုံ စသဖြင့် ဥပဒေဆိုင်ရာ အချက်အလက်များကိုလည်း သုံးသပ်ပြသည်။ ဥပဒေကျောင်းသား ကျွန်တော့်အား ပညာပေးခြင်းလည်း ဖြစ်သည်၊ အစဆွဲထုတ်ခြင်းလည်း ဖြစ်နိုင်သည်။

သို့သော် ကျွန်တော်က လူပုံနှံ့နှံ့ တက္ကသိုလ်ကျောင်းသားဖြစ်၍ ကျွန်တော့်ကို လူသတ်သမားအဖြစ် အတိအကျ ထင်မှတ်ထားပုံတော့မရ။ ပတ်သက်မှုရှိနိုင်ကြောင်း ရိပ်မိ သံသယရှိဟန်တော့တူသည်။ ကျွန်တော်ကလည်း သတိထား၍ဖြေသဖြင့် ကျွန်တော့်အပေါ်တွင် သံသယအဆင့်သာ ရှိဟန်တူသည်။

သို့သော် CID မှ အမှုစစ်များကို ခေါ်ထားသဖြင့် ခေတ်မီကိရိယာများဖြင့် စစ်ဆေးပါက မလွဲမသွေလူသတ်သမားများ ပေါ်လာညီဖြစ်ကြောင်းလည်း အသိပေးသလိုလို ခြိမ်းခြောက် သလိုလိုလည်း ပြောကြားသည်။ သို့သော် ကျွန်တော်က မျက်နှာပင် မပျက်ခဲ့ပါ။

နောက်ပိုင်းတွင် ကိုမောင်လွင့်အကြောင်းကို စုံစမ်းသည်။

''မောင်စောအောင်နဲ့ ကိုမောင်လွင်က ညီအစ်ကို ဝမ်းကွဲတွေနော်''

''ဟုတ်ပါတယ် ဆရာ''

''မောင်စောအောင် ဖျာပုံပြန်ရောက်တော့ သူနဲ့တွေ့သေးသလား''

''မတွေ့သေးဘူး ဆရာ။ ကိုလွင်က နယ်လှည့်ပြီး စပါ။ ပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်း ဝယ်ပြီး ကုန်သည်လုပ်နေတော့ သူနဲ့တွေ့ဖို့ မလွယ်ဘူးဆရာ"

"ဒါနဲ့ ကိုမောင်လွင့်ညီမ မချိုနဲ့ သေဆုံးသူ ဦးတင်သိန်းတို့ရဲ့ အဖြစ်အပျက် အရှုပ်အထွေးကိုရော သိသလား မောင်စောအောင်"

"ဟုတ်ကဲ့ . . . ရေလုပ်ငန်းက အလုပ်သမားတွေပြောပြလို့ သိသင့်သလောက် သိပါတယ်"

"ဦးတင်သိန်းက အတော်လွန်တယ်နော်။ မောင်စောအောင်တို့ရေလုပ်ငန်းကို ကြိုက်သလို ချယ်လှယ်တဲ့အပြင် အစ်မဝမ်းကွဲကိုလည်းစော်ကားတော့ မောင်စောအောင်နေရာမှာသာ အစ်ကိုဆိုရင်လည်း လက်တုံ့ပြန်ဖို့ ကြံစည်မိမှာပါပဲ"

ဤစကားက ရဲစကား။ ပျော့ကွက်အား နှိုက်ခြင်း ဖြစ်သည်။ ကျွန်တော်ကလည်း ဥပဒေသမား။ စိတ်ဆိုးဟန်မပြ။ စကားမလွန်။ ... သာသော စကားဖြင့် . . .

"ဆရာရယ် . . . သူဖြစ် သူခံပါလိမ့်မယ်။ တရားကို နာ... စောင့်ပါတယ်။ ဦးတင်သိန်းက လောင်းကစားသမားလည်းဖြစ်တော့ ... ကိုမုန်းတဲ့သူတွေက အတော်များတယ်လို့ သိရပါတယ်။ အမှုမှန်လည်း သည် တရားခံပေါ်တော့လည်း ဆရာတို့သိလာမှာပါ"

ကျွန်တော်ကလည်း ဥပဒေကျောင်းသားဖြစ်၍ စခန်းမှူးအား စိတ်ဓာတ်ရေးရာအရ တန်ပြန်ထိုးစစ်ဆင်ခြင်း ဖြစ်သည်။ စခန်းမှူး... လည်း မတုံ့ပါ။

"ဟုတ်ပါရဲ့ ညီလေးရယ်။ အမှုမှန်ပေါ်တော့လည်း သိလာ... ပေါ့။ 'မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ'ဆိုတဲ့ စကားတောင် ရှိ... သေးတာပဲ။ အစ်ကိုအထင်တော့ လောင်းကစားသမားချင်းလည်း ဖြ... နိုင်သလို အငြိုးအတေးရှိသူလည်း ဖြစ်နိုင်တယ်။ ဒီကိစ္စတွေက အင်...





...CID)ကအဖွဲ့တွေရောက်လာပြီး ကိုမောင်လွင့်ကိုရှာတွေ့ရင် အမှုမှန် ...ပေါ်နိုင်ပါတယ်"

"ကဲ . . . ညီလေးတို့လည်း မနက်စာ ဘာမှမစားရသေးဟန် ...တူဘူး။ ကဲ . . . ဂိတ်စာရေးရေ။ လက်ဖက်ရည်နဲ့မုန့် အားလုံးအတွက် ...ဒါသန်းဆိုင်က မှာပေးဗျာ။ ကျွန်တော် ရှင်းပါ့မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ကျွန်တော်တို့အား အနားပေးပြီး အာလာပသလ္လာပ ပြောကြ...ရင်း လက်ဖက်ရည်နှင့်မုန့်များ စားကြသောက်ကြသည်။

စခန်းမှူး ။ "ဒီအမှုမပေါ်ခင်ကာလအတွင်း ညီလေးတို့ ဒီမြို့ကနေ အပြင်ထွက်ရင်တော့ ရဲစခန်းကို အကြောင်းကြားပြီးမှ သွားကြ၊ လာ ကြပါ"

...လားကြီး ။ "ဟာ . . . အဲဒါဆို ဆရာရေ။ မနက်ဖြန် ကျွန်တော်တို့ ကြို့ကူရွာကိုသွားဖို့ ကိစ္စရှိတယ်။ အခုကတည်းက ခွင့်တောင်းထားတာ ပါ"

စခန်းမှူး ။ "အားလုံး သွားကြမှာလား။ ရပါတယ်။ ကြို့ကူရွာက (၃)မိုင်လောက်ပဲ ဝေးတာပါ။ အစ်ကိုပြောချင်တာက နယ်ထွက်၊ ရန်ကုန် ပြန် ခရီးဝေးကိုပြောတာပါ။ သွားကြပါ။ မောင်စောအောင် ရန်ကုန်ပြန် ...ရင်တော့ ရန်ကုန်ကလိပ်စာပေးပြီး ရဲစခန်းမှာ ခွင့်တောင်းပြီးမှ ပြန် ...ပါ။ ချုပ်ချယ်ထားခြင်း မဟုတ်ပါဘူး။ ဥပဒေအရ လိုအပ်လို့ ပြောတာ ...ပါ။ အစ်ကိုတို့လုပ်ငန်းကို နားလည်ပေးပါ။ ကဲ . . . အားလုံးပြန်နိုင်ကြ ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၄ ]

❑

ကျွန်တော်တို့ စံသိန်းအိမ်ပြန်ရောက်တော့ လှရွှေကစတင်၍ ပေါက်ကွဲသည်။ ကုလားကြီးနှင့် စံသိန်းကလည်း ပေါက်ကွဲသည်။ မင်းမောင်နှင့်အောင်ပန်းကတော့ ငြိမ်နေကြသည်။

လှရွှေ ။ "ဆွမ်းခံရင်း ငှက်သင့်တယ်ဆိုတာ ဒါမျိုးနေမှာ။ ဘာမှ မလုပ်ရသေးဘဲ ရဲစခန်းခေါ်စစ်ခံရတယ်လို့ကွာ။ စောအောင် ... အဲဒါ မင်းအသုံးမကျတာ"

ကုလားကြီး ။ "လုပ်ရဲရင် ခံရဲရမယ်ကွာ။ အခုတော့ ဘာမဟုတ် ညာ မဟုတ်။ ငါအစောကတည်းက ပြောသားပဲ။ ဒီကိစ္စ ငါတို့ကိုလွှဲလိုက် ပါဆိုတာကို။ စောအောင် အင်မတန်ပျော့သကွာ။ ငါနဲ့ လူချင်းသာ လဲ လိုက်ချင်တယ်"





စံသိန်း ။ "စောအောင်ကို အပြစ်မပြောကြပါနဲ့ကွာ။ သူက ဥပဒေ သမား။ သူ့မိဘတွေက ဘာသာရေးသမား။ သူအခုလည်း ဥပဒေအတိုင်း အရေးယူပေးဖို့ စခန်းမှူးဆီမှာ တိုင်ချက်ပေးခဲ့ပြီပဲ။ အချိန်စောင့်ရ မှာပေါ့ကွာ။ မင်းတို့ကလည်း ထစ်ခနဲရှိ သတ်မယ်ဖြတ်မယ်နဲ့။ အခု 'အသံကြောင့် ဖားသေ' ဆိုတာလို စခန်းက ခေါ်အစစ်ခံရတာ မင်းတို့ ကြောင့်ပဲ"

ကျွန်တော် ။ "တော်ကြပါတော့ကွာ။ အချင်းချင်း သွေးကွဲကုန်မယ်။ ငါတို့မသတ်လည်း သတ်တဲ့သူက သတ်သွားပြီပဲ။ ကိစ္စပြီးပြီပေါ့။ အခု ငါတို့လုပ်ရမှာက ညီညီညွတ်ညွတ်နဲ့ ရဲတွေကို အလျှော့မပေးဘဲ ခပ် ဘည်တည် ခပ်တင်းတင်း နေဖို့ပဲလိုတယ်"

ကုလားကြီး ။ "ဟုတ်တော့လည်း ဟုတ်တယ်ကွ။ ဦးတင်သိန်းကို သတ်ဖို့က လွယ်တာမဟုတ်ဘူး။ အခု ပိပိရိရိ သတ်သွားတာ။ သတ်တဲ့ သူတွေကိုတော့ ငါချီးကျူးတယ်ကွာ။ အလွန်အင်မတန် တော်တဲ့သူ တွေပဲ။ လူတွေကိုသာသိရင် စံသိန်းအိမ်က ကြက်တွေ၊ ဘဲတွေ ကုန်ချင် ကုန်ပါစေ ငါဒိုင်ခံချက်ကျွေးပြီး ပြုစုချင်ပါသေးတယ်"

မင်းမောင် ။ "ကုလားကြီး ... မင်းအကုန်အကျတွေ များနေဦးမယ်။ ငြိမ်ငြိမ်စားပါဦး"

ကုလားကြီး ။ "ကဲ ... ဒါတွေထားပါကွာ။ မနက်ဖြန်မနက် ကြုံကျ ရွာကို သွားကြမှာမဟုတ်လား"

စံသိန်း ။ "အေးကွာ ... စိတ်ပြေလက်ပျောက်၊ တောလေတောင် လေ ရှူကြရင်း သွားကြမှာပေါ့။ ကုလားကြီးရေ ... နေ့လယ်စာထမင်း တော့ စားရမှဖြစ်မှာနော်။ တော်ကြာ ထမင်းငတ်နေဦးမယ်"

"စိတ်ချပါ၊ ငါတာဝန်ထားစမ်းပါ။ ငါကမပိုင်ရင် ခြင်ထောင်



www.burmeseclassic.com

www.burmeseclassic.com



မရိုက်ဘူး။ မှတ်ထားကြ"

ကျွန်တော် ။ "အပြောနဲ့အဟောတော့ ညီပါစေ ကုလားကြီးရယ်။ သောင်ပြင်လွှတ်တဲ့ ရွှေဟင်္သာလေးတွေလို ငါတို့ယောင်ချာချာနဲ့ ပြန်လာရရင်တော့ မင်းတာဝန်ပဲနော်"

"ဟေ့ကောင် ... စောအောင်၊ ဒီခရီးစဉ်က မင်းအတွက် ငါက တမင်လုပ်ပေးတာ။ မနှင်းဖြူလေးနဲ့ နီးစပ်ပါစေဆိုတဲ့ စေတနာလည်းပါတယ်။ မင်းအမှုတွေအတွက် စိတ်ပြေလက်ပျောက် ခရီးစဉ်ဆိုလည်း ဟုတ်တယ်။ ငါ့စေတနာကို လေးစားစမ်းပါကွာ"

ကျွန်တော် ။ "အေးပါ ... အေးပါ ... ငါက နောက်တာပြောင်တာပါ။ ကျေးဇူးတင်တာကိုတော့ မနက်ဖြန်ညနေ ကြံ့ကူရွာက ပြန်လာတော့မှ တင်တော့မယ်ကွာ။ နော် ... ကုလားကြီး"

ကုလားကြီး ။ "အောင်မယ်လေး ... စောအောင်ရယ်။ ကျေးဇူးတင်စကားလေးပြောတာတောင်မှ အကြွေးထားချင်သေးတယ်။ ရပါတယ်ကွာ။ ငါပြောသလို ဖြစ်ခဲ့ရင်တော့ မနက်ဖြန်ပိုင်းအတွက် မင်းတာဝန်ယူရမယ်နော်။ ကဲ ... စိန်လား"

ကျွန်တော် ။ "စိန်လိုက်စမ်းပါ ကိုကုလားရယ်။ မနက်ဖြန် ညနေစာ ငါအားလုံး တာဝန်ယူမယ်၊ အရက်ရောအမြည်းရော ညစာထမင်းနဲ့ ဟင်းရော။ ကဲ ... ကျေနပ်ပြီလား"

စံသိန်း ။ "အမြည်းတော့ ငါတာဝန်ယူတယ်ဟေ့။ အိမ်မှာ ဘူးသီးရော ကြက်ရော အဆင့်သင့်ရှိတယ်။ ဘူးသီးတွေက မင်းတို့မစားရင် ရင့်ကုန်ပြီး နွားကျွေးပစ်ရတော့မှာ"

ကုလားကြီး ။ "ဟဲ ... ဟဲ ... စေတနာထားတယ်ပေါ့လေ"

ထိုနေ့က ကျွန်တော်တို့အဖွဲ့ အချိန်မရသဖြင့် ညကကျန်နေ





သော ထမင်းကျန်၊ ဟင်းကျန်ဖြင့်သာ အလွယ်စားလိုက်ကြတော့သည်။ ညနေစာကိုတော့ ကုလားကြီးက ကြက်သားနှင့်ဘူးသီး ကာလသားဟင်း ချက်စားရန် ပြင်ဆင်နေသည်။ ကျန်သူများကတော့ ညကအိပ်ရေးပျက်ကြသဖြင့် ထမင်းနေ့လယ်စာ စားပြီးသည်နှင့် အတုံးအရုံး အိပ်ကြသည်။

ညနေစောင်းတော့မှ အိပ်ရာကထကြပြီး ရေမိုးချိုး၍ညစာစားကြပြန်သည်။ ယနေ့တော့ အရက်သောက်ရန် မဟာကြပါ။ ညကလည်း အတော်များသွားကြသည်။ စားသောက်ပြီးတော့လည်း စောစော အိပ်ရာဝင်ကြသည်။

မနက်ဖြန်မနက်စောစော ကြံ့ကူရွာသို့ သွားရောက်ကြရန် အစီအစဉ်ရှိ၍လည်း ဖြစ်သည်။ ပအိပ်နိုင်သေးသူမှာ ကျွန်တော်တစ်ယောက်တည်းသာ ဖြစ်သည်။ အမှုကိစ္စကို စဉ်းစားသည်။ ယခု အချိန်အထိလည်း အိမ်သို့ ဖုန်းမဆက်ဖြစ်သေးပါ။ ဖျာပုံမြို့မှ ကိစ္စများကိုလည်း အိမ်ကို အသိမပေးလိုပါ။

သို့သော် တစ်ပတ်ခန့်ရှိပြီဖြစ်၍ အိမ်ကို အကျိုးအကြောင်း ပြောရန် လိုအပ်ကြောင်းကိုတော့ ကျွန်တော့် စိတ်ထဲအတွေးထဲတွင် ရှိနေပါသည်။ မနက်ဖြန်မနက်မှ ရွှေပုံကြီးလက်ဖက်ရည်ဆိုင်တွင် က်စားရင်း ဖုန်းဆက်ရန် အမှတ်ထားရင်း အိပ်ရာဝင်ခဲ့ပါတော့သည်။

အိပ်ပျော်တော့လည်း အိပ်မက်ကမက်ပြန်သည်။ မနေ့က ပင်။ ကြံ့ကူရွာသို့ အပေါင်းအသင်းတစ်စု စက်ဘီးကိုယ်စီဖြင့် သွားကြသည်။ သစ်သားတံတားဟောင်းကြီးပေါ်တွင် တောင်းစားနေသော ထောင်သိန်းနှင့် တွေ့ပြန်သည်။ သူက ကျွန်တော့်ကို မမှတ်မိပါ။ ကျွန်တော့်



www.burmeseclassic.com

အလှူငွေ (၂၀ဝိ/) ကျပ် ထည့်ခဲ့သည်။ (၃)မိုင်ကျော်ခန့်သွားပြီး ကြံ့ကူ ရွာသို့ ရောက်သည်။ မနှင်းအိတို့အိမ်ပေါ်တွင် ထမင်းစားကြသည်။ မနှင်းဖြူနှင့် မနှင်းနွယ်အမြွှာညီအစ်မလည်း ရှိနေသည်။ ကျွန်တော်တို့ လက်ဆုံထမင်းစားကြသည်။

ပြီးနောက် ကြံ့ကူချောင်းတံတားကို ဖြတ်ကြပြီး ဘုန်းတော်ကြီးကျောင်းကို ဝင်သည်။ ဆရာတော်အား ကန်တော့ကြသည်။ ဆရာတော်က အုန်းသီးစိမ်းများခူးခိုင်းပြီး အုန်းစိမ်းရေတိုက်သည်။ ကျောင်းကြီးမှာ ရှေးဟောင်းကျောင်းကြီး ဖြစ်သည်။ မနှင်းဖြူတို့မှာ ကျောင်းကြီး၏ ဒကာအရင်းများဖြစ်ကြောင်း သိရသည်။

ထိုနေ့က ကျွန်တော်နှင့်မနှင်းဖြူတို့ အတော်ရင်းနှီး ခင်မင်ခဲ့ကြသည်။ သို့သော် ထိုနေ့က မနှင်းနွယ်၏မျက်နှာ မကောင်းပါ။ မနှင်းဖြူနှင့် မနှင်းနွယ်တို့မှာ အမြွှာပူးဖြစ်၍ ရုပ်ဆင်သော်လည်း မနှင်းဖြူက ပို၍အသားဖြူသည်။ ပါးချိုင့်ကလေး နှစ်ဖက်ပါသည်။

မနှင်းနွယ်က မနှင်းဖြူလောက် အသားမဖြူ။ ပါးချိုင့်ကလေးတစ်ဖက်သာပါသည်။ ထိုအချက်များဖြင့်သာ သူတို့ညီအစ်မအား ခွဲခြားနိုင်သည်။ စကားသံကအစ တူကြသည်။ ဝမ်းကွဲဖြစ်သော မနှင်းအိက အသားညိုသော်လည်း ရုပ်ဆင်သည်။ သူမတွင် ပါးချိုင့်မရှိ။

ထူးဆန်းသည်ကတော့ သူတို့ 'နှင်းပွင့်ညီအစ်မသုံးဖော်'သည် ရုပ်ဆင်ရုံတင်မက အသံတလည်းခွဲမရအောင် တူကြသည်။ ကြံ့ကူရွာသည် ရေမြေကောင်းဟန်တူသည်။ ယောကျ်ား၊ မိန်းမ၊ ရွာသူ၊ ရွာသားများအားလုံး အသားဖြူကြသည်။ အလှူအတန်းလည်း ရက်ရောပြီး စီးပွားရေးကောင်းကြဟန် တူသည်။

ခန့်ညားသော ကြံ့ကူရွာဘုန်းကြီးကျောင်းနှင့်ရွာအား ကျယ်ပြန့်သော လယ်ကွင်းများက ဝိုင်းရံလျက်ရှိသည်။ သာယာစည်ပင်သော ရွာကြီးတစ်ရွာလည်း ဖြစ်သည်။





ကျွန်တော်တို့အဖွဲ့ ဘုန်းတော်ကြီးကျောင်းထဲတွင် လှည့်ပတ်ကြည့်ရှုရင်းအပြန်၊ ကြံ့ကူးဘုန်းကြီးကျောင်းနှင့်ရွာအား ပေါင်ကူးထားသည့် မတ်စောက်သော တံတားအတက်၌ မနှင်းနွယ်ခြေချော်ကြပြီး တံတားအောက်ပြုတ်ကျ၍ တံတားအောက်ခြေချောင်းစပ် မြက်တောထဲသို့ ပက်လက်ကျရာမှ သတိမေ့သွားသည်။

ကျွန်တော် အမြန်ဆင်း၍ ပွေ့ထူတော့ တံတားအုတ်ခုံဖြင့် ခေါင်းဆောင့်မိသဖြင့် သွေးများထွက်နေသည်။ ကျွန်တော်၏တစ်ကိုယ်လုံးသည်း မနှင်းနွယ်၏သွေးများဖြင့် ပေကျံကုန်တော့သည်။ ထို့ကြောင့် ကျွန်တော်အလန့်တကြား ထအော်မိတော့သည်။

"သွေးတွေ ... သွေးတွေ၊ မနှင်းနွယ်သေပြီ"

ကျွန်တော်၏ အလန့်တကြား အော်ဟစ်သံကြောင့် စံသိန်းတို့အုပ်စု အကုန်နိုးကြသည်။ အချိန်ကလည်း မနက်(၄)နာရီခန့်ရှိပေပြီ။

သိန်း ။ "စောအောင် ... စောအောင် ... ဘာဖြစ်တာလဲ။ သွေးတွေက ဘယ်မှာလဲ'

ကျွန်တော် ။ "လက်ဖြန့်ပြရင်း၊ အဝတ်အစားများကို ကိုင်ရင်း ဒီမှာလေ ... ငါ့တစ်ကိုယ်လုံး ပေကုန်ပြီ"

ထိုစဉ် ကုလားကြီးက မီးဖွင့်လိုက်သည်။ ကျွန်တော့်ကိုယ်ပေါ်တွင် ဘာမျှမရှိပါ။

သိန်း ။ "ဟာ ... ဒီကောင်စောအောင် အိပ်မက်မက်ပြီး ယောင်ကတမ်း လန့်အော်တာဖြစ်မယ်။ သွေးတွေက ဘယ်သူ့သွေး

www.burmeseclassic.com



တွေလဲ။ ဦးတင်သိန်းရဲ့ သွေးတွေလား"

ကျွန်တော် ။ "အေးကွာ . . . ငါအိပ်မက်မက်နေတာပဲကိုး။ သွေးတွေ
က မနှင်းနွယ်သွေးကွ။ သူ ကြံ့ကူချောင်းတံတားပေါ်က ပြုတ်ကျပြီး
အုတ်ခုံနဲ့ခေါင်းရိုက်မိလို့ သွေးတွေထွက်နေတာကွာ"

စံသိန်း ။ "မနှင်းနွယ်ဆိုတာ ဘယ်သူလဲကွ စောအောင်ရ"

ကျွန်တော် ။ "မနှင်းနွယ်က မနှင်းဖြူရဲ့ညီမ။ ကုလားကြီးရည်းစား
မနှင်းအိရဲ့ ညီအစ်မဝမ်းကွဲတော်တယ်"

ကျွန်တော်က နှစ်ရက်ဆက်မက်သော အိပ်မက်အား ရှင်း
ရာ . . .

ကုလားကြီး ။ "စောအောင်ရာ . . . မင်းကိုလည်း ငါ အဲဒီအကြောင်း
တွေ မပြောရသေးပါဘူး။ ထူးဆန်းလိုက်တာကွာ။ မင်းနဲ့မနှင်းဖြူ
က အရင်ဘဝက ပဋ္ဌာန်းဆက်တွေထင်ပါရဲ့။ နှင်းအိတို့ မင်းအိပ်မ
အကြောင်းကြားကြရင်တော့ အလွန်အံ့သြကြဦးမယ်။ ကဲ . . . ထ
တော့ကွာ။ မျက်နှာသစ်၊ အဝတ်လဲကြ။ စောစောထွက်ကြမယ်။ ရွှေ
ကြီးမှာ ထိုင်ကြဦးမှာဆိုတော့ မနက်စောစော ကြံ့ကူရွာကို ရောက်
ပေ့။ ကဲ . . . လုပ်ကြ . . . လုပ်ကြ"

ကျွန်တော်တို့အုပ်စု မျက်နှာသစ်၊ အဝတ်လဲကြပြီး စံသိန်း
အိမ်ကထွက်တော့ မနက်(၅)နာရီထိုးပြီ။ ရွှေပုံကြီးလက်ဖက်ရည်ဆို
တွင်ထိုင်ကြပြီး မနက်စာစားကြသည်။ ရန်ကုန်အိမ်ကို ဖုန်းဆက်
သတိရသော်လည်း မနက်စောစော မိဘများ ဘုရားဝတ်ပြုချိန်ဖြစ်
အနှောင့်အယှက်မပေးလိုသဖြင့် ဖုန်းမဆက်ဖြစ်ပြန်ပါ၊

ကျွန်တော်တို့ မနက်စာစားသောက်ပြီး စက်ဘီးများဖြင့် ထွ
လာကြတော့ မနက်(၆) နာရီခန့်ရှိပြီ။ (၁၅)မိနစ်ခန့်အကြာတွင် ကြံ့ကူ





ဘက်သို့ကူးသည့် သစ်သားတံတားအိုကြီးပေါ်သို့ ရောက်သည်။ တံတား
ကြီးမှာ ပေ (၂၀) ကျော်ခန့်သာ ရှည်သော်လည်း တံတားဟောင်းကြီး
ဖြစ်၍ နွဲ့ဆွဲမြည်နေပြီ။ ကားများဖြတ်လျှင် တစ်စီးပြီးမှတစ်စီး ဖြတ်ရ
သည်။ တံတားပေါ်တွင်လည်း အိပ်မက်ထဲမှ သူတောင်းစားကြီးအား
တွေ့မြင်ရပါ။ နှစ်ရက်ဆက်မက်သော အိပ်မက်ထဲမှ မြင်ကွင်းအတိုင်း
ဖြစ်သော်လည်း တံတားပေါ်တွင် သူတောင်းစားကြီးအား မမြင်တွေ့ရ
သဖြင့် တစ်ခုခုလိုနေသလိုပင်။

ဖြောင့်တန်းနေသော ကျောက်ခင်းလမ်းကြီးအတိုင်း ကျွန်တော်
တို့ စက်ဘီးများနင်းကြသည်။ လမ်းဘေးတွင် နှစ်ကြီးသက်ရင့် ကုက္ကိုပင်
များကိုတွေ့ရပြီး၊ အဝေးတွင် ရွှေဝါရောင်လယ်ကွင်းများက တစ်မျှော်
တစ်ခေါ် မြင်နေရသည်။ တောနံ့တောင်နံ့သင်းသော စပါးခင်းများကို
ဖြတ်တိုက်လာသောလေက လတ်ဆတ်သန့်ရှင်းလှသည်။

သို့သော် နှင်းမှုန်များကြောင့် အဝေးဆီကိုတော့ မမြင်ရ။ နေ
မထွက်သေးသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး မှုန်မှိုင်းရီဝေနေသည်။
ကျွန်တော်တို့စက်ဘီးနင်းရင်း အလင်းရောင် ပိုများလာသည်။ သို့သော်
ဆောင်းရာသီဖြစ်၍ နေရောင်တော့ မထွက်သေးပါ။

ကြံ့ကူရွာ အလယ်တန်းကျောင်းရှေ့ရောက်တော့ နှင်းကွဲပေ
ပြီ။ နေရောင်လည်း ထွက်လာပြီ။ လမ်းအလုပ်သမားအဖွဲ့ လမ်းခင်း
နေကြသည်။ ကျွန်တော်၏ အိပ်မက်ထဲကအတိုင်းဖြစ်၍ အလွန်
အံ့သြမိသည်။ အိပ်မက်အစွဲကြောင့်လား မသိ။ ပတ်ဝန်းကျင်မှာ ကျွန်
တော်နှင့် မစိမ်း။ ယဉ်ပါးကျွမ်းဝင်နေသည်။

လမ်းမကြီးမှ ကျောင်းလမ်း (လက်ယာဘက်)သို့ ခွဲဆင်းသည်။
မြတ်ကျိုးခင်းသော(၁၀) ပေ ခန့်ကျယ်သည့် လမ်းကလေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြို့ကူရှာ အလယ်တန်းကျောင်းကို ဆိတ်ငြိမ်စွာလှမ်းမြင်ရသည်။ ဆ
ဆရာမ၊ ကျောင်းသူ၊ ကျောင်းသားများ တစ်ယောက်မျှမရှိပါ။ ကျော
တံခါးများလည်း ပိတ်ထားသည်။ဩော် ... သည်နေ့ ကျောင်းပိတ်ရ
တနင်္ဂနွေနေ့ပေကိုး။

ကျွန်တော်တို့အုပ်စု ကျောင်းဘေးမှဖြတ် ကျောင်းစော
ကလေးများကိုကျော်ပြီး ရွာထဲဝင်ခဲ့သည်။ ရွာလမ်းဆုံတွင် အိပ်မက်
ကအတိုင်း အကြော်ဆိုင်နှင့် ကုန်မျိုးစုံဆိုင်ကြီးကို လှမ်းမြင်ရသ
ကုလားကြီးကလည်း အိပ်မက်ထဲကအတိုင်းပင် အကြော်ဆိုင်တွင် ထို
အကြော်စားရင်းနားကြရန် ဆော်ဩလာသည်။

ကျွန်တော်တို့ ထိုင်ကြသည်။ အကြော်စားသည်။ ရေနွေးကြ
သောက်ရင်း အနားယူကြသည်။ (၃) မိုင်ကျော်ခရီးကို စက်ဘီးနှ
သည်မှာ မနက်စောစောဖြစ်သော်လည်း နင်းစမရှိ၍ ချွေးပြန်နေသ

ကျွန်တော်တို့အသံကြား၍ ထင်ပါသည်။ ကုန်စုံဆိုင်အိမ်
မှ အမျိုးသမီးတစ်ဦး ဆင်းလာသည်။

"ဩော် ... အစ်ကိုတို့ ရောက်လာကြတာကိုး။ ညီသ
တွေလည်း ပါလာတယ်ထင်ပါရဲ့။ အိမ်ပေါ်ကို လာကြလေ။ မနှ
လည်း အကြော်လာဝယ်ရင်း ရောက်နေတယ်"

"နှင်းအိရေ ... စက်ဘီးနင်းလာကြရတာ မောကြလို့ ရေ
ကြမ်းသောက်ရင်း အကြော်စားကြတာပါ။ ပြီးတာနဲ့ လာကြမှ
အတော်ပါပဲ။ မနှင်းဖြူကို တွေ့ချင်တဲ့ညီသည်လည်း ပါလာတယ်
ပြောပေးပါ"

"ဟုတ်ကဲ့ အစ်ကို။ မနီရေ ... အကြော်ဖိုး မယူနဲ့နော်
ရှင်းပေးမယ်"





"ဟုတ်ကဲ့ ... ဟုတ်ကဲ့။ မနှင်းအိရေ ... အမျိုးတွေထင်ပါရဲ့"

မိန်းမများ အတော်စပ်စုသည်။ ကိုကုလားကြီးက လာနေကျဖြစ်၍ သိနေဟန်တူသည်။ စောင်းပြောသည်လည်း ဖြစ်နိုင်သည်။ ကျွန်တော်တို့စားပြီးနောက် စက်ဘီးများကိုတွန်း၍ ကုန်စုံဆိုင်အနီးတွင် တန်းစီထိုးထားပြီး အိမ်ကြီးအောက်ထပ်ညေ့ခန်းသို့ တက်ကြသည်။ ညေ့ခန်းဆိုသော်လည်း မြို့မှာလို ဆက်တီကုလားထိုင်နှင့် စားပွဲများမရှိ။ သင်ဖြူးဖျာများသာ ခင်းကျင်းထားသည်။

မနှင်းအိ ။ "လာကြပါ၊ ထိုင်ကြပါ အစ်ကိုတို့။ ကျွန်မတို့ နေ့လယ်စာစားဖို့ ချက်ပြုတ်ပြင်ဆင်နေပါပြီ"

ကုလားကြီးက မပိုင်လားဟူသည့်သဘောဖြင့် လက်မထောင်ပြသည်။ ကျွန်တော်တို့ကလည်း ခေါင်းညိတ်၍ ထောက်ခံလိုက်ကြပါသည်။ အံ့ဩစရာကောင်းသည်မှာတော့ မနှင်းဖြူဖြစ်သည်။ ကျွန်တော်၏အိပ်မက်ထဲကအတိုင်းပင် ပါးချိုင့်ကလေးနှစ်ဖက်ဖြင့် အသားအရေမှာ ဖြူဆွတ်ဝင်းပနေသည်။

သူက ကျွန်တော့်အား ကွက်ကြည့်ကွက်ကြည့် လုပ်နေသလို ကျွန်တော်၏အကြည့်များကလည်း သူ့ထံမှမခွာမိပါ။ အမိတက္ကသိုလ်တွင် မြို့စုံနယ်စုံမှာ အချောအလှများ ပေါများစွာတွေ့ ခဲ့ဖူးသော်လည်း မနှင်းဖြူအလှကို မီမည်မထင်ပါ။ ထိုစဉ် ကုလားကြီးက အလိုက်သိစွာ မိတ်ဆက်ပေးသည်။

"မနှင်းဖြူရေ ... သူက စောအောင်တဲ့။ ရန်ကုန်တက္ကသိုလ်က ဉပဒေနောက်ဆုံးနှစ်ကျောင်းသား။ အရင်ကတော့ ဖျာပုံမှာနေတယ်။ ကမ်းနားက ရေလုပ်ငန်းပိုင်ရှင်သူဌေး ဦးအောင်မြင့်ရဲ့သား။ အခု ဖျာပုံ



www.burmeseclassic.com

www.burmeseclassic.com



ကို လာလည်တာ။ ဒီဘက်ကတော့ ငယ်ပေါင်းတွေဖြစ်တဲ့ စံသိန်း မင်းမောင်၊ လှရွှေနဲ့အောင်ပန်း''

''ဟုတ်ကဲ့ . . . တွေ့ရတာဝမ်းသာပါတယ်ရှင်။ ဒီမှာ စား သောက်ကြပြီးရင်လည်း ကျွန်မတို့အိမ်ကို လိုက်လည်ကြပါဦးရှင်''

ကျွန်တော် ။ ''ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ ဒါနဲ့ ဒီကနေ ကြံ့ကူ ချောင်းကို ကျော်ပြီးဆောက်ထားတဲ့ ချောင်းကူးတံတား မြင့်မြင့်ကြီး ရှိတယ်။ ဘုန်းကြီးကျောင်းကို ကူးတာလေ''

''ကိုစောအောင်က အရင် ကြံ့ကူရွာကို ရောက်ဖူးလို့လား''

''မရောက်ဖူးပါဘူးဗျာ။ ဒါ ပထမဆုံးအခေါက်ပါ။ ဘုန်းကြီး ကျောင်းကြီးက ရှေးဟောင်းကျောင်းကြီး အကျယ်ကြီးနော်။ အုန်းပင် တွေလည်း အများကြီးပဲ။ ကျောင်းရှေ့မှာ ခရေပင်ကြီးတစ်ပင်လည်း ရှိတယ်။ ဒန်းပုခက်တစ်စုံလည်း အမြင့်ကြီးမှာ ချိတ်ဆွဲထားတယ်နော် ဟုတ်တယ် မဟုတ်လား''

''ကိုစောမောင်က ကြံ့ကူရွာကို မရောက်ဖူးဘူးလည်းဆိုသေး အကုန်သိနေပါကလား။ ခရေပင်ကြီးက ဒန်းပုခက်တွေက ရန်ကုန်က အလှူရှင်တွေက ကွယ်လွန်သွားတဲ့သူတို့ သမီးတွေအတွက် အိပ်မက် အရ လာလှူဒါန်းထားကြတာပါ။ တခြားသူတွေ မစီးနိုင်ဖို့အတွက် အမြင့် ကြီးမှာ ချိတ်ထားတာပါ''

''အေးဗျာ။ ကျွန်တော်ကလည်း အိပ်မက်အရ သိနေတာပါ ဒါနဲ့ မနှင်းဖြူညီမ မနှင်းနွယ်က ချောင်းကူးတံတားပေါ်က ပြုတ်ကျပြီး ခေါင်းနဲ့ တံတားအုတ်ခုံဆောင့်မိလို့ သေရရှာတာ မဟုတ်လား''

''ဟောတော့ . . . ကိုစောအောင်က ဒါတွေကိုလည်း သိနေ တာကိုး။ ရှင့်ကို ဘယ်သူပြောတာလဲ။ ကိုကုလားကြီးလား''





''ဟာ . . . ဟာ . . . ငါ့ကိုဆွဲမထည့်နဲ့။ ငါ အဲဒီအကြောင်းတွေ ကို ဘာမှမသိသေးဘူး။ စောအောင်ကိုလည်း မပြောရသေးဘူး။ သူက အိပ်မက်ထဲကအတိုင်း ပြောနေတာ။ သူ့အိပ်မက်ကို ငါတို့ကို ပြောပြ လို့ ငါတို့လည်း အလွန်အံ့ဩနေကြတယ်။ မနှင်းဖြူတို့နဲ့ စောအောင် က အရင်ဘဝက ပဋ္ဌာန်းဆက်တွေထင်ပါရဲ့နော်''

မနှင်းအိ ။ ''ဟုတ်ပါရဲ့ . . . အစ်ကိုရယ်၊ ဒီအကြောင်းတွေကို စိတ် မကောင်းလွန်းလို့ တစ်မိမ်းသူကိုမပြောရဘူးလို့ သူကြီးက အမိန့်ထုတ် ထားတာ။ ဒါကြောင့် ရွာသူရွာသားတွေကလွဲလို့ တော်ရုံလူ မသိကြပါ ဘူး။ အခုတော့ ကိုစောအောင်က အိပ်မက်မက်ပြီး အကုန်လုံးသိနေ တယ်နော်။ အံ့ဩပါရဲ့ရှင်''

''အေးဗျာ . . . ကျွန်တော်က ဒီရွာနဲ့မစိမ်းသလိုပဲ။ မနှင်းဖြူ တို့နဲ့လည်း ပဋ္ဌာန်းဆက်ထင်ပါရဲ့။ မြင်မြင်ချင်း ခင်မင်မိပါတယ်။ မနှင်း ဖြူနဲ့ မနှင်းနွယ်၊ မနှင်းအိတို့က တစ်နေ့တည်းမွေးတာနော်။ စနေ သမီးတွေ။ နာရီပိုင်းပဲ ခြားကြတာ။ မနှင်းဖြူက အကြီးဆုံးပေါ့နော်။ မနှင်းနွယ်က ပါးချိုင့်ကလေး တစ်ဖက်ပဲပါတယ်။ စိတ်တော့ အတော် ကြီးတယ်မဟုတ်လား''

''ဟော . . . လုပ်ပြန်ပြီ။ ကိုစောအောင် ဒါလည်း အိပ်မက် မက်လို့ သိတာပဲလား''

''ဟုတ်ပါရဲ့ဗျာ။ အိပ်မက်ထဲက အတိုင်းပါပဲ။ အဲဒီအိပ်မက် တွေကိုလည်း နှစ်ရက်တောင်ဆက်ပြီး မက်တာ။ ဒါကြောင့် ကျွန်တော် လည်း မှတ်မိနေတာပါ။ မနီအကြောင်းဆိုင်နဲ့ မနှင်းအိတို့ ကုန်စုံဆိုင်တဲ့ အစ ကျွန်တော့်အိပ်မက်ထဲမှာပါတယ်''

''ဟောတော့ . . .''



www.burmeseclassic.com

www.burmeseclassic.com



မနှင်းဖြူက ဒုတိယအကြိမ် 'ဟောတော့'ဟု အံ့သြစွာ ရေရွတ်ပြီးနောက် ကျွန်တော့်အား မျက်တောင်ပင်မခတ်ဘဲ အံ့သြစွာ ငေးငေးရင်း စိုက်ကြည့်နေပြန်သည်။ ကျွန်တော်ကလည်း ကြွေရုပ်လိုလှပဖွေးနေသော မနှင်းဖြူ၏ ချစ်စရာမျက်နှာကလေးအား မျက်နှာမလွှဲစိုက်ကြည့်နေမိသည်။ Love at First Sight ဟူသော စကားပုံနှင့်အညီ ကျွန်တော်တို့နှစ်ဦး၏ သံယောဇဉ်နှောင်ကြိုးမှာ မကွယ်မဝှက်နိုင်သော မျက်ဝန်းများထဲ၌ အထင်းသားပေါ်လွင်နေမည်ဟု ထင်ပါသည်။

နောက်ဆုံးတွင် တစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်မှုရပြီဖြစ်၍ ကျွန်တော်က မကွယ်မဝှက်တော့ဘဲ အိပ်မက်ပါအကြောင်းအရာများအား လုံးစေ့ပတ်စေ့ပြောပြလိုက်ရာ မနှင်းဖြူအပြင် မနှင်းအိကပါ စကားဆုံးသည်နှင့်ပြိုင်တူပင် 'ဟောတော့'ဟု ရေရွတ်မြည်တမ်းကြတော့သည်။

စကားဆုံးသည်နှင့် ပိုမိုရင်းနှီးခင်မင်မှုရကြပြီး နေ့လယ်စာအတွက် ကုလားကြီးကပင်ဦးဆောင်ကာ ချက်ပြုတ်ရန် ပြင်ဆင်ကြတော့သည်။ ကျွန်တော်တို့အဖွဲ့ကလည်း တက်ညီလက်ညီ ဝိုင်းလုပ်ပေးသည်။

ကြက်သားနှင့်ငါးဟင်းကို ကုလားကြီးနှင့်မနှင်းအိက ပြင်ဆင်သည်။ ချဉ်ပေါင်ရွက်နှင့် ပုစွန်ကြော်ရန် အတွက် မနှင်းဖြူကစီစဉ်၍ ကျွန်တော်က ဝိုင်းခြွေပေးသည်။ စံလိန်းတို့အုပ်စုက မီးမွှေး၊ ထင်းခွဲ၊ ရေခပ်၊ ထမင်းချက်ပေးကြသည်။ လိုအပ်သော ဟင်းခတ်ပစ္စည်းများမှာ မနှင်းအိတို့ ကုန်စုံဆိုင်တွင်ရှိနေသဖြင့် အဆင်ပြေပါသည်။ တက်ညီလက်ညီကူညီသဖြင့် မကြာခင် ထမင်းဟင်းကျက်သည်။

မနှင်းအိနှင့်ညားလျှင် မီးဖိုချောင်မဝင်တော့ဟူသော ကုလားကြီးမှာ တကယ်တမ်းတော့ ဦးဆောင်ချက်ပြုတ်နေသူသာ ဖြစ်သည်။





ထမင်းဟင်းကျက်တော့ အပေါ်ထပ်မှ မနှင်းအိ၏မိဘများကို ဦးဦးဖျားဖျားကျွေးပြီး ကျွန်တော်တို့ လက်ဆုံထမင်းစားကြသည်။ စက်ဘီးနင်းလာရ၍လား၊ ချစ်စရာကောင်းလှသော မနှင်းဖြူ၏မျက်နှာကလေးကို ငေးမောရင်း ထမင်းစားရ၍လားမသိ ကျွန်တော်၏တစ်သက်တာတွင် ထမင်းအမြိန်ဆုံးနေ့ ဖြစ်သည်။

ထမင်းစားပြီးတော့ ကျွန်တော်တို့အဖွဲ့အား မနှင်းဖြူက သူတို့အိမ်သို့ခေါ်သွားသည်။ ရပ်ရွာသူကြီးအိမ်ဖြစ်၍ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးမှာ ကြီးမားလှသည်။ အိမ်အောက်ထပ်တွင် ပက်လက်ကုလားထိုင်ကိုယ်စီဖြင့်ထိုင်၍ နေ့လယ်နေ့ခင်း အနားယူနေကြသော မနှင်းဖြူ၏မိခင်၊ ဖခင်တို့ကလည်း ကျွန်တော်တို့အဖွဲ့အား လှိုက်လှဲပျူငှာ ကြိုဆိုပါသည်။

အိမ်အောက်ထပ် စားပွဲအရှည်ကြီးတွင် ဝိုင်းထားသည့် ခုံတန်းလျားများတွင် ထိုင်ကြရင်း မနှင်းဖြူနှင့်မနှင်းအိတို့က ချင်းသုပ်၊ လက်ဖက်သုပ်၊ ရေနွေးကြမ်းတို့ဖြင့် ဧည့်ခံသည်။ ကျွန်တော့်အား ရေလုပ်ငန်းပိုင်ရှင် ဦးအောင်မြင့်၏သားဟုဆိုသည်နှင့် သူကြီးကသိနေသည်။ သူကြီးနှင့် အဖေကငယ်စဉ်ကပင် လုပ်ငန်းတူလုပ်ခဲ့သော အပေါင်းအသင်းဟောင်းများဟု သိရသည်။

သူကြီးနှင့် ကျွန်တော်၏အဖေတို့မှာ ငယ်စဉ်က ဆန်၊ စပါး၊ ပဲ၊ နှမ်းရောင်းဝယ်ရေးကို အတူတွဲ၍ လုပ်ခဲ့ကြဖူးသော မိတ်ဆွေများဖြစ်ကြသည်။ ကြီးလာမှ အဖေကရေလုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်သော်လည်း သူကြီးက ဖခင်၏အရိုက်အရာ သူကြီးအဖြစ်လုပ်ကိုင်ရင်း ဆန်၊ စပါး၊ ပဲ၊ ပြောင်း၊ နှမ်းလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကြီး ။ "ငါ့တူက အခု ဘာအလုပ်လုပ်သလဲကွယ့်"

"ကျွန်တော်က ဥပဒေဘာသာ နောက်ဆုံးနှစ်တက္ကသိုလ်ကျောင်းသားပါအဘ။ အလုပ်မလုပ်သေးပါဘူး"

"အခုနေတာကရောကွယ့်"

"ရန်ကုန်မှာပါအဘ။ လှိုင်မြို့နယ်မှာပါ။ ကျွန်တော့်ကျောင်းကိစ္စနဲ့ အဖေ၊ အမေတွေက အသက်ကြီးလာတော့ ဘာသာရေးလုပ်ချင်တာနဲ့ ဖျာပုံကရေလုပ်ငန်းကို မျက်နှာလွှဲနဲ့ထားခဲ့ပြီး ရန်ကုန်ပြောင်းနေတာပါ"

"ကောင်းပါရဲ့ကွာ။ ရေလုပ်ငန်းဆိုတာက သူများအသက်တွေနဲ့ ရင်းလုပ်ရတဲ့လုပ်ငန်းပဲ။ အသက်ကြီးလာတော့လည်း အကုသိုလ်အလုပ်တွေ ဘယ်လုပ်ချင်ကြတော့မလဲ။ မင်းအဖေနဲ့အဘ တွဲလုပ်လာတာ နှစ်အတော်ကြာပါတယ်။ မင်းအဖေက လူအေးပါ။ ဘာသာရေးသမားပဲ။ အခြေအနေအရ စီးပွားရေးအတွက် ရေလုပ်ငန်းကိုပြောင်းလုပ်ရတာလည်း အဘသိပါတယ်။ စားဝတ်နေရေးကိစ္စဆိုတော့လည်း အခက်သားကလားကွယ်"

"ဟုတ်ပါတယ် အဘ။ အဖေက ဖျာပုံမှာနေကတည်းက ဘာသာရေးလုပ် တရားထိုင်ပါတယ်။ ကျွန်တော်တို့တိုက်ကြီးကိုတောင် သူတရားထိုင်ရင် အသံပလံ၊ အနှောင့်အယှက်မရှိဖို့ အသံလုံအောင် ဆောက်ထားတာပါ။ ရန်ကုန်ရောက်တော့လည်း ပိုအဆင်ပြေပါတယ်။ ကိုယ့်ဝင်းကိုယ့်ခြံနဲ့ သီးသန့်နေတာပါခင်ဗျား"

"အေးကွယ် . . . ကောင်းပါလေရဲ့။ မင်းတို့သူငယ်ချင်းတွေ အခုလို ညီညီညွတ်ညွတ် ချစ်ကြခင်ကြတာ အဘဝမ်းသာပါတယ်။ နောင်လည်း အဘတို့အိမ်ကို ဝင်ထွက်ပေါ့ကွယ်။ နှင်းဖြူကိုလည်း မင်း





တို့ရဲ့ညီမလေးလို သဘောထားပေါ့ကွယ်။ သူ့ခမျာ အမြွှာညီမဆုံးသွားတော့ အထီးကျန်ဆန်နေရှာတာကွယ့်။

အခုမှ ဆရာမဖြစ်တော့ သူ့ကိုယ်သူ ထိန်းတတ်လာတာ။ သူ့ညီမ နှင်းနွယ်ဆုံးတုန်းကတော့ နှစ်ပေါက်အောင်ကို နေ့စဉ်ငိုခဲ့တာကွယ့်။ အမြွှာညီအစ်မဆိုတော့လည်း အလွန်အမင်း ချစ်ကြတာပေါ့ကွယ်။ အင်း . . . သမီးငယ်နှင်းနွယ်လည်း အပျိုကလေးဖြစ်လာမှ ဆုံးရှာတာ သနားစရာပေါ့ကွယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မမြဲတဲ့တရားပေါ့ကွယ်။

ဒါကြောင့် ငါ့တူတို့ကိုမှာချင်တာက လုပ်သင့်တဲ့အလုပ်ကို နေ့ညဆိုင်းပြီး အချိန်မရွှေ့လေနဲ့။ ယောကျ်ားပီပီ လုံ့လဝီရိယစိုက်ပြီး အားကြိုးမာန်တက်လုပ်ကွယ့်။ လူ့ဘဝဆိုတာကြီးက အစိုးမရဘူး။ နေ့သေမလား၊ ညသေမလား မပြောနိုင်ဘူး။ အချိန်ရှိတုန်း ဝါယမစိုက်ပြီး လုပ်ကြကွယ့်။ နောင်တဆိုတာ နောင်မှရတတ်တာ အလကားပဲ။ နောင်တမရစေနဲ့။ ကိုယ်လုပ်ရမယ့်အလုပ် မှန်ကန်တရားမျှတရင် အချိန်မီလုပ်ရတယ်ကွယ့် မှတ်ထားကြ"

"ဟုတ်ကဲ့ပါ အဘ"

"ငါ့တူက ဥပဒေလိုင်းသမားဆိုတော့ ရှေ့နေတရားရေးဝန်ထမ်း၊ တရားသူကြီး တစ်ခုခုတော့ ဖြစ်မှာပေါ့ကွယ်။ တရားဥပဒေကို လေးစားလိုက်နာ ခံယူကျင့်သုံးပါ။ မိမိဆုံးဖြတ်လုပ်ကိုင်တဲ့ကိစ္စတိုင်း သမာသမတ်ညီညွတ်မျှတပါစေ။ ဟုတ်သလားကွယ့်"

"ဟုတ်ပါတယ် အဘ"

"အေး . . . အေး . . . လူကလေးတို့ လွတ်လွတ်လပ်လပ်နေကြ။ သွားစရာရှိသွားကြ။ ကိုယ့်မိခင် ဖခင်အိမ် လို သဘောထား



www.burmeseclassic.com

www.burmeseclassic.com



ကြကွယ်။ ကြားလား"

"ဟုတ်ကဲ့ပါ အဘ"

ထိုစဉ် မနှင်းဖြူက ...

"အဘ သမီးတို့ ဆရာတော်ကျောင်းဘက် လိုက်ပြလိုက်ဦးမယ်နော်"

"အေး ... အေး ... သမီး ချောင်းကူးတံတားကိုကူးရင်တော့ လက်ရန်းကို မြဲမြဲကိုင်ပြီးမှကူးနော်။ ပေါ့ပေါ့ဆဆ မသွားလာကြနဲ့။ ဒီနေရာတွေက ဂမ္ဘီရရှေးဟောင်းနယ်မြေတွေ ကြပ်ကြပ်သတိထားကြ"

"ဟုတ်ကဲ့။ စိတ်ချပါ အဘ"

ကျွန်တော်တို့ သူကြီးအိမ်ကထွက်ပြီး ဘယ်ဘက်ချိုးကွေ့တော့ ကြံ့ကူချောင်းသို့ ရောက်သည်။ ချောင်းအကျယ်အဝန်းမှာ (၁၀) ပေခန့်သာရှိပါလိမ့်မည်။ ချောင်းကူးတံတားကတော့ မတ်ဆောက်လှသည်။ သံပေါင်သစ်သားခင်းသော တံတားဖြစ်သည်။ တံတားအောက်မှ လှေသမ္ဗန်များ ဖြတ်သန်းသွားလာနိုင်ရန်အတွက် တံတားအားအမြင့်ဆောက်ထားရာ အတော်မတ်စောက်ပြီး မြင့်မားသည်။ တံတား၏တစ်ဖက်ကမ်းတွင် အုန်းပင်နှင့်ထန်းပင်များ ဝိုင်းရံနေသော ကြံ့ကူဘုန်းတော်ကြီးကျောင်းဝင်းအား စိမ်းလန်းသာယာစွာ တွေ့ရသည်။ ချောင်းကမ်းနဖူးတွင် အလှူန်သာယာပါပေသည်။

ကျွန်တော်တို့အဖွဲ့အား မနှင်းဖြူနှင့် မနှင်းအိကဦးဆောင်၍ မတ်စောက်သော တံတားကြီးပေါ်သို့ လက်ရန်းကိုကိုင်ကာ တက်ကြသည်။ တံတားအနီးတွင်လည်း သမ္ဗန်များက တံတားအောက်မှဖြတ်သန်းသွားလာ လှော်ခတ်ကြသည်။ တံတားကြီးအနေအထားနှင့်





ဘုန်းတော်ကြီးကျောင်းဝင်းပုံသဏ္ဌာန်မှာ ကျွန်တော်၏ အိပ်မက်ထဲက အတိုင်း တစ်သဝေမတိမ်း တူနေသည်။

ဖိနပ်များအား တံတားအဆင်း ကျောင်းဝင်းအဝင်ဝ စကြံအနီးတွင် ချွတ်ရသည်။ ကျွန်တော် ဖိနပ်ချွတ်ရင်း သတိရသဖြင့် မနှင်းနွယ် ခြေချော်ကျရာနေရာအားရပ်၍ ကြည့်နေစဉ် မနှင်းဖြူ ကျွန်တော့်အနားသို့ရောက်လာပြီး ...

"အစ်ကို ... နှင်းနွယ်ကျတဲ့နေရာကို ကြည့်နေတာမဟုတ်လား"

"ဟုတ်တယ် ... မနှင်းဖြူခေါင်းက ဘုန်းကြီးကျောင်းဘက်လှည့်ပြီး ပက်လက်ကျတာ ဒီနေရာပဲ"

"ဟုတ်ပါတယ် အစ်ကို၊ အစ်ကိုပြောတဲ့ အတိုင်းပါပဲ"

ကျွန်တော် စိတ်မကောင်းစွာဖြင့် အသေးစိတ်ကြည့်ရှုပြီး တိုးတိုးလေး အမျှပေးဝေနေမိသည်။ အိပ်မက်ထဲတွင်သာမြင်ဖူးခဲ့သော နှင်းနွယ်အား ကောင်းရာသုဂတိရောက်စေရန် ဖြစ်သည်။ ကျွန်တော် နှင်းနွယ်အား စိတ်ထဲတွင် အမှတ်တရပုံဖော်နေမိစဉ် အာရုံထဲတွင် ပါးချိုင့်ကလေးတစ်ဖက်နှင့်ပြုံးနေသည့် နှင်းနွယ်အား မြင်ယောင်လာသည်။

ထိုစဉ် နှင်းနွယ်ကျရာနေရာ မြက်ပင်အောက်မှ ဝင်းလက်သွားသော အစိမ်းရောင်ကလေးကို ကျွန်တော့်မျက်စိထဲတွင် လက်ခနဲမြင်လိုက်ရသည်။ ကျွန်တော် စကြံအုတ်လမ်းပေါ်မှ ကမ်းစပ်မြက်ပင်များပေါ်သို့ ဆင်းလိုက်စဉ် မနှင်းဖြူက ကျွန်တော့်လက်ကို လှမ်းဆွဲလိုက်ရင်း ...

"အစ်ကို ... အစ်ကို ... မဆင်းနဲ့လေ။ မြွေပါးကင်းပါး"

ကျွန်တော် စံသိန်းတို့အုပ်စုအား လှမ်းကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



မနှင်းအိ ခေါင်းဆောင်၍ ကျောင်းပေါ်သို့ပင် တက်သွားကြပြီဖြစ်သည်
"ရတယ် ... မနှင်းဖြူ ခဏကလေးနော်။ အစ်ကို ပစ္စည်းလေ
တစ်ခုကို တွေ့လိုက်သလိုပဲ။ အစိမ်းရောင်ကျောက်ကလေး။ လက်စွ
ကလေးဖြစ်မယ် ထင်တယ်"
ကျွန်တော်ကုန်း၍ ကောက်လိုက်စဉ် ကျွန်တော့်လက်ထဲသို့
အရည်ကောင်းသောမြကျောက်အား ကျောက်စိမ်းများ စီခြယ်ထားသည်
ငါးမူးသားခန့်ရှိ ရွှေလက်စွပ်ကလေးတစ်ကွင်း ပါလာသည်။
"ရော့ ... ရော့ ... မနှင်းဖြူ။ ဒါမနှင်းနွယ်ရဲ့ လက်စွ
ကလေးထင်ပါရဲ့"
"ဩော် ... ဟုတ်ပါရဲ့ အစ်ကိုရယ်။ သူဆုံးတဲ့နေ့ကစပြီး
ပျောက်သွားတာ။ ဒီနေရာမှာလည်း အထပ်ထပ်ရှာပြီးပါပြီ။ မတွေ့ခဲ့ပါ
ဘူး။ ဒီလက်စွပ်မျိုးက ညီမမှာတစ်ကွင်း၊ နှင်းနွယ်မှာတစ်ကွင်း အမေ
ကလုပ်ပေးထားတာ။ နှင်းနွယ်လက်စွပ်က နည်းနည်းကြီးပြီး ချောင်နေ
တယ်။ အစ်ကို့လက်မှာ ဝတ်ကြည့်ပါဦး"
"မိန်းကလေးလက်စွပ်ပဲ မနှင်းဖြူရယ်။ အစ်ကိုနဲ့ဘယ်တော်
ပါ့မလဲ။ ဟောဗျ ..."
ကျွန်တော် အလွန်အံ့ဩသွားမိသည်။ မြလက်စွပ်ကလေးမှာ
ကျွန်တော်နှင့် အတော်ဖြစ်နေသည်။ ကျွန်တော်ကလည်းသွယ်သွယ်
လက်ချောင်းကလေးများကလည်း သွယ်သွယ်ဖြစ်၍ မနှင်းနွယ်လက်
နှင့် အတန်ငယ်ကြီးနေသော လက်စွပ်ကလေးမှာ ကျွန်တော်နှင့် အနေ
တော်ဖြစ်ခြင်း ဖြစ်ပေလိမ့်မည်။
"အစ်ကိုယူလိုက်တော့။ ဒါ ညီမနဲ့ နှင်းနွယ်က အစ်ကို့ကို
လက်ဆောင်ပေးတာ။ ရေအခဲ့၊ ကုန်းတစ်ဝက်တဲ့။ အစ်ကိုယူလိုက်တော့





နော်"
"မဟုတ်တာ မနှင်းဖြူရယ်။ မနှင်းနွယ်အတွက် ရောင်းချပြီး
ကုသိုလ်ကောင်းမှုလုပ်ပြီး လှူလိုက်ပါနော်။ အစ်ကို မယူပါရစေနဲ့"
"အခုလည်း အစ်ကို့ကို လှူတာလေ။ ကုသိုလ်ကောင်းမှုတစ်ခု
ပေါ့။ အစ်ကိုမငြင်းပါနဲ့ လက်ခံပါ။ ညီမလေးနှင်းနွယ်က ပေးတာ
လည်း ဖြစ်နိုင်တယ်"
"တမလွန်ကိုရောက်သွားတဲ့သူက ဘယ်လိုပေးနိုင်မှာလဲ မနှင်း
ဖြူရယ်"
"ညီမတို့လူအများကြီး ဒီလက်စွပ်ကလေးကို လိုက်ရှာတာ
ရာအန့်ဘဲ အစ်ကို။ နှစ်ရက်သုံးရက် ဆက်ရှာကြတာ မတွေ့ဘူး။
ချင်းထဲကျသွားပြီဆိုပြီး လက်လျှော့ထားကြရတာ။ အခု အစ်ကိုနဲ့
က်လို့ပြန်ရတာ အစ်ကိုဘဲယူထားပါ။ ညီမတို့ပေးတဲ့ အမှတ်တရ
က်ဆောင်လို့ပဲ မှတ်လိုက်ပါ။ ညီမတို့နဲ့အစ်ကိုက အရင်ဘဝကတည်း
ပတ်သက်မှုရှိခဲ့ဘာတော့ အသေအချာပါပဲ။ အစ်ကို့အိပ်မက်တွေ
ာ ထူးခြားနေတာလေ အစ်ကိုရဲ့"
ဟုတ်ပါသည်။ လူ့ဘဝတွင် တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ဘူး
ာ မနှင်းဖြူတို့ညီအစ်မနှင့် ကျွန်တော်သည် အချိန်တိုလေးအတွင်း
င်ရင်းနှီး ကျွမ်းဝင်ခဲ့ကြသည်။ ယခုလည်း သိန်းဂဏန်းတန် မြ
က်စွပ်ကို ကျွန်တော့်အား နှမြောတွန့်တိုခြင်း ကင်းနေပြန်သည်။
"အစ်ကို ဒီမှာကြည့်ပါဦး ... မြလက်စွပ်ကလေး။ နှင်းနွယ်
ညီမက တစ်ပုံစံတည်းလုပ်ထားတာ"
ကျွန်တော် မနှင်းဖြူ၏လက်ကလေးကိုကိုင်၍ ယှဉ်ယှဉ်စွာ ကြည့်
သည်။ ဟုတ်ပါသည်။ အရည်ကောင်းသောမြကျောက်ကို ကျောက်စိမ်း



www.burmeseclassic.com

www.burmeseclassic.com



များစီခြယ်ကာရေးထားသည့် မြလက်စွပ်ကလေး။ ကျွန်တော့်လက်ဝတ်ထား သည့် လက်စွပ်ကလေးနှင့် တစ်ပုံစံတည်းပင်။ ကျွန်တော်စကြံလမ်းပေါ် ပြန်တက်တော့ မနှင်းဖြူက လက်ကမ်းပေးပြန်သည်။ ကျွန်တော်က မနှင်းဖြူလက်ကလေးကို ကိုင်၍ တက်လိုက်စဉ် ကျောင်းအဝမှ စံသိန်းနှင့် ကုလားကြီး ထွက်ကြည့်နေသည်ကို တွေ့ရသည်။

ကျွန်တော်နှင့်မနှင်းဖြူ အတူတွဲ၍ ကျောင်းဝင်းထဲလာကြ သည်။ စံသိန်းနှင့်ကုလားကြီးက ပြုံးစိစိကြည့်ရင်း . . .

ကုလားကြီး ။ "မင်းတို့ကလည်း မြန်လိုက်တာကွာ"

ကျွန်တော် ။ "မနှင်းနှယ် ကျသွားတဲ့နေရာကို ဆင်းကြည့်နေလို့ ကြာ သွားတာပါကွာ"

ကုလားကြီး ။ "ကြာတာကိုပြောတာ မဟုတ်ဘူး။ မြန်တာကို ပြော တာ"

"ရှဲ့မပြောပါနဲ့ ကုလားကြီးရယ်။ (၁၅)မိနစ်လောက်ပဲ ကြာ တာပါ"

စံသိန်း ။ "ကုလားကြီးရေ . . . စောအောင်ကို ဖဲ့ဝိုက်မပြောနဲ့ တော့။ ထည့်တည့်ပြောမှ သိတော့မှာ။ ဒီကောင် မသိဟန်ဆောင်နေ တာ"

ကျွန်တော် ။ "ဘာလဲဟ။ ငါက ဘာတွေဖဲ့ဝိုက်နေလို့လဲ စံသိန်း ရ"

ကုလားကြီး ။ "စောအောင် . . . မသိချင်ဟန် ဆောင်မနေနဲ့။ ငါ့ အကုန်မြင်တယ်။ အဲဒါကို မြန်တယ်လို့ပြောတာ။ ကောင်းပါတယ်ကွာ မင်းနဲ့ငါ သူငယ်ချင်းတင်မက အမျိုးပါတော်သွားတော့ ပိုကောင်းတာ ပေါ့။ ဟား . . . ဟား . . . ဟား"





ကျွန်တော်၊ သဘောပေါက်သလို မနှင်းဖြူလည်း သဘော ပေါက်သွားသဖြင့် မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ ကျောင်းပေါ်သို့ တက် ပြေးတော့သည်။ ကျွန်တော်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့် ၍ လက်ဝါးချင်းရိုက်ကာ ကျောင်းပေါ်သို့ တက်ခဲ့ကြသည်။

ကျွန်တော်တို့ ဆရာတော်ဘုရားအားဦးချကာ အလှူငွေများ ကပ်လှူသည်။ ဆရာတော်က ငါးပါးသီလချီးမြှင့်ပြီး ဆိုဆုံးမသည်။ ပြီး နောက် ကျောင်းသားတစ်ယောက်အားခေါ်၍ အုန်းစိမ်းခူးခိုင်းသည်။ ကျွန်တော်တို့အား ဧည့်ခံရန်ဖြစ်သည်။ ကျွန်တော်တို့အား မနှင်းအိက ဆရာတော်နှင့် မိတ်ဆက်ပေးသည်။

ကျွန်တော် ။ "ဆရာတော်ဘုရား ကျောင်းရှေ့က ခရေပင်မှာ ဒန်း ပခက်ဆင်ထားပြီး အမြင့်ကြီး လူမမီအောင်တင်ထားတာ ဘာဖြစ်လို့ ထဲဘုရား"

"ရန်ကုန်က အလှူရှင်တွေပါ ဒကာကြီး။ သူတို့သမီးနှစ် ယောက်ဆုံးပါးသွားလို့ အိပ်မက်အရ ယတြာလာချေထားတာထင်ပါရဲ့"

ဆရာတော်က ဆက်မမိန့်သဖြင့် ကျွန်တော်လည်း မမေးရဲ တော့ပါ။ ဘုန်းကြီးကျောင်းမှ ကပ္ပိယကြီးသုပ်ပေးသည့် လက်ဖက်စုံသုပ် နှင့် ရေနွေးကြမ်းကိုသာမြည်းရင်း ကျောင်းကြီးပတ်ဝန်းကျင်အား လှေလာ ကြည့်ရှုနေမိသည်။ ထိုစဉ် ဆရာတော်၏အသံ ပြန်ပေါ်လာပြီး . . .

"ဒီကျောင်းဝင်းကြီးက ဂမ္ဘီရဆန်တယ် ဒကာကြီးရဲ့။ ရှေး ဟောင်း ကျောင်းကြီးဖြစ်သလို ရှေးဟောင်းဘုရားတွေလည်း ရှိတယ်။ အပေါ်အလေးသွားရင်လည်း သတ်မှတ်ထားတဲ့နေရာပဲ သွားကြပါ။ အပြောအဆိုလည်း ဆင်ခြင်ကြပါ။ အုန်းပင်တက်တာတောင် တက်နေ ကျ မောင်အောင်ပဲ တက်နိုင်းရတယ်။ လူသစ်တက်ရင် လိမ့်ကျတတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အမှားမခံဘူးကွယ့်"

"တင်ပါ့ဘုရား။ တပည့်တော်တို့ ဆင်ခြင်ပါမယ်ဘုရား"

"အိမ်း ... အိမ်း ... အနားယူရင်း စားကြသောက်ကြ၊ နေအေးမှ ပြန်ကြပေါ့။ ဟော ... ပြောရင်းဆိုရင်း အုန်းစိမ်းတွေတောင် ကျလာပြီ။ အုန်းစိမ်းရည်သောက်ပြီး ဖွန်းခြစ်စားကြတာပေါ့ကွာ။ ဒီကျောင်းဝင်းထဲက အုန်းသီးရည်က အလွန်ချိုသကွယ့်။ သောက်ကြစားကြ၊ နားကြကွယ့်။ ဘုန်းကြီး ခေတ္တကျိန်းလိုက်ဦးမယ်"

"တင့်ပါ့ ဘုရား"

ကျွန်တော်တို့ ဆရာတော်အား ဦးချကန်တော့ကြသည်။ ပြီးနောက် အုန်းသီးနုနုနှင့် အုန်းစိမ်းရည်ချိုအေးအေးကို သောက်ကြသည်။

မင်းမောင် ။ "အုန်းစိမ်းရည်နဲ့ B.E အလွန့်လိုက်တယ် ပြောတယ်ကွ။ ငါတို့ နည်းနည်းယူသွားရင် ကောင်းမယ်ထင်တယ်။ ညနေစာပေါ့"

စံသိန်း ။ "ဟေ့ကောင် ... မင်းမောင်၊ ဆရာတော်က ကျောင်းဝင်းထဲမှာ အပြောအဆိုဆင်ခြင်ကြလို့ သတိပေးထားတယ်နော်။ ပေါက်ကရတွေ မပြောနဲ့၊ ဒီကျောင်းကြီးက ဂမ္ဘီရဆန်သတဲ့။ ရှေးဟောင်းကျောင်းကြီး သတိထား။ အုန်းစိမ်ရည်တွေသောက်ပြီး နေရာတကာလည်း အပေါ့မစွန့်နဲ့။ သတ်မှတ်ထားတဲ့နေရာမှ ယဉ်ယဉ်ကျေးကျေး သွား။ ကြားလား"

မင်းမောင့် ။ "အောင်မယ် ... ငါ့များ တလေးကျနေတာပဲ။ အကွက်ရတာနဲ့ ဆော်တော့တာပဲ။ မင်းမောင်ဆိုတာက ဗုဒ္ဓဘာသာမြန်မာလူမျိုး စစ်စစ်ပါကွာ။ လာဆရာမလုပ်ပါနဲ့၊ နားလည်ပါတယ်။ မင်းတို့သတိပေးရမှာက စောအောင့်ကို အနေအထိုင်ဆင်ခြင်လို့ပြော သိလား"





မင်းမောင်မှာ ဘယ်နေရာက ချောင်းကြည့်နေသည်မသိ။ ကျွန်တော်နှင့်မနှင်းဖြူကို တွေ့သွားဟန်တူသည်။ မနှင်းဖြူ ရှက်နေမှာစိုး၍ ကျွန်တော်ငြိမ်နေရသည်။ မငြိမ်လို့လည်း မဖြစ်ပါ။ ဒီကောင်တွေက အစထွက်သည်နှင့် ဝိုင်းသမမည့်ကောင်များ ဖြစ်သည်။ မနှင်းဖြူအရှက်မသည်းစေချင်ပါ၊ တော်ပါသေးသည်။ မနှင်းဖြူနှင့် မနှင်းအိတို့မှာ ကပ္ပိယကြီးနှင့် စကားကောင်းနေပြီး အုန်းစိမ်းရည်သောက်နေကြသဖြင့် ကြားကြဟန်မတူပါ။

ညနေစောင်းတော့ ကျွန်တော်တို့ကျောင်းမှ ပြန်ကြသည်။ မနှင်းအိတို့အိမ်ဝှင် ခေတ္တနားကြပြန်သည်။ မနှင်းအိက ညစာစားပြီးမှပြန်ရန် ပြောသော်လည်း ကျွန်တော်တို့လက်မခံဘဲ ငြင်းလိုက်ရသည်။ အပြန်တွင် အုပ်စုဖြင့်ဖြစ်သော်လည်း ကျောက်ခင်းလမ်းကြီးကို စိတ်ညစ်ကြသည်။ ကုလားကြီးတို့က အရက်သောက်ရန် အစီအစဉ်ရှိသောကြောင့်လည်း ဖြစ်သည်။

ကျွန်တော် ။ "ကဲ ... မနှင်းဖြူနဲ့ မနှင်းအိတို့ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ဆီကိုလည်း လာလည်ကြပါ။ ကျွန်တော် ရန်ကုန်မပြန်သေးခင်ပေါ့။ ရန်ကုန်လိပ်စာလည်း ပေးခဲ့ပါ့မယ်"

မနှင်းအိ ။ "ဟုတ်ကဲ့ပါ အစ်ကို။ မနက်ဖြန်မနက် ညီမ ဈေးလာဝယ်စရာရှိပါတယ်။ နှင်းဖြူကိုလည်း ခေါ်ခဲ့မယ်လေ"

ကျွန်တော် ။ "ကောင်းပါတယ်။ မနှင်းအိတို့ စံသိန်းအိမ်ကို သိတယ်မဟုတ်လား။ ကျွန်တော်တို့အားလုံး အဲဒီအိမ်မှာရှိပါတယ်။ နေ့လယ်စာ ကျွန်တော်တို့အိမ်ကျမှ စားကြပါ။ ကုလားကြီးလက်ရာနဲ့ အကောင်းဆုံး ချက်ထားပါ့မယ်။ ဆက်ဆက်လာခဲ့ကြနော်"

"ဟုတ်ကဲ့ရှင့်၊ လာခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အဖွဲ့ စက်ဘီးတွန်း၍ပြန်ကြစဉ် မနှင်းဖြူနှင့် မနှင်းအိကို ကျောင်းအရှေ့ ကားလမ်းမပေါ်အထိ လိုက်ပို့သည်။ ကျွန်တော်တို့ စက်ဘီးစီး၍ပြန်ကြတော့ သူတို့ညီအစ်မ လက်ပြနှုတ်ဆက်ရင်း ကျန်ခဲ့တော့သည်။ ကျွန်တော်ရင်ထဲတွင် ဟာ၍ကျန်ခဲ့သည်။ နေ့ပင်မကူးသေး။ မြင်မြင်ချင်း သံယောဇဉ်ဖြစ်ကြခြင်းမှာ ထူးဆန်းဆန်းကြွယ်လှသည်။

ကျောက်ခင်းလမ်းကြီးကို (၃)မိုင်ခန့်ကျော်တော့ ကြူကူချောင်းကူး တံတားအိုကြီးသို့ရောက်သည်။ ကျောက်တင်ကားတစ်စီးနှင့် သစ်ကားတစ်စီးဖြတ်ကျော်နေသဖြင့် ကျွန်တော်တို့ စက်ဘီးများရပ်ပြီး စောင့်နေကြရသည်။ တံတားပေါ်တွင် ထိုင်၍တောင်းနေသော သူတောင်းစားကြီးတစ်ဦးအား တွေ့ရသည်။ အသေအချာကြည့်သော် ဦးတင်သိန်း မဟုတ်ပါ။ ဆံဖြူသွားကျိုး အဘိုးအိုကြီးသာ ဖြစ်သည်။

ကျွန်တော် အိပ်မက်ကိုသတိရသဖြင့် (၂၀၀)ကျပ်တန်တစ်ရွက် ဖြစ်ချ၍ လှူဒါန်းခဲ့သည်။ သူတောင်းစားကြီးကတော့ ကျွန်တော့်အား ဆုအတန်တန်ပေးရင်း ကျန်ခဲ့တော့သည်။ ကျွန်တော်တို့ တံတားအိုကို ဖြတ်ပြီး စံသိန်းတို့အိမ်ပြန်ရောက်တော့ ညနေ(၄)နာရီခန့်ရှိပြီ။

မင်းမောင်နှင့် အောင်ပန်းက ကုလားကြီးမှာသည့်အတိုင်း ဈေးဝယ်ကြရမည်ဖြစ်ရာ ကျွန်တော် ငွေထုတ်ပေးလိုက်သည်။ ယနေ့ ကျွန်တော်တို့၏ မေတ္တာဓာတ်လမ်းအစ အောင်မြင်ခြင်းအထိမ်းအမှတ် ဖြစ်ပေသည်။

ညနေစာကိုမြန်စေရန် အားလုံးဝိုင်းချက်ကြသည်။ ကြက်သားနှင့်ဘူးသီး ချက်သည်။ အမြည်းအတွက်တော့ အစိမ်းကြော်နှင့် ညနေ ရေမိုးချိုးပြီး B.E နှင့်ဘီယာစပ်၍ ဝိုင်းထိုင်ကြသည်။ ကျွန်တော့်အား





မနှင်းဖြူနှင့်အကြောင်း စပ်စုကြသော်လည်း ကျွန်တော်မဖြေပါ။ မနက်ဖြန် သူတို့လာလျှင်သာ အကောင်းဆုံးချက်ပြုတ်ပေးရန် ကုလားကြီးအား နှိုးဆော်ရသည်။ ကြက်သား၊ ဝက်သား ရှိနေသဖြင့် ကမ်းနားအလုပ်ရုံ သို့သွားပြီး ရေထွက်ပစ္စည်းစုံတောင်းရန် သတိရတော့မှ ရေလုပ်ငန်းအား အုပ်ချုပ်မည့်သူမရှိကြောင်း ကျွန်တော် သတိရမိတော့သည်။

ထိုညက ခရီးပန်းလာသဖြင့် စားသောက်ပြီး စောစောအိပ်ရာဝင်ဖြစ်ကြသည်။ စောစောအိပ်ရာဝင်သည်ဆိုရာ၌လည်း ည(၉)နာရီကျော်ခန့်တော့ ရှိပါပြီ။ ကျွန်တော်စိတ်စွဲ၍ ထင်ပါသည်။ အိပ်ပျော်သည်နှင့် အိပ်မက်မက်တော့သည်။ ကြူကူ ဘုန်းကြီးကျောင်းကူး ချောင်းကူး တံတားပေါ်တွင် ဖြစ်သည်။ ကျွန်တော့်အနီးတွင် မနှင်းနွယ်ရောက်နေသည်။ သူ့မျက်နှာမှာ မရွှင်ပျပါ။ ငိုထားသလိုပုံစံမျိုး ဖြစ်နေသည်။

"အစ်ကို . . . မြလက်စွပ်ကလေးကို နှင်းနွယ်က အစ်ကို့အတွက် ပေးတာပါ။ အစ်မနှင်းဖြူနဲ့ အစ်ကိုတို့မင်္ဂလာဆောင်အတွက် ကြိုတင်လက်ဖွဲ့တာပါ။ မင်္ဂလာဆွမ်းကျွေးရင်တော့ နှင်းနွယ်ကို အမျှအတန်းပေးဝေပါ။ နှင်းနွယ် အစ်ကိုတို့ဆီကို မကြာခင်ပြန်လာမှာပါ"

"ဪ . . . ညီမလေးရယ် အစ်ကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အစ်ကိုက အမှုကြီးတန်းလန်းနဲ့ ဘယ်လိုနီးစပ်ပါ့မလဲကွယ်"

"အစ်ကို မပူပါနဲ့၊ ညီမကူညီမှာပါ။ အစ်ကိုထောင်ကျပေမဲ့ သက်သာမှာပါ။ အစ်ကိုနဲ့ အစ်မနှင်းဖြူ ဆုံကိုဆုံရစေမယ်။ မကြာခင် တရားခံကို ဖမ်းမိလိမ့်မယ်။ ဒါပေမဲ့ သူကဖော်မှာ မဟုတ်ပါဘူး။ အစ်ကို သတိတော့ထားနေနော်"

ထိုစဉ် တံတားပေါ်သို့ မနှင်းဖြူတက်လာသည်။ မနှင်းနွယ်က ကျွန်တော့်လက်နှင့် မနှင်းဖြူလက်ကိုကိုင်ပြီး လက်ဆက်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်တွင် တံတားအောက်မှ သမ္ဗန်စက်သံကြားရပြီး သမ္ဗန်သမားက ကျွန်တော့်တို့အား လှည့်ပြန်မော့ကြည့်သွားသည်။ မျက်နှာလွှဲ ဦးတင်သိန်းပင် ဖြစ်သည်။

သူက ကျွန်တော့်နောက်သို့ အရိပ်ပမာ လိုက်နေသည်လား မသိ။ ကျွန်တော် ကြောက်လန့်တကြား မနှင်းဖြူလက်ကို ကိုင်ထားရာမှ လွှတ်လိုက်မိသည်။ ထိုစဉ် သမ္ဗန်ခတ်ရင်း ဦးတင်သိန်းက အသံပြာကြီးဖြင့် တဟားဟား သဘောကျစွာ ရယ်မောသွားတော့သည်။

“ဟား ... ဟား ... ဟား ... ဟား”

ကျွန်တော် ကြောက်လန့်တကြား ချွေးတွေပြန်၍ လန့်နိုးသည်။ လန့်နိုးမှ အိပ်မက်မက်နေမှန်း သိရတော့သည်။

ကျွန်တော့်ဘေးတွင်တော့ အောင်ပန်းနှင့်မင်းမောင်က တခေါ်ခေါ်ဟောက်၍ အိပ်ပျော်နေကြသည်။ ကုလားကြီးနှင့်စံသိန်းက အပေါ်ထပ်တွင် အိပ်ကြသည်။ လူရွှေက အလုပ်ရှိသဖြင့် အိမ်ပြန်အိပ်သည်။ ကျွန်တော်အိပ်ရာကထ၍ အပေါ့သွား၊ ရေသောက်ပြီး အိပ်ရာပြန်ဝင်သည်။ အချိန်က ညဉ့်သန်းခေါင်(၁၂)နာရီခန့်သာ ရှိသေးသည်။

ကျွန်တော် ပြန်အိပ်သော်လည်း အတော်နှင့် အိပ်မပျော်ပဲ အတွေးတွေ ပွားနေမိသည်။ မနှင်းနွယ်က ကျွန်တော်ထောင်ကျမည်ဟု ဆိုသည်။ သို့သော် မနှင်းဖြူနှင့် လက်ထပ်ရမည်ဟုလည်း ပြောသေးသည်။ ဦးတင်သိန်းကတော့ ကျွန်တော့်ကို အခဲကျေဟန်မတူ။ အိပ်မက်ထဲအထိလိုက်၍ နှောင့်ယှက်နေသေးသည်။ ကျွန်တော် တရားဥပဒေအား မည်မျှပင် လှည့်ပတ်ရှောင်တိမ်းနေသော်လည်း အမှုမှန်ပေါ်ပြီး ထောင်ကျမည့်နိမိတ်ပင်။

‘ရာဇဝတ်ဘေး၊ ပြေးမလွတ်’ ဟူသော စကားပုံအတိုင်း ကျွန်





တော်အဖမ်းခံရမည်ကတော့ သေချာနေပေပြီ။ သို့သော် ဥပဒေကျောင်းသား ကျွန်တော်ဥပဒေမျှော့ကြိုးအား ရနိုင်သလောက် တင်းနိုင်၊ လျှော့နိုင်အောင် လုပ်ရပေဦးတော့မည်။ မနိုင်လာမှ လက်နက်ချအညံ့ခံရန် ဆုံးဖြတ်လိုက်တော့သည်။

မနက်(၃)နာရီခန့်မှ ကျွန်တော် ပြန်အိပ်ပျော်သည်။ ဤတစ်ခါမက်သည်ကတော့ ကျွန်တော်နှင့်မနှင်းဖြူတို့၏ မင်္ဂလာဆောင်အခမ်းအနားဖြစ်သည်။ နှစ်ဖက်မိဘ အပေါင်းအသင်းများစုံသော်လည်း ကျွန်တော်၏ဖခင်ကို မမြင်မိ။ ကျွန်တော်နေရာအနှံ့ လိုက်ရှာသည်မတွေ့။ မင်္ဂလာခန်းမကြီးထဲတွင် ကျွန်တော် မနှင်းဖြူလက်ကိုဆွဲ၍ အဖေအား တကြော်ကြော် အော်ခေါ်မိသည်။

“အဖေ ... အဖေ ... အဖေ”

အနီးတွင် အိပ်ပျော်နေသည့် မင်းမောင်က ကျွန်တော့်ကို လှုပ်နိုးပြီး ...

“စောအောင် ... စောအောင် ... ဘာဖြစ်တာလဲ။ ထ ထ”

ဟုဆိုမှ ကျွန်တော်အိပ်မက်ကမ္ဘာမှ လန့်နိုးတော့သည်။ အပေါ်ထပ်မှ စံသိန်းနှင့်ကုလားကြီးတို့လည်း ဆင်းလာကြသည်။

ကျွန်တော်က အိပ်မက်အကြောင်းပြောပြရာ စံသိန်းက ...

“ဆောင်းတွင်းအိပ်မက်ပါကွာ။ ခရီးပန်းလို့ မက်တာပါ။ မနက်ကျတော့ မင်းအိမ်ကို ဖုန်းဆက်ကြည့်ပေါ့။ မင်းအဖေက မင်းဒီကိုလာတုန်းက အကောင်းကြီးမဟုတ်လား။ ပူမနေစမ်းပါနဲ့။ စိတ်ထဲ အစွဲအလမ်းမထားနဲ့၊ ဖျောက်ပစ်လိုက်။ ကဲ ... မနက်(၆)နာရီလည်း ထိုးပြီ။ ဆက်မအိပ်ကြနဲ့တော့။ မျက်နှာသစ်ပြီး ရွှေပုံကြီးဆိုင်သွားကြရအောင်။ အဲဒီမှာ စားသောက်ရင်း မနှင်းဖြူတို့ကို နေ့လယ်စာကျွေးဖို့ စီစဉ်

www.burmeseclassic.com



တိုင်ပင်ကြရမယ်။ ကဲ . . . ထကြတော့ဟေ့"

ကျွန်တော်တို့အဖွဲ့ မျက်နှာသစ်၊ အဝတ်လဲကြပြီး ရွှေပုံကြီး လက်ဖက်ရည်ဆိုင်သို့ ချီတက်ခဲ့ကြသည်။ မနက်စောစောဖြစ်၍ ရွှေပုံကြီးဆိုင်မှ နို့မလိုင်လက်ဖက်ရည်မှာ အလွန်အရသာရှိသည်။ ကြက်ဥ ထမင်းကြော်နှင့် အလွန်လိုက်ဖက်ပါသည်။

စားသောက်ရင်း နေ့လယ်စာကိစ္စ စီစဉ်တိုင်ပင်ကြရာ ကုလားကြီးက လက်ရာဆန်းစေရန် ငါးသလောက်ဟင်းရည်သောက် (ငါးသလောက်လတ်လတ်အား ဆား၊ နနွင်း၊ အချိုမှုန့်နယ်၍ ရေများများနှင့်ပြုတ်ပြီး စားခါနီးမှ ငရုပ်သီးအကျက်မှုန့်၊ ရှောက်ရည်နှင့် ကြက်သွန်နီ အစိမ်းပါးပါးလှီး၍ ထည့်ခြင်း)၊ ပုစွန်တုပ် ရှောက်ရည်ညှစ်၍ အစိမ်းသုပ်၊ ပုစွန်ဆီပြန်ဟင်း၊ ပြည်ကြီးငါးသုပ်၊ ကြက်သားကုန်းဘောင်ကြီးကြော်၊ ဝက်သားအချိုချက်၊ ငါး(ကကတစ်) ကြော်တို့အား ချက်ပြုတ်ရန် သဘောတူကြသည်။

ထုံးစံအတိုင်း မင်းမောင်နှင့်အောင်ပန်းက ဈေးဝယ်ရန် ကျွန်တော်နှင့်လှရွှေက ကမ်းနားဆင်း၍ အလုပ်ရုံအခြေအနေအား လေ့လာရင်း မျက်နှာလွှဲတစ်ဦးအားခန့်ထားရန် (ဇ.ဒရးပေါ)။ ပြီးနောက် ကုလားကြီးလိုအပ်၍ မှာကြားလိုက်သော ရေထွက်သားငါး၊ ပုစွန်များအား နေ့လယ်စာ ချက်ရန်အတွက် ယူ လာရန်ဖြစ်တော့သည်။

ကျွန်တော့်တို့စားသောက်ပြီး အသီးသီးတာဝန်ခွဲ၍ ထွက်လာတော့ မနက်(၇)နာရီခန့် ရှိပြီ။ ဖျာပုံမြို့ကြီးမှာ မနက်ခင်းအလင်းရောင်အောက်တွင် နိုးထလာသည်။ ဆိုင်ကယ်၊ ကား၊ စက်ဘီးနှင့်လူများ ပျားပန်းခပ်မျှ လှုပ်ရှားသွားလာနေကြပေပြီ။

## အခန်း [၅]

❑

ရေလုပ်ငန်းအလုပ်ရုံရောက်တော့ အလုပ်သမားများမှာ အုပ် ပ်မည့်သူမရှိသဖြင့် ပရမ်းပတာ ဖြစ်နေကြသည်။ သို့သော် တော်ပါ သေးသည်။ ဒေါ်စိန်ငွေက ထိန်းထားသည်။

"အစ်ကိုလေး . . . လာသေးတယ်နော်။ ဦးတင်သိန်း အသတ်ခံ တဲ့နေ့ကလည်း ကျွန်မလာသေးတယ်။ အစ်ကိုလေးတို့ ရဲစခန်းသွား ကြတယ်လို့ သိရတယ်။ မတွေ့ခဲ့ရဘူး။ မနေ့ကလည်း မနက်၊ ည ခေါက်တောင်လာတယ်။ မတွေ့ရပြန်ဘူး။ အဲဒီ ငါးရောင်းရငွေတွေ ငါးဝယ်လုပ်ခတွေ ရှင်းလုပ်ထားရတယ်။ ပိုငွေတွေကိုတော့ ကျွန်မ မ်းထားတယ် အစ်ကိုလေး။ ကျွန်မ ဘာဆက်လုပ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်စိန်ငွေရေ ... ခင်ဗျားလည်း ဒီလုပ်ငန်းလုပ်နေတာ နှစ်အတော်ကြာပြီ။ ခင်ဗျားပဲ မျက်နှာလွှဲဆက်လုပ်ပေတော့။ ကျွန်တော် ယုံကြည်စွာ အပ်နှံပါတယ်။ နေ့စဥ် ဝင်ငွေ၊ ထွက်ငွေ စာရင်းကိုတော့ လုပ်ရလိမ့်မယ်။ စာရင်းကိုတော့ ကျွန်တော်ရန်ကုန်ပြန်ခါနီးမှ စစ်မယ်။ စာရင်းမကိုင်တတ်ရင်လည်း ကိုင်တတ်တဲ့သူကို စာရင်းကို ခန့်လိုက်။

ဒေါ်စိန်ငွေသဘောနဲ့ ဆုံးဖြတ်ပြီး ထိန်းထိန်းသိမ်းသိမ်း လုပ် ရောဗျို့။ ကျွန်တော်ကလည်း ဦးစီးပြီးလုပ်နိုင်မှာ မဟုတ်ဘူး။ အခု လောဆယ်တော့ ကြုံကူရွာက ညှော်သည်တွေလာမှာမို့ ပုစွန်တုပ်ကြီ နှစ်ပိဿာ၊ ပြည်ကြီးငါး တစ်ပိဿာ၊ ငါးသလောက်တစ်ပိဿာ၊ ကကတ တစ်ပိဿာ၊ ပေးလိုက်ပေတော့ဗျို့"

"ဟုတ်ကဲ့ ... အစ်ကိုလေး၊ ခဏစောင့်ပါ"

ကျွန်တော် ဦးတင်သိန်းအိမ်ဘက်သို့ တစေ့တစောင်း ကြည့် မိသည်။ ဦးတင်သိန်း၏ တပည့်ရင်းများအား မမြင်ရ။ အိမ်ကိုလည်း တံခါးပိတ်ထားသည်။ ကျွန်အလုပ်သမားများကတော့ ပုံမှန်အလုပ် နေကြသည်။ ငါးရွေး၊ ငါးချိန်၊ ငါးထပ် လုပ်နေကြသည်မှာ အမျိုးသ အလုပ်သမားများသာ များသည်။ ယောကျ်ား အတော်နည်းသွားသည်

မကြာမီ ဒေါ်စိန်ငွေက အမျိုးသမီးများအားခေါ်၍ ငါးထုပ်မျာ ဖြင့် ရောက်လာသည်။

"ဆရာလေး ... ဒီမှာ ဆရာလေးမှာတာ အကုန်ယူခဲ့တယ် ကဏန်းတွေ ယူသွားဦးမလား။ အကောင်အတော်ကြီးတယ်"

"နေပါစေဗျာ။ အရှင်တွေဆိုတော့ ငရဲကြီးပါတယ်။ ဒါနဲ့ လုပ်ငန်းအခြေအနေ ဘယ်လိုရှိသလဲ"





"ပုံမှန်ပါပဲ ဆရာလေး။ အသွင်းအထုတ် လုပ်နေကျဖောက် သည်တွေမို့ လုပ်ငန်းကပုံမှန်ပါပဲ။ ဒါနဲ့ ဦးတင်သိန်းအိမ်ထဲမှာ ငွေတွေ သေးတယ်။ ရဲက နှစ်ခါသုံးခါ လာစစ်ဆေးကြည့်ပြီး အိမ်ကိုချိပ်ပိတ် း သော့ကိုလည်း ယူသွားတယ်"

"ထားလိုက်ပါ။ အမှုပြီးတော့ သော့တွေ ပြန်ပေးမှာပါ။ အဲဒီ တော့လည်း ဒေါ်စိန်ငွေက မျက်နှာလွှဲဖြစ်သွားပြီဆိုတော့ ဒီအိမ်ကြီးကို ပြောင်းနေပါ"

"အောင်မယ်လေး ... မနေရဲပါဘူးတော်။ အခုတောင် မိုးချုပ် တာနဲ့ ဦးတင်သိန်းကို ဟိုနားတွေ့ဒီနားတွေ့ တွေ့နေရတာ။ အစိမ်းသေ သေတဲ့အိမ်ကြီးကို မနေရဲပါဘူး ဆရာလေးရယ်။ အလုပ်သမားတွေက ည်း မိုးချုပ်တာနဲ့ မနေရဲကြလို့ ကျွန်မနဲ့ ယောကျ်ားအလုပ်သမား တွေပဲ မိုးချုပ်အောင်လုပ်ကြရတာ။ ကျောတော့ အတော်ချမ်းသား။ ငါးလေး၊ ပုစွန်လေးတွေက တချို့ အတော်ညနက်မှဝင်လာတာ။ စောင့် ကောက်ရင်လည်း တခြားဒိုင်တွေသွားရောင်းကြရင် ဖောက်သည်တွေ ကုန်ကြတော့မှာ"

"ဒေါ်စိန်ငွေကို အားကိုးပါတယ်ဗျာ။ မျက်နှာလွှဲအဖြစ် ဆက် လုပ်ပါ။ လစာကို ဒီလကစပြီး တိုးယူပါ၊ မျက်နှာလွှဲ လစာအတိုင်းပေါ့။ ဒေါ်စိန်ငွေတို့အိမ်ကလည်း နီးသားပဲဟာ။ ကျွန်တော်တို့ ဖျာပုံမြို့မှာ လုပ်ငန်းမျက်နှာလွှဲ အမျိုးသမီးဆိုလို့ ဒေါ်စိန်ငွေတစ်ယောက်တည်း ဘာပါ။ အားတင်းပြီး လုပ်ပါ၊ မနစ်နာစေရပါဘူး"

"ဟုတ်ကဲ့ပါ ဆရာလေး၊ စိတ်ချပါရှင့်။ ကျွန်မ ကြိုးစားပါ့ မယ်"

ကျွန်တော်တို့ ငါးထုပ်များကိုဆွဲ၍ စံသိန်းတို့အိမ်ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ မနက်(၉)နာရီခန့်ရှိပြီ။ မင်းမောင်နှင့်အောင်ပန်းက ဈေးကယ် ပြန်ရောက်နေကြပါပြီ။

ကုလားကြီး ။ "မင်းတို့ကွာ ကြာလိုက်တာ။ ဒီမှာ မင်းမောင်နဲ့အောင်ပန်းတောင် ပြန်ရောက်တာကြာပြီ။ ဘာတွေ လေရှည်နေလို့လဲ"

ကျွန်ုပ်တော် ။ "ဟ ... ကုလားကြီးရ။ ဟိုမှာ အုပ်ချုပ်မယ့်သူမရှိတော့လို့ အလုပ်သမားတွေ ဖရိုဖရဲဖြစ်နေတာ။ အဲဒါတွေကို အားပေးပြီး ဒေါ်စိန်ငွေကို မျက်နှာလွှဲခန့်ရသေးတယ်။ ငွေစာရင်း ရှင်းရတယ်။ လွှယ်မှတ်လို့"

ကုလားကြီး ။ "အေးပါကွာ ... ငါမေ့သွားလို့ပါ။ ဦးတင်သိန်းမရှိတော့တာကို ငါသတိမထားလိုက်မိဘူး။ ဒေါ်စိန်ငွေနဲ့ မျက်နှာလွှဲလို့ ဖြစ်ပါ့မလား။ သူက မိန်းမ။ ပိုက်သမား၊ လှေသမားတွေက လူလည်တွေ။ ဖျာပုံမှာအုပ်ချုပ်တဲ့ ရေလုပ်ငန်း အဝယ်ဒိုင်၊ အရောင်းဒိုင်တွေ မှာ သမျှ ယောကျ်ားတွေချည်း အုပ်ချုပ်တာ။ သူတို့နဲ့ ရေရှည်မှာယှဉ်နိုင်ပါ့မလား။ စောအောင်ရေ ... နောက်ပြီး ငွေစာရင်းအင်း သူကနိုင်မှာလား။ မင်းစဉ်းစားနော် သူငယ်ချင်း"

ကျွန်ုပ်တော် ။ "အေးကွာ ... ငွေကြေးစာရင်းအင်းတော့ ရေရှည်မှာ နိုင်မှာ မဟုတ်တာတော့ သေချာတယ်။ ဒေါ်စိန်ငွေက အရင်ကဈေးသည်။ အတန်းပညာ(၇)တန်းလောက်တော့ တတ်တယ်။ အုပ်ချုပ်ရေးတော့ နိုင်နင်းပါတယ်။ ဒေါ်စိန်ငွေက တို့အလုပ်ရုံမှာလုပ်လာတာ (၁၀)နှစ်တောင်ကျော်ရောမယ်"

စံသိန်း ။ "မင်းလူ့ငနဲထဲက စဉ်းစားစမ်းကွာ။ ဥပမာ တို့အပေါင်းအသင်းထဲက ဖြစ်ရင်ပိုကောင်းတယ်။ ဒါပေမဲ့ ငါတို့ထဲမှာလည်း မင်းကလွဲရင် တက္ကသိုလ်ရောက်တာ တစ်ယောက်မှမရှိပြန်ဘူးကွ"





ကျွန်ုပ်တော် ။ "စံသိန်းရယ် ... မင်းကလည်း ဦးတင်သိန်းရော ဘယ်နှစ်တန်းတတ်လို့လဲ။ (၇)တန်းတောင် မအောင်ဘူး။ အဖေသင်ပေးလို့ တတ်တာပါ။ မင်းတို့အထဲက တစ်ယောက်ယောက်လုပ်ရင် ပိုကောင်းမယ်။ အပေါင်းအနုတ်၊ အမြှောက်အစားပဲ လုပ်ရတဲ့ဟာ (၉)တန်းအောင်တဲ့အထိ ပညာတတ်ကြတာပဲ။ ကဲ ... ဘယ်သူလုပ်မလဲ"

စံသိန်း ။ "ငါရယ်၊ မင်းမောင်ရယ်၊ လှရွှေရယ်၊ အောင်ပန်းရယ်ကတော့ လယ်သမားကိုင်းသမားတွေ။ အခု မင်းရန်ကုန်ကလာလို့သာ အအားယူပြီး မင်းနဲ့နေကြတာ။ မင်းပြန်တာနဲ့ အလုပ်ကိုယ်စီရှိပြီးသား။ ငါတို့အလုပ်တွေက မင်းပေးမယ့်အလုပ်လောက် ဝင်ငွေရမှာမဟုတ်ပေမဲ့ မိဘတွေကအိုကြပြီ။ သူတို့ လက်ငုတ်လက်ရင်းကို ငါတို့မှမလုပ်ရင် ဘယ်သူဦးစီးပြီးလုပ်မှာလဲ။ အဲဒီတော့ ငါတို့နဲ့မဖြစ်ဘူး။

အဲဒီတော့ မိဘက စတိုးဆိုင်ကြီးဖွင့်ထားပြီး အလှူမင်္ဂလာဆောင် အသုဘတွေမှာ ထမင်း၊ ဟင်းလိုက်ချက်ပေးတတ်တဲ့ မင်းရဲ့ ဆွေမျိုးအရင်းကြီး ကုလားကြီးကိုသာ ဝကွက်အပ်လိုက်ပေတော့။ ဒီကောင်ကြီးက လည်လည်ဝယ်ဝယ် ရှိတယ်။ နွားတစ်ရှဉ်းလိုလည်း အားကိုးရတယ်။ မင်းနဲ့လည်း မယားညီအစ်ကို တော်တော့မှာ"

ကုလားကြီး ။ "ဟေ့ကောင် ... စံသိန်း၊ ပြောရင် ရိုးရိုးပြောကွာ။ မြောက်သလိုလိုနဲ့ နွားနဲ့တော့မနှိုင်းပါနဲ့။ ငါကလည်း အချက်အပြုတ်သာ ဝါသနာပါတာ။ ငါးညှီတောထဲမှာ မိန်းမတွေနဲ့ အလုပ်လုပ်ရမှာဆိုတော့ စဉ်းစားရမယ်။ ငါချစ်သူကခွင့်ပြုမှ လုပ်လို့ရမှာ"

စံသိန်း ။ "ငါမပြောခဲ့ဘူးလား။ ကုလားကြီးဆိုတဲ့ကောင် မညားခင်ကတည်းက မိန်းမကြောက်နေရပြီ။ မင်းမလုပ်ရင် ဘယ်သူမှလုပ်နိုင်မှာ မဟုတ်ဘူး။ စောအောင်တို့ စီးပွားရေးဆိုတော့ မနှင်းအိကလည်း



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုမှာပါ။ မင်းလည်း ကိုယ်ပိုင်အလုပ်နဲ့အကိုင်နဲ့ဖြစ် နေစရာကလည်း အဆင်သင့်။ မျက်နှာလွှဲ ဦးတင်သိန်းအိမ် တက်နေလိုက်ရင် ပြီးတာပဲ။ ဘယ်လောက် အဆင်ပြေသလဲ''

''ငါကတော့ နေရဲတယ်မောင်။ နှင်းအိကတော့ နေရဲမှာမဟုတ်ဘူး''

စံသိန်း ။ ''လူမသေဖူးတဲ့အိမ် ဘယ်ရှိမှာလဲကွာ။ ဒီလိုပဲနေရင် ရိုးသွားမှာပေါ့။ မဟုတ်ဘူးလား''

ကျွန်တော် ။ ''ဒီလိုလုပ် ကုလားကြီးရာ။ မင်းက ငွေစာရင်းအင်းမန်နေဂျာလုပ်။ ငွေလည်းထိန်း။ ဒေါ်စိန်ငွေက မျက်နှာလွှဲ။ မင်းကနေရဲတော့ လောလောဆယ် ဦးတင်သိန်းအိမ်မှာနေ။ မင်းနဲ့မနှင်းအိတို့ မင်္ဂလာဆောင်တော့လည်း ငါအိမ်အသစ်ဆောက်ပေးပို့မယ်။ ခြံကြီးက အကျယ်ကြီးပဲဥစ္စာ။ ကြိုက်တဲ့နေရာပြော ဟုတ်ပြီလား''

စံသိန်း ။ ''အေး ... အဲဒါကောင်းတယ်။ စိတ်ချရတဲ့လူရင်းလူယုံလည်းရ၊ ကုလားကြီးလည်း အလုပ်အကိုင်ရှိလို့ မိန်းမလည်းရ။ အဲဒီအစီအစဉ် အကောင်းဆုံးပဲ။ မနှင်းအိတို့လာရင် တစ်ခါတည်းပြောလိုက်ရုံပဲ''

မင်းမောင် ။ ''သိပ်ကောင်းတဲ့ အစီအစဉ်ပေါ့ကွာ။ ဒါပေမဲ့ အိမ်ကိုတော့ ကြီးကြီးနဲ့ကျယ်ကျယ်ဆောက်။ ငါတို့က နေ့တိုင်းလာနေမှာ အမြည်းကလည်း အဆင်သင့်။ ဟန်ကျလိုက်တာကွာ''

ကုလားကြီး ။ ''ဟေ့ကောင် ... မင်းမောင်၊ မင်းတို့က စားဖို့ပဲတတ်သလား။ ဝိုင်းဝန်းကူညီလုပ်ဖို့ကော မစဉ်းစားတော့ဘူးလား အငတ်တွေ''

မင်းမောင် ။ ''ဝိုင်းလုပ်ဝိုင်းစားပေါ့ ကုလားကြီးရ။ ငါတို့က မိုးတွင်း





နဲ့ဆောင်းဦးပေါက်ကျရင် မင်းခေါ်ပြီး အိမ်ဦးခန်းတင်ထားရင်တောင် မလာနိုင်ဘူး။ လယ်နဲ့ ယာနဲ့ အလုပ်ကိုရှုပ်နေတာ။ အခုလို ဆောင်းအကုန်နဲ့ နွေရာသီပဲ အားကြရတာ။ မင်းလည်းသိသားနဲ့ နွေစပါးပါ စိုက်ရရင်တော့ လယ်ကွင်းထဲ ထယ်ထိုးနေရဦးမှာ။ အခုတောင် ပဲနဲ့ နှမ်း၊ ဖရဲပင်တွေချထားတာ။ လှည့်မကြည့်ဖြစ်တာ ကြာပြီ''

ကျွန်တော် ။ ''အေးပါကွာ။ လူကိုယ်စီ အလုပ်ကိုယ်စီတော့ ရှိကြတာချည်းပါပဲ။ ဝင်ငွေအနည်းနဲ့ အများပဲကွာတာပါ။ ကုလားကြီးသဘောတူရင် ဆက်လုပ်ကွာ။ မနှင်းအိတို့လာရင်လည်း တိုင်ပင်ကြည့်ကြတာပေါ့''

ကုလားကြီး ။ ''ကဲ ...ကဲ ... သွားငါ၊ ပုစွန်တွေ ကိုင်ရဦးမယ်။ ထုံးစံအတိုင်း ဝိုင်းလုပ်ကြဦး။ မနက်(၁၀)နာရီတောင် ထိုးပြီ။ ကဲ ... ရဲဘော်တို့အသင့်''

ကုလားကြီးစကားပြီးသည်နှင့် မီးမွေး၊ ရေခပ်၊ ပုစွန်ကိုင်သူ၊ ငါးကိုင်သူ၊ အသီးအရွက်နွှင်သူ၊ ကြက်သွန်လှီးသူတို့ဖြင့် အလှူအိမ်အလား ကျွန်တော်တို့အဖွဲ့ အလုပ်ရှုပ်သွားပါသည်။ ကုလားကြီး အစီအစဉ်အရ ထင်းမီးဖိုအပြင် မီးသွေးမီးဖိုပါ အသုံးပြုသဖြင့် အချက်အပြုတ်မြန်ပါသည်။ (၁၁)နာရီခန့်တွင် မနှင်းအိနှင့်မနှင်းဖြူတို့ စက်ဘီးကိုယ်စီဖြင့် ရောက်လာကြသည်။

မနှင်းဖြူ ။ ''ဩော် ... အစ်ကိုတို့ကို ဒုက္ခပေးမိပြီ ထင်တယ်။ ကြည့်စမ်းပါဦး အလှူအိမ်ကျနေတာပဲ။ အားလုံး ဝိုင်းလုပ်နေကြတယ်။ အားနာလိုက်တာရှင်''

ကုလားကြီး ။ ''မနှင်းဖြူတို့ နေ့လယ်စာထမင်းမြိန်စေဖို့ မေတ္တာနဲ့ပါ။ ဒီအစီအစဉ်တွေက စောအောင်အစီအစဉ်တွေပါ။ ကဲ ... အေ



www.burmeseclassic.com

www.burmeseclassic.com



နားကြပါဦး။ ကျက်ခါနီးပါပြီ"

မနှင်းအိ ။ "ဘာဟင်းတွေများ ချက်ထားသလဲအစ်ကို"

"ငါးသလောက်စွပ်ပြုတ်၊ ပုစွန်တုပ်အစိမ်းသုပ်၊ ပုစွန်တုပ်ဆီပြန်ဟင်း၊ ပြည်ကြီးငါးသုပ်၊ ကြက်သား၊ ကုန်းဘောင်ကြီးကြော်၊ ဝက်သားအချိုချက်၊ ငါးကြော် စုံလို့ပဲ"

မနှင်းဖြူ ။ "နှစ်မျိုး၊ သုံးမျိုးဆို ရပါပြီရှင်။ အခုတော့ အားလုံး ပင်ပန်းကုန်ကြပြီ"

မင်းမောင် ။ "စေတနာတွေ၊ စေတနာတွေ။ အလှူရှင် ရေလုပ်ငန်းသူဌေးလေး စောအောင်ရဲ့ စေတနာတွေ။ မနက်ကလည်း မိုးမလင်းသေးဘူး အစောကြီးထပြီး စောအောင်နဲ့ ကုလားကြီးတို့ စီစဉ်နေကြတာလေ"

မနှင်းဖြူ ။ "ဩော် ... အစ်ကိုတို့ရယ်၊ ကျွန်မတို့က အထူးဧည့်သည်တွေမှ မဟုတ်တာ။ အစ်ကိုတို့ဖိတ်ထားလို့သာ လာရတာပါ။ ရှိတာနဲ့စားလည်း ဖြစ်ပါတယ်"

ကျွန်တော် ။ "ရှိတာနဲ့ကျွေးလို့တော့ ဘယ်ဖြစ်ပါ့မလဲ မနှင်းဖြူရယ်။ အစ်ကိုတို့ဆီမှာ ဟင်းချက်စရာက ပေါပါတယ်။ ကုလားကြီးကလည်း အချက်ကောင်းတော့ ဖွယ်ဖွယ်ရာရာလေး ကျွေးချင်လို့ပါ။ အပန်းမကြီးပါဘူး။ အစ်ကိုလည်း ရန်ကုန်ပြန်ရဦးမှာဆိုတော့ နှုတ်ဆက်ပွဲပေါ့"

မနှင်းဖြူ၏မျက်နှာကလေး သိသိသာသာ ညှိုးသွားသည်ကို ကျွန်တော် မြင်လိုက်ရသည်။ သံယောဇဉ်နှောင်ကြိုးဆိုသည်မှာ ဘာပေါင်းကရေစက်ကြောင့် အချိန်တိုကလေးအတွင်း၌လည်း ဖြစ်နိုင်ကြောင်း ကျွန်တော် သဘောပေါက်ရတော့သည်။ ထို့ကြောင့်လည်း စကားကို ပြင်ဆင်ပြီး ...





"မနှင်းအိနဲ့မနှင်းဖြူရေ ဒီကရေလုပ်ငန်းအတွက် မျက်နှာလွှဲဦးတင်သိန်းကမရှိတော့လို့ ကိုကုလားကြီးကို မန်နေဂျာခန့်ဖို့ အပေါင်းအသင်းအားလုံးက ဆုံးဖြတ်ကြတယ်။ ကိုကုလားကြီးကလည်း သဘောတူတယ်။ ဒါပေမဲ့ သူကမနှင်းအိနဲ့ တိုင်ပင်ရဦးမယ်လို့ ပြောနေတယ်။ အဲဒါ ဘယ်လိုသဘောရသလဲ"

မနှင်းအိက ရှက်ဟန်ဖြင့် မျက်နှာကိုအောက်သို့ငုံ့ကာ ...

"အို ... ဘာဆိုင်လို့လဲ၊ သူ့ဘာသာ လုပ်မယ့်ကိစ္စကို"

အောင်ပန်း ။ "ကိုကုလားရေ ... မနှင်းအိက ခင်ဗျားကိစ္စ သူနဲ့ဆိုင်ဘူးလို့ ပြောနေပါလား။ စောစောပိုင်းက ခင်ဗျားပြောတော့ ပိုင်တယ်ဆို။ ဝါး ... ဟား ... ဟ ား"

စံသိန်းက လှူကြီးလေသံဖြင့် ဝင်၍ထိန်းသည်။

"အောင်ပန်း ... တော်စမ်းကွာ။ မနှင်းအိတို့ ရှက်ကုန်မယ်။ ဒီလိုပါ ... မနှင်းအိရယ်၊ စောအောင်တို့ ရေလုပ်ငန်းက လုယုံလုရင်း ဖြစ်မှာပါ။ အဲဒီကိစ္စကို မနက်က သူငယ်ချင်းတွေ အစည်းအဝေးလုပ်ကြတာပါ။ အစ်ကိုတို့က လယ်သမား။ ကိုင်း၊ ကျွန်း၊ မိဘ လယ်ဌတ်ချက်ရင်းအလုပ်တွေရှိတော့ စောအောင်အလုပ်ကို အချိန်ပြည့်မလုပ်နိုင်ကြဘူး။

ကုလားကြီးမိဘတွေက မြို့ထဲမှာ စတိုးဆိုင်ကြီးဖွင့်ထားတော့ ကောင်က အားနေတယ်လေ။ အဲဒါကြောင့် ကုလားကြီးကိုရွေးတာ။ ကောင်က စာရင်းအင်းလည်း နိုင်တယ်။ သားငါးအကြောင်းလည်း သိတယ်။ သူ့ကို မန်နေဂျာခန့်ပြီး စောအောင်က အိမ်တစ်လုံးတောင် ဆောက်ပေးဦးမယ် ပြောတယ်။ အဲဒါကို တိုင်ပင်တာပါ"

မနှင်းဖြူ ။ "ကောင်းပါတယ် အစ်ကိုတို့ရယ်။ ငယ်ပေါင်းတွေဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ စိတ်ချရတာပေါ့။ ငွေကြေးကိစ္စတွေကို ကိုင်တွယ်လုပ်ရမှာဆိုတော့ လူရင်းမှ စိတ်ချရမှာလေ”

စံသိန်း ။ “မနှင်းအိသဘောလည်း ပြောပါဦး”

“ဪ ... ကိုစံသိန်းကလည်း ဘာပြောစရာရှိလို့တော့လို့ လဲ။ အစ်မနှင်းဖြူစကားနဲ့ အတူတူပဲပေါ့”

စံသိန်း ။ “အေး ... အေး ... အဲလို လုပ်စမ်းပါ။ ရှက်မနေပါနဲ့။ ညည်းတို့က မကြာခင်ဆွေမျိုးတွေ ဖြစ်ကြတော့မှာ။ ပွင့်ပွင့်လင်းလင်းပေါ့။ မဟုတ်ဘူးလား ကုလားကြီးရဲ့”

“သိပ်ဟုတ်တာပေါ့ဗျာ။ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဆိုတဲ့ စကားပုံတောင် ရှိသေးတယ်လေ။ အား ... လား ... လား ... ရှ လိုက်တာ မနှင်းအိရယ်။ အင်း ... အင်း”

“ဝါး ... ဟား ... ဟား ... ခစ် ... ခစ် ... ခစ်”

မနှင်းအိက ကုလားကြီး၏ ဗိုက်ခေါက်ထူထူကြီးအား ဆွဲလိမ် လိုက်ခြင်း ဖြစ်သည်။

စံသိန်း ။ “ကဲ ... နေ့လယ်စာ စားကြတော့မလား။ ဟင်းတွေ ကျက်ပြီ”

ကုလားကြီး ။ “ဟ ... နေကြပါဦး။ ပုစွန်အစိမ်းသုပ်နဲ့ ငါးသလောက် ဟင်းရည်ကိစ္စ ကျန်သေးတယ်။ မင်းမောင်နဲ့လှရွှေ ကြက်သွန်နီလှီးပြီး ပြီလား။ ရှောက်သီးနဲ့ ငရုတ်သီးအကျက်မှုန့်ရော”

လှရွှေ ။ “ဒီမှာ အဆင်သင့်ပဲ ကိုကိုကုလားရေ။ လှီးပြီးပြီ”

“အေး ... အေး ... အေး”

ကျွန်တော် ။ “ဒါနဲ့မနှင်းအိတို့ ဈေးဝယ်လာကြတယ်ဆို။ ပစ္စည်းတွေ ကရော”





မနှင်းအိ ။ “ကားကြုံနဲ့ပို့လိုက်ပြီ အစ်ကို။ ပစ္စည်းကများတော့ စက်ဘီးနဲ့ဘယ်နိုင်မလဲ။ ဒါကြောင့် လွတ်လွတ်လပ်လပ် ဖြစ်သွားတာ ပေါ့”

ထိုစဉ် စံသိန်း၊ လှရွှေ အောင်ပန်း၊ မင်းမောင်တို့က ထမင်းပွဲ ပြင်သည်။ ဟင်းခပ်သည်။ မနှင်းဖြူနှင့် မနှင်းအိက ဝိုင်းလုပ်ရန် ပြော သော်လည်း ကျွန်တော်တို့က လက်မခံပါ။ ကျွန်တော်တို့ စားသောက် နေကျ အိမ်ရှေ့ဘူးစင်အောက်တွင် ထမင်းဝိုင်းကြီး ပြင်ဆင်ထားသည်။ လက်ဆုံစားတော့လည်း မြိန်ပါသည်။

အထူးသဖြင့် ကျွန်တော်က မနှင်းဖြူ၏ မျက်နှာကလေးကို ကြည့်၍ စားရခြင်းဖြစ်သဖြင့် ထမင်းအတော်မြိန်သည်။ ဖျာပုံရောက်မှ ဒုတိယအကြိမ် ထမင်းစားမြိန်ခြင်း ဖြစ်သည်။ ပထမအကြိမ်မှာ မနှင်းအိ တို့အိမ်တွင် ဖြစ်သည်။

ကုလားကြီး၏လက်ရာ ငါးသလောက်အရည်အသောက်ဟင်း မှာ ထူးခြားလှသည်။ ဟင်းတစ်မျိုးတည်း ချဉ်၊ စပ်၊ ဆိမ့်၊ ချို အရသာစုံ သည်။ မနှင်းဖြူတို့လည်း ခံတွင်းတွေ့ဟန် ရှိသည်။ လက်ဆုံစားတော့ လည်း အကုန်မြိန်ကြပါသည်။ နေ့လယ်စာစားပြီးတော့လည်း ကုလားကြီး အစီအစဉ်ဖြင့် ဘူးစင်အောက်တွင် လက်ဖက်သုပ်၊ ချင်းသုပ်နှင့် ရေနွေး ကြမ်း သောက်ကြပြန်သည်။

စံသိန်း ။ “မနှင်းအိတို့အပြန် ဘူးသီးတွေ ခူးသွားပါလား။ အများ ကြီးပဲ”

မနှင်းအိ ။ “ကျေးဇူးတင်တယ် ကိုစံသိန်းရေ။ ရွာမှာလည်း ပေါ တော့ အလေးခံပြီး သယ်မသွားတော့ဘူးနော်”

ကျွန်တော် ။ “မင်းဘူးသီးတွေမပေးနဲ့ စံသိန်းရေ။ ငါ့မှာ အစီအစဉ်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်''

''မင်းက ဘာတွေပေးမလို့လဲ''

''စားသောက်ပြီးတာနဲ့ ကမ်းနားဆင်းကြမယ်ကွာ။ ငါတို့ ရေလုပ်ငန်းလည်း လေ့လာရင်းနဲ့ သားငါး၊ ပုစွန်၊ ကဏန်းတွေ လက်ဆောင်ပေးလိုက်ချင်လို့ပါ''

''အေး ... အေး ... အဲဒီ အစီအစဉ်ကောင်းတယ်''

ကျွန်တော်တို့ စားသောက်ပြီးသည်နှင့် စက်ဘီးများဖြင့် ကမ်းနားသို့ ဆင်းလာကြသည်။ ကျွန်တော်တို့၏ အိမ်ရှေ့ရောက်သည်နှင့် ကုလားကြီးက ...

''စောအောင်ရေ ... ရေလုပ်ငန်းဘက်မသွားခင် မင်းတို့အိမ်နောက်က သရက်ခြံဘက်သွားရအောင်။ မရောက်တာကြာပြီ။ ငါတို့ငယ်ငယ်တုန်းက ဆော့တဲ့နေရာတွေ မနှင်းဖြူတို့ကို ပြချင်လို့ပါ''

သရက်ပင်များမှာ ဆောင်းအကုန်ဖြစ်၍ အဖူးများ၊ အပွင့်များ ဝေဆာနေပြီး သီးကင်းများပင် အချို့အပင်များက လိုက်နေပြီ။ လက်ညှိုးလက်မအမျှယ် တို့စားလို့ပင်ရနေပြီ။ ကျွန်တော်တို့ငယ်စဉ်က လှရွှေနှင့် အောင်ပန်း ဖျားဖျပ်ရင်း ဖျားတုပ်ခံရသော သရက်ပင်ကြီးအောက်သို့ အရောက်တွင် ...

ကျွန်တော် ရပ်လိုက်ပြီး ...

''လှရွှေနဲ့အောင်ပန်း မနှင်းဖြူတို့ကိုလည်း ပေါ်ဦးပေါ်ဖျား လက်ဆောင်ပေးရအောင် ငါတို့လည်း ညနေတို့စားရအောင် သရက်သီးကင်းတက်ခူးကွာ။ ဒီအပင်ကြီးက အကြီးဆုံးဆိုတော့ စောစောသီးတယ်''

စံသိန်း ။ ''အေး ... ဟုတ်တယ်ကွ။ သရက်သီးကင်းတို့စားတော့ ထမင်းမြိန်တာပေါ့''





ကုလားကြီး ။ ''ကြည့်လုပ်ကြနော်။ ငါ့မှာ မီးတုတ်မပါဘူး''

လှရွှေ ။ ''တော်ပါ မောင်ရာ၊ ကြောက်ပါပြီ။ ဒီတစ်ခါ မိန်းကလေးတွေနဲ့ ပိုဆိုးမယ်''

''ဝါး ... ဟား ... ဟား ... ဟား''

ကျွန်တော်တို့သူငယ်ချင်းတစ်စု နောက်ကြောင်းပြန်၍ တွေးမိပြီး ရယ်မိကြစဉ် အကျိုးအကြောင်းမသိရှာသော မနှင်းဖြူက ...

''အစ်ကိုတို့ ဘာရယ်ကြတာလဲ။ ပြောပြပါဦး''

ကျွန်တော်မပြောမီ ကုလားကြီးက ဇာတ်စုံနော၍ ပြောတော့သည်။

အောင်ပန်း ။ ''တော်ကြတော့ကွာ။ ဒီမှာ မနေတတ်တော့ဘူး''

''ခစ် ... ခစ် ... ခစ် ... ဝါး ... ဟား ... ဟား''

မနှင်းဖြူတို့ညီအစ်မလည်း ကုလားကြီးအပြောတွင် သဘောကျ၍ ရယ်ကြသည်။ အေးချမ်းပြီး သရက်ပွင့်ရနံ့မွှေးနေသော အရိပ်ကောင်းလှသည့် သရက်တောအတွင်း ကျွန်တော်တို့ အလွန်ပျော်ကြသည်။

ကျွန်တော်တို့အဖွဲ့ ကမ်းစပ်သို့ ဆက်လျှောက်ကြသည်။ ကမ်းစပ်တွင် ကျွန်တော်၏ဖခင် ကာရံထားသော ဆူးကြိုးများမှာ လေဒဏ်၊ မိုးဒဏ်ဖြင့် ပြိုကျပျက်စီးနေပြီ ဖြစ်သည်။ ရေပြင်ကျယ်ကြီးကို တစ်မျှော်တစ်ခေါ် မြင်ရသည်။ ရေပြင်ကျယ်ကြီးကို ဖြတ်တိုက်လာသော လေနုအေးကလေးက ကျွန်တော်တို့အား ချမ်းမြေ့ရွှင်လန်းစေရန် ပွတ်သပ်ကျီစယ်သွားသည်။

ခြံကျယ်ကြီးထောင့် ကျွန်တော်တို့ငယ်စဉ်က ငှက်ပစ်သည့် ညောင်ပင်ကြီးအောက်အရောက်တွင် ထိုင်၍ နားကြသည်။ ညောင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာ အရိပ်အာဝါသ ကောင်းလွန်းလှသည်။ ညောင်ကိုင်ကြီးတစ်ကိုင်းကတော့ ကမ်းစပ်ရေပြင်ပေါ်သို့ ထိုးကျနေသည်။ ကျွန်တော်တို့တက်ဆော့သော ညောင့်ကိုင်းကြီး ဖြစ်သည်။

စံသိန်းနှင့်ကုလားကြီးက ကျွန်တော်တို့ငယ်စဉ်က ငှက်ပစ်ရေကူးနေကျ ညောင်ပင်ကြီးအောက်ခြေနှင့် ကမ်းစပ်အား ညွှန်ပြရင်း မနှင်းဖြူတို့ညီအစ်မအား ရှင်းပြနေသည်။ ငယ်စဉ်ကဘဝကို ပြန်လည်တမ်းတအမှတ်ရနေရင်း ကိုလွင့်ကို ကျွန်တော် ဖျတ်ခနဲ အမှတ်ရမိလိုက်သည်။

ဦးတင်သိန်းအား လုပ်ကြံသောညက ကိုလွင်လှေကလေးဖြင့်လာပြီး ဤညောင်ပင်ကြီးအောက်တွင် လှေကိုထားခဲ့ကြောင်း ပြောခဲ့ဖူးသည်ကို အမှတ်ရမိပြန်သည်။ ယခု ကိုလွင် ဘယ်သို့ရောက်နေသည်မသိ။ အစ်မ မချိုလည်း ဘယ်ပျောက်နေသည် မသိပါ။ ကျွန်တော်အတွေးကွန်ရက်များ ဖြန့်ကြက်နေမိစဉ် ကျွန်တော့်အနီးသို့ မနှင်းဖြူရောက်လာသည်။

"အစ်ကို ဘာတွေစဉ်းစားပြီး တွေးနေတာလဲ။ ရန်ကုန်ကရည်းစားကို သတိရလွမ်းဆွတ်နေပြီလား"

"မဟုတ်ပါဘူး မနှင်းဖြူရယ်။ အစ်ကို့မှာ ရည်းစားမရှိသေးပါဘူး။ ငယ်ငယ်က လွတ်လပ်တဲ့ဘဝကို ပြန်သတိရရင်း တွေးနေမိတာပါ။ ငယ်ဘဝကို ပြန်မရနိုင်တော့လို့ အတွေးနဲ့ပဲ ငေးနေမိတာပါ"

"အစ်ကို ဘယ်တော့ ရန်ကုန်ပြန်မှာလဲဟင်"

"မနက်ဖြန်၊ သန်ဘက်လောက် မှန်းထားတယ်။ အဖေ အမေ စိတ်ပူနေမှာစိုးလို့။ ကျောင်းက တစ်ဖက်ရှိသေးတယ်လေ"

"ဘယ်တော့ပြန်လာမှာလဲ အစ်ကို"





"ကျောင်းကြီးပိတ်တာနဲ့ ပြန်လာမှာပါ၊ ဒီက လုပ်ငန်းတွေကလည်း တန်းလန်းလေ"

"အစ်ကို မြန်မြန်ပြန်လာပါနော်"

"စိတ်ချပါ မနှင်းဖြူရယ်။ အစ်ကိုလည်း မနှင်းဖြူကို မခွဲနိုင်တော့ဘူးဆိုတာ ဝန်ခံပါရစေနော်"

"သြော် ... အစ်ကိုရယ်"

ကျွန်တော်တို့နှစ်ဦး အချိန်တိုလေးအတွင်း ဖွင့်ဟခြင်းမပြုကြသော်လည်း တစ်ဦးသဘောတစ်ဦး သိနေကြပါသည်။

"အစ်ကို စာရေးနော်"

"စိတ်ချ မနှင်းဖြူ။ အစ်ကို ခဏခဏ စာရေးမှာကို ယုံပါ။ မနှင်းဖြူလည်း အစ်ကို့ဆီကို စာရေးပါ။ လိပ်စာပေးထားသွားပဲ။ ကိုယ်မျှော်နေမှာပါ"

"အစ်ကို အရင်ရေးနော်။ အိမ်လိပ်စာနဲ့ မရေးနဲ့။ ကျောင်းလိပ်စာနဲ့ပဲရေးနော် အစ်ကို။ မမေ့နဲ့"

"အေးပါ ... အေးပါ"

"ကဲ ... အားလုံးပဲ ရေလုပ်ငန်းအလုပ်ရုံဘက် သွားကြစို့"

ကျွန်တော်တို့ အလုပ်ရုံဘက်ရောက်တော့ အလုပ်သမားများမှာ ပုံမှန်အလုပ်လုပ်နေကြသည်။ ထိုစဉ် ဒေါ်စိန်ငွေရောက်လာပြီး ...

"အစ်ကိုလေး စောစောကစာပို့သမား ကြေးနန်းစာ လာပို့သွားတယ်။ အစ်ကိုလေးနာမည်နဲ့ပဲ"

"သား ... မောင်စောအောင်။ မင်းအဖေ အသည်းအသန်ဖြစ်နေတယ်။ အမြန်ပြန်လာပါ"

မိခင်ဒေါ်သိတာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းနားပန်း ကြီးသွားဂိသည်။ ကျွန်တော်၏ အိပ်မက် မှန်ကန်နေပြီထင်သည်။ ကျွန်တော့်အဖေတွင် နှလုံးရောဂါ ရှိသည်။ မျက်နှာလွှဲ ဦးတင်သိန်း အသတ်ခံရခြင်းသတင်းအား သိသွားပြီလား မဆိုနိုင်ပါ။

စံသိန်း ။ "စောအောင် ဘာကြေးနန်းလဲ၊ မင်းအိမ်ကလား"

"ဟုတ်တယ် စံသိန်း။ အဖေ အသည်းအသန်ဖြစ်လို့တဲ့။ ငါ ဒီနေ့ပဲ ပြန်မှဖြစ်မယ်။ မင်း စီစဉ်ပေးကွာ။ ငါမှားတာပါ။ ငါအိမ်ကို ဖုန်းဆက်ဖို့သင့်တာ။ ဖုန်းဆက်မယ်ကြံပြီး မေ့မေ့သွားတယ်။ အိပ်မက် တွေလည်း မကောင်းဘူးကွာ"

"အေး ... အေး ... ငါစီစဉ်ပေးမယ်။ အခုပဲ ငါးကားဂိတ် ကို စက်ဘီးနဲ့ပြေးမယ်။ မင်းတို့ ငါ့အိမ်ကိုသာ ပြန်နှင့်ကြ"

ကျွန်တော် ။ "ဒေါ်စိန်ငွေ ကျွန်တော်ရန်ကုန်ကို အမြန်ပြန်ရမယ်။ အဖေ အသည်းအသန် ဖြစ်နေတယ်တဲ့။ လုပ်ငန်းကိစ္စကို ခင်ဗျား တာဝန်ယူပါ။ ငွေကြေးနဲ့ငွေစာရင်းကိစ္စကို ကျွန်တော့်သူငယ်ချင်းကို ကုလားကြီး တာဝန်ယူလုပ်ပေးလိမ့်မယ်။ ခင်ဗျားက စာရင်းအင်းနိုင် မှာ မဟုတ်ဘူး"

"ကောင်းပါပြီ ဆရာလေး။ ကျွန်မလည်း စာရင်းအင်းကို အနည်းအပါးပဲ တတ်တာပါ။ ငွေများလာရင် နိုင်မှာမဟုတ်ဘူး။ အခု ကျွန်မတို့ ဘာလုပ်ပေးရမလဲ"

"ဒီက ဆရာမတွေအတွက် ပုစွန်နဲ့ငါး သန့်သန့်ကောင်းကောင်း ရွေးပြီး ပေးလိုက်ပါ။ ကျန်တာ ဘာမှမလိုဘူး။ ကျွန်တော်လည်း အဖေ ကျန်းမာလာတာနဲ့ အမြန်ဆုံး ပြန်လာခဲ့မယ်။ ကုလားကြီးကတော့ မနက်ဖြန်မနက်ကစပြီး အလုပ်ဆင်းကွာ။





ကုလားကြီးကိုလည်း ဒေါ်စိန်ငွေလစာအတိုင်း ပေးလိုက်ပါ။ ကျွန်တော် စိတ်ချပါရစေ။ ပြော် ... ဒါနဲ့ ဒေါ်စိန်ငွေရေ ... ကိုလွင် တို့အိမ်ကို သိတယ်မဟုတ်လား။ တစ်ယောက်ယောက်ကို စက်ဘီးနဲ့ လွှတ်ပြီး ကိုလွင့်ညီမ မချိုကို ကျွန်တော် ရန်ကုန်ပြန်မှာမို့ စံသိန်းအိမ် ကို အမြန်လာခဲ့ဖို့ အခေါ်လွှတ်ပေးပါ"

"ဟုတ်ကဲ့ ... အစ်ကိုလေး ကျွန်မ ခုချက်ချင်း နိုင်းလိုက်ပါ့ မယ်"

မကြာမီ ဒေါ်စိန်ငွေ စီစဉ်ပေးသည့် ငါး၊ ပုစွန်များရောက် လာသဖြင့် ကျွန်တော်တို့ စံသိန်းတို့အိမ်သို့ ပြန်ခဲ့ကြသည်။

စံသိန်းတို့အိမ်ရောက်တော့ ခေတ္တနားကြရင်း ရန်ကုန်ပြန်လျှင် ရဲစခန်းသတင်းပို့တိုင်ကြားရန် ကိစ္စရှိသေးသဖြင့် မနှင်းဖြူတို့အား နှင့်ရ တော့သည်။

"ကဲ ... မနှင်းဖြူတို့ကို ကုလားကြီးနဲ့လှမွှေက ရွာအထိ လိုက်ပို့လိုက်။ ငါတို့ ခရီးထွက်ဖို့ စီစဉ်ရဦးမယ်"

ဆိုစဉ် မနှင်းဖြူက ကျွန်တော့်အနားကပ်၍ တိုးတိုးလေးပြော ပါသည်။

"အစ်ကို ရန်ကုန်ရောက်တာနဲ့ အကျိုးအကြောင်း စာရေး နော်"

"စိတ်ချ မနှင်းဖြူ။ အစ်ကို စာရေးမှာပါ"

မနှင်းဖြူတို့ စက်ဘီးကိုယ်စီဖြင့် ထွက်သွားကြစဉ် စံသိန်း စက်ဘီးဖြင့် ပြန်ရောက်လာသည်။

"စောအောင်ရေ ... ကံကောင်းတယ်ဟေ့။ BM ကားကြီးရ တယ်။ ညနေ(၄)နာရီမှာ ထွက်မယ်။ ငါ မချိုကိုလည်း သင်ရေတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံ(၂)နေရာစာ Booking လုပ်ခဲ့တယ်။ ဒါနဲ့ မင်း မချိုကိုခေါ်ပြီး ပြီလား။ မနှင်းဖြူတို့ကိုတော့ လမ်းမှာတွေ့လို့ နှုတ်ဆက်ခဲ့တယ်။ သူတို့လည်း မျက်နှာမကောင်းကြဘူး။ ဒါနဲ့ ရဲစခန်းသွားပြီး ခွင့်တောင်းရဦးမယ် မဟုတ်လား"

"ဟုတ်တယ် စံသိန်းရေ။ မင်းသတိရလို့ တော်ပါသေးတယ်။ အဖေနေမကောင်းတော့ မချိုပါလာရင် အားကိုးရတာပေါ့။ နောက်ပြီး အဖေက ငါအပြန် မချိုကိုခေါ်ခဲ့ဖို့ မှာထားတာ။ မင်းသတိရလို့ တော်ပါသေးတယ်။ ညနေ(၄)နာရီကားဆိုတော့ ရန်ကုန်ကို ညမိုးချုပ်မှရောက်မယ် ထင်တယ်။ အခုတောင် ညနေ(၂)နာရီ ကျော်နေပြီ"

စံသိန်း ။ "ဒလရောက်ရင် ရန်ကုန်ရောက်တာပါပဲကွာ။ ငါလည်း လိုက်ခဲ့ချင်တာ။ အဖေ၊ အမေတို့က ပြန်လာခါနီးပြီ။ အကြောင်းထူးရင်တော့ ဖုန်းဆက်ကွာ။ ရွှေပုံကြီးဆိုင်က ဖုန်းနံပါတ် မင်းသိသားပဲ။ မနက်တိုင်း ငါတို့ရှိနေမယ်။

ကဲ . . . လာ၊ ရဲစခန်းသွားပြီး သတင်းပို့ရအောင်။ မင်းမောင်နဲ့အောင်ပန်းက အိမ်စောင့်နေခဲ့ကြ။ မချိုလာရင်လည်း စောင့်ပြီးညှော်ထားလိုက်ကြဦး။ ဘယ်မှမသွားကြနဲ့ဦးနော်။ လက်ဖက်ရည်သောက်ချင်ရင် ခဏအောင့်ထား။ စောအောင်ကိုလိုက်ပို့ရင်း ကားဂိတ်မှာသောက်ကြမယ်"

အလွန်အားကိုးရပြီး အကွက်စေ့သော သူငယ်ချင်း စံသိန်းဖြစ်သည်။ ကျွန်တော်နှင့်စံသိန်း ရဲစခန်းသို့ စက်ဘီးကိုယ်စီဖြင့် ထွက်ခဲ့ကြသည်။ ရဲစခန်းတွင် စခန်းမှူးအပြင် ဒုရဲအုပ်အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးအား တွေ့ရသည်။ စခန်းမှူးက ကျွန်တော်တို့ကို မြင်သည်နှင့် လှိုက်လှဲစွာကြိုဆိုသည်။





"လာ . . . လာ . . . ညီလေး မောင်စောအောင်တို့၊ ထိုင်ကြ။ ဘာကိစ္စများရှိသလဲ။ အစ်ကို ဘာအကူအညီပေးရမလဲ"

စခန်းမှူးက ပျူငှာစွာနှုတ်ဆက်သော်လည်း ဒုရဲအုပ် အသစ်များက ကျွန်တော့်အားအကဲခတ်ပြီး ကြည့်ရှုနေကြသည်။

"ကျွန်တော့်အဖေ အသည်းအသန်ဖြစ်ကြောင်း ရန်ကုန်က အမေက ကြေးနန်းရိုက်တယ်ဆရာ။ ဟောဒီမှာ ကြေးနန်းစာပါ။ အစောကလေးကတင် ရတာပါ။ အဲဒါ ဆရာက ကျွန်တော်ရန်ကုန်ပြန်ရင် သတင်းပို့ရမယ်ဆိုလို့ လာသတင်းပို့တာပါခင်ဗျာ"

"ဩော် . . . မောင်စောအောင် ဖခင်ကိစ္စကိုး။ သွားပါ၊ သွားပါ။ ရပါတယ်။ မိတ်ဆက်ပေးရဦးမယ်။ ဒါက အင်းစိန် CID က ဒုရဲအုပ် ဦးလှဖေနဲ့ ဒုရဲအုပ်ဒေါ်ဘောဘီတို့ပဲ။ ဦးတင်သိန်းသေဆုံးမှုအတွက် လာကြတာပါ"

"သူက မောင်စောအောင်။ ဥပဒေနောက်ဆုံးနှစ် ကျောင်းသား"

ကျွန်တော် ။ "ဟုတ်ကဲ့ . . . မေးစရာရှိရင် မေးကြပါခင်ဗျာ။ ကျွန်တော့်မှာ အချိန်နည်းနည်းရပါသေးတယ်။ ကားက ညနေ(၄)နာရီကားပါခင်ဗျား"

ဒေါ်ဘောဘီ ။ "မောင်စောအောင်မှာ အချိန်ရမှာမဟုတ်လို့ မမေးတော့ပါဘူးကွယ်။ ရန်ကုန်က မောင်စောအောင်လိပ်စာကို စခန်းမှာ ပေးထားတယ် မဟုတ်လား။ ရန်ကုန်ကနေ တစ်နေရာရာကိုသွားရင်တော့ မင်းတို့မြို့နယ်က ရဲစခန်းမှာ အခုလိုပဲ သတင်းပို့ပြီးသွားပါနော်"

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ ကျွန်တော် တခြားမြို့နယ်ကိုလည်း သွား



www.burmeseclassic.com

www.burmeseclassic.com



စရာမရှိပါဘူး။ ဒီဖျာပုံမြို့ကိုပဲ ပြန်လာဖို့ရှိပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျာ''

ကျွန်တော်တို့ စက်ဘီးကိုယ်စီဖြင့် စံသိန်းအိမ်သို့ ပြန်ခဲ့ကြသည်။ စံသိန်းအိမ်တွင် မချိုကအထုပ်အပိုးဖြင့် စောင့်နေသည်။ ကျွန်တော် ပစ္စည်းများအလျင်အမြန်သိမ်းပြီး မနက်ကတည်းက ရေမချိုးရသေးဘဲ ငြိုးစီစီဖြစ်နေ၍ ရေတဝချိုးလိုက်သည်။ ပြီးနောက် အဝတ်အစားလဲ၍ စက်ဘီးများဖြင့် အဝေးပြေးကားဂိတ်သို့ ထွက်လာကြသည်။

ကျွန်တော်နှင့် မချိုကတစ်စီး၊ စံသိန်းက ကျွန်တော်နှင့်မချိုတို့၏ ပစ္စည်းများကိုတင်ပြီး မင်းမောင်နှင့်အောင်ပန်းကတစ်စီး ဖြစ်သည်။ ကျွန်တော်တို့ အဝေးပြေးကားဂိတ်ရောက်တော့ အချိန်စောသေးသဖြင့် ကားဆရာအားသတင်းပို့ပြီး လက်ဖက်ရည်ဆိုင် ထိုင်ကြသည်။

မင်းမောင် ။ ''ရဲစခန်းက ဘာထူးသတဲ့လဲ စောအောင်''

''ထူးသေးဟန် မတူပါဘူးကွာ။ CID က ရဲအုပ်တွေကတော့ ရောက်နေကြတယ်။ တရားခံမမိသေးတဲ့ သဘောပေါ့''

မချို ။ ''မောင်စောအောင် .. အစ်မကိုစွန့်ပစ်သက်ပြီး အစ်ကိုကြီးလက်ချက်များ ဖြစ်နေမလား။ အစ်ကိုကြီး ပြန်မလာတာ(၃)ရက်လောက်ရှိပြီ။ အရင်က တစ်ရက်နှစ်ရက်ပဲ ကြာတတ်တာ''

စံသိန်း ။ ''ဒီမှာ မချိုရေ လူယုတ်မာတစ်ယောက် မြေပေါ်မှာ မရှိတာ ကောင်းတယ်မဟုတ်လား။ ဘာမှ စိတ်ထဲ ယုန်ထင်ကြောင်ထင် ဖြစ်မနေနဲ့။ ကိုမောင်လွင်က နယ်ဆင်းပြီး အလုပ်လုပ်နေတာ။ အချိန်တန်ရင် ပြန်လာလိမ့်မယ်။ ဦးတင်သိန်းကိုမုန်းတဲ့သူက တစ်ပုံကြီး။ သတ်ချင်တဲ့သူက သတ်လိမ့်မယ်။ တရားခံဖမ်းတာက ရဲအလုပ်။ သူတို့





ဘာသာ လုပ်သွားလိမ့်မယ်။ စိတ်ထဲလည်း တွေးမပူမနေနဲ့။ ရန်ကုန်ရောက်ရင်သာ လူသစ်စိတ်သစ်နဲ့နေ။ ဘာမှစဉ်းစားပြီး သံသယဖြစ်မနေနဲ့''

လူကြီးဆန်သော စံသိန်း၏ အပြောအဆို အဆုံးအမကို ကျွန်တော်သဘောကျသည်။ အားလုံးကိုမေ့ထားပြီး လုပ်သင့်တာကို လုပ်ရမည်။ နောက်ဆံတင်းရနေလျှင် ဘာမျှရှေ့ဆက်လုပ်၍ ရတော့မည်မဟုတ်။ ယောက်ျားဆန်ဆန် တုံးဆိုတိုက်၊ ကျားဆိုကိုက်လိုက်တာ အကောင်းဆုံးဖြစ်သည်။

ကျွန်တော်တို့ လက်ဖက်ရည်သောက်ရင်း စကားပြောနေစဉ် မနှင်းဖြူတို့ကို ကြံကူရွာသို့လိုက်ပို့သော ကုလားကြီးနှင့်လှရွှေတို့ ပြန်ရောက်လာကြသည်။

ကုလားကြီး ။ ''တော်သေးတာပေါ့ကွာ။ စောအောင် ကားနဲ့ပါသွားပြီမှတ်တာ။ မင်းတို့ကိုမီအောင် စက်ဘီးနှင်းလာရတာ။ မော့လိုက်တာကွာ''

ကျွန်တော် ။ ''ကဲ ... မောရင်လည်း လက်ဖက်ရည်သောက်ပေတော့။ မနှင်းဖြူတို့ကို ချောချောမောမော ရွာအရောက်ပို့ခဲ့ရဲ့လား ကုလားကြီး''

''ချီးမှပဲ ...။ မင်းကပဲ စိုးရိမ်နေရသေး။ ငါ့ပစ္စည်းလည်း ပါမှတော့ ဘေးမသီရန်မခအောင် ပို့ရမှာပေါ့ဟ့ လဒရဲ့''

''မင်းကားက ဘယ်နှစ်နာရီလဲ။ မချိုလည်း ပါတယ်နော်''

''(၄)နာရီထွက်မှာ နည်းနည်းလိုပါသေးတယ်''

''အေး ... အေး ... မင်းတို့သံယောဇဉ်ကတော့ အံ့သြစရာပဲဟေ့။ ဟိုကလည်း မှာလိုက်တာ တတွတ်တွတ်ပဲ။ စာမှန်မှန်ရေးပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဖျာပုံပြန်ရောက်တာနဲ့ သူ့ဆီအမြန်ဆုံးလာပါတဲ့။ မင်းတို့ဟာက အတေ
ဟုတ်တာပဲ။ ငါတို့က ဘေးတီးပြီး အောင်သွယ်လုပ်ရဦးမယ် ထင်ထ
တာ။ အခုတော့ လက်စွပ်တွေဘာတွေတောင် လဲပြီးပြီမဟုတ်လား"
အားလုံး ။ "ဟေ ... ဟုတ်သလား စောအောင်ရာ။ မြန်လှချ
လား"

ကျွန်တော် ငြိမ်နေသည်။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြ
ဟု ထင်ဟန်ရှိသည်။

ကုလားကြီး ။ "စောအောင်လက်စွပ်နဲ့ မနှင်းဖြူလက်စွပ်က တစ်
တည်းပဲလို့ မနှင်းအိကငါ့ကိုပြောသကွ။ ဒီကောင် ဘယ်အချိန်ကမျာ
လဲလိုက်တာလဲ မသိဘူး။ နှုတ်ကလည်း လုံပါ့ကွာ"

စံသိန်း ။ "မနှင်းအိတောင် ဒီကိစ္စကို မသိဘူးဟုတ်လား။ ငါ
ကတော့ အမှုမဲ့အမှတ်မဲ့မို့ထားတော့၊ သူတို့ညီအစ်မချင်းတော့ သိရမ
ပေါ့ ကုလားကြီးရယ်။ စောအောင်နဲ့မနှင်းဖြူ ငြိနေကြတာတော့ ငါ
လည်း သိပါတယ်။ ဒါပေမဲ့ လက်စွပ်လဲတဲ့အထိတော့ မသိဘူးဟေ့
ကိုယ့်ကောင်စောအောင်က စွံတော့လည်း ရက်ပိုင်းကလေးမှာရယ်နေ
အံ့သြချက်ပဲဟေ့"

ကျွန်တော် မနေသာတော့ပါ။ ဝင်ပြောရတော့သည်။

"ဟေ့ကောင်တွေ ... ထင်ရာမြင်ရာ စွတ်မပြောမနေနဲ့။ ငါ
လည်း သူ့ကို ဘာမှမပြောရသေးဘူး။ သူကလည်း ငါ့ကို ဘာအဖြေ
မပေးသေးဘူး"

ကုလားကြီး ။ "စောအောင် ... မင်းနှယ်ကွာ။ အဖြေပေးစရာလိုသေး
သလား။ ဒီလောက်တောင်နှစ်ယောက်သား 'တီးတိုးတီးတိုးသဖန်ပိုး'
လုပ်နေတဲ့ဟာကို။ ငါနဲ့နှင်းအိဆိုရင် မေတ္တာမျှတာနှစ်ပေါက်ပြီ။ မင်းတို့





လာက် မကဲဘူး"
သိန်း ။ "တော်ပြီ ... ဟေ့ကောင်တွေ။ စကားထဲက ငွေဖောက်
ာတော့မယ်။ ဒီမှာစောအောင်အစ်မ မချိုရှိနေတာကိုလည်း သတိ
ားကြဦး"
ုလားကြီး ။ "မချို ... ဆောရီးနော်။ ကျွန်တော်တို့က ငယ်ပေါင်း
တွေဆိုတော့ ပြောမနာဆိုမနာတွေ။ စောအောင် ရန်ကုန်ပြန်သွားရင်
ခတော်နဲ့ တွေ့ကြရမှာမဟုတ်လို့ တွေ့တုန်းပြောနေရတာပါ ဟဲ ...
ဲ"
ချို ။ "မောင်လေးတို့ လက်စွပ်တောင်လဲပြီးပြီဆိုတာ တကယ်
ား"
ျွန်တော် ။ "ဒီလိုပါ အစ်မရယ်။ ဘုန်းကြီးကျောင်းကူး တံတား
ယ်မှာ တံတားပေါ်ကကျပြီး ဆုံးသွားရာတဲ့ မနှင်းဖြူရဲ့ညီမ မနှင်းနွယ်
ြလက်စွပ်ကို ကျွန်တော် ပြန်ကောက်ရတယ်။ အဲဒါ ကျွန်တော်က
ှင်းဖြူကိုပြန်ပေးတော့ သူက ရေအဆုံးကုန်းတစ်ဝက်ဘဲ့။ ကျွန်တော်
ထိုက်လို့ရတာတဲ့။ သူတို့ အဲဒီနေရာမှာရှာတာ နှံ့နေပြီတဲ့။

သေဆုံး သူမနှင်းနွယ်က ကျွန်တော့်ကိုပေးတာလည်း ဖြစ်
ိဟယ်တဲ့။ အဲဒါ ကျွန်တော့်လက်သူကြွယ်ကို သူကဝတ်ပေးတော့
တော်ဖြစ်နေတယ်။ မိန်းကလေးလက်စွပ်က ယောက်ျားလေးလက်နဲ့
တ်တာ အံ့သြစရာမကောင်းဘူးလား အစ်မရယ်။ ဒီမှာ ကြည့်ပါဦး"
ို ။ "အေးတော့ ... အတော်ပဲနော်။ အံ့သြစရာ ကောင်း
က်တာ။ မြကလည်း အရည်ကောင်း၊ ရွှေနဲ့ဆိုရင် ကာလပေါက်ဈေး
ိန်းကဆန်းတော့တန်မှာပဲ။ မင်းတို့ဖူးစာကလည်း အံ့သြစရာကောင်း
က်တာကွယ်။ ကျိန်းရှုပ်စာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



ကုလားကြီး ။ "စောအောင်ကွာ၊ ငါ့တောင် လျှို့ထားတယ်။ အတော်လာတဲ့ကောင်ပဲ။ သူထက်စောတဲ့ငါက သူ့လောက်တောင် ခြေမမြေးသေးဘူး"

စံသိန်း ။ "ဝမ်းသာပါတယ်ကွာ။ စောအောင်နဲ့ကုလားကြီးက ငယ်ပေါင်းသူငယ်ချင်းအပြင် မယားညီအစ်ကိုပါ ဖြစ်သွားပြီ။ နောက်ပြီး ကုလားကြီးက စောအောင်တို့ ရေလုပ်ငန်းမှာမန်နေဂျာ။ စောအောင်က ရေလုပ်ငန်းပိုင်ရှင်။ မြို့ကြီးတစ်မြို့တည်းမှာ တိုက်တစ်လုံးစီနဲ့ နေကြတယ်။ ဘယ်လောက်ပျော်စရာ ကောင်းသလဲ။ ငါတို့အပေါင်းအသင်းတွေကလည်း စားစရာအိမ်တွေတိုး။ ဝိတ်ရက်တွေကျရင် သရက်ခြံထဲမှာ အပျော်ချက်ပြုတ်စားကြ။ ဘက်လောက်ပျော်စရာ ကောင်းသလဲ"

မင်းမောင် ။ "အေး ... ဟုတ်တယ်ကွ။ စံသိန်းပြောတာ မှန်တယ်။ စောအောင်နဲ့ကုလားကြီးက ကလေးတွေမွေး။ ငါတို့က တူတွေနဲ့ သရက်ခြံထဲမှ စိန်ပြေးတမ်းဆော့။ ဟား ... ဟား ... တွေးရင်တောင် အပျော်တွေကူးလာတယ်။ ဟေ ... ဟေ့"

မချို ။ "ဟုတ်တယ် မောင်လေးရဲ့။ အဲဒီအချိန်ကျရင် အစ်မလည်းပြန်လာပြီး မောင်လေးတို့ကလေးတွေကို ထိန်းပေးမယ်။ ပျော်စရာအလွန်ကောင်းမှာနော်"

သူတို့အားလုံး အတွေးနှင့် ပျော်နေကြပါသည်။ မပျော်နိုင်သူက ကျွန်တော်ရယ်ပါ။ အဖေ၏ ကျန်းမာရေးအခြေအနေက ဘယ်လိုမှန်းမသိသေး။ ကျွန်တော်၏ အမှုအခြေအနေကလည်း မပြီးသေးပါ။ ကျွန်တော့်မှာ ရှေ့ရေးကိုတွေးပြီး ဆွေးမှုနေမိသည်။ ထိုစဉ် လူကြီးဆန်သောစံသိန်းက စကားဖြတ်ပြီး ...

"ကားထွက်တော့မယ်။ စောအောင်တို့ ကားပေါ်တက်ကြ





တော့။ ညနေ(၄)နာရီ ထိုးတော့မယ်"

ကျွန်တော်နှင့်မချို ကားပေါ်တက်၍ နေရာယူကြသည်။ ကားပေါ်၌ မကြာမီ လူများဖြင့် ပြည့်သွားသည်။ ဂိတ်မှူးက ဝီစီမှုတ်သည်နှင့် ...

စံသိန်း ။ "စောအောင် ... အကြောင်းထူးတာနဲ့ ရွှေပုံကြီးဆိုင်က တယ်လီဖုန်းကိုဆက်လိုက်။ ငါတို့လိုက်လာခဲ့မယ်။ မနက်ဖြန်လည်း ငါတို့အိမ်က ဘုရားဖူးအဖွဲ့တွေ ပြန်ရောက်မယ်ထင်တယ်။ သူတို့ပြန်ရောက်ရင် ငါလည်းအားပါပြီ။ ကဲ ... သွားကြတော့"

ကျွန်တော် ။ "စံသိန်းနဲ့ သူငယ်ချင်းအားလုံးကို ကျေးဇူးတင်တယ်ကွာ။ ကုလားကြီးကိုလည်း ဖမ်းမထားကြပါနဲ့။ သူက မနက်ဖြန် အလုပ်ဝင်မှာဆိုတော့ ကြောင်နေဦးမယ်။ မင်းတို့ပါ တစ်ရက်နှစ်ရက် နေသွားဖို့အောင် ဝိုင်းကူလိုက်ပါ။ ထမင်းဟင်းကိစ္စကတော့ ဒေါ်စိန်ငွေစီစဉ်ကျွေးလိမ့်မယ်။ ကဲ ... ငါတို့သွားတော့မယ်ဟေ့။ ကားထွက်ပြီ"

ကျွန်တော်နှင့်မချိုက လက်ပြနှုတ်ဆက်သလို ကားအောက်မှ သူငယ်ချင်းများကလည်း လက်ပြနှုတ်ဆက်ကြသည်။ ကားမှာ ညနေကားဖြစ်၍ အချိန်ရတုန်း လုမောင်းသည်။ အေးဒရဲသို့ ညနေ(၅)နာရီခန့် ရောက်သည်။ ကွမ်းခြံကုန်းသို့ မိုးချုပ်စ(၆)နာရီခန့် ရောက်သည်။

ခရီးသည်က အတက်သာရှိပြီး အဆင်းမရှိ။ ဖလက်ကြီးတာ ဆိုကိုကျော်တော့ မိုးစုံးစုံးချုပ်ပြီ။ ကျွန်တော်တို့ကား ဒလဆိပ်ကမ်းရောက်တော့ ည(၈)နာရီကျော်လေပြီ။ တော်ပါသေးသည်။ ကူးတို့သင်္ဘောမှာ ည(၉)နာရီ အထိရှိသည်။ ည(၉)နာရီကျော်လျှင်တော့ စက်လှေများဖြင့်သာ ရန်ကုန်ဘက်သို့ ကူးကြရတော့မည်။ ရန်ကုန်ဘက်ဆိပ်ကမ်းမှာ သင်္ဘောစီးခရီးသည် အလွန်နည်းသည်။ မီးတာထိန်ထိန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လင်းကျင်းနေသော ရန်ကုန်မြို့ကြီးကို မြင်ရပြန်တော့လည်း အားတက်မိပြန်သည်။

ပန်းဆိုးတန်းဆိပ်ကမ်းမှ ကျွန်တော်တို့နေသော လှိုင်မြို့နယ်သို့ Taxi ငှား၍ ပြန်လာရာ ညပိုင်း(၉) နာရီခန့်ရှိပြီ ဖြစ်သည်။ လမ်းရှင်းသောကြောင့် နာရီဝက်ခန့်ဖြင့် အိမ်သို့ပြန်ရောက်သည်။ ကျွန်တော်တို့၏အိမ်ခြံထဲ၌ မီးများ ထိန်ထိန်လင်းနေသည်။ လူများ စုရုံးလှုပ်ရှားနေသည်ကိုလည်း တွေ့ရသည်။ အမေဆုံးပြီဖြစ်ဟန်တူသည်။

ကျွန်တော်ကားရပ်သည်နှင့် ခြံထဲသို့ပြေးအဝင် ကားသံကြား၍ အမေအိမ်ထဲက ပြေးထွက်လာသည်။ ကျွန်တော့်အားတွေ့သည်နှင့် ဖက်၍ငိုတော့သည်။

"သားရေ ... မင်းအလာကောင်းပေမဲ့ အခါနှောင်းသွားပြီကွယ်။ မင်းအဖေ နေ့လယ်ကပဲ ဆုံးသွားပြီကွယ့်။ ဟီး ... ဟီး ... အင့်"

"အမေ သတိထားပါ အမေ။ သားရှိပါသေးတယ်။ ကြေးနန်းစာရတာနဲ့ သားချက်ချင်းပြန်လာတာပါ။ အစ်မမချိုလည်း ပါလာတယ်"

"မချိုရယ် ... ညည်းဦးလေး ဆုံးပြီကွယ့်။ မြန်လိုက်တာ ကိုအောင်မြင့်ရယ်။ တစ်နေ့ကညပိုင်း ညစာစားပြီး ဘုရားဝတ်ပြုနေတုန်း မူးတယ်ဆိုတာနဲ့ ဆရာဝန်ခေါ်ရတယ်။ ဆရာဝန်က ဆေးရုံအမြန်ပို့နိုင်းတာနဲ့ အာရှတော်ဝင်ကိုပို့တယ်။ သားနဲ့မချို ရောက်ပြီလား တဖွဖွမေးနေတာ။

နောက်တစ်နေ့မနက်ပိုင်းအထိ မသက်သာလို့ သားဆီကို ကြေးနန်းပို့ရတာ။ ဒီနေ့ညနေ(၄)နာရီတိတိ ဆုံးတာပါပဲကွယ်။ အမေ သားဆီ





ကို ကြေးနန်းထပ်ပို့လိုက်သေးတယ်။ သားတို့ထွက်အလာနဲ့ လွဲပြီထင်တယ်။ အောင်မယ်လေး ... ကိုအောင်မြင့်ရဲ့ ရှင်မျှော်နေတဲ့ ရှင့်သားကြီးနဲ့မချို ပြန်ရောက်လာကြပြီလေ။ လာကြည့်လှည့်ပါဦးတော့။ အီး ဟီး ... ဟီး"

"အမေ သတိထားပါအမေ။ အဖေ အမြဲတမ်းပြောခဲ့သလို ကံ,ကံ၏အကျိုးပေါ့။ ဖြစ်ချိန်တန်လို့ဖြစ်၊ ပျက်ချိန်တန်ပျက်တာ လူ့သဘာဝပါပဲ။ အမေနဲ့သားတို့လည်း အနေးနဲ့အမြန် ဒီလမ်းကိုပဲ လိုက်ကြရမှာမဟုတ်လား။ တရားနဲ့ဖြေပါ အမေရယ်"

အစ်မ မချိုကလည်း တအီအီငိုနေသည်။ အဖေ၏အသက်ကို မမီလိုက်ခြင်းအတွက် ကျွန်တော် အလွန်စိတ်မကောင်း ဖြစ်မိသည်။ ကျွန်တော့်အိပ်မက် မကောင်းကတည်းက ကျွန်တော်ရန်ကုန်သို့ ပြန်လာသင့်သည်။ သို့သော် လူမတန်၍ ကံချွင်းသဘောတော့ မပြုလိုတော့ပါ။ ရှိပါစေတော့။

"အမေ ... အဖေ့အလောင်းက ဘယ်မှာထားသလဲဟင်။ သားသွားကန်တော့ချင်လို့ပါ"

"ဆေးရုံကနေ ထိန်ပင်ကို ပို့လိုက်ပြီသား။ အချိန်မရှိတော့ဘူး။ မနက်ဖြန်မနက်မှ သွားကန်တော့ပေတော့ကွယ့်။ အီး ... ဟီး ဟီး"

ထိုစဉ် တက္ကသိုလ်မှ ကျွန်တော်၏ သူငယ်ချင်းများရောက်လာကြပြန်သည်။

"စောအောင် ... မင်းကွာ၊ နောက်ကျလိုက်တာ။ ငါတို့ အဘနေမကောင်းကတည်းက နေ့တိုင်းလာတယ်။ ဆေးရုံတင်ပေးတယ်။ လိုအပ်တဲ့ဆေးဝါး ရှာပေးတယ်။ အဘကလည်း မြန်လိုက်တာကွာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုတောင် မစောင့်နိုင်ရှာဘူး။ ဦးနောက်သွေးကြောပြတ်တာလို့ ဆရာဝန်က ပြောတယ်ကွ။ ဒီရက်ပိုင်းမှာ ဆောင်းကုန်စမို့ အေးရာက‌ေ အတော်ပူလာတာကိုးကွ။

နောက်ပြီး မင်းအဖေက Air-Con တို့၊ ပန်ကာတို့လည်း မကြိုက်ဘူးလေကွာ။ ဆေးရုံမှာတောင် အဘသတိမေ့သွားမှ Air-Con ဖွင့်ရတာ။ သက်သက်သာသာပါပဲကွာ။ သတိလစ်သွားပြီး ဆုံးသွားတာ ပါ။ အော်ဟစ်ညည်းတွားခြင်း မရှိပါဘူး။ နာကျင်ခံစားရခြင်းလည်း မရှိပါဘူး။ ငါတို့မျက်စိရှေ့တွင် ဆုံးသွားတာပါ"

"အေးကွာ . . . သူငယ်ချင်းတို့ရာ၊ မင်းတို့အားလုံးကို အလွ ပဲ ကျေးဇူးတင်ပါတယ်။ ဖျာပုံမှာလည်း ရေလုပ်ငန်းဇာတ်လမ်းရှု ကြီးကိုဖြေရှင်းရင်း မျက်နှာလွှဲက အသတ်ခံလိုက်ရတော့ ငါ့ကိုခေါ တော့တာပေါ့။ အခု ရန်ကုန်ပြန်လာတာတောင် ရဲစခန်းမှာ ခွင့်တိုင် ရတာ"

"ဘယ်သူသတ်တာလဲ။ တရားခံကို ဖမ်းမိပြီလား"

"မမိသေးပါဘူးကွာ။ စုံစမ်းစစ်ဆေးတုန်းပါပဲ။ CID စုံထောက်ရဲတွေလည်း ရောက်နေကြတာ။ မကြာခင်ပေါ်မှာပါ"

"မင်းအမှုက ငါတို့စမ်းချောင်းတိုက်ခန်းမှာကြည့်တဲ့ 'THE REVENGE IS SWEET LIKE THE HONEY' ဆိုတဲ့ နိုင်ငံခြားဇာ ကားနဲ့ တူနေသလိုပဲနော်"

ကျွန်တော် ။ "အေးကွာ . . . ငါလည်း အဲဒီ ဇာတ်ကားကလေး အမြဲတမ်းသတိရနေတယ်။ ဟိုက သစ်သီးခြံမန်နေဂျာ လူရှပ်။ ဒီ ငါးဒိုင်မျက်နှာလွှဲ လူယုတ်မာ။ အတော်ဆင်တာပဲ"

"ဒါနဲ့ မချိုကမင်းအစ်မလား။ ဒါလည်း အတော်ဆင်တာပဲ"

စိတ်ကူးသစ်စာပေ



"အစ်မ မချိုက ငါ့အစ်မဝမ်းကွဲပါကွာ။ ခုရဲတွေ ထင်နေတာ က အစ်မမချိုအစ်ကို ကိုမောင်လွင်ကို ထင်နေကြတာကွ။ ကိုမောင်လွင် ကလည်း ပျောက်နေတော့ သူတို့ထင်စရာပေါ့။ ဒါပေမဲ့ သေဆုံးသူ ဦးတင်သိန်းက လောင်းကစားသမားလေကွာ။ သူနဲ့မတည့်တဲ့ သူကလည်း အလွန်များတယ်"

"မင်းမပါဖို့ အရေးကြီးတာပါကွာ။ သတင်းစာထဲမှာဖတ်ရ ကတည်းက ငါတို့က မင်းကိုစိုးရိမ်နေတာ။ လူဆိုးလူမိုက် လူယုတ်မာ သေတော့လည်း တစ်တောရှင်းသွားတာပေါ့ကွာ"

"ကဲ . . . လာကြပါကွာ။ အိမ်ထဲဝင်ထိုင်ကြပါဦး။ ကော်ဖီလေး ဘာလေးသောက်ရင်း စကားပြောကြတာပေါ့။ ငါတစ်ပတ်လောက် ကျောင်းပျက်တော့ စာတွေတော့ အတော်နောက်ကျကုန်ပြီ။ မင်းတို့ ဝိုင်းပြီး စာကူးပေးကြဦးနော်"

"အေးပါ . . . ကူးပေးပါ့မယ်။ မင်းက တော်ပြီးသားပါ။ ငါတို့ စာအုပ်တွေ ယူဖတ်ရုံနဲ့တင် ကူးစရာလိုမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ မင်းကျောင်းပြန်တက်ရင်တော့ ပါမောက္ခနဲ့တွေ့ရမယ်ထင်တယ်။ ဆရာ တွေက မင်းကျောင်းပျက်တာသိလို့ မေးနေတယ်"

"မတတ်နိုင်ဘူးကွာ။ ဒီမှာလည်း ကိစ္စတွေပြဿနာတွေ ဖြေ ရှင်းနေရတာ မင်းတို့အမြင်ပဲ။ အခုလည်း အဖေကဆုံးပြန်ပြီ။ မင်းတို့ ဘာသာ ကြည့်လုပ်ထားလိုက်တော့ကွာနော်"

www.burmeseclassic.com

www.burmeseclassic.com

အခန်း [၆]

❑

နောက်တစ်နေ့မနက်တွင် ကျွန်တော်နှင့်မချို သူငယ်ချင်းများ
ပါခေါ်၍ ထိန်ပင်သုသာန်သို့သွားကြပြီး အဖေ့အလောင်းအား ကြည့်ကြ
သည်။ အအေးခန်းထဲမှအဖေ့အလောင်းမှာ ရုပ်မပျက်။ အိပ်ပျော်နေ
သည့်ပုံစံပင်။ အအေးကြောက်၍ Air-Con ပန်ကာကိုမုန်းသောအဖေ
မှာ ယခုတော့ ရေခဲခန်းထဲတွင် အေးစက်တောင့်တင်းနေပြီး မနိုးသော
အိပ်ခြင်းဖြင့် အိပ်ပျော်သွားရှာလေပြီ။ သခါရတရားဆိုသည်မှာ အမြဲ
မရ။ နေမြင်ညပျောက် မတည်မြဲသောလောကကြီး ဖြစ်သည်။ ကျွန်တော်
နှင့်မချိုတို့ အဖေ့အလောင်းအား ကန်တော့ကြသည်။





ကျွန်တော်တို့ သုသာန်မှအပြန် အိမ်ရောက်တော့ ဖျာပုံမှာ ကုလားကြီး၊ စံသိန်း၊ မင်းမောင်၊ လှရွှေနှင့် အောင်ပန်းတို့ အိမ်တွင် ရောက်နေကြပြီ ဖြစ်သည်။

"ဟာ ... မင်းတို့ လူစုံတက်စုံပါလား။ ဘယ်လိုသတင်းရတာလဲ"

ကုလားကြီး ။ "စောအောင်ရေ ... မင်းတို့ကို ကားဂိတ်လိုက်ပို့ပြီး အိမ်အပြန် မင်းအမေရိုက်လိုက်တဲ့ ကြေးနန်းစာကို ဒေါ်စိန်ငွေလာပေးတာ။ ဝင်ငွေနှစ်သိန်းကိုလည်း လိုရမည်ရသုံးဖို့ လာပေးသွားတယ်။ ငါတို့အုပ်စု မနက်အစောဆုံးကားနဲ့လိုက်ကြဖို့ စီစဉ်နေကြတုန်း ညကျတော့ စံသိန်းအမေတို့ ဘုရားဖူးကပြန်လာတော့ အတော်ဖြစ်သွားတာပေါ့။ ရော့ ... ဟောဒီမှာ ငွေနှစ်သိန်း။ ငါလက်မှတ်ထိုးပြီး ယူလာခဲ့တာ"

"အေးကွာ ... ကျေးဇူးတင်ပါတယ်။ ငါ့အမေကလည်း အိမ်မှာ လက်ကျန်ငွေနည်းနေလို့ မနက်ဖြန်ဘဏ်ကထုတ်ဖို့ ငါ့ကိုပြောနေတာ။ အတော်ပါပဲ။ ကဲ ... မင်းတို့ကို ငါ့ရန်ကုန်က သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမယ်"

ကျွန်တော် ဖျာပုံမှငယ်ပေါင်းများအား ရန်ကုန်မှသူငယ်ချင်းများဖြင့် မိတ်ဆက်ပေးလိုက်ပါသည်။ သူတို့အားလုံး ဖက်လှဲတကင်း လက်ဆွဲနှုတ်ဆက်ကြသည်။ ကျွန်တော့်မှာတော့ အပူမီးတွေ တောက်လောင်နေသော်လည်း သူငယ်ချင်း၊ အပေါင်းအသင်းများ အင်အားကြောင့် တစ်အားတက်သွားမိပါသည်။ ထိုအခါသောအချိန်တွင် အကူအညီပေးသူမှာ မိတ်ဆွေစစ်များ ဖြစ်ပေသည်။

စံသိန်း ။ "စောအောင်ရေ ... သတင်းတစ်ခု ပြောရဦးမယ်ကွ။



www.burmeseclassic.com

www.burmeseclassic.com



မင်းဦးတင်သိန်းကို အလွဲသုံးစားပြုမှုအတွက် တိုင်စာကို ရဲစခန်းက စစ်ဆေးပြီး တရားရုံးကိုတိုင်ထားတာ တရားရုံးကလက်ခံကြောင်း မနေ့က ညနေ ရဲစခန်းက လာအကြောင်းကြားတယ်။ ရုံးချိန်းကိုတော့ အကြောင်း ကြားမယ်လို့ ပြောသွားတယ်"

ကျွန်တော် ။ "အခြေအနေကောင်းတဲ့ သဘောပေါ့။ တရားခံကတော့ သေရှာပြီ။ သူပေါင်နှံရောင်းချသွားတဲ့ ပစ္စည်းတွေကိုပဲ ပြန်ရအောင် ကြိုးစားဖို့ပဲ ရှိတော့တယ်၊ ဒီကကိစ္စတွေ ပြတ်ရင်တော့ ဖျာပုံကိုဆင်း ရဦးမယ် ထင်ပါရဲ့၊ စံသိန်းရယ် ငါးကျောင်းပျက်ပေါင်းလည်း များပြီ။ အမှုရင်ဆိုင်ရမှာ သွားရလာရဆိုရင် ဒီနှစ်နောက်ဆုံးနှစ်မှာ စာမေးပွဲ တောင် ဖြေနိုင်ပါ့မလားမသိဘူးကွာ"

ရန်ကုန်ကသူငယ်ချင်းများ ။ "စောအောင်ရယ် ... ငါတို့ရှိပါတယ် ကွာ။ မင်းမပူပါနဲ့။ ငါတို့တစ်လဲစီ စာကူးပေးပါ့မယ်"

"ဟာ ... ကောင်တွေရ နောက်ဆုံးနှစ်ကွ။ တရားရုံးတွေမှာ လက်တွေ့ဆင်းရမယ်။ စာတမ်းပြုစုရမယ်။ လိုအပ်တဲ့ စာအုပ်တွေ စုဆောင်းရှာဖွေရမယ်။ စာတွေဖတ်ရမယ်။ ငါ့မှာ အချိန်မှမရှိဘဲ ဘယ် လိုလုပ်နိုင်မှာတုံး။ မင်းတို့စာကူးပေးရုံနဲ့ ဖြစ်နိုင်တာ မဟုတ်ဘူးလေ ကွာ"

"အေးကွ ... ဒါလည်း တုတ်တာပဲ။ ဒါဆို မင်းတစ်နှစ်နား ရတော့မယ် ထင်တယ်"

"မတတ်နိုင်ဘူး သူငယ်ချင်းတို့ရေ။ ငါကလည်း စာမေးပွဲ အောင်ရုံတင် အောင်ချင်တဲ့ကောင် မဟုတ်ဘူး။ ထူးထူးချွန်ချွန် အောင်ချင်တာ။ တားလိုက်ပါကွာ။ ငါထိုက်နဲ့ ငါ့ကံပေါ့။ အခြေအနေ မပေးရင်လည်း အခြေအနေပေးတဲ့နေ့ကျမှ စာမေးပွဲဖြေရုံပဲပေါ့။ ဒီအိမ်





မှာလည်း အမေတစ်ယောက်တည်းကျန်တော့မှာ တော်ပါသေးရဲ့။ အစ်မ မချိုပါလာလို့ အမေ့အတွက် အဖော်တော့ရသွားတာပေါ့။ အိမ်ကို စိတ် ချရတော့ ငါသွားနိုင်လာနိုင် လှုပ်ရှားနိုင်တာပေါ့"

"ကဲ ... ငါတို့လည်း ပြန်ဦးမယ်။ အသုဘက ဘယ်နေ့ မှာလဲ"

"သုံးရက်ထားမှာဆိုတော့ မနက်ဖြန်နေ့လယ်(၁၂)နာရီပေါ့ ကွာ။ မင်းတို့ကျောင်းပျက်နေပါ့မယ် မလာပါနဲ့"

"မလာလို့ ဖြစ်မလားဟ။ မင်းအဖေရဲ့နောက်ဆုံးခရီး ငါတို့ လိုက်ပို့ရမှာပေါ့၊ မနက်ဖြန်မနက်ပိုင်း အတန်းတက်ပြီး နေ့လယ်(၁၂) နာရီအမီ လစ်လာခဲ့မယ်။ ကဲ ... အားလုံးပဲ၊ သွားပြီ"

"ဟောကောင်တွေ ... ထမင်းစားသွားကြဦးလေကွာ"

"မစားတော့ဘူး သူငယ်ချင်း။ အခုမှ မနက်(၁၀)နာရီတဲ ရှိသေး တယ်။ ညနေအားရင်လည်း လာခဲ့မယ်။ မလာနိုင်ရင်တော့ မနက်ဖြန် အချိန်မီလာခဲ့မယ်"

ရန်ကုန်က သူငယ်ချင်းများပြန်သွားတော့ ကျွန်တော်တို့ ငယ်ပေါင်းတစ်စု မဏ္ဍပ်ကိစ္စ၊ ဖိတ်စာကိစ္စ၊ အကျွေးအမွေးနှင့် အခမ်း အနား၊ ကားကိစ္စများကို စီစဉ်ရသည်။ တော်ပါသေးသည်၊ သချိုင်း ကိစ္စများအား ရပ်ကွက်ထဲမှ အသိမိတ်ဆွေလူကြီးများက ကူညီကြသည်။ ညနေပိုင်းတွင် ဖိတ်စာများဝေရသည်၊ ကားငှားရသည်။ မဏ္ဍပ်ကတော့ ပြီးသွားပေပြီ။ အိမ်တွင်း၌လည်း ပူဆွေးသောက ဖျားပါဒများနေသော အမေ့အတွက် အစ်မမချိုက အလွန်အကူအညီ ရပါသည်။

ညအိပ်တော့လည်း အစ်မမချိုက အမေနှင့်အတူအိပ်သည်၊ ကျွန်တော်တို့ကတော့ ဧည့်ခန်းတွင်တန်းစီပြီး အိပ်ကြသည်။ အိမ်သား



www.burmeseclassic.com

www.burmeseclassic.com



နည်းလှသော ကျွန်တော်တို့မိသားစုအတွက် မိတ်ဆွေအပေါင်းအသင်း အရင်းအခြာ၏တန်ဖိုးကို ယခုမှသိတော့သည်။ အပေါင်းအသင်းများ ပြန်သွားလျှင်တော့ အိမ်ကြီးမှာခြောက်ကပ်၍ ကျန်ခဲ့ပေဦးမည်။

နောက်ပိုင်း ကျွန်တော်နှင့်မနှင်းဖြူလက်ထပ်၍ ကလေးများ မွေးလျှင်တော့သည်း အိမ်ကြီးမှာ အသက်ဝင်၍ စိုပြည်လာဦးမည် ဖြစ်ပေသည်။ မျိုးဆက်ကျန် ထွန်းကားရန်တော့ ကျွန်တော်တို့၏ သမိုင်းပေးတာဝန် ဖြစ်ပေသည်။

မနက်ပိုင်းတွင် ယပ်တောင်ကိစ္စ၊ အချိုရည်ဘူး၊ ကားကိစ္စများ စီစဉ်ပြီးနောက် အဖေ့အတွက် သက်ပျောက်ဆွမ်းသွတ်သည်။ နေ့လယ် (၁၂)နာရီတွင် အသုဘချသည်။ ညပိုင်းတွင်တော့ ဧည့်သည်နည်းသွားသဖြင့် ကျွန်တော်တို့စားသောက်ရန်အတွက် ကုလားကြီးက စီစဉ်ချက်ပြုတ်သည်။ အစ်မမချိုက ကူညီသဖြင့် အဆင်ပြေသည်။

နောက်နေ့များတွင် ကုလားကြီးနှင့်စံသိန်းဦးဆောင်၍ ရန်ကုန်မြို့တွင် ဘုရားများဖူးနိုင်ရန်အတွက် ကားစီစဉ်ပေးပြီး ကျွန်တော်တော့ ကျောင်းပြန်တက်သည်။ သို့သော် တစ်ပတ်ကျော်ခန့်လွတ်နေသောစာများကို ကျွန်တော်စိတ်မဝင်စားတော့ပါ။

ခုနစ်ရက်လည်သောနေ့တွင် အိမ်၌ရက်လည် ဆွမ်းကျွေးသည်။ တနင်္ဂနွေနေ့နှင့်ဆုံသဖြင့် ကျွန်တော်တို့ကျောင်းမှ အပေါင်းအသင်း သူငယ်ချင်းများသာမက ကျွန်တော့်ကိုချစ်သော ဆရာများလည်း လာရောက်အားပေးကြသည်။ ထို့အပြင် ထူးခြားသော ဧည့်စိမ်းများကိုလည်း တွေ့ရသည်။ ကျွန်တော်မသိသော ဧည့်စိမ်းများဖြစ်သည်။ အရပ်ဝတ် ဝတ်ထားသော်လည်း ကျွန်တော်ချက်ချင်း မှတ်မိသွားသည်။ ကျွန်တော် မှတ်မိသူက CID က ဒုရဲအုပ် ဒေါ်ဘောဘီ။





“မောင်စောအောင် ... လုပ်စရာရှိတာ ဟန်မပျက်ဆက်လုပ်ပါ။ ပြီးတော့မှ အစ်မတို့နဲ့ စကားပြောကြတာပေါ့။ ဧည့်သည်တွေရှိတော့ ရုတ်ရုတ်သဲသဲ မဖြစ်စေချင်ဘူးကွယ်”

ကျွန်တော့်အနီးတွင်ရပ်နေသော စံသိန်းကလည်း ဒေါ်ဘောဘီကို မှတ်မိသွားသည်။

“ခင်ဗျားတို့ ဘာကိစ္စလဲဗျ။ ဒီမှာ နာရေးအလှူလုပ်နေတာ။ ရဲကိစ္စပြောစရာရှိရင်လည်း အလှူပြီးမှ လာလို့ရပါတယ်။ အခုတော့ ဧည့်သည်တွေနဲ့ဗျာ။ လူမှုရေးကို ငဲ့ညှာပါဦး။ စောအောင်အတွက် ကျွန်တော်တို့ လုံးဝတာဝန်ယူတယ်”

ဒေါ်ဘောဘီ ။ “ဟုတ်ပါတယ် ... မောင်လေးရယ်။ အစ်မတို့ကလည်း ပွဲမပျက်အောင် အရပ်ဝတ်နဲ့ လာကြတာပါ။ လူမှုရေးကိုလည်း အစ်မတို့ နားလည်ပါတယ်။ အေးအေးဆေးဆေးပါ။ တာဝန်အရသာ လာရပေမဲ့ အစ်မတို့လည်း ဗုဒ္ဓဘာသာပါ။ မြန်မာလူမျိုးတွေပါကွယ်။ စိတ်ဆိုးပါနဲ့။ သည်းခံပါကွယ်”

ကျွန်တော် ။ “စံသိန်း ... သည်းခံပါကွာ။ တခြားဧည့်သည်တွေကိုသာ မင်းဧည့်ခံလိုက်ပါ။ ဒီဝိုင်းကို ငါပဲဧည့်ခံလိုက်မယ်။ အစ်မတို့ စားကြသောက်ကြပါ။ ပြီးမှ စကားပြောကြတာပေါ့နော်”

ကျွန်တော်တို့ သူငယ်ချင်းတစ်စုမှာ မုန့်ဟင်းခါးဟင်းရည်လိုက် ချိုင့်ကိုယ်စီကိုင်၍ ဝိုင်းအသီးသီးအား ဧည့်ခံနေကြခြင်းဖြစ်သည်။ ဒေါ်ဘောဘီတို့ဝိုင်း မုန့်ဟင်းခါးစားပြီးတော့ ကျွန်တော်က ကော်ဖီနှင့် မုန့်များဖြင့် ဧည့်ခံပြန်သည်။ ပြီးနောက် လက်ဖက်သုပ်နှင့် လက်ဖက်ရည်ကြမ်း။ သူတို့ကလည်း ဖွဲ့ကောင်းကောင်းဖြင့် ထိုင်စောင့်ရင်း စားသောက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လူစဲသွားတော့မှ ကျွန်တော် ခုံတစ်လုံးဆွဲ၍ ဒေါ်ဘောဘီအနီး ဝင်ထိုင်သည်။

"အစ်မ ပြောစရာရှိရင် ပြောပါ။ လူနည်းသွားပါပြီ"

"ဒီလို မောင်စောအောင်ရဲ့၊ မောင်စောအောင်ရဲ့အစ်ကိုဝမ်းကွဲ ကိုမောင်လွင်ကို ကွမ်းခြံကုန်းက 'ဒေးဒနော့ရွာ'မှာ ဖမ်းမိပြီ။ သူ့ကို ဖမ်းမိတော့လည်း သူက သူ့ညီမကိုစော်ကားလို့ သတ်တာပါလို့ ဖြောင့်ချက်ပေးတယ်။ ဒါပေမဲ့ အစ်မတို့ CID က အသေးစိတ်စစ်ဆေးတော့ သေသူဦးတင်သိန်းကိုသတ်သူဟာ နှစ်ယောက်ဖြစ်နေတယ်။ ကိုမောင်လွင်ကတော့ သူတစ်ယောက်တည်းသတ်တာပါလို့ ငြင်းနေတယ်။

ဒါပေမဲ့ အဲဒီနေ့က ဦးတင်သိန်းအိမ်ပေါ်မှာ လူသတ်သမား ခြေရာနှစ်စုံကိုတွေ့ရတယ်။ လက်ဗွေရာကတော့ ကိုမောင်လွင့် လက်ဗွေရာပဲ ကျန်ခဲ့တယ်။ ကျန်တစ်ယောက်ရဲ့လက်ဗွေရာကို မတွေ့ရဘူး။ လက်အိတ်ဝတ်ထားပြီး ပြစ်မှုကျူးလွန်းတာလည်း ဖြစ်နိုင်တယ်။

အဲ ... ဖိနပ်ခြေရာကတော့ ကိုမောင်လွင်က ဂျပန်ခြေညှပ်ဖိနပ်စီးတယ်။ တခြားဖိနပ်ကတော့ ကင်းဘတ်ဖိနပ်ခြေရာပဲ။ တစ်ယောက်က အရင်သတ်သွားပြီးမှ နောက်တစ်ယောက် လာထပ်သတ်တာလားလို့လည်း အစ်မတို့စဉ်းစားကြပါတယ်။ ဒါပေမဲ့ သေဆုံးသူဟာ ဓားဒဏ်ရာနှစ်ချက်ကြောင့် တစ်ချိန်တည်း သေဆုံးသွားတာလို့ ဆေးစာရင်းမှာ မှုခင်းဆရာဝန်က ထွက်ဆိုထားတယ်။

နောက်ပြီး ထိုးသွင်းဒဏ်ရာဓားချက်၊ ဓားအသွားပုံစံကလည်း မတူဘူးလေ။ တစ်ချောင်းက နှစ်ဖက်သွား။ တစ်ချောင်းက တစ်ဖက်သွားဓား။ နှစ်ဖက်ဓားအသွားကိုင်ဆောင်သူရဲ့ ဓားချက်က နှလုံးကို တည့်တည့်ထိပြီး သွေးလွှတ်ကြောမကြီးတွေကို တိတိရိရိပြတ်သွားစေ





ပြီး ဦးတင်သိန်း သေဆုံးရတာပဲ။

တစ်ဖက်သွားဓား ကိုင်ဆောင်သူ၊ ကင်းဘတ်ဖိနပ်ဝတ်လူရဲ့ ဓားချက်က ကမန်းကတန်း အရေးပေါ်ထိုးပြီး ထွက်ပြေးတဲ့သဘော။ ဒါကြောင့် အိပ်နေသူရဲ့ ညာရင်အုံကိုသာထိပြီး အဆုတ်ပေါက်သွားစေတယ်။ သေလောက်တဲ့ဒဏ်ရာ မဟုတ်ဘူး။

ကင်းဘတ်ဖိနပ်ဝတ် ဒုတိယလူဟာ လူသတ်သမားဖြစ်ပေမဲ့ လူသတ်မှုမမြောက်ဘူး။ ဒေါသအငြိုးအတေးအလျောက် အခွင့်ကြုံတုန်း ဝင်ထိုးလိုက်တဲ့သဘောပဲ။ လူသတ်မှုမှာ အားပေးကူညီတဲ့သဘောပေါ့။ ဒါပေမဲ့ အဲဒီဓားဒဏ်ရာနှစ်ခုဟာ အချိန်အတူတူပဲလို့ မှုခင်းဆရာဝန်ရဲ့ ဆေးစစ်ချက်မှာ ဖော်ပြထားတယ်။

အဲဒါကြောင့် အစ်မတို့ CID က ကောက်ချက်ဆွဲတော့ ရင်းနီးတဲ့လူနှစ်ယောက် တစ်ချိန်တည်း အလုအယက်သတ်ကြတာလို့ အဖြေရတယ်။ အဲဒီတော့ ဘယ်သူဖြစ်နိုင်သလဲ။ မောင်စောအောင် ဖြေကြည့်ပါ"

"ကျွန်တော်ကတော့ ဖျာပုံမြို့ရဲစခန်းမှာ အစ်မတို့ရှေ့မှာတင်ပဲ သေဆုံးသူ ဦးတင်သိန်းကို ယုံကြည်အပ်နှံပစ္စည်း အလွဲသုံးစားမှု ပုဒ်မ (၄၀၆)၊ လုပ်ငန်းလိုင်စင်ကို လိမ်လည်ပေါင်နှံမှုအတွက် ပုဒ်မ(၄၂၀) နဲ့ တရားစွဲထားတာ။ အစ်မတို့လည်း သိပါတယ်။ တရားရုံးကလည်း လက်ခံတယ်လို့ ကြားရပါတယ်။ ကျွန်တော်က ဦးတင်သိန်းကို မုန်းတီးပေမဲ့ သတ်စရာမလိုဘူးထင်ပါတယ်။

အခုလည်း လူသတ်တရားခံပေါ်ပြီဆိုတော့ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ အစ်မရယ်။ ကိုမောင်လွင်က ကျွန်တစ်ယောက်ကိုမပြောတာ သူ့အရင်လား၊ သူ့နောက်မှလား။ ဓားနဲ့လာထိုးသူကို မသိလို့



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်နိုင်တာပေါ့။ ဘာပဲဖြစ်ဖြစ် ဦးတင်သိန်းသေအောင် ဓားနဲ့ ထိုးသူဟာ တစ်ယောက်တည်းပဲမဟုတ်လား အစ်မရယ်။ အဲဒါဆို ကိစ္စ ပြီးပြီ မဟုတ်လား"

"မဟုတ်သေးဘူး မောင်လေးရဲ့။ ဥပဒေကို ဆင်ဝှေ့ရန်ရှောင် ညာလို့မရသလို အစ်မတို့ CID က သက်သေခံနဲ့ လက်မှုပုံစံဌာနကို လည်း လှည့်ပတ်လို့မရဘူးကွယ့်။ အစ်မတို့ဌာနမှာက အတွေ့အကြုံ ရင့်သူတွေနဲ့ ခေတ်မီစက်ကိရိယာတွေ နိုင်ငံတကာ စံချိန်မီအောင်ရှိနေ တယ်။

တရားဥပဒေအရ လူသတ်မှုကျူးလွန်သူကို ဥပဒေပုဒ်မ (၃၀၂) နဲ့ အရေးယူမှာဖြစ်သလို၊ လူသတ်ဖို့ ကိုယ်ထိလက်ရောက်ကျူးလွန် သူကိုလည်း လူသတ်မှုမမြောက်ပေမဲ့ ဥပဒေပုဒ်မ(၃၀၂/၁၁၄)နဲ့ အရေးယူရမှာပဲကွယ့်။ မောင်စောအောင်လည်း ဥပဒေဘာသာ နောက် ဆုံးနှစ်ကျောင်းသားပဲ။ ဒါတွေကို သိမှာပါကွယ်"

"ကဲ ... အစ်မရေ ပွင့်ပွင့်လင်းလင်း ပြောကြရအောင်။ ကိုအောင်လွင်က ကျွန်တော်ရဲ့ဝမ်းကွဲအစ်ကို တော်တယ်။ ကျွန်တော်နဲ့ ညီအစ်ကိုတော်တာမို့ သူကကျွန်တော့်နာမည်ကို မဖော်ဘူး။ ကျွန်တော် နဲ့ပတ်သက်နေတာမို့ ကျွန်တော့်ကို သံသယရှိလို့ဖမ်းမယ် ဒီလိုလား။ ဒါဆို အစ်မတို့ဘက်က သက်သေမခိုင်လုံဘဲ ကျွန်တော့်ကို ဖမ်းလို့ ဘယ်ရမလဲ အစ်မရယ်"

"အင်း ... မောင်စောအောင်လည်း ဥပဒေကျောင်းသားပီပီ တော်ပါပေတယ်။ ဒါပေမဲ့ မောင်စောအောင် လိုသွားတာက ဖိနပ်ခြေရာ ဖျောက်ဖို့ပဲကွယ့်။ ခြေရာဖျောက်ရင်လည်း 'ရာဇဝတ်ဘော၊ ပြေးမလွတ်' ဆိုတဲ့စကားပုံလို အခက်အခဲနည်းနည်းတွေ့ပြီး အချိန်နည်းနည်းကြာ





ပေမဲ့ တရားခံကို အစ်မတို့မိမှာပါ။ 'တရားနတ်စောင့်' ဆိုတဲ့ စကားပုံ လည်း ရှိသားကလားကွယ်။

နယ်မြို့ကလူတွေ လူသတ်မှုကျူးလွန်ရင် အလွန်ရိုးရှင်းကြ တယ်။ တုတ်နဲ့ရိုက်တယ်၊ ဓားနဲ့ထိုးတယ်၊ လှံနဲ့ပစ်တယ်။ ဒါပါပဲ။ ဥပဒေ ကိုလှည့်စားရအောင် လက်အိတ်စွပ်တာမျိုး၊ ကင်းဘတ်ဖိနပ်စီးတာမျိုး မလုပ်ကြပါဘူး။ ဖျာပုံကအမှုမှာလည်း ဒီအတိုင်းပါပဲ။

လက်အိတ်စွပ်၊ ကင်းဘတ်ဖိနပ်စီးပြီး ဖြစ်မှုကျူးလွန်တာ မောင်စောအောင်တစ်ယောက်ပဲ ဖြစ်နိုင်တယ်လေ။ မောင်စောအောင်က ရန်ကုန်က တက္ကသိုလ်ကျောင်းသားလေ။ အစ်မတို့အစောကြီးကတည်းက ခန့်မှန်းမိပါတယ်။ ဒါပေမဲ့ သက်သေမခိုင်လုံသေးလို့ မောင်စောအောင် ကို စောင့်ကြည့်နေကြတာပါ"

"ကဲ ... အဲဒါဆို ဘယ်မှာလဲ လူသက်သေ၊ ပစ္စည်းသက်သေ ပြောပါဦး အစ်မရယ်"

"မောင်လေးရေ ... လူသက်သေကတော့ မပေါ်သေးဘူး ကွယ့်။ ဒါပေမဲ့ ပစ္စည်းသက်သေကတော့ ရပါပြီ။ လူသက်သေကိုလည်း အစ်မတို့ CID ကို နောက်ဆုံးရောက်လာတဲ့ 'မှသားဖော်စက်' နဲ့ စစ်မေး လိုက်ရင် ဘယ်လောက်ပဲ ဖုံးကွယ်ထားပေမဲ့ လိမ်ညာထားတဲ့ Cell ကို စက်ကဖော်ထုတ်ပြီး ဘာသာပြန်လိုက်တာနဲ့ သိနိုင်ပါတယ်ကွယ်။

မောင်စောအောင်ကို သတိပေးချင်တာကတော့ တရားဥပဒေ ကို မှော်ကြိုးလို လိုသလို လျှော့လိုက်တင်းလို့ မရဘူးကွယ့်။ ဥပဒေဆို တာ အင်မတန် နတ်ကြီးတာ။ အစ်မ အစောကပြောခဲ့သလို တရား နတ်စောင့်တာပေါ့ကွယ်"

"အစ်မ သက်သေခံပစ္စည်းရပြီဆို ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ . . . ဟုတ်ပေသားပဲ၊ သက်သေခံပစ္စည်းကို မောင်စောအောင် ဖျာပုံမှာတည်းခိုခဲ့တဲ့ မောင်လေးသူငယ်ချင်း စံသိန်းတို့အိမ်မီးလှာကျင်းထဲက ရတာပါ၊ တစ်ဖက်ခါးသွားရော၊ မှုခင်းဖြစ်စဉ်က အသုံးပြုခဲ့တဲ့ လက်အိတ်ရော၊ ဦးတင်သိန်းတို့အိမ်ပေါ်မှာ တွေ့ခဲ့ရတဲ့ ဖိနပ်ခွာရာနဲ့ တစ်ပုံစံတည်းဖြစ်နေတဲ့ ကင်းဘတ်ဖိနပ်ကိုပါ ရခဲ့ပြီးပါပြီ။

ရခဲ့ပုံကိုလည်း ပြောပြဦးမယ်။ မောင်စံသိန်းတို့အိမ်က ရွာအနိမ့်ပိုင်း ကမ်းနားနဲ့ဆက်နေတော့ မိုးတွင်းမှာ ရေလွှမ်းတတ်တယ်။ အရင်နှစ်တွေက မိုးမကျခင်မတ်လမှာ အိမ်သာကျင်းဖော်နေကျ။ ဒီနှစ်တော့ မောင်စံသိန်းကလည်း ဒီရောက်နေတုန်း သူ့မိဘတွေက အိမ်သာကျင်းဖော်သူလာတာနဲ့ ပြီးခဲ့တဲ့အပတ် ဖေဖော်ဝါရီလထဲမှာပဲ ဖော်လိုက်တယ်။

မောင်စောအောင် ကံဆိုးတာက မောင်စံသိန်းသာရှိနေရင် အကြောင်းသိချင်းမို့လို့ သက်သေခံပစ္စည်းတွေကို ဖျောက်ဖျက်ပစ်မှာပဲ။ မောင်စံသိန်းက မောင်စောအောင်ရဲ့အဖေ အသုဘကိစ္စနဲ့ ဒီရောက်နေတော့ မောင်စံသိန်းရဲ့မိဘတွေက ရိုးရိုးကြီးတွေဆိုတော့ ကြောက်လန့်ပြီး စခန်းကိုလာအပ်တယ်။ အဲဒီတော့ မောင်စောအောင်က ဘာများငြင်းချင်ပါသေးသလဲ"

"အစ်မရယ် . . . အိမ်သာကျင်းထဲကို တစ်ယောက်ယောက်က ပစ်ထားတာလဲ ဖြစ်နိုင်တာပဲ မဟုတ်လား။ မြင်တဲ့လူရှိလို့လား"

"ထားပါတော့ မောင်စောအောင်။ အစ်မတို့ကတော့ သက်သေပြနိုင်လုံပြီမို့ မောင်စောအောင်ကို ဖမ်းရတော့မှာပါ။ နာရေးကိစ္စကြီးနဲ့မို့ အားတော့နာပါတယ်။ အစ်မတို့အချိန်စောင့်နေတာပါ။ မောင်စောအောင်က ထွက်ပြေးမယ့်သူမဟုတ်လို့ အစ်မတို့အချိန်ပေးထားတာပါ။

စိတ်ကူးသစ်စာပေ



ဉီးသည်တွေရှိသေးလို့ ရုပ်မပျက်စေပဲ စခန်းကိုလိုက်ခဲ့ပါ မောင်စေအောင်။ ဝန်မခံဘဲ ငြင်းဆိုချင်သေးရင်လည်း တရားရုံးကျမှ ငြင်းနေကြားပြီးလျှောက်လဲပါ။ အစ်မတို့ဘက်က သဘောထားကြီးတာကို တော့ မောင်စောအောင် နားလည်သဘောပေါက်စေချင်ပါတယ်"

"ဟုတ်ကဲ့ပါ . . . အစ်မ။ ကျွန်တော် ဝန်မခံပါဘူး။ ဒါပေမဲ့ ကျွန်တော် စခန်းကိုလိုက်ခဲ့ပါ့မယ်။ တရားရုံးမှာ ရင်ဆိုင်ဖြေရှင်းပါ့မယ်"

"ကောင်းပါပြီ။ မောင်စောအောင် လုပ်စရာရှိတာလုပ်ပါ။ အစ်မတို့စောင့်နေပါ့မယ်"

"ဟုတ်ကဲ့ အစ်မ၊ (၁၅)မိနစ်လောက် စောင့်ပါ။ ကျွန်တော် အမေ့ကိုကန်တော့ပြီး အပေါင်းအသင်းတွေကို နှုတ်ဆက်ပြီးတာနဲ့ လိုက်ခဲ့ပါ့မယ်။ ကျွန်တော့်ကို စိတ်ချပါနော်"

ကျွန်တော်အမေ့အား အကျိုးအကြောင်းရှင်းမပြဘဲ ကန်တော့ခဲ့သည်။ အပေါင်းအသင်းများကတော့ သိပြီးသားမို့ လိုရင်းပြောပြီး စခန်းသို့ လိုက်ခဲ့တော့သည်။ စံသိန်းတို့အုပ်စုကလည်း ချက်ဆို နားခွက်က ထွက်သူများပင်။ အောင်ပန်းနှင့်မင်းမောင်ကိုထားခဲ့ပြီး ကျွန်တော့်နောက်သို့ လိုက်ခဲ့ကြတော့သည်။

အောင်ပန်းနှင့်မင်းမောင်က အမေ့ကို ရှင်းပြပါလိမ့်မည်။ တစ်ပူပြီးနှစ်ပူဆင့်သော အမေ၏ခံစားချက်၊ အပူမီးသောကကို ကျွန်တော် မြင်တွေ့လိုပါ။ အမေကတော့ အံ့ဩသောမျက်နှာဖြင့် ကျန်ရစ်ခဲ့ရှာသည်။ လက်စားချေခြင်းသည် ချိုမြိန်သည်ဟု ကျွန်တော့်ခံယူချက်မှားယွင်းကြောင်းမှုတော့ ကျွန်တော်သိပါပြီ။

တဒင်္ဂဆုံးဖြတ်ချက် မှားယွင်းမှုအတွက် ကျွန်တော့်ဘဝတွင် ပေးဆပ်ရမည့် အရင်းအနှီးများက မနည်းလှပါ။ ပညာရေးဆုံးရှုံးမည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးဆုံးရှုံးမည်။ အချစ်ရေးဆုံးရှုံးမည်။ လူသတ်သမားဟူသော နာမည်ဆိုးကြောင့် လူ့ပတ်ဝန်းကျင်တွင် လူမှုဆက်ဆံရေးလည်း ဆုံး ရတော့မည် ဖြစ်သည်။

ကျွန်တော့်ကိုယ်စား လူသတ်ပေးမည့် ကိုမောင်လွင်ရှိပါလျ ကိုယ်တိုင်ကိုယ်ကျ လက်စားစေချင်သော ကျွန်တော်၏ဆုံးဖြတ်ချက် ယခုမှ လွန်စွာမှားယွင်းကြောင်း သဘောပေါက်တော့သည်။ ယခုမ လက်စားချေခြင်းသည် ပျားရည်လိုမချိုမြိန်တော့ပါ။

ဦးတည်ချက်လမ်းလွဲကိုပေးခဲ့သော 'REVENGE IS SWE LIKE THE HONEY' ဆိုသော ရုပ်ရှင်ကားက ကျွန်တော့်ဘဝကို ဖျက် ခဲ့ခြင်း ဖြစ်သည်။ သို့သော် ယောကျ်ားဖြစ်၍ လုပ်ရဲလျှင်ခံရဲရပေ မည်။ အိမ်တွင် အစ်မမချိုရှိနေသဖြင့် အမေ့အတွက် ကျွန်တော် အေးပါသည်။ ဖျာပုံမှ ရေလုပ်ငန်းအတွက်တော့ စံသိန်းနှင့်ကုလား တို့က ဦးဆောင်စီမံကြမည်ဖြစ်၍ စိတ်ချသည်။

မနှင်းဖြူအတွက်တော့ အလွန်စိတ်မကောင်း ဖြစ်မိပါသည် လှိုင်ရဲစခန်းမှာ ကျွန်တော့်တို့အိမ်ဖြင့်နီးသဖြင့် လမ်းလျှောက်သွား သည်။ ထူးခြားသည်မှာ ကျွန်တော့်ကို လက်ထိတ်မခတ်ပါ။ အုပ်ရ လမ်းလျှောက်လာကြသည့် ပုံစံပင်။ စံသိန်းနှင့်ကုလားကြီးက ကျွန်တော့်ကိုကပ်၍ တိုးတိုးလေးမေးပါသည်။ 'မင်း တကယ်လုပ် လားတဲ့' . . . လေ။

ကျွန်တော် ပြန်မဖြေပါ။ သူတို့ကတော့ မခံချင်ဖြစ် တစ်လမ်းလုံး တဖျစ်ဖျစ်တောက်တောက် ပြောလာကြသည်။

ရဲစခန်းရောက်တော့လည်း လှိုင်ရဲစခန်းမှူးက ဖျာပုံစ လိုပင် သဘောကောင်းပုံရပါသည်။





"ညီလေး . . . မောင်စောအောင်တို့ ထိုင်ကြပေါ့။ အလှူတန်း ဝန်းနဲ့ ခေါ်လာရတာကိုတော့ သည်းခံကြပါကွာ။ အစ်ကိုတို့ လူမှုရေး သိလို့ မဟုတ်ပါဘူး။ တာဝန်အရ အချိန်ပေး အချိန်စောင့်ပြီးမှ လုပ် တာကို ညီလေးတို့ သဘောပေါက်နားလည်လိမ့်မယ်လို့ ထင်ပါတယ်။ ဲ . . . စစ်ချက်ကလေး ယူလိုက်ကြရအောင်နော်"

ကျွန်တော့်အား စစ်ချက်ယူပြန်သည်။ စံသိန်း၊ ကုလားကြီး ရွှေတို့အားလည်း သက်သေအဖြစ် စစ်ချက်ယူသည်။ စစ်ချက်ယူပြီး တော့ စံသိန်းက . . .

"ဆရာ . . . စောအောင်ကို ကျွန်တော်တို့ အာမခံလုပ်ချင်ပါ ယ်။ ရမလား"

"ဝမ်းနည်းပါတယ် ညီလေးရာ။ ဒီအမှုက လူသတ်မှုဆိုတော့ အမခံလုပ်ဖို့ မရပါဘူး။ တရားရုံးရောက်မှ ကြိုးစားကြည့်ကြပါ"

"ဟုတ်ကဲ့ပါ ဆရာ"

"ကဲ . . . မောင်စောအောင်ကို ထားခဲ့ကြပါ။ ညီလေးတို့ ပြန် ပါပြီ။ စားစရာ၊ သောက်စရာတော့ မနက်၊ ညနေ လာပို့လို့ရပါ ယ်။ အဲ . . . ဒါပေမဲ့ စခန်းမှာ ခဏပဲထားမှာပါ။ တရားရုံးကိုအမှုတွဲ ပြီးတာနဲ့ အင်းစိန်ထောင်ကို ပြောင်းပေးရမှာပါ"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော်တို့အိမ်ပြန်ပြီး အဝတ် အသုံးအဆောင်နဲ့ စားစရာလေးတွေ လာပို့ပါရစေနော်"

"ရပါတယ် ညီလေး လာခဲ့ပါ"

စံသိန်းတို့ပြန်သွားတော့ ကျွန်တော့်အား အချုပ်ခန်းထဲသို့ သည်။ လူပုံကမြူနွံ့နွံ့ လူသတ်မှုဆို၍ အရင်ရောက်ရှိနေကြသော ပ်သားများက ကျွန်တော့်အား ဝိုင်းကြည့်ကြသည်။ အုံ့သြနေကြပုံ



www.burmeseclassic.com

www.burmeseclassic.com



လည်းတူပါသည်။

နေ့လယ်ထမင်းစားချိန်တွင် ကုလားကြီး၊ စံသိန်း၊ မင်း...
လှရွှေ၊ အောင်ပန်းတို့ အကုန်ရောက်လာကြသည်။ (၄)ဆင့် ထမင်း...
ကြီးနှင့် အဝတ်အစား၊ အသုံးအဆောင်များထည့်ထားသော ဟမ်း...
အိတ်တစ်လုံးလည်း ပါသေးသည်။

ကျွန်တော် ။ "စံသိန်း ... အမေ့ကို မင်းတို့ ဘယ်လိုပြော...
သလဲ"

"မျက်နှာလွှဲ ဦးတင်သိန်း အသတ်ခံရတဲ့ကိစ္စနဲ့ ပတ်သက်...
စခန်းကခေါ်စစ်တာပါ။ အခုသတ်သူက မချိုအစ်ကို ကိုမောင်...
ဖြစ်ကြောင်း ပေါ်သွားပြီဖြစ်လို့ မကြာခင် ပြန်လွှတ်မှာပါ၊ ဘာညာ...
ကွာ"

"အမေကရော ယုံရဲ့လား။ အမေ ခုဘယ်လိုနေသလဲ"

"အမေက တရားရှိပါတယ်ကွာ။ မင်းအဖေဆုံးလို့ ငိုရ...
သူ့မှာမျက်ရည်တွေ မကျန်တော့ဘူးတဲ့။ သားကိုလုံတယ်တဲ့။ သားအ...
သူမျက်ရည်မကျအောင် ထိန်းမယ်တဲ့ကွာ။ မချိုသားမှာရှိနေတော့ ...
သေးတာပေါ့ကွာ။ မချိုမှာ သူ့အစ်ကို ကိုမောင်လွင်အတွက်...
မငိုနိုင်ရှာပါဘူး။ အမေဝမ်းနည်းမှာ စိုးလို့တဲ့လေ"

"အေးကွာ ... အဲဒါ အဖေ့ကျေးဇူးပဲ။ အဖေက အ...
အမြင် ရှိပါပေတယ်။ မချိုသာ အမေ့အနားမှာမရှိရင်တော့ မ...
စရာပဲ။ အဖေလည်း မရှိ၊ ငါလည်း အမေ့နားမှာမရှိတော့ အ...
ရင်ကျိုးရှာမှာ။ တော်ပါသေးရဲ့ကွာ"

"ကဲ ... စောအောင်၊ ထမင်းစားတော့။ ဟင်းတွေက...
အစုံပဲ။ ငါနဲ့မချို ချက်ထားတာ"





"မင်းတို့ရော စားပြီးကြပြီလား"

"မင်းပဲ ဝအောင်စားပါ။ ငါတို့အပြန်ကျမှ စားမယ်"

ကျွန်တော် နေ့လယ်စာဟင်းကောင်းများဖြင့် စားရသော်လည်း စားမကောင်းပါ။ အနီးတွင်ရှိသည့် အချုပ်သားများအား ဝေမျှကျွေးလိုက်သည်။ သူတို့ကတော့ ဟက်ဟက်ပက်ပက် စားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

“လှိုင်ရဲစခန်းအချုပ်မှာ နှစ်ရက်သုံးရက်နေပြီးတော့ ထောင်ကို ပို့တော့တာပါပဲ ဆရာရယ်။ ကျွန်တော့်အမှုအကြောင်းကိုလည်း ဆရာ့ကို မခြွင်းမချန် ပြောဆိုပြီးပါပြီ။ အဲဒါဆရာ အကြံဉာဏ်ပေးပါဦး ခင်ဗျာ”

ကျွန်ုပ် ။ “ငါ့အတွေ့အကြုံအရတော့ မောင်စောအောင်ရဲ့အမှုက ရိုးရိုးစင်းစင်းမဟုတ်ဘဲ အလှည့်အပတ်ကလေးတွေပါတော့ စစ်ရဆေးရတဲ့နေရာမှာ ကြာလိမ့်မယ်။ မင်းကလည်း ဘူးခံထားတာကိုး။ ဒါပေမဲ့ ရဲဘက်က သက်သေအထောက်အထား အခိုင်အလုံရသွားပြီဆိုတော့ မင်းငြင်းရင်လည်း ရတော့မှာမဟုတ်တော့ဘူး။





အဲဒီတော့ မောင်စောအောင်ရေ ကိုယ်လည်း အမှန်ကျူးလွန်ခဲ့တာပဲ။ ကံကလေးရှိသေးလို့ မင်းက သေစေတဲ့သန္နနဲ့ ဓားနဲ့ထိုးခဲ့ပေမဲ့ သေသူရဲ့ လက်ဝဲနှလုံးသားရှိတဲ့ရင်အုံကို မထိုးမိဘဲ မင်းရဲ့ဘယ်ဘက်ကို မှားယွင်းပြီးထိုးမိတော့ ပက်လက်အိပ်နေတဲ့ ဦးတင်သိန်းရဲ့ယာရင်အုံကို ထိုးမိတာပေါ့။

သေကွင်းသေကွက်ကိုထိုးမိလို့ မဟုတ်တာကြောင့် လူသတ်မှုမမြောက်ပေမဲ့ လူသတ်ရန် ကြံစည်ကျူးလွန်မှုအတွက်တော့ ပုဒ်မ (၁၀၂/၁၁၄) နဲ့ ငြိစွန်းနေတာတော့ အမှန်ပဲ”

“အဲဒီတော့ ဆရာရယ်၊ ကျွန်တော် ထောင်ဘယ်နှစ်နှစ်လောက်ကျနိုင်ပါသလဲ”

“မင်းတရားရုံးမှာ ဝန်ခံရင်တော့ ထောင်ဒဏ်(၇)နှစ်ကနေ (၁၀)နှစ်အထိတော့ ကျနိုင်တာပေါ့။ ဒါပေမဲ့ ထောင်ထဲမှာ စည်းနဲ့ကမ်းနဲ့နေရင် လျှော့ရက်တွေရမှာပါ။ စခန်းကိုထွက်ရင်တော့ အလုပ်ကြိုးစားရင် ပြစ်ဒဏ်ရဲ့သုံးပုံတစ်ပုံ လျှော့ရက်ခံစားပိုင်ခွင့်ရှိပါတယ်။ မင်းစဉ်းစားပေါ့ကွာ”

“ဆရာ ကျွန်တော်တရားရုံးမှာ ဝန်ခံလိုက်တော့မယ် ဆရာ။ ရှေ့နေလည်း မငှားတော့ဘူး။ ဆရာကျွန်တော့်ကိုတော့ ကူညီပါနော်။ ထောင်ကျရင်တော့ စခန်းထွက်ချင်တယ် ဆရာရယ်။ ဒါမှ အမြန်ဆုံး ထောင်ကလွတ်မှာ”

“အေး ... အေး ... မောင်စောအောင် စိတ်အေးအေးထားပေတော့။ ငါအတတ်နိုင်ဆုံး မင်းကိုကူညီမယ်။ မင်းဝန်ခံမယ်ဆိုတော့လည်း ပြီးတာပေါ့ကွာ။ မင်းဝန်မခံရင်တော့ ရှေ့နေလည်းငှားပြီး ခုခံကာကွယ်ရမှာကို သက်သေတွေခိုင်လုံနေပေမဲ့ ဝန်မခံတော့ တရားရုံး



www.burmeseclassic.com

www.burmeseclassic.com



ကလည်း အချိန်အကြာကြီး စစ်ဆေးမေးမြန်းရမယ်။

တရားရုံးဆိုတာကလည်း ရဲစခန်းက အမှုဖွင့်တင်ပေမဲ့ တစ်ခါတည်း ဆုံးဖြတ်လို့ရတာမျိုး မဟုတ်ဘူး။ ပစ္စည်းသက်သေ၊ လူသက်သေတွေ အကုန်စစ်ရမယ်။ ဒါမှမဟုတ်လည်း ဖျာပုံမှာဖြစ်တာမို့ မင်းတို့ ဖျာပုံရုံးကို သွားရမယ်။

ဒါမှမဟုတ်လည်း၊ ဖျာပုံက တရားလို၊ တရားခံ၊ သက်သေတွေက ဒီကိုလာပြီး အစစ်ခံကြရမှာ။ အလွန်ရှည်လျား တွေပြားပါတယ် မောင်စောအောင်ရယ်။ တရားရုံးမှာဝန်ခံပြီး အမှုပြီးပြတ်အောင်သာ လုပ်လိုက်ပါ။ မြန်မြန်ထောင်ကျတော့လည်း မြန်မြန်လွတ်တာပေါ့ကွာ"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် ရုံးထွက်ရတဲ့နေ့မှာ တရားရုံးမှာ ဝန်ခံပါတော့မယ်ဆရာ။ အမှုမကြာအောင် ရှေ့နေလည်း မငှားတော့ပါဘူး ဆရာ"

"အေး ... အေး ... ကောင်းပါပြီကွာ"

နောက်သုံးလေးရက်အကြာတွင် မောင်စောအောင်၏ အမှုတွဲဝမ်းကွဲအစ်ကိုဖြစ်သူ ကိုမောင်လွင်၊ အင်းစိန်ထောင်သို့ရောက်လာသဖြင့် မောင်စောအောင်က ကျွန်ုပ်ထံခေါ်ယူလာပြီး မိတ်ဆက်ပေးသည်။

"ဆရာ ... ဒါ ကျွန်တော့်အမှုတွဲ၊ ဝမ်းကွဲအစ်ကို ကိုမောင်လွင်ပါ"

"သြော် ... အေး ... အေး ... ထိုင်ကြပါ။ ဒါနဲ့ ကိုမောင်လွင်က ဘယ်နေ့က ထောင်ရောက်တာတုန်း"

ကိုမောင်လွင်။ "မနေ့က ညနေပါကပါ ဆရာ"

"သြော် ... ဒါဆို ဒီနေ့နေ့လယ် အချုပ်မှတ်ပုံတင်ရမှာပေါ့"

"ဟုတ်ပါတယ် ဆရာ"





"ခင်ဗျားတို့အမှုကလည်း လူတစ်ယောက်ကို နှစ်ယောက်ဝိုင်းသတ်တယ်ဆိုတော့ မလွန်ဘူးလား"

"ဒေါသစိတ်ပေါ့ ဆရာရယ်။ ဒါပေမဲ့ ကျွန်တော်နောင်တမရပါဘူး ဆရာရယ်။ ဦးတင်သိန်းလို ယုတ်မာတဲ့လူမျိုးကို လူ့လောကက ဖယ်ရှားနိုင်တာ ခံစားခဲ့ရတဲ့ လူအတော်များများကတော့ ကျွန်တော်တို့ကို ကျေးဇူးတင်နေကြမှာပါ"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ မောင်စောအောင်က လူငယ်။ တက္ကသိုလ်ကျောင်းသားဆိုတော့ သူ့ဘဝတက်လမ်း နစ်နာဆုံးရှုံးရတာကိုတော့ နှမြောမိတယ်ဗျ"

ကိုမောင်လွင်။ "ကျွန်တော် သူ့ကိုကြိုတင်ပြီး အသိပေးထားတာပါ ဆရာရယ်၊ ကျွန်တော်လုပ်မယ်လို့။ အဲဒီညကလည်း ဦးတင်သိန်းနိုးလို့ အရေးပေါ်လုပ်လိုက်ရတာ။ ညီလေးက အရက်ကလည်းမူးနေတော့ သွေးကြွပြီး ဓားနဲ့ဝင်ထိုးတာပါ၊ သူထိုးတာ နှလုံးသားရှိတဲ့ သေကွင်း သေကွက်မဟုတ်မှန်း ကျွန်တော် အဲဒီညကတည်းက သိပါတယ်။ လုပ်စရာရှိရင် ကျွန်တော်လုပ်မယ်။ ခံစရာရှိရင် ကျွန်တော်ခံမယ်လို့ သူ့ကို ပြောပြီးသားပါ ဆရာရယ်။ ညီလေး မိုက်ရူးရဲဆန့်တာပါ"

"ဒါနဲ့ ကိုမောင်လွင်က ရှောင်နေရသေးသလား"

"ဆရာ ... ကျွန်တော်က ထောင်နှစ်ရှည်ကျမှာသေချာတော့ ရစရာရှိတဲ့ အကြွေးလေးတွေကို လိုက်တောင်းပြီး ညီမလေးမချိုအတွက် ဘဏ်စုငွေ ထည့်ထားပေးရသေးတယ်ဆရာ။ ကိစ္စအားလုံးဆောင်ရွက်ပြီးမှ 'ဒေးအနေ့ာရှာ'ရဲကင်းမှာ ကိုယ်တိုင်သွားပြီး အဖမ်းခံတာပါဆရာ။ ရဲက ကျွန်တော့်ကိုဖမ်းမိတာ မဟုတ်ပါဘူး။ အဖမ်းခံတာလည်း ချိန်ကိုက် က ကျွန်တော်အဆက်အသွယ်က မောင်စောအောင်ကို ဖမ်းသွားပြီလို့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားလို့ သူသက်သာအောင် ကျွန်တော်အဖမ်းခံတာပါ''

ကျွန်ုပ် ။ ''ရန်ကုန်က အဆက်အသွယ်ဆိုတာ ကိုမောင်လွင်ညီမ မချိုမဟုတ်လား''

''ဟာ . . . ဆရာ ဘယ်လိုလုပ်သိတာလဲ။ တော်လိုက်တာဗျာ။ ရဲတွေက မချိုကိုခေါ်မေးတုန်းကလည်း မချိုက ဘူးခံငြင်းထားလို့ သူတို့မျက်ကြောပြတ်သွားတာ။ ညီမလေးမချိုနဲ့ ကျွန်တော်က အဆက်အသွယ် အမြဲတမ်းရှိတယ်ဆရာ။ မောင်နှမနှစ်ဦးတည်းသာ ရှိတော့လို့ ကျွန်တော် မချိုကို အလွန်ချစ်တယ်ဆရာ။ ကျွန်တော် မိန်းမမယူတာလည်း ညီမလေးမချိုအတွက်ပဲ။

ကျွန်တော် အရောင်းအဝယ်လုပ်ပြီး ငွေရှာတာလည်း ညီမလေးအတွက်ပဲ။ ကုန်ကုန်ပြောရရင် ဆရာရယ် ညီမလေးကိုစော်ကားလို့ ဦးတင်သိန်းကိုသတ်ရတာလည်း ညီမလေးအတွက်ပါပဲ။ ဒီလူကြီးရှိနေရင် ညီမလေးဖျာပုံမြို့မှာ ဘယ်လိုမျက်နှာပြနေရမလဲ ဆရာရယ်''

''အင်း . . . ဟုတ်ပါတယ်။ ကျွန်တော် ကိုယ်ချင်းစာပါတယ်။ မချိုလည်း စိတ်ချမ်းသာတဲ့နေရာ ရောက်နေပါပြီ။ အခု ကိုမောင်လွင်က ဝန်ခံမှာလား''

''ဟုတ်ပါတယ် . . . ဆရာ။ ရဲစခန်းမှာကတည်းက ကျွန်တော်သတ်ကြောင်း လက်မှတ်ထိုးဝန်ခံပြီးပါပြီ။ နောက်အပတ် ရုံးထုတ်ရင်တော့ တရားရုံးမှာ ဝန်ခံလိုက်ရင်ပြီးပါပြီဆရာ။ အရှည်အဝေးလည်း လုပ်မနေချင်တော့ပါဘူး ဆရာ။ မြန်မြန်ထောင်ကျ မြန်မြန်ပြီးတာပါပဲ။ အခု ကျွန်တော်စဉ်းစားနေတာက ညီလေး မောင်စောအောင်အတွက်ပဲ။ သူ့ကို ဘယ်လိုဖယ်ထုတ်လို့ရမလဲလို့ စဉ်းစားနေတာပါ''

''ကိုမောင်လွင် အဖြစ်အပျက်တွေက လွန်ကုန်ပါပြီ။ မောင်





စောအောင်ကလည်း တရားရုံးမှာ ဝန်ခံမှာပါ။ သူ့မှားနဲ့ထိုးတာလည်း ညာရင်အုံဆိုတော့ သေကွင်းသေကွက်ကို မထိပါဘူး။ သူက နှစ်နည်းမှာပါ။ သူ့ကို ကျွန်တော် စခန်းထုတ်ပေးပြီး လျှော့ရက်များများရအောင် ကြည့်လုပ်လိုက်မယ်။ သူ့အတွက် စိတ်မပူနဲ့တော့။ သူထောင်ကျရင်လည်း (၁၀)နှစ်ထက်မပိုပါဘူး။ ကိုမောင်လွင်အနေနဲ့ ကိုယ့်ကိစ္စသာ ကိုယ်စဉ်းစားပါ''

''ကျွန်တော့်အတွက်တော့ မပူနဲ့ဆရာ။ သေဒဏ်ကျလည်း အေးအေးပါပဲ။ ကျွန်တော် ညီမလေးအတွက် စိတ်ချသွားရပြီလေ''

''ကောင်းပါပြီဗျာ။ ခင်ဗျားတို့နှစ်ယောက်စလုံးအတွက် ကျွန်တော် အတတ်နိုင်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးပါ့မယ်''

''ဟုတ်ကဲ့ ဆရာ။ ကျွန်တော်တို့ ဆရာ့ကို အစ်ကိုကြီးသဖွယ် အားကိုးယုံကြည်ပါတယ်''

စနေနေ့တွင် မောင်စောအောင်အား ဖျာပုံမှရဲများလာခေါ်၍ ရုံးထုတ်သွားသည်။ မောင်စောအောင်တရားခံက တရားလိုပြု၍ သေဆုံးသူ ဦးတင်သိန်းအပေါ် စွဲဆိုထားသော ပုဒ်မ(၃၀၆)နှင့် (၃၀၂)အတွက် ရုံးတင်စစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။ မောင်စောအောင် နေ့ယ်ရုံးထွက်မှ အင်္ဂါနေ့ညနေတွင် ပြန်ရောက်လာသည်နှင့် ကျွန်တော့်အား လာတွေ့သည်။

''ဆရာ . . . ကျွန်တော် ဦးတင်သိန်းကို စွဲထားတဲ့အမှုတွေ အတွက် အခြေအနေကောင်းတယ်။ ရှေ့ဖတ်စာရေးကြီးပြောစကားအရ တော့ မော်တော်တွေပါ ပြန်ရနိုင်တယ်တဲ့။ ရေလုပ်ငန်းလိုင်စင်ကတော့ မူရင်းကျွန်တော်လက်ထဲမှာရှိလို့ ပေါင်နှံထားတာ တစ်ခါတည်းပယ်ဖျက်လိုက်ပြီ။ ကျွန်တော်တို့နိုင်သွားပြီ''



www.burmeseclassic.com

www.burmeseclassic.com



“ဝမ်းသာပါတယ်ကွာ။ မင်းရဲ့ရှေ့ရေး အဆင်ပြေသွားတာပေါ့။ ဒါနဲ့ မင်းဖျာပုံပြန်တော့ မင်းရဲ့အပေါင်းအသင်းတွေအပြင် မနှင်းဖြူနဲ့ ရော တွေ့သေးသလား”

“တွေ့ပါတယ်ဆရာ။ စံသိန်းနဲ့ကုလားကြီး စီစဉ်ပေးလို့ မနှင်းဖြူ တရားရုံးမှ ကျွန်တော့်ကိုလာတွေ့ပါတယ်။ သူ အတော်စိတ်မကောင်း ဖြစ်နေရှာပါတယ်။ ကျွန်တော်ကအားပေးပြီး ဆရာ့ဆုံးမတာတွေ ပြော ပြလိုက်တော့ ဆရာ့ကို အလွန်တွေ့ချင်နေကြတယ်။ ကျွန်တော် ရန်ကုန် ရုံးထွက်နေမတိုင်မီ သူတို့လာကြလိမ့်မယ် ဆရာ။ ဆရာ့ကိုလည်း လာ တွေ့ပြီး ကန်တော့ကြလိမ့်မယ်။ ကျွန်တော်တို့လုပ်ငန်းက ရေထွက်ပစ္စည်း တွေနဲ့ပေါ့ ဆရာရယ်”

“ဒုက္ခမရှာပါနဲ့ကွယ်။ ဒီမှာလည်း ဝယ်စားလို့ရတာပဲ”

“မဟုတ်ပါဘူး ဆရာ။ ကျွန်တော်တို့ဆီက ငါးတွေ၊ ပုစွန်တွေ က အလွန်လတ်ပြီး အလွန်ကြီးပါတယ်။ ဆရာလက်ခံပါ။ ကျွန်တော့် အပေါင်းအသင်းတွေနဲ့ မနှင်းဖြူကို ဆရာနဲ့ တွေ့စေချင်လို့ပါ ဆရာ ရယ်”

“အေး ... အေး ... ကောင်းပါပြီကွာ။ ငါကလည်း မနှင်းဖြူ နဲ့ မင်းအပေါင်းအသင်းတွေကို တွေ့ချင်၊ မြင်ချင်၊ ခင်ချင်နေတာပါ”

“ဟုတ်ကဲ့ ဆရာ။ မနက်ဖြန် သူတို့လာကြလိမ့်မယ် ဆရာ။ ဆရာထမင်းစားထွက်ချိန်ကို ကျွန်တော်သိလို့ ပြောထားတယ်။ သန်ဘက် ခါတော့ ကျွန်တော့်ရော၊ ကိုလွင်ပါ လှိုင်တရားရုံး ရုံးထွက်ဆရာ။ အစေ နဲ့ တွေ့ရတော့မှာပေါ့”

“အေး ... အေး ... ကောင်းပါပြီကွာ”

ကျွန်တော်တို့ (၂)ဆောင်အချုပ်ရုံးတွင် ကျွန်တော်နှင့် ဦးထွန်း





ခင်ဟူသော ထောင်မှူးတို့ရှိရာ ကျွန်တော်က နေ့လယ်စာစားရန် မနက် (၁၀)နာရီမှ (၁၂)နာရီအတွင်း အပြင်ထွက်သည်။ ကျွန်တော် ပြန်ဝင်လာ မှ ဦးထွန်းခင်က နေ့လယ် (၁၂)နာရီ မှ ညနေ (၂)နာရီအထိ ထွက် တတ်သည်။

ကျွန်တော်တို့မှာ အချုပ်ရုံးနှင့်အဆောင်ပါ ကိုင်ရသဖြင့် ရုံးတွင် တစ်ဦးမဟုတ်တစ်ဦး Stand by ရှိနေရပေသည်။ ကျွန်တော့်အိမ်မှာ လည်း ထောင်မကြီးအရှေ့ ဘူးဝအနီးတွင်သာရှိ၍ မဝေးလှပါ။ ထို့အပြင် ထောင်မှူးဦးထွန်းခင်အိမ်က ထောင်အနောက်တွင်ရှိပြီး လှမ်းသဖြင့် ဦးထွန်းခင်ကကိစ္စမရှိဘဲ အိမ်ပြန်လေ့မရှိပါ။ ရုံးခန်းတွင်ပင် တပည့်များ ချက်ပြုတ်ပေးသောလက်ရာနှင့် စားလေ့ရှိသည်။

ရုံးခန်းသုံး ရဲဘက်များမှာလည်း ပိန်စိမ်း၊ ဝင်းမြင့်၊ လှတင် တို့သော တရုတ်များဖြစ်၍ တရုတ်လက်ရာဟင်း ကောင်းစွာချက်တတ် သည်။ နောက်တစ်နေ့ ဗုဒ္ဓဟူးနေ့မနက်(၁၀)နာရီတွင် ကျွန်ုပ် ထမင်း စားထွက်တော့ အဝတ်အစားလဲနေစဉ် ဧည့်သည်များ ရောက်လာကြ သည်။ အမျိုးသမီးနှစ်ဦးလည်း ပါသည်။ စုစုပေါင်း (၇)ယောက်တောင် ဖြစ်ကြသည်။

ကျွန်ုပ် ။ “လာကြပေါ့ ... မနှင်းဖြူ၊ မနှင်းအိနဲ့ ကုလားကြီး၊ သိန်း၊ မင်းမောင်၊ လှမွှေး အောင်ပန်းတို့ ထိုင်ကြကွာ”

သိန်း ။ “ကျွန်တော်က စံသိန်းပါဆရာ။ ဆရာက ကျွန်တော် နာမည်တွေတောင် သိနေကြပြီကိုး”

“အေးကွာ ... မောင်စောအောင် ခဏခဏပြောနေလို့ မင်း နာမည်တွေနဲ့ ရင်းနှီးနေပါပြီ။ ဒါနဲ့ အခုမှာပုံကတစ်ခါတည်း လာ ဘာ ထင်ပါရဲ့”



www.burmeseclassic.com

www.burmeseclassic.com



ကုလားကြီး ။ "ဟုတ်တယ် ဆရာ။ စောအောင်မှာထားလို့ မနတ်
အစောကြီးကားနဲ့ ထလာကြတာ။ ပုစွန်တွေ၊ ငါးတွေ၊ လတ်လတ်ဆတ်
ဆတ်နဲ့ ဆရာ့ကို ကန်တော့ချင်လို့ပါ ဆရာ"

"ဒါနဲ့ မင်းတို့ထမင်းစားပြီးကြပြီလား"

ကုလားကြီး ။ "အပြန်မှ စောအောင်တို့အိမ်မှာ စားမှာပါဆရာ။ မျ
ကိုဝင်ပြီး သတင်းပို့ခဲ့ပြီးပါပြီ"

"မင်းတို့အချိန်ရရင် ဒီလိုလုပ်ကြကွာ။ ငါလည်း ထမင်းစား
ရသေးဘူး။ အိမ်မှာလည်း သမီးကကျောင်းသွားတယ်၊ ဖနီးက အလုပ်
ဝင်သွားတယ်။ ခယ်မလေးကလည်း ရုံးသွားတယ်။ ဘယ်သူမှ မရှိ
ဘူး။ ငါကလည်း စောအောင်ပြောထားလို့ ကုလားကြီးလက်ရာ စားချင်
နေတာ။ အဲဒါ ချက်ကြကွာ။ ပြီးရင် ငါတို့လက်ဆုံထမင်းစားကြတာ
ပေါ့။ ဟင်းပဲချက်။ ထမင်းက ပေါင်းအိုးနဲ့ ငါချက်တတ်တယ်"

ကုလားကြီး ။ "ကြာသလားလို့ ဆရာရယ်။ ကုလားကြီးက ဒါမျိုး
လက်စွမ်းပြချင်နေတာပါ။ ဆရာ ဘယ်လိုလက်ရာကြိုက်သလဲ ပြော
ပါ။ တရုတ်လက်ရာလား၊ ကုလားလက်ရာလား၊ ဗမာလက်ရာလား"

"ဗမာလက်ရာပဲ လုပ်ပါဗျာ။ မြန်တာပေါ့။ အိမ်မှာလည်း
ဟင်းတွေ ရှိပါသေးတယ်။ ကုလားကြီးလက်ရာကို တမင်စားချင်လို့ပါ"

စံသိန်း ။ "ဆရာ ... ကျွန်တော် ကြက်နဲ့ဘဲလည်း အရှင်
ကောင်ယူလာတယ်။ ဘာချက်မှာလဲ ဆရာ"

"စံသိန်း ... အဲဒါတွေ ထားဦး။ မြန်တာလုပ်။ ငါးနဲ့ပုစွန်
ဗမာလို မြန်အောင်ချက်။ မီးဖိုထဲမှာ လျှပ်စစ်မီးဖိုနှစ်ဖိုရှိတယ်။ ထော
ဝင်းထဲမှာမို့ မီးအားလည်း ကောင်းတယ်"

ကုလားကြီး ။ "ကဲ ... လာကြဟေ့၊ မင်းမောင်၊ လှရွှေ၊ အောင်





တို့ ငါးကိုင်တဲ့ကောင်ကကိုင်၊ ပုစွန်ကိုင်တဲ့ကောင်ကကိုင်။ ငါက ငရုတ်
သီးထောင်းမယ်။ လှရွှေက ပုစွန်ကိုင်၊ အောင်ပန်းက ငါးကိုင်၊ မင်းမောင်
က ကြက်သွန်လှီး"

မနှင်းဖြူ၊ မနှင်းအိ ။ "ကျွန်မတို့လည်း ဝိုင်းလုပ်ပေးမယ်လေ"

ကုလားကြီး ။ "နှင်းအိတို့နေကြပါ။ မကြာပါဘူး။ ဆရာနဲ့ ထိုင်စကား
ပြောကြပါ"

မကြာပါ။ မြန်လိုက်သည့် ကုလားကြီး။ ၁ နာရီအတွင်း
ဟင်းများကျက်သည်။ ထမင်းကတော့ ပေါင်းအိုးဖြင့်ဖြစ်၍ ပိုမြန်သည်။

ထိုင်နေပါဆိုသော်လည်း မနှင်းဖြူနှင့်မနှင်းအိတို့က မိန်းက
လေးပီပီ အငြိမ်မနေပါ။ ထမင်းဟင်းများ ခူးခပ်တော့သည်။ ဝိုင်းစား
တော့လည်း အလွန်မြိန်သည်။ ကုလားကြီးလက်ရာမှာလည်း အလွန်
ကောင်းလှသည်။

ကျွန်တော့်တို့မှာ ယနေ့မှတွေ့ရသော်လည်း တကယ့်မိသားစု
သဖွယ် ရင်းနှီးခင်မင်ပြီး ပွင့်လင်းစွာ ဆက်ဆံကြသည်။ မနှင်းဖြူနှင့်
နှင်းအိတို့မှာ မောင်စောအောင်ပြောသလိုပင် အလွန်ချောမောကြပြီး
စိတ်ဓာတ် ဖြူစင်သန့်ရှင်းကြသည်။ ကျွန်တော့်ကိုလည်း မောင်စော
အောင်ပြောထား၍ ထင်ပါသည်။ အစ်ကိုအရင်းသဖွယ် ခင်မင်ရင်းနှီး
စွာဆက်ဆံကြသည်။

နောက်တစ်နေ့မနက်တွင် မောင်စောအောင်နှင့် ကိုမောင်လွင်
တို့ ရုံးထွက်ကြသည်။ ညနေစောင်းရုံးအပြန်တွင် မောင်စောအောင်
ကျွန်ုပ်၏ရုံးခန်းသို့ ရောက်လာပြီး တရားရုံးတွင် ဝန်ခံလိုက်ပြီဖြစ်ကြောင်း
နှင့် မနှင်းဖြူ၊ မနှင်းအိနှင့် ငယ်ပေါင်းများကို တွေ့ရသည့်အပြင် သူ၏
ခင်နှင့် မချိုကိုပါတွေ့ခဲ့ရကြောင်း အမှုဖြစ်စဉ်ကိုလည်း မိမိဖြစ်သူ

www.burmeseclassic.com



မှာ သဘောပေါက်နားလည်သွား၍ တရားရှိသူပီပီ ပြေသိမ့်နိုင်ကြောင်း ကြားသိရသည်။

နောက်သုံးပတ်ခန့် ရုံးထွက်ပြီးနောက် မောင်စောအောင်က ကျွန်ုပ်ထံသို့ ရောက်လာပြန်ပြီးနောက် ...

"ဆရာရေ ... သက်သေတွေ အစုံစစ်ပြီး ကျွန်တော်တို့က လည်း ဝန်ခံလို့ နောက်အပတ် အမိန့်ချမယ်လို့ပြောတယ် ဆရာ။ ကျွန်တော်ထောင်ကျရင်တော့ မိသားစုအပေါင်းအသင်းတွေ သွားရလာရ လွယ်ကူမယ့်စခန်းကို ရဲဘက်ထုတ်ပေးပါဦး ဆရာရယ် နော်"

"အေးပါ ... မင်းထောင်ကျမယ့်နှစ်ပေါ် မူတည်ပြီး ရန်ကုန်နဲ့နီးတဲ့ စခန်းတစ်ခုခုကို ငါထုတ်ပေးပါ့မယ်။ မင်း အနန္တောအနန္တငါးပါး ကိုလည်း မမေ့နဲ့။ နေ့စဉ်ညစဉ် ဘုရားဝတ်ပြု ဆုတောင်း။ သေဆုံးသူ ဦးတင်သိန်းကိုလည်း မေတ္တာပို့။ ရဲစခန်းမှူးနဲ့ တရားသူကြီးတို့ကိုပါ မေတ္တာပို့ပါ"

"ဟုတ်ကဲ့ပါ ဆရာ"

ဘာရယ်မသိ။ ကျွန်ုပ်ကိုယ်တိုင်လည်း မောင်စောအောင်တို့ အဆင်ပြေစေရန် နေ့ညဘုရားဝတ်ပြုတိုင်း ဆုတောင်းမိသည်။ ဖူးစာ ဆက်တွေပဲ ထင်ပါသည်။ တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသလိုပင် အပြန်အလှန် မေတ္တာထားမိကြသည်။ ကျွန်တော် မောင်စောအောင်အား ကြည့်ရှုသည့်အနေဖြင့် ကျွန်ုပ်၏ရုံးခန်း၌ ရုံးအကူအဖြစ် ခေါ်ထားလိုက်သည်။

တက္ကသိုလ်ကျောင်းသား သူဌေးသားမောင်စောအောင်မှာ ကျွန်ုပ်၏ရုံးခန်း၌ သန့်ရှင်းရေးကအစ လုပ်ပေးသည်။ ကျွန်တော်တို့ လည်း အစ်ကိုကြီးသဖွယ် ဝတ်ကြီးဝတ်ငယ် ပြုစုပါသည်။ လူကောင်း





လူငယ်တစ်ယောက် ထောင်ဒဏ်ခံရတော့မည်ဖြစ်၍ ကျွန်ုပ်မှာ သူ့ကို ခြင်းသည်နှင့် စိတ်မကောင်းဖြစ်မိသည်။ သူကတော့ ဆုံးဖြတ်ပြီးသူ တစ်ယောက်အနေဖြင့် အမူအရာပင် မပျက်ပါ။

နောက်တစ်ပတ်ရုံးထွက်ပြီး ပြန်လာတော့ မောင်စောအောင်နှင့် ကိုမောင်လွင်တို့နှစ်ဦး ကျွန်ုပ်၏အဆောင်သို့ ပြန်မရောက်တော့ပါ။ မောင်စောအောင်က ထောင်ဒဏ် (၁၀)နှစ်၊ ကိုမောင်လွင်က ထောင်ဒဏ်အနှစ် (၂၀) ကျသွားသဖြင့် ထောင်ကျဆောင်သို့ ပြောင်းသွားရပြီဖြစ်သည်။ ကျွန်ုပ်ကတော့ သံယောဇဉ်ရှိသည့်အတိုင်း ရုံးဝန်ထမ်းတစ်ယောက်အား ၎င်းတို့နှစ်ဦးကို ခေါ်ခိုင်းရတော့သည်။ အပြစ်ရှိ၍ ထောင်ကျသည်ဆိုသည်နှင့် မိမိကိုယ်မိမိ မပိုင်တော့။ ထောင်က ပိုင်သွားလေပြီ။

ဆံပင်တိုတို ညှပ်ရသည်။ ထက်အောက် အဖြူရောင်ဝတ်စုံ ဝတ်ရသည်။ ထောင်ကခိုင်းစေသည့် အလုပ်ကြမ်းကို လုပ်ရသည့်အပြင် စခန်းများကိုထုတ်တော့လည်း ရပ်ဝေးရပ်နီး ငြင်းပယ်ပိုင်ခွင့်မရှိပါ။ ထားရာနေ စေရာသွား အကျဉ်းသားဘဝပင် ဖြစ်သည်။

သူတို့ရောက်လာတော့လည်း သူတို့က ယောကျ်ားမာနမလျှော့ကြပါ။ ခပ်အေးအေးပင်။

"ဆရာ ... ကျွန်တော်တို့ကို ခေါ်တယ်ဆို"

"အေး ... ဟုတ်တယ်။ မင်းတို့ထောင်ကျသွားတော့ မင်းတို့ဘဝကို ထောင်က ပိုင်သွားပြီ။ အချုပ်တုန်းကလို သွားချင်တိုင်း သွားလို့ မရတော့ဘူး။ အိပ်ဆောင် (၄)မှာဆိုတော့ အဆောင်မှူးက ဦးမြင့်ဆွေ။ မင်းတို့နေထိုင်ရေး အဆင်ပြေအောင် သူ့ကိုငါအပ်ပေးမယ်။ ကိုမောင်လွင်ကတော့ ကြာဦးမယ်။

မောင်စောအောင်ကတော့ စခန်းရဲဘက်အနေနဲ့ ထွက်ပရော့။



www.burmeseclassic.com

www.burmeseclassic.com



ခင်းအဆင်ပြေအောင် တွံ့တေးက ဖလက်ကြီးစခန်းကို ငါရွေးထား
တယ်။ ရန်ကုန်ကသွားလည်း အဆင်ပြေတယ်။ ဖျာပုံကလာလည်း
အဆင်ပြေတယ်။ ဘယ်လိုလဲ သဘောကျလား''

မောင်စောအောင် ။ ''ဆရာအဆင်ပြေမယ်ထင်သလို စီစဉ်ပေး
ဆရာ။ ကျွန်တော်ဆရာ့စကားကို နားထောင်ပါ့မယ်''

ကျွန်ုပ် ။ ''ကိုမောင်လွင်က တိုက်ပြောင်းရမလား၊ အဆောင်
မှာနေရမလား မသိသေးဘူး။ ဘယ်မှာပဲနေရနေရ ကျွန်တော်ရှိပါတယ်
မပူပါနဲ့။ ကျွန်တော် ခင်ဗျားတို့ကို စောင့်ရှောက်ပါ့မယ်''

''ကျေးဇူးအထူးတင်ပါတယ် ဆရာရယ်။ ကျွန်တော်တို့ ထ
တော့ပါရစေ''

''မလုပ်နဲ့၊ မလုပ်နဲ့။ လုပ်ပေးသင့်လို့ ကြည့်ရှုတယ်ပဲမှတ်
အပိုတွေမလုပ်နဲ့။ ကိုမောင်လွင်နဲ့ ကျွန်တော်က အသက်ချင်းကွာ
မဟုတ်ဘူး။ ခင်ဗျားတို့လိုအပ်တာရှိရင်လည်း အခန်းလူကြီးပြော။
ကျွန်တော့်ဆီကို လာပြောလိမ့်မယ်''

''ဟုတ်ကဲ့ပါ ဆရာ''

ကိုမောင်လွင်နှင့် မောင်စောအောင်တို့က ကောင်းကြပါသည်
မောင်စောအောင်စခန်းထွက်ပြီး (၄)နှစ်ကျော်အကြာ (၂/၈၀) လွင်
ငြိမ်းချမ်းသာခွင့်နှင့် ကြုံသဖြင့် လျှော့ရက်စနစ်အရ ပြစ်ဒဏ်ဓါတ်ထ
ဝက် ခံစားခွင့်ရရှိသဖြင့် မောင်စောအောင် ကွင်းလုံးကျွတ်လွတ်သည်
ကိုမောင်လွင်က နှစ်(၂၀)မှ (၁၀)နှစ်သို့ လျှော့ချသဖြင့် ကျွန်ုပ်
မောင်စောအောင်နေခဲ့သည့် တွံ့တေးဖလက်ကြီး ရဲဘက်စခန်းသို့ ထုတ်
ပေးလိုက်ရသည်။

မကြာမီ ကျွန်ုပ်ထံသို့ မောင်စောအောင်နှင့် မနှင်းဖြူတို့ လာ





ရောက်ကန်တော့ကြပြီး မင်္ဂလာဖိတ်စာကို ပေးသွားကြသည်။

လက်စားချေခြင်းသည် ပျားရည်ကဲ့သို့ ချိုသည်ဆိုသော်လည်း
အကယ်တမ်းချိုသည်တော့ မဟုတ်ပေ။ ပျားချေးရောလျှင်တော့ ခါးပေ
လိမ့်မည်။ ပျားရည်လိုချိုသည်ဟုဆိုပြီး သောက်သုံးသူအများ သတိထား
ဆင်ခြင်ကြစေရန် ဖြစ်ပေတော့သတည်း။

တောင်မှူးကြီးသိန်းဝင်း